
www.burmeseclassic.com



www.burmeseclassic.com


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၅၀၀၅၁၉၀၄၀၈ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၅၀၀၅၂၂၀၄၀၈ |
| အတွင်းပုံနှိပ် | ရွှေခြသေ့ပုံနှိပ်တိုက် အမှတ်(၂၂၅)၊ အခန်း(၂) (၁၁)ရပ်ကွက်၊ ယန်းဘဲတန်း။ |
| မျက်နှာဖုံးပုံနှိပ် | ဦးတိုးဝင်း (နေလရောင်ပုံနှိပ်တိုက် (၀၂၄၃၁)၊ ၉၆/၁၊ ၁၁-လမ်း လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ |
| ထုတ်ဝေသူ | ဦးသစ်လွင် (ဂန္ဓဝေါမြိုင်စာပေ) အမှတ် ၁၁၃၊ ရွှေပြည်သာလမ်း (၁၆) ရပ်ကွက်၊ သာကေတ။ ရန်ကုန်မြို့။ |
| ထုတ်ဝေခြင်း | ပထမအကြိမ် ၂၀၀၉ခုနှစ် ဇန်နဝါရီလ |
| အုပ်ရေ | ၅၀၀ |
| တန်ဖိုး | ၁၀၀ ကျပ် |


သက်ဝိုင်ရဲစာပေတိုက်အတွက်
သိမ့်ထိုက်စာပေတိုက်မှ ဖြန့်ချိပေးသည်။
(ဖုန်း - ၀၉၅၁၀၇၉၄၅)

# သကါပုရဲ

အနှင်း . . . ဒီပိမက်

www.burmeseclassic.com

www.burmeseclassic.com

သက်ပိုင်ရဲတာဝေ
အမှတ် (၁၅၉)၊ မင်းရဲကျော်စွာ (၂) လမ်း။
(၅) ရပ်ကွက်၊ ကျောက်ရေတွင်း။ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်မြို့။

## အပိုင်း (၁)

**ကား** က လမ်းသွယ်လေးထဲ ချိုးအကွေ့... ရုတ်တရက် ထွက်ပေါ်လာသော လူရိပ်ကြောင့် ယံယံက ဘရိတ်ဖမ်းနင်း၏။ အရှိန်တင်ထားတာက ခပ်မြင့်မြင့်မို့ ရုတ်ခနဲ ကားက ရပ်သွားရသည်။ ဘီးနှင့် ကတ္တရာလမ်း ထိတွေ့မှုက ...

'ကျွီ...'

ခနဲ အသံရှည်ကြီး အော်၏။ လူကို တိုက်မိတော့မည်ဆဲဆဲ လက်တစ်ကမ်းအလို။ သေချာအောင်ပြောရရင် မိန်းကလေးတစ်ယောက် ...။ အပြစ်ဆိုစရာမရှိသော အချိုးအဆက်နှင့် မိန်းကလေးက သူတို့ကားကို ကျောခိုင်းလျက်သား လက်နှစ်ဖက် ဆန့်တန်းထား၍ ခြေနှစ်ဖက်ကိုလည်း ကြဲကြဲခွဲရပ်ထားကာ ကားရှေ့တည့်တည့်ဒွိ ပိတ်ထားလျက်ရှိသည်။

"ကျစ် ... ဘာလုပ်နေတာလဲယံ၊ ဟွန်းတီးပြီး ကျော်ပစ်"

"ကောင်းမလားကွ ... ရှေ့မှာ ပိတ်ရပ်နေတာကို"

ယံက မုန်းချက်နှာကို ငဲ့ကြည့်ရင်းဖြေသည်။ မုန်း၏

www.burmeseclassic.com



မျက်နှာချောချောက အလိုမကျခြင်းတွေဖြင့် ရှုံ့မဲ့လျက် ...။

"တွေးကြောင်မနေနဲ့ဟေ့ကောင် ... ဒါ သူ့ သတ္တိရှိကြောင်း ပြတာ၊ ငါတို့က ယောကျ်ားတွေ ... သူ့ထက် ပိုသွေးရဲကြောင်း ပြ"

"နေပါဦးကွ ... ငါကြည့်ရှင်းပါ့မယ်"

ယံက ထိုသို့သောလူစား။ ဘယ်အရာမဆို စူးစမ်းချင်သည်။ ပြီးတော့ တရားမျှတစွာ ဖြေရှင်းတတ်၏။ သူကတော့ ယံနှင့် တခြားစီ။ ငါတကောကော၍ အတ္တကြီးသူဟု အများက သတ်မှတ်သည်။ သူက အများသတ်မှတ်ချက်ကို ဂရုမစိုက်။ သူ့စိတ်နှင့်သူ ရပ်တည်၏။ ထို့ကြောင့်လည်း လူတိုင်းနှုတ်ဖျား၌ ရေပန်းစားနေသော အာမှုန်းဖွေ ဖြစ်နေတာကိုး ...

'တီ ... တီ ... တီ'

ယံက ဟွန်းသုံးချက် ဆက်တိုက်တီး၍အားမရဘဲ ...

"ဟေ့ ... ဘာလို့ပိတ်ရပ်နေတာလဲ"

ဟု မေးသည်။ မေးခွန်းဆုံးတော့မှ ကျောခိုင်းထားသော ကလေးမလေးက ဒီဘက်လှည့်လာ၏။ ယံ ရင်တစ်ချက် ဆောင့်ခုန်၏။ နတ်သမီးလေးပဲလား ... ။ ဆံပင်တွေက တစ်ခေါင်းလုံး လှိုင်းတွန့်တွေလို ကောက်နေသည်။ သို့ပေမယ့် ဖွာရာကြဲမနေ။ စိုကာ ကြည့်ကောင်း၏။ တော်ရုံလူနှင့် လိုက်မည်မထင်သော ရွှေအိုရောင် ဆိုးထား၏။ သို့ပေမယ့် သူမနှင့် လိုက်သည်။

မျက်သားက အပြာရောင်။ မျက်တောင်တွေ ရှည်လျားကာ





ကော့နေသည်ကို အဝေးကပင် မြင်ရသည်။ နှာတံက စိတ်တိုင်းကျ ထုဆစ်ထားသော ပန်းပုဆရာ၏လက်ရာနှယ် စင်းကော့၏။ နှုတ်ခမ်းတွေက နီမြန်းသော်လည်း ပါးလှပ်မနေ။ ထူအမ်းအမ်းကိုမှ အောက်နှုတ်ခမ်းက ခပ်တွဲတွဲ။

"ဟ ... ရုပ်ပါအဖွင့်ကတော့ တော်တော်လန်းတယ် ... ငါ တောင် ဖျားသွားပြီ"

မုန်းက ခပ်သဲ့သဲ့ရွတ်သည်။ အပေါ်က စွပ်ကျယ်ချိုင်းပြတ် အစိမ်းရောင်နှင့် ဂျင်းပန်အဖြူရောင် တွဲဝတ်ထားသော သူမ ကိုယ် လုံးအလှက ထင်းလင်းစွာ။ သူတို့နှစ်ယောက်စလုံး မှင်တက်နေဆဲ မှာပင် သူမက တရွေ့ရွေ့လမ်းလျှောက်၍ ကားနားရောက်လာ၏။ မုန်းရှိရာဘက်သို့ လျှောက်သွားပြီး မှန်တံခါးကို ဖွဖွခေါက်သည်။ မုန်းက မှန်ချခလုတ်ကို နှိပ်သောအခါ သူမ၏ တဖြည်းဖြည်း ပေါ် လာ၏။ အနီးကပ်ကြည့်မှ အသားက ဖြူသည်မဟုတ်။ အဝါရောင် နှောသည့် ကျန်းမာစိုပြေသော အသားအရေမျိုး ... ။

"အော်တိုထိုးပေးပါ"

စကားသံက လိုက်သံပါ၏။ ရှုတတ။ အကျီချိုင်းပြတ် ဝတ်ထားသော လက်မောင်းကို ကားတံခါးပေါ်တင်သည်။ မုန်းကို မျက်တောင်မခတ်စတမ်း ကြည့်နေတာများ သူတောင် ခြွေးထဲက ရင်ဖိုချင်လာ၏။ မျက်ဝန်းနက်တွေက ဖမ်းစားလိုက်တာ။ မုန်းက မထိတ်မိပြုံးပြီး သူမနှင့် အကြည့်ချင်း အကြာကြီးဆိုင်ကြည့်နေရင်း



www.burmeseclassic.com

www.burmeseclassic.com



က သူ့ထံ လက်ကမ်းပြီး တောင်း၏။ သူက ဆော့ပင်တစ်ချောင်း ကမ်းပေးမှ သူမ လက်မောင်းပေါ် လက်မှတ်ထိုးပေးရင်း ...။

"အော်တိုထိုးနိုင်းတာ နည်းနည်းရှင့်သလိုပဲနော်၊ ကိုယ့် တစ်သက်မှာ ဒါမျိုးတစ်ခါမှ မတွေ့ဖူးသေးဘူး"

"မုန်း မတွေ့ဖူးသေးတဲ့ နောက်ထပ်ဆန်းပြားတဲ့အရာတွေ မကြာ ဘက်ကပေးဖို့ အများကြီးရှိသေးတယ်၊ so thanks ပါ၊ see you again မုန်း"

မခေါ်ဘဲ လာသည်။ မနှင်ဘဲ ပြန်၏။ လမ်းဘေး ကပ်ရပ် ထားသော ကားက သူမအင်္ကျီနှင့် ဆင်ဆင်တူသည့် အစိမ်းရောင် အမိုးဖွင့်ပြိုင်ကား။ ကားပေါ်တက်ထိုင်ပြီး အနားတွန့်ကားကားကြီး ပါသော အစိမ်းရင့်ရောင်ဦးထုပ်ကို မေးသိုင်းကြိုးတပ်ပြီး ဆောင်း၏။ ထို့နောက် မြားတစ်စင်းနှင့်တူသော အမြန်းကို သူတို့ကားထံ ပစ်လွှတ်ရင်း ကားက ခုန်ဆင့်ထွက်သွားသည်။ တစ်ခဏချင်း မြင်ကွင်းမှ ပျောက်သွား၏။ သူက မုန်းကို လှည့်ကြည့်တော့ မထိ တရီအပြုံးက ခိုတွယ်ကာ ...

"ဆန်းတော့ဆန်းတယ်၊ ဒါပေမဲ့ အပိုင်စွက်ထားသလိုပဲ"

"မင်းလည်း အရင်ကောင်မလေးတွေတုန်းက အဲဒီလိုမဲ့ တွက်ခဲ့တာလေ"

"ငါက အပိုင်စွက်ပြီး နိုင်ထွက်ကိုရွေးတာ၊ ငါ့ကို ဗိုင်ချင် လာရင် မကြိုက်ဘူး"



သူ့ကပြောတော့ ယ်ကရယ်သည်။ ကားကို စ,မောင်းထွက် ၏။ မုန်းမှာက သေအတူရှင်မကွာဆိုလို့ ဒီကောင်တစ်ယောက် တည်း။ လူယုံဆိုလည်း ဟုတ်သည်။ ကိုယ်ရံတော် တိုင်ပင်ဖက်ဆို မမှား။ ယုံမှတ်နှာက သူ့လောက်မချော။ သို့ပေမယ့် ယောကျ်ားပီသ ၏။ အသားမဖြူပေမယ့် ညိုကာဝင်းသည်။ ဒါတောင် Lotion တွေ၊ Toner တွေ သုံးနိုင်းလို့။ စစချင်းက မုရ ယ်က ခေါင်းကြောမာ၏။ သူ့ဝယ်ပေးသော ထိုပစ္စည်းတွေကြည့်ကာ ...

"ဟေ့ကောင် ... အပိုတွေ၊ ငါက မင်းလို မင်းသားမဟုတ် ဘူး၊ ဒါတွေ မလိုပါဘူး"

"မလိုဘူး မလုပ်နဲ့၊ မီးထိုးမှန်ထိုး မင်းလည်း ခံရတာပဲ"

"ယောကျ်ားပဲကွ၊ ဒီလောက်တော့ ခံနိုင်ရည်ရှိပါတယ်၊ မြန် လူသွား ... မှင်းပစ္စည်းတွေ"

ဟုဆိုကာ သူ့ဘက် ပြန်တွန်းပို့သည်။ သူကလည်း မုရ ... အဲဒီ ဒါမှ။ အတူးသဖြင့် ကိုယ့်သဘောအတိုင်းလုပ်မှ ကြိုက်သည်။ ဆင့်ခြေတက်တာ၊ ရှောင်လွှဲတာ မရ။ ဒါတောင် ယ်က ငယ်ကတည်း က သူ့ငယ်ချင်းမို့ ဒီလောက်အထိ သည်းခံနေတာ။ တခြားလူသာဆို ပွဲကူ ဖြတ်ပြီ။ သူ လက်ညှိုးညွှန်ရာ ရေဖြစ်မှ မုန်းက ကြိုက်သူလေ။

"မင်းမှာ ခံနိုင်ရည်ရှိမှန်း သိတယ်၊ ဒါပေမဲ့ ငါနဲ့က အလွဲ ကြီး လွဲနေလို့ မဖြစ်ဘူး၊ စတန့်လုပ်ရင် မင်းက ငါ့ကိုယ်စားဝင်ရမှာ၊ စတေရွှေကွက်တစ်ခုန်းမှာ မင်းသားကအသားဖြူပြီး နောက်တစ်ခန်း

www.burmeseclassic.com



စတန့်ခန်းကျတော့ မင်းသား အသားမည်းသွားတယ်ဆို ရမလားကွ”

“ဒါကတော့ ...”

ဆိုပြီး ယံစကားမဆက်နိုင်။ မုန်းပြောတာ မှန်နေတာကိုး။ သူနှင့်မုန်းက အလုပ်ချင်းဆက်စပ်နေသည်။ မုန်းက မင်းသား ဆိုဝေမယ့် သူကလည်း မင်းသားလောက်နီးနီး အရေးပါသူ။ မုန်း မစွန့်စားရဲသည့် အခန်းမျိုး၊ မုန်းရိုက်ရန် မသင့်သည့် ထိုးခန်းကြိတ်ခန်းမျိုးဆိုလျှင် သူက မုန်းအစား ဝင်ရိုက်ပေးရ၏။ ထို့ကြောင့် သူက လွယ်လွယ်ဆိုရလျှင် လူကြမ်း၊ မုန်းက မင်းသားဆိုပါတော့။

သူတို့နှစ်ယောက်ဟာ အရပ်အမောင်း အချိုးအဆစ်ကလည်း တူပြန်။ ဆံပင်ပုံစံကအစ မုန်းညှပ်သလို သူကညှပ်ရတော့ မခက်ခဲ။ ကင်မရာအတွင်းမှ ပရိသတ်ကို ကောင်းကောင်းလှည့်စားနိုင်သည်။ ထို့ကြောင့် သူနှင့်မုန်းက ငယ်ကတည်းက တတွဲတွဲ။ ခုချိန်ထိလည်း မခွဲရသေး။ အလုပ်ဟူသော အကြောင်းပြချက်နှင့်ပင် သူက မင်းသားရဲ့ အသုံးအဆောင်တော်တော်များများကို သုံးဖူးပြီ။ ကစ်အိမ်တည်း၌ နှစ်ယောက်တည်းနေတာမို့ မုန်းက အဆင့်အတန်း မခွဲနေတာလည်း ပါသည်။ ဒီအတွက် သူ မုန်းကို ကျေးဇူးတင်ရ၏။

ထို့ကြောင့် မုန်းအတွက်ဆို သူ အသက်ပင်ပဓာနမထား။ စွန့်၍ ကူညီသည်။ သူကိုယ်တိုင်ကလည်း စွန့်စားရတာ ဝါသနာပါသူ။ မုန်းကတော့ သူ အစားဝင်၍ စတန့်တစ်ခုလုပ်ခါနီးတိုင်း ...

“သတိထား ယံ ... မင်း တစ်ခုခုဖြစ်သွားရင် ငါဖြေနိုင်မှာ





မဟုတ်ဘူး၊ ဒီလောကကြီးမှာ အရင်းအချာဆိုလို့ မင်းနဲ့ငါ နှစ်ယောက်တည်းရှိတာ၊ ပြီးတော့ ငါ့ကြောင့်ဆိုတာကြီးက ငါ့ကို တစ်သက်လုံး ရပ်တည်လို့မရအောင် ခြောက်လှန့်နေလိမ့်မယ်”

မကြာခဏ ပြောတတ်သူ၊ သူ စတန့်တစ်ခု လုပ်ခါနီးတိုင်း မုန်းက ပျာယာတွေခတ်ကာ ခုန်ချရမည့်အခန်းဆိုလည်း ...

“ကြိုးတွေခိုင်ရဲ့လား ... စစ်ပါဦး၊ အောက်ကခံမယ့် ပိုက်ကွန်ရော၊ ရေမြှုပ်လည်း ခံထားဦး၊ တစ်ခုခုထိခိုက်သွားမှာ ကျွန်တော်မလိုလားဘူးနော် ... သူက ကျွန်တော့်အတွက် မရှိမဖြစ်”

လို့ ကြွေးကြော်တတ်သူ။ မုန်းက ထိုမျှအထိ ပျာလောင်ခတ်တော့ ဒါရိုက်တာတွေ ပရိုဂျူဆာတွေက မနေနိုင်။

“စိတ်ချပါ မင်းသားရယ် ... ဘာအထိအခိုက်မှ မရှိစေရပါဘူး”

ဟုဆိုကာ လုံခြုံမှုရှိအောင် ကိုယ်တိုင်ကွင်းဆင်းစစ်ဆေးကြတော့ သူပင် မနေတတ်တော့။ မုန်းမျက်နှာကြောင့် အလိုလိုနေရင်း သူက အမြင့်နေရာရောက်လာရ၏။ မုန်း ဘုရင်တစ်ဆူဖြစ်သော ရိုက်ကွင်း၌ သူက ဘုရင်တစ်ပါးလောက်နီးနီး အာဏာရှိသည်။ သူက ဒါကိုပင် မကြိုက်။

“မင်း သိပ် over မလုပ်နဲ့မုန်း၊ သူတို့ အဲဒီလောက်အထိ ပျာယာခတ်ပြီး ဂရုစိုက်နေတာ ငါမနေတတ်ဘူးကွ၊ ငါက အညီတရ ငါ့ အဓိဌ်လောက်အထိ မလိုဘူး”



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ မုန်းက လက်မခံ။

"ရေမြင့်ရင် ကြာတင့်ရမယ်၊ ငါမြင့်ရင် မင်းလည်း တင့်တယ်ရမှာပေါ့ ယံ ... မင်းနဲ့ငါက တစ်သားတည်း ... ခွဲလို့မှ မရတာ"

ဟူသော မုန်းစကားကြောင့် သူ့ဘဝတစ်ခုလုံး မုန်းအတွက်ဆို ထိုးကျွေးရန်အသင့်။ အဲလောက်ထိ သံယောဇဉ်က နက်နက်ရှိုင်းရှိုင်းတွယ်သည်။ သို့ပေမယ့် ကျေးဇူးတင်တာ တစ်ပိုင်း။ မုန်း အမှားလုပ်တာ ထောက်ပြရန် ဝန်မလေးတတ်။ အမုန်းခံ၍ သူ ကန့်ကွက်သည်။ ထို့ကြောင့် တစ်ခါတစ်ရံ အေးအေးဆေးဆေးဆွေးနွေးသော အချိန်၌ မုန်းက သူ့အား ဤသို့ကောက်ချက်ချတတ်၏။

"မင်းက တစ်ခါတစ်ခါ ငါ့အတွက် နေလိုပဲ၊ မင်းထိုးနှက်ချက်တွေက ပြင်းတယ်၊ ဒါပေမဲ့ ငါ့ဘဝအတွက် စိမ့်မြန်တဲ့အလင်းရောင်ပါ"

တဲ့လေ။ သူ မျက်ရည်လည်အောင် ကြည်နူးရ၏။ မုန်းက သူ့ဘဝအတွက် ပထမနေရာက လူ။

**** **** ****

------------------------ ။

ရုပ်ရှင်ထူးချွန်ဆုပေးပွဲ အခမ်းအနားကျင်းပရာ အဆောက်အအုံဝင်းကြီးထဲ ကားကောင်းကားသန့်တွေက ကြပ်ကြပ်တားသလိုဟိုတစ်စီး ဒီတစ်စီး။ ကားတွေနှင့်ဆန့်ကျင်ဘက် လူတွေကတော့





နေရာအနှံ့အပြား၌ စုရုံးလျက်။ မင်းသား၊ မင်းသမီးကား ဝင်လာလျှင် စာနယ်ဇင်းတွေ၊ အင်တာဗျူးသမားတွေက တရုန်းရုန်း။

ထို့နောက်မှ ပရိသတ်တစ်အုပ်။ အော်ဟစ်ထိုးခိုင်းသူ အများအပြား။

ကားကို ပါကင်ထိုးပြီးသည်နှင့် မုန်းက မထွက်သေး။ မျက်လုံးစုံမှိတ်ကာ တစ်စုံတစ်ခုကို အာရုံခံနေသလို။ သူက အကြောင်းသိခြင်း၍ ...

"မင်း ရင်ခုန်နေလား မုန်း"

မုန်းက ခေါင်းညိတ်ပြကာ ...

"ရင်ခုန်သံကို ခံစားနေတာ"

"မင်း ရမှာပါ၊ မျက်ရည်ခြွေသူမှာ မင်းက တစ်ပြေးနေတာပဲ"

သူက နှစ်သိမ့်တော့ မုန်းကရယ်သည်။ ရယ်သံတွေထဲ တုန်လှုပ်ခြင်းတွေ ပါနေသယောင်။

"အဲကယ်ဒမီက နတ်ကြီးတယ်ကွ"

"မင်းက အဲဒီနတ်ထက် ပိုကြီးပြပေါ့၊ အဲဒါဆို နတ်က မင်းကို ကြောက်သွားလိမ့်မယ်"

ယံက ရယ်ရွှန်းပတ်ရွှန်းတွေပြောပြီး သူ့စိတ်ကို တည်ငြိမ်ပေးဖို့ ကြိုးစားနေတာ သိသည်။ ထို့ကြောင့် ယံကို ခပ်သွယ်သွယ် ပွေ့ဖက်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီကားမှာ ငါရလည်း မင်း စတန့်ထွင်တဲ့အခန်းတွေမှာ ရမယ်ထင်တယ် ယံ၊ အမှန်ဆို မင်းက အသက်စွန့်ရတာ ... မင်းရသင့်တာ"

"မင်းရလည်း ငါရတာနဲ့ အတူတူပေါ့ကွ၊ မင်းပဲပြောထားတာလေ ... မင်းနဲ့ငါက တစ်သားတည်းဆို"

ယံ့စကားကြောင့် သူက ကိုယ်ချင်းခွာပြီး ယံ့ကို သေချာကြည့်သည်။ ပြီးမှ လိုက်လိုက်လှဲလှဲပြုံးတော့ ယံက ရင်ကိုထိသော စကား ဆိုဏ်။

"မင်း ကြိုးစားရမှာ တစ်ယောက်တည်းအတွက်မဟုတ်ဘူး မှန်း ... နှစ်ယောက်စာ ... မင်းနဲ့ငါ့အတွက်"

"အေးပါ ... ငါနားလည်ပါတယ်"

သူနှင့်ယံကပဲ တစ်မူထူးစွာ ဇီးရောင်မျက်မှန်ကိုယ်စီ တပ်ထားဏ်။ အဆောက်အအုံသို့ရောက်ရန် ကွင်းလယ်ကွက်လပ်ကြီးအား အတော်ဖြတ်လျှောက်ရသေးရာ သူ ကားပေါ်က မြေပြင်ကို ခြေချမိပြီဆိုတာနှင့် ...

"အမှန်းခြွေလာပြီ"

ဟူသော အသံက စီခနဲ၊ ယံကတော့ ပခုံးဖက်၍ လျှောက်သည်။ ကင်မရာမီးရောင်တဝင်းဝင်း တဖျပ်ဖျပ်အောက်မှာ အသံသွင်းကက်ဆက်တွေက သူ့မျက်နှာနား အလုအယက်တိုးဝေ့လျက်။

"မျက်ရည်ခြွေသူ ကားနဲ့ ကိုမှန်းနာမည်ထွက်နေတယ်နော်





... ရမယ်လို့ မျှော်လင့်ထားပါသလား"

"ပေးရင်ရမှာပေါ့ဗျာ၊ အကယ်ဒမီက လူတိုင်းရဲ့ အနုပညာသမားတိုင်းရဲ့ အိပ်မက်ပါ"

"စတန့်အခန်းတွေက တအားကြီး စွန့်စားရတယ်နော်၊ အဲဒီလောက် ပင်ပင်ပန်းပန်းလုပ်ထားတဲ့ကားအတွက် ရင်ခုန်နေမှာပေါ့"

"ရင်ကတော့ အမြဲတမ်းခုန်နေပါတယ်"

သူက အပြုံးတစ်ချက်နှင့် ဖြေလိုက်စဉ်မှာ အနီးအပါးမှ ကျယ်လောင်စူးရှသော ခွေးဟောင်သံက ကျားဟိန်းသံပမာ ထွက်လာတာပါ။ အားလုံး နောက်လှည့်ကြည့်သောအခါ လူခါးလောက်နီးနီး မြင့်သော အယ်လ်ဆေးရှင်းခွေးက ကဆုန်ပေါက်ပြီး သူတို့နားပြေးလာဏ်။ သူ့နားဝိုင်းနေသော လူတွေက ကြောက်လန့်တကြားရှဲကုန်ဏ်။ လူ့ခါးလောက်မြင့်သော ခွေးကြီးက အစွယ်တွေဖြဲပြီး ဝရုန်းသုန်းကား ဝင်လာတာကို။

သူကိုယ်တိုင်လည်း ဘာလုပ်ရမှန်းမသိ။ ကြောက်လည်း ကြောက်နေသည်။ ခွေးကြီးက သူ့နား တော်တော်ကပ်နေပြီ။ ထိုအချိန်မှာ သူ့ရှေ့သို့ ဖျတ်ဆို‌ဝင်ရပ်သည့် ယံ။ သူ သက်သာရာရသွားသည့် တစ်ပြိုင်နက်မှာပင် ...

"မစ် ... ကီ ... ရပ်တော့"

အသံက ချိုပေမယ့် ပြတ်ဏ်။ ခွေးကြီးကလည်း တုံ့ခနဲရပ်သွားသည်။ အသံလာရာဆီ လှမ်းကြည့်တော့ သူနှင့်အတူ နီညီး



www.burmeseclassic.com

www.burmeseclassic.com



ရောင် ရင်စေ့အင်္ကျီ၊ ပိုးထဘီ နီညိုရောင်၊ ရွှေရောင်ဆံမြင် အကောက်တွေကို တစ်ဖက်စည်းကာ ကျန်တစ်ဖက်ချထားသော မိန်းကလေးက သူ့အာရုံထဲ လင်းခနဲဝင်လာ၏။ နှုတ်ခမ်းထူထူမှာ နီညိုရောင်ဆိုးထားကာ ဘော်ကြယ်တွေ တင်ထားသလို လက်လက်ထတောက်ပလို့။ သူမလက်ထဲ ကိုင်လာတာက နှင်းဆီပန်း အဖြူစွတ်စွတ်။

သူမကား သူ့အနား တရွေ့ရွေ့ တိုးကပ်လာသည်။ အခုချိန်တွင် သူ့အာရုံထဲ၌ အကယ်ဒမီရွှေစင်ရုပ်လည်း မရှိ၊ ပရိသတ်နှင့် စာနယ်ဇင်းသမားလည်း မရှိ၊ ဘာဆို ဘာမှမရှိ။ နှင်းဆီအဖြူရောင်ကို ရင်ဘတ်၌ တွယ်ချိတ်ပေးသော သူမနှုတ်ခမ်းပေါ်က အပြုံးရွှရွှတွေသာ သူ့စိတ်ကို သိမ်းပိုက်သွား၏။

"ဆုရပါစေလို့ ဆုတောင်းပေးပါတယ်၊ See you again မုန်း"

သူမ ဆိုပြန်သည်။ ကင်မရာမီးတွေ လက်ခနဲ၊ သူ သတိပြန်ဝင်လာတော့ သူမက ကျောခိုင်းကာ မလှမ်းမကမ်းရှိ နီညိုရောင် Surf ကားမြင့်မြင့်ကြီးပေါ် တက်သွား၏။ အဲဒီနေ့က သူမ ဆုတောင်းမပြည့်ခဲ့။ သူနှင့် ယံလည်း ရင်ခုန်ရကျိုး မနပ်ခဲ့။ ဆုရတာထက်ပိုသော ခံစားမှုတစ်ခုကတော့ အိမ်အပြန်ထိ ကပ်ပါလာခဲ့ပါသည်။ ထိုခံစားမှု သူတစ်ယောက်တည်း၌ ရှိသည်မဟုတ်။ အနုပညာလောက၏ စာနယ်ဇင်းသမားတွေ၌ ပါဝင်သွားလေပြီ။





"ကိုမုန်း ချစ်သူရှိနေပြီလားလို့ ပရိသတ်ကြီးက သိချင်နေကြပါတယ်၊ ရှိရင်လည်း အသိပေးဖို့ မျှော်လင့်နေကြပါတယ်"

ဟူသော မေးခွန်းတွေက တရစပ်။ ဒါဟာ ဘာနှင့်ဆက်စပ်ပြီး လာသလဲဆိုတာ သူသိသည်။ ထို့ကြောင့် ...

"ဘာချစ်သူမှ မရှိသေးပါဘူး။ ကျွန်တော်က ပရိသတ်အတွက် အလုပ်တွေအများကြီး ဆက်လုပ်သွားဖို့ပဲ ရည်ရွယ်ထားတာပါ။ ချစ်ရေးချစ်ရာအတွက် အချိန်မပေးနိုင်ပါဘူး"

လို့ အပြတ်ပြောခဲ့သည်။ အကယ်ဒမီညက လာသမျှ အင်တာဗျူးသမားတိုင်း ဒါပဲမေး၏။ သူက ခေါင်းခါငြင်းဆန်ရင်း စိတ်အိုက်လာရသည်။ ဒါကိုသဘောကျနေသူက ယံ။ သွားတန်းစီစီတွေ အကုန်ပေါ်အောင် တဟားဟားနှင့် ခေါင်းကို နောက်လှန်ကာ ရယ်ရင်း ...

"မင်း ခံရပြီမဟုတ်လား မုန်း ... အမြဲတမ်း ခြေပုန်းခုတ်ချင်တဲ့ကောင် ... တခြားကောင်မလေးတွေနဲ့ကျရင် ပိုင်မှ နိုင်ကွက်ရွှေ့ချင်တာဆို ... ဟား ... ဟား ... အဲဒါပေါ့ ... လူပါး ပလင်းထိဆိုတာ"

"တော်စမ်းပါကွာ ... သူ့ဒိုင်းက ချုံခိုပြီးတိုက်နေတာ၊ ဘယ်အချိန်မှာ ပေါ်လာမလဲဆိုတာ မုန်းလို့မရဘူး။ လုပ်လိုက်ရင်လည်း ပစ်ကွင်းက အကောင်းတွေချည်းပဲ"

ယံက ခေါင်းတခါခါ မအီမလည်မျက်နှာနှင့် ရှုံ့တွနေသော မုန်းပုံစံကို အတော်ကြီးနှစ်လိုသဘောကျနေ၏။ မုန်းတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



အခုလို ရှုံးနိမ့်တာ ဒီတစ်ခါပဲ မြင်ဖူးသေး၍ သူ့အတွက်တော့ အထူးအဆန်းလို ဖြစ်နေပြီ။ ဒါကိုပဲ တွေးမိလေ ရယ်ချင်လေ။ ထို့ကြောင့် မအောင့်နိုင်ဘဲ သူက ထပ်မံရယ်သောအခါ မုန်းက ...

"မရယ်နဲ့"

ဟုပြောရင်း သူ့လက်မောင်းကို ခပ်ဆတ်ဆတ် ထိုးသည်။

"မင်း အရှက်ကွဲပြီမဟုတ်လား"

"အရှက်ကွဲတာ မဟုတ်ပါဘူး၊ ကောလာဟလတွေက ငါ့တက္ကလမ်းကို ဖျက်ဆီးမှာစိုးလို့၊ ဒီနေရာတစ်ခုကို ရောက်အောင် ငါ ကြိုးစားခဲ့ရတာ၊ ရောက်ပြန်တော့လည်း မြဲအောင်ထိန်းရတာ တော်တော်ခက်တယ်၊ အဲဒါကြောင့် ဘာမှမဟုတ်တဲ့ သတင်းတွေနဲ့ မဖြေရှင်းချင်တာ"

"ဟုတ်တဲ့သတင်းတွေရော မင်းက ရှင်းခဲ့လို့လား"

သူက ပိတ်မေးတော့ မုန်း နှုတ်ဆိတ်သွား၏။ မုန်းဟာ အများအမြင်မှာ ဒိတ်ဒိတ်ကြဲ ကျော်ကြားအောင်မြင်သူ၊ ပြီးတော့ သူ့ကျေးဇူးရှင်။ ဒါပေမဲ့ သူက မုန့်ရာပြောဖို့အတွက်တော့ ဘယ်တော့မှ မရှိ မရှိမဖြစ်ခဲ့။ ကောင်းကျိုးကို လိုလား၍ သူ ရဲရဲတွား ထောက်ပြခြင်းဖြစ်သည်။ မုန်းက ရုပ်ချောသည်။ အပြောကောင်းသည်။ အထူးခြားဆုံးက ယနေ့ ရုပ်ရှင်လောက၏ တက်သစ်စ မင်းသား။

ထို့ကြောင့် မုန်းဘေးနား၌ ရုပ်ရှင်ပိုးလေးတွေ၊ မော်ဒယ်





လေးတွေ၊ sponser ပေးချင်သော မမကြီးတွေ ဝိုင်းဝိုင်းလည်နေတာ မဆန်း။ ဆွတ်ချူရန် မလို ... မုန်းအကြည့် တစ်ချက်တည်းနှင့် ကိုယ့်ဘာဝကိုယ် ခြွေပြီးသား။ ထို့ကြောင့် မုန်းက ခြွေပစ်တာ မဆန်း။ ဒါကို သူက မကြိုက်။ အဲဒီအချက်က မုန်းနှင့် သူ့ကြားက အကွဲလွဲဆုံး ပြဿနာပါ။

"ရှင်းစရာမလိုအောင် ငါရှုပ်ခဲ့တာမှ မဟုတ်တာ၊ မိန်းကလေးတွေ ငါ့ကို ဘာကြောင့်ကပ်ကြလဲ ယံ ... ငါ့အောင်မြင်မှုကို အထင်ကြီးလို့၊ သူတို့က ရက်ရက်ရောရောပေးတာကို ငါ မယူရင် နိုင်ငံရာကျမှာပေါ့၊ အဲဒါကြောင့် အားနာမှုလေးထားပြီး ယူနေရတာ"

မုန်းက အဲဒီလိုရင့်တဲ့ကောင်။ သူက အသည်းနှလုံးကို ရင်ဘတ်တွေအလီလီပြောင်းပြီး ချစ်တမ်းမကစားတတ်တော့ ခက်သည်။ ပြီးတော့ မင်းသားနားမှာ အမြဲနေတဲ့ လူကြမ်း။ မင်းသားလောက် မထင်ပေါ်တာ မဆန်းလှပေ။

"အခုတစ်ယောက်လည်း မင်းကို ပေးနေတာပဲ"

မုန်းက ခေါင်းယမ်းပြီး ငြင်းသည်။

"သူက ယူတာ၊ ငါ့ရဲ့သိက္ခာကို တစ်စစီဖွဲ့ပြီး ယူနေတာ၊ ကြည့်ရသလောက် အဲဒီကောင်မလေးက ပုံမှန်မဟုတ်နိုင်ဘူးကွ၊ သာမိန်းကလေး သူ့လိုမရှိဘူး"

မုန်းပြောသော သူမရဲ့ ရဲရင့်သောမျက်ဝန်းစူးစူးတွေက သူ့ မျက်လုံးထဲ ဝင်လာ၏။ ယံက ဆိုဖာနောက်မှီပေါ် ခေါင်းလှန်ချပြီး



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတွေမှိတ်သောအခါ ကော်ရစ်က [illegible] ဖျော်ဆိုပေါ်လာ၏။ ရှတာတစကားသံတွေနှင့် ညို့ယူသောအကြည့်တွေက သူ့နှလုံးသား ကို တစ်မျိုးလေးဖြစ်စေသည်။ ခေါင်းစဉ်တော့ ရှာဖွေမရ။ သူက ထိုခံစားချက်မျိုး [illegible] ခွဲဖူး၍ ထူးဆန်းနေသည်။ ထို အချိန်မှာပင် နှစ်ယော [illegible] အိပ်ခန်းကျယ်ကြီးထဲရှိ မုန်းရဲ့ Mobile က ထမြည်၏။ ယံက ကောက်ကိုင်သည်။ သူက မုန်းရဲ့ အတွင်းရေးမှူး။

"ဟယ်လို"

"ယံလားဟေ့"

ဒီအသံကို သူ မှတ်မိပြီးသား။ မုန်းရဲ့ ပင်တိုင်ပရိုဂျူဆာ။

"ဟုတ်ကဲ့ မမကောင်း ... ပြောပါ"

မမကောင်းဆိုသောအသံကြောင့် မုန်း ဆတ်ခနဲ သူ့ဘက် လှည့်လာသည်။ သူက ပြောမလားဟူသောဟန်ဖြင့် ဖုန်းကို လက် ညှိုးထိုးပြတော့ မုန်းက လက်ခါ၏။

"မုန်းရော"

"ရေချိုးခန်းဝင်နေတယ် မမကောင်း ... ဘာမှာစရာရှိလဲ ကျွန်တော်ပြောပေးမယ်လေ"

"အထွေအထူးတော့ မဟုတ်ဘူး။ အခုပဲ မောင်ချစ်ကို ဂျာ နယ်တစ်စောင်နဲ့ လွှတ်လိုက်တယ်၊ ဂျာနယ်ကို မုန်းဖတ်ပြီးရင် မမဆီ ကို ဖုန်းပြန်ဆက်ပါလို့"





"ဒါပဲမဟုတ်လား မမကောင်း၊ ကျွန်တော် ဖုန်းချတော့ မယ်"

သူ ဖုန်းပိတ်တုန်း မုန်းက အနားသို့ရောက်လာသည်။

"မင်းကလည်းကွာ ... မမနဲ့ စကားပြောတာ ပြေပြေလည် လည် ပြောပါကွ"

"ငါက အခု မချေမငံပြောနေလို့လား"

"သူက ကိုယ့်အလုပ်ရှင်လေကွာ"

"ဟေ့ကောင် ... အကျိုးလိုလို့ ညောင်ရေသွန်းတာ၊ မင်းလို တော့ အိကြွာရိုက်ပြီး မချော့နိုင်ဘူး။ မင်းဇာတ်လမ်းနဲ့မင်း"

"ကျစ် ... မင်းနဲ့တော့ ခက်ပြီ၊ အခု ဘာပြောတာလဲ"

"မောင်ချစ်ကို ဂျာနယ်တစ်စောင်နဲ့ လွှတ်လိုက်တယ်တဲ့၊ ဖတ်ပြီးရင် ဖုန်းပြန်ဆက်"

"ဒေါက် ... ဒေါက် ... ဆရာ"

ယံ့စကားမဆုံးသေး ကျင်ဝှက်အသံက တံခါးအပြင်က ပေါ် လာသည်။ ကျင်ဝှက်က ယံပြီးလျှင် ဒီအိမ်ရဲ့ ဒုတိယလူယုံ။ ယံက တံခါး ထဖွင့်ပေးသည်။

"ဆရာ့ကို ပေးဖို့တဲ့ ... မောင်ချစ်လာပို့တာ"

ယံက ယူပြီး သူ့ထံ ဂျာနယ်လှမ်းပေးသည်။ ဂျာနယ်ခေါင်းစီး [illegible] အမည်းကြီး။ *တက်သစ်စ နာမည်ကြီးမင်းသားနှင့် သူမ ဟူသော* [illegible] ခေါက်မှာ လူရင်ဘတ်အား နှင်းဆီအဖြူ ထိုးပေးနေသည့် ပုံတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်။

"တောက်"

သူ ဂျာနယ်ကိုလုံးထွေးပြီး ပစ်ပေါက်မိသည်။ ယံက ဆီးကြို ဖမ်း၍ အကျအနဖြန့်ကြည့်ကာ ...

"တော်တော် Romantic ဖြစ်တယ်ကွ၊ မင်းသမီးတွေထက် တောင် ဒီဇိုင်းက မိုက်သေးတယ်၊ မင်းတို့နှစ်ယောက် လိုက်တယ်၊ မဂ္ဂဇင်းအဖုံးတွေ, ဘာတွေ ထည့်ဖို့ကောင်းတယ်"

"တော်စမ်းပါ ... ဒီမိန်းမက ဂြိုဟ်ကွ၊ သူက ငါ့ဆီက ဖွဲ့ယူ နေတာမို့လို့ အခုတော့ တိုင်းသိပြည်သိ ..."

"အဲဒါ သူ့အစွမ်းအစပဲ မုန်း။ မင်း သူ့ကိုအသိအမှတ်မပြုလို့ မရတော့ဘူး၊ ရဲရင့်တယ်, ဉာဏ်ကြီးတယ်၊ ငါခန့်မှန်းရသလောက်ဆို ရင် ပစ္စည်းလည်း တော်တော်ရှိမယ်၊ သူ့မျက်လုံးတွေ, သူ့အပြုံး တွေမှာ သူ့ယုံကြည်မှုတွေကို အပြည့်ဖျော်ထည့်ထားတယ်"

ယံ ဘာပြောပြော နားထဲမဝင်။ ဒေါသကြောင့်သွေးတွေက ပျစ်ခဲနေသည်၊ ထိုသွေးပျစ်ပျစ်တွေကပဲ ဦးနှောက်ထဲ ထိုးဆောင့်နေ တာက တဒိုင်းဒိုင်း။ ယံက သူ့ပခုံးကိုဆွဲလှုပ်၍ ကင်းကွာနေသော သတိကို တည့်ပေးသည်။

"မင်း မမကောင်းဆီ ဖုန်းပြောဦး၊ ဖြေရှင်းပြလိုက်ပေါ့ကွာ ... မင်းနဲ့ ဘာမှမဆိုင်ဘူးဆိုတာ"

သူ့လက်ထဲသို့ ငွေမင်ရောင် ဖုန်းလေး ရောက်လာသည်။





သူ့ဏာ တင်းခန်နေအောင် ဆုပ်ကိုင်ပြီး ဒေါသကိုဖြေရ၏။ ယံက သူ့ကို ကျောခိုင်းထွက်သွားပြီး တံခါးဆွဲဖွင့်သည်။ ပြီးမှ နောက်ပြန်လှည့်ကာ

"ငါသာ မင်းနေရာမှာဆို မမကောင်းကို ဖြေရှင်းမှာမဟုတ် ဘူး ကိုယ်ချစ်တဲ့မိန်းမဆိုရင်တော့ ထစ်မျိုးပေါ့"

"မင်းနဲ့ငါက အယူအဆလွဲနေပြီ ယံ၊ ငါက အချစ်ကို အလေး မထားဘူး၊ အချစ်ဆိုတာ ကိုယ်လိုချင်တာကို ဖန်တီးပေးနိုင်စွမ်းမှ မရှိတာ၊ လောကကြီးက ဘာပဲဖြစ်ဖြစ် အပေးအယူဆန်တာပဲ ကောင်းပါတယ်ကွာ"

ယံက ဘာမှဆက်မပြော။ နောက်ကျောပေးသဏ္ဌာန်နှင့် ပခုံးစုံတွန့်ကာ ထွက်သွားသည်။ သူက မမကောင်း၏ ဖုန်းနံပါတ် တွေကို နှိပ်ရင်း အတွေးက နှုတ်ခမ်းထူမြန်းမြန်းတွေဆီ ရောက်သွား ၏။

သူ့ထံက ယူသလောက် သူမ ပြန်ပေးရလိမ့်မည်။

အဲဒီနှုတ်ခမ်းထူတွေက ဘယ်လောက်ထိ ချိုမြိန်သည် ဆိုတာ သူ စမ်းသပ်ချင်လှပါသည်။

ထို့သောကြောင့် ...

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂)

**မာမီ** ပစ်ချပေးသော ဂျာနယ်နှစ်စောင်က တဖျတ်ဖျတ်နှင့် သူမရှေ့ ကျလာ၏။

"ဒါ ဘာတွေလဲ ... ပြောစမ်းမက် ... ဘာတွေလဲလို့"

မာမီက ဒေါသသံစွက်စွာ အသံနက်ကြီးကို ကျိတ်ကျိတ်လုပ်၍ မေးသည်။ မက်ကတော့ ဗီကေပင် ဖါးမပျက်။ သိပြီးသားမို့ မထူးတော့။ မက်ဖြင့် ဒီပုံတွေပါလာတာကို သဘောကျလွန်းစွာ လက်ဖွေ့သည်ဆီက ရှိသမျှ အကုန်ဝယ်ခဲ့တာပင်။ ဂျာနယ်ရောင်းသမားလေး ကတောင် ...

"ဒီထဲက အစ်မက အစ်မပဲ"

လို့ တအံ့တသြ ရေရွတ်ခဲ့သေးတာ။ မက်ကလည်း သဘောတကျ ခေါင်းညိတ်ဝန်ခံခဲ့သေးတာပင်။ အတွေးနှင့်အတူ မက်က ပြုံးယောင်သမ်းသွားသည်။

"ရွှေ အိပ် မကျ"

မာမီ့အသံကြီးက ကြောက်စရာ။ ဒီလောက်ဆို မာမီ့ဒေါသ





ကို ခန့်မှန်းလို့ရပြီ။ မာမီနှင့် ဒက်ဒီက သူမကို တစ်ဦးတည်းသော သမီးလေးမို့ ချစ်စနိုးဖြင့် သမီးကလေး ဒါမှမဟုတ် မက်ကလေးလို့ ခေါ်တာ များသည်။

အလွန်တရာ ဒေါသဖြစ်လာပြီဆိုရင်တော့ အခုလို အပြည့်အစုံ ခေါ်တတ်ပါ၏။

"မာမီမေးနေတယ်နော်၊ ... မာမီ့ကို မထီလေးစားမလုပ်နဲ့"

"မက် ဘာလုပ်လို့လဲ မာမီရဲ့"

သူမအသံက အိညွက်ညွက်။ ဒေါ်အောင်ဆောက်ကျော် က သမီးကို စိတ်ပျက်လက်ပျက်ကြည့်မိသည်။ သမီးက မျက်လုံးလေး အေးလပ် ပေကလပ် လုပ်ကာ အဲဒီအသံမျိုးနှင့် ပြောသောအချိန်၌ ဒေါသက အငွေ့လိုပျယ်သည်။ ဒီတစ်ယောက်တည်းမို့ နှစ်ပြီး ချစ်ခဲ့တာ များပြီဆိုသောနောင်တက နှောင်းမှရသည်။ ဒေါ်ဆင့်ဆက်ဆွေ့်က ဟင်းခနဲ သက်ပြင်းချပြီး သမီးနှင့် မျက်နှာချင်းဆိုင်မှာ ထိုင်၏။

"ဒီဂျာနယ်ထဲက ဒီပုံတွေ ဘာဖြစ်လို့ ပါလာရတာလဲ သမီး"

"မက်သဘောကျတဲ့ အနုပညာရှင်တစ်ယောက်ကို မက် [illegible]ဖြုတ်တာ မှားသလား မာမီ"

"မှားတာပေါ့ သမီးကလေးရယ်၊ အရမ်းမှားတာပေါ့။ သမီး ရဲ့ စိတ်ခံစားမှုအရ ဒါဟာ မှန်ချင်မှန်မယ်၊ ဒက်ဒီနဲ့မာမီရဲ့ ဂုဏ် [illegible]နဲ့ဝတ်သက်ရင် သမီးလုပ်ရပ်က အရမ်းမှားသွားပြီ၊ ဒီတစ်



www.burmeseclassic.com

www.burmeseclassic.com



စောင်က ထားတော့ ... သမီးအကြောင်း ဘာမှမသိလို့ နောက်တစ်စောင်ကို ကြည့်စမ်း ... သမီးအကြောင်း သေချာစုံစမ်းပြီးမှ ရေးထားတာ"

ဟုတ်သည် ... ။ ဒုတိယမြောက်ဂျာနယ်က သူ့အား မက်ရှန်းရှန်းစားစားကြည့်ပြီး ဆုတောင်းပေးနေသည့်ပုံ။ ထိုဂျာနယ်ရဲ့ ခေါင်းစီးက

ရွှေအိပ်မက်စီးပွားရေးအင်အားစုကြီး၏
ရွှေမင်းသမီးလေးနှင့် ရွှေမင်းသားလေး၏ ပတ်သက်ဆက်နွယ်မှု

ဆိုပြီး အောက်မှ သူမ၏ မျိုးရိုးစဉ်ဆက်၊ ကြွယ်ဝမှု အဆက်ဆက်နှင့်တကွ ဒက်ဒီ၏ ခမ်းနားကြီးကျယ်သော လုပ်ငန်းအင်ပါယာတွေကို ဖော်ပြထားသည်။ အဆုံးအထတ်၌ စီးပွားရေးလောက၏ ဘုရင်တစ်ဆူနှင့် အနုပညာလောက၌ ဘုရင်တစ်ဆူဖြစ်လာမည့်သူနှင့် လက်ချင်းယှက်ကြမည်လောဟုလည်း မေးထားသေး၏။

"ကဲ ... သမီး သိပြီးပြီလား"

သူမ ခေါင်းညိတ်ပြမိသည်။ ကြိုတင်သိထားတာလို့ မပြောရဲ ... မာမီ သွေးတက်သွားမှာ စိုးလှ၏။

"ရှေ့လျှောက်ပြီး သမီး သူနဲ့ပတ်သက်ဖို့ အကြောင်းရှိသေးလား"

"မက် သူ့ကိုကြိုက်တယ် မာမီ"





"ဘာကိုကြိုက်တာလဲ မက်"

မာမီက ခပ်ထန်ထန်မေး၏။

"အနုပညာရော ... လူကိုရောပဲ မာမီ"

သူမက မကြောက်မရွံ့ဖြေတော့ မာမီက မျက်မှောင်ကုပ်သည်။

"ခက်တာပဲ မက်ကလေးရယ် ... ညည်းဒက်ဒီသိရင် မိုးမီးလောင်တော့မှာ၊ ဒက်ဒီက အဲဒီလိုအနုပညာသမားတွေ အထင်မကြီး တတ်တာလည်း သမီးအသိဆုံးပဲမဟုတ်လား။ မာမီကလည်း ဒက်ဒီသဘောအတိုင်းပဲနော်၊ ယောကျ်ားဆိုတာ နိုင်ငံတကာအတွေ့အကြုံ ရှိရမယ်၊ စီးပွားရေးအမြင်ရှိပြီး စွန့်စားရဲရမယ်၊ အခုဟာက ရုပ်ကလေး ဇန်းပြပြီး လုပ်စားနေတဲ့အဖြစ်၊ ကဲ ... သေချာတွေးကြည့်ရင် ရှက်စရာကောင်းတယ် မက်"

"မာမီ"

မက်က ခပ်ဆောင့်ဆောင့် အော်ပစ်လိုက်သည်။ သူ့ကို ချိုးနှိမ်ဖွဲ့ဖွဲ့ပြောနေသောသူဟာ မာမီမို့လို့သာ မက်က သည်းခံခြင်းဖြစ်သည်။ တခြားလူဆို ဒီနေရာ၌ပင် မလွယ်။ မက် ဟန့်တားမှုကြောင့် မာမီက မှုန်ကုပ်ကုပ်ကြည့်၏။

"စီးပွားရေးလုပ်မှ အရည်အချင်းရှိတယ်လို့ ခေါ်သလား မာမီ၊ အနုပညာသည်ဆိုတာ လူတစ်ရာမှာ တစ်ယောက်ဖြစ်နိုင်ဖို့တောင် ... ဒါ သူ့ရဲ့အထုံပါရမီရှိမှ ဖြစ်တာမျိုးပါ"



www.burmeseclassic.com

www.burmeseclassic.com



"ထော်စမ်း မက်ကလေး ... စိတ်ကူးနဲ့မရူးချင်စမ်းနဲ့၊ မက် အရွယ်က သစ်ရွက်လှုပ်တိုင်း ရင်ဖိုတတ်တဲ့အရွယ် မဟုတ်တော့ဘူး နော်၊ သူဟာ အရွယ်နဲ့မလိုက်အောင် ကျော်ကြားအောင်မြင်သလို အဲဒီအောင်မြင်မှုနဲ့လိုက်အောင်လည်း ပွေတတ်ရှုပ်တတ်တယ် မက်၊ မာမီ သဘောမတူဘူးနော် ... ဒါပဲပြောမယ်၊ အေး ... သတိပေးထားတဲ့ကြားက ရှေ့ဆက်တိုးဖို့ ကြံရင်တော့ ညည်းအက်ဒီရှိတဲ့ဆီ မာမီက ပို့မှာပဲ၊ ဒီမှာ ဆက်မထိန်းထားနိုင်တော့ဘူး"

မက်က မာမီ့အရှေ့မှ ဘောက်ဆတ်ဆတ်ထ၍ အခန်းဆီ တက်လာခဲ့သည်။

မက်က အချစ်ကိုယုံသည်။ မက်ပေးသောအချစ်လို သူ၏ အချစ်တစ်ခုမွေးဖွားခဲ့မည်ဆိုပါက ဘာမဆို သူ့ကို ပြုပြင်ပြောင်းလဲ နိုင်ပါလိမ့်မည်။

သူ့လက်မှတ်ရပြီးကတည်းက အဲဒီလက်မှတ်ကို ထိန်းသိမ်း ရင်း ဖျက်သွားမှာကိုစိုးသော မက်မှာ ရှူးမတတ်။

သူ့လက်မှတ်ရလာ သောအချိန်၌ အပေါင်းအသင်းကြားထဲ မက်က ဘုရာဇို။

"နှင် သိပ်တော်တာပဲ မက်၊ နင် တကယ် သူ့ကိုဆွဲဆောင် နိုင်မယ်လို့ ငါတော့ထင်တယ်"

"လက်မှတ်လေးရရုံနဲ့တော့ ဒီလောက်ကြီး အပိုင်တွက် မထွားနဲ့နော်၊ အမုန်းခြေခံဆိုတဲ့လူမှာ အချစ်တွေက ပေါ်မှပေါ်ပဲ"





"ဒါတော့ဟုတ်တယ် မက် ... သူ့ဘေးနားမှာ ရုပ်ရှင်အနု ပညာအသိုင်းအဝိုင်းကရော၊ ပရိသတ်ထဲက တကယ့်ဒိတ်ဒိတ်ကြဲတွေ ရောက ဝိုင်းနေတာနော်၊ နင်တိုးဖို့ မလွယ်လောက်ဘူး"

သူငယ်ချင်းတွေက စိုးရိမ်လို့ သတိပေးသောစကားကို မက် က မှဲ့တဲ့တဲ့လေး ပြုံးမိသည်။

"ရွှေအိပ်မက်ဘဝမှာ မရခဲ့တာ၊ မဖြစ်ခဲ့တာ ဘာမှမရှိဘူး။ သူ့ကို ငါ ချစ်တယ် ... အဲဒီအတွက် ပိုင်ဆိုင်ချင်တယ်၊ သူ့ကိုပိုင်ဆိုင် ရဖို့အတွက် ငါ ဘာနဲ့ပဲ တိုက်ယူရပါစေ ... တိုက်ယူမယ်၊ အဲဒါ ငါ့ သန္နိဋ္ဌာန်ပဲ"

မက်က သူမ၊ဆုံးဖြတ်ချက်ကို လူသိရှင်ကြား ထုတ်ဖော် ဆွေးနွေးခဲ့သည်။

ရေချိုးခန်းဝင်တိုင်း သူ့လက်မှတ်ပျက်မည်စိုး၍ ဘယ်ဘက် လက်ကို ရေမထိအောင် ချိုးရတာ တစ်ကြိမ်မကတော့။

မက်က သူ ရေးထိုးပေးသော လက်မှတ်လေးအား ဤမျှ အထိ ပျောက်ပျက်သွားမှာ စိုးရိမ်လျှင် ...

သူ့သာဆို ...။

အိုး ... မဖြစ်စေရ။

သူက မက်အတွက်ပဲ ဖြစ်စေရမည်။

အဲဒီက စလို့ မက်သည် သူနှင့်ပတ်သက်၍ စိတ်အင်အား ဖြင့် သူ့စိတ်ကို အနိုင်ယူရန်ဆုံးဖြတ်ခဲ့၏။ မက်ပြုမူပုံက အလွယ်



www.burmeseclassic.com

www.burmeseclassic.com



လေး။ အိပ်ခန်းနံရံအနှံ့အပြား၌ သူ့ဓာတ်ပုံတွေ ချိတ်ထား၊ မက်အခန်းထဲက တီဗီစကရင် အကြီးကြီးထဲတွင် သူ့ရုပ်ပုံကို Stay ထားပြီး တစ်ခန်းလုံး မီးမှောင်ချကာ ကြည့်လေရာ အရပ်တိုင်းရှိ သူ့မျက်နှာတွေအား အတန်ကြာအောင် စိုက်ကြည့်ရင်း ...

"မက်ရဲ့မေတ္တာတွေ သူ့ထံရောက်ပါစေ၊ သူ့ထံမှ တန်ပြန်သော မေတ္တာတွေလည်း မက်ဆီ သိပ်မကြာခင် ရောက်ပါစေ"

ဟူသော နည်းစနစ်ကို ညတိုင်း မှန်မှန်ကြီးလေ့ကျင့်သည်။ စိတ်အစုံကို သူ့ထံ ဦးညွှတ်ထားရင်းပေါ့။

သူ၏ ဖျက်မရသောအချစ်တွေ မက်ပိုင်ဆိုင်ရပါစေသော် ... လို့ ဆုတောင်းရင်း ...ပေါ့။

*** *** ***

---------------------- ။

"မင်းဟာက သိပ်မဟုတ်ဘူး မုန်း"

ယံက ရှုတင်မှ ကားထွက်ထွက်ချင်း ပြော၏။ သူကတော့ ဂရုမစိုက်။ ဘီယာဘူးကို ဖောက်ခနဲအသံမြည်အောင် ဖောက်၍ ထက်လာသောအမြှုပ်တွေကို အားပါးတရစုပ်ယူမော့သောက်သည်။ တစ်ရှူးထိုး မော့ချပြီး ကုန်သွားသောဘူးကို ကတ္တရာလမ်းပေါ် ပစ်ချရင်း ...





"အလကားပါကွာ ... ဘီယာတစ်ဘူးလောက်တော့ တန်ဖိုးမရှိတဲ့ မိန်းမ"

"အဲဒါဆို အစောကြီးကတည်းက ဘာဖြစ်လို့ပတ်သက်ခဲ့သေးလဲ"

ယံက လမ်းဘေးကို ကားဆွဲချသည်။ ဂျစ်တစ်တစ်ရပ်နှင့် မေး၏။ ယံ ဒေါသထွက်လျှင် မေးကြောကြီးတွေ တင်းနေအောင် အံကြိတ်ထားတတ်သည်။ အဲဒီအခါ အနိုးအငွေ့ထွက်နေသော မျက်ဝန်း၊ ပါးလှပ်စွာ စေ့ထားသော နှုတ်ခမ်းတို့ဟာ ဒီကောင့်ကို တကယ့်လူမိုက်ရုပ် ပေါက်သွားစေ၏။

"ငါက အရင်သွားမရှုပ်ဘူး ယံ ... သူတို့က အရင်လာနှယ်တာ"

"ဒါဆို သူတို့နှယ်တိုင်း မင်းက လက်ခံတယ်ပေါ့"

"ဟေ့ကောင် ... ယဉ်ကျေးမှုရှိရတယ်ကွ၊ ကမ်းလာတဲ့လက်ကို ပုတ်ထုတ်ရင် ဘယ်နိုင်ငံကြီးသား ဗီသတော့မှာလဲ"

"အေးလေ ... အဲဒါဆို အခုလည်း မင်း ပုတ်မထုတ်နဲ့ပေါ့"

"ငါ့ကိုလည်း စည်းတွေဘောင်တွေနဲ့ မချုပ်နဲ့လေကွာ ... ငါမကြိုက်ဘူး"

သူနှင့် ယံ စကားစစ်ထိုးပွဲက တစ်စထက်တစ်စ တင်းမာလာပြီ။ ယံကလည်း သူက စတင်၍ ခတ်လမ်းတွေဖြတ်တောက်ခြင်းကို မကြိုက်သူ။ သူကလည်း မာယာတွေသုံး၍ ဟန်ဆောင်ခြင်းကို



www.burmeseclassic.com

www.burmeseclassic.com



[illegible] မကြိုက်ရင် လွှင့်ပစ်မည်။ တွေဝေသော မလေ့မရှိ [illegible] ယံက ပြုသနာလုပ်ခြင်းဖြစ်သည်။

ယံဟာ သူ့ကိုပြောမရမှန်း သိသိကြီးနှင့် နှုတ်ပိတ်ထွင်းရန် ကြိုးစားသည်။ ဒါမျိုးက တစ်ကြိမ်မကတော့။ ဒင်း ကြုံရသမျှလည်း ရှုံးတာချည်းဖြစ်သည်။ မုန်းဆိုသောကောင်က လုပ်ချင်တာလုပ်လိုက်ရမှ ကျေနပ်သောသူပါ။

"စာတ်လမ်းဖြစ်တယ်ဆိုတဲ့ကိစ္စက လူကိုယ်တိုင်ချိန်းပြီး ပြောစရာမလိုပါဘူးကွာ၊ ဖုန်းနဲ့ပြောလည်း ရတယ်, စာနဲ့ရေးလည်း ရတာပဲ ... အဲ့စာကို ငါပေးပေးရမလား"

ယံက မေးသည်။ သူ့အထင် လက်ထပ်ပါလို့ ပြောထားသည့် မိန်းကလေးအားချိန်းလျှင် ထိုမိန်းကလေးက မျှော်လင့်တကြီး လာမည်။ ဒါကိုမှ ရက်ရက်စက်စက် ဖြတ်မည့်စကားပြောခြင်းက တော့ ခေါ်ပြီးဒဏ်ရာတွေပေးရာ ကျနေပေလိမ့်မည်။ ထိုအခြင်း အရာကို ယံက မကြိုက်။ မကြိုက်တိုင်းလည်း တားသည်။ တားတိုင်း လည်း မအောင်မြင်ပါ။

"အဲ့လိုမရဘူးကွ၊ ဘယ်အရာမဆို ရှင်းရှင်းလင်းလင်းပဲ ကောင်းတယ်၊ ငါက အဲဒီလိုမိန်းမမျိုးတို့ ဒဏ်ခတ်ချင်တာလည်း ပါ တယ်ကွ၊ ယောက်ျားနဲ့ မိန်းမ ချစ်သူတွေဖြစ်ပြီးသွားတာနဲ့ လက်ထပ် ရမယ်ဆိုတဲ့ အစွဲကြီးရှိနေတာတော့ မကောင်းဘူးလို့ ထင်တယ်လေ၊ အဲဒါတောင် ချစ်သူဖြစ်ပြီးတိုင်း လက်မထပ်နိုင်ဘူးဆိုတာ ပြမလို့"





ယံက မောင်းလျှောက်စာရွက်ကို ရယ်ပြီး ကားတံခါးဖွင့်၍ အောက်ကိုဆင်းသည်။ ပြတင်းပေါက်ရှိရာကို ကိုယ်တစ်ဝက် ကိုင်းမှိုပြီးမှ ...

"ငါ လူမိုက်အားပေး မလုပ်ချင်ဘူး မုန်း။ မင်းဟာမင်း ကား မောင်းသွားတော့"

"မင်း သဘောမပေါက်သေးလို့ပါ ယံရယ်၊ ပန်းဆိုတာ နမ်း ရတယ်ကွ၊ မနမ်းလည်း နောင်တစ်ချိန် သူက ကြွေမှာပဲကိုး၊ မိန်း ကလေးတွေက ပန်းနဲ့တူတယ်လေ"

သူကပြောပြီးတာနှင့် နှုတ်ဆက်သူ ယံထက်ဦးအောင် ကား မောင်းသူဘက် ရှေ့တိုင်ပြီး မောင်းထွက်ခဲ့သည်။ ယံကိုချစ်ပေမယ့် အတွေးအခေါ်ကိုတော့ သူမုန်းလှသည်။ ယံမပို့ချင်သော ဟိုတယ် သို့ သူက ချောချောမောမောပင် ရောက်ခဲ့၏။ ကားကို ပါကင်ထိုးပြီး [illegible]အထိ ယံ့အပေါ် စိတ်ထဲက မကျေမနပ်ဖြစ်တုန်း။

"သူ့ဗိုက်မှ ငါကရောက်မှာ ကျနေတာပဲ၊ ကိုယ့်ဟာကိုယ် ချစ်အောင်လာတတ်နေတာပဲ"

လို့ပြောပြီး ကားပေါ်ကဆင်းသောအခါ ဟိုတယ်ဝန်ထမ်း [illegible] သူ့အား ဦးညွှတ်ကြိုရင်း ...

"Pool Side မှာ ကိုမုန်းချည့်သည် စောင့်နေပါတယ်ခင်ဗျ"

"အင်း ... Thank you ပဲ"

သူ့ခြေလှမ်းတွေက Pool Side ဆီ လှမ်းခဲ့သည်။ တွေ့ရပါ



www.burmeseclassic.com

ပြီ ... နောက်ခိုင်းရပ်နေသော ချိုမြရည်။ မော်ဒယ်လ်၊ တက်သစ်စ သရုပ်ဆောင်၊ သူနှင့် ကြော်ငြာနှစ်ခုလောက်ရိုက်ပြီးသည်နှင့် ငြိသွားခြင်းဖြစ်သည်။ ဒါကလည်း ထုံးစံအတိုင်း သူမတို့မိန်းကလေးတွေဘက်က အခွင့်အရေးတွေ ဖောသီစွာပေးခြင်းကြောင့်ဖြစ်သည်။

"ချိုမြ"

သူကခေါ်တော့ နောက်လှည့်ကြည့်သည်။ မျက်နှာက မျှော်လင့်ချက်ရောင်ခြည်တွေ တဝင်းဝင်း။

"ကိုကို ... စဉ်းစားသွားပြီးပြီလားဟင်"

"ဘာကိုလဲ"

မျက်မှောင်ကို ကြုတ်ချကာ မေးဆတ်မေးပုံက နှလုံးသားထဲက အချစ်တွေအားလုံး သိမ်းကျုံးယူသွားသည့်နှယ်။ ကိုကိုဟာ ဘာအပြစ် ဆိုစရာမှမရှိအောင် ချောမောလွန်းသူ။ အမူအယာ၊ သွင်ပြင်နှင့် စတိုင်တွေက ခပ်ရင့်ရင့်ပုံစံမျိုး ပေါက်လို့ကိုနေတာ။ ဒါကိုပဲ သူမအပါအဝင် မိန်းကလေးတွေက အသည်းစွဲ။

"လက်ထပ်ဖို့ကိစ္စလေ ကိုကို"

"အဲဒီကိစ္စဆို စဉ်းစားစရာကို မလိုတာ"

"ဒါဆို ... "

ချိုမြစကားက အဲဒီမှာတင် ရပ်တန့်သွားသည်။ ဝမ်းသာရမှာလား၊ ဝမ်းနည်းရမှာလား မသိတော့။ ကိုကို့မျက်နှာကလည်း အကဲဖမ်းမရလွန်းစွာ တည်ငြိမ်အေးစက်လွန်းလှ၏။





"အစောကြီးကတည်းက လက်ထပ်ဖို့ရည်ရွယ်ပြီး တွဲခဲ့ကြတာမှ မဟုတ်ဘဲ ချိုမြရယ်၊ ယောက်ျားလေးနဲ့ မိန်းကလေးက လွတ်လပ်သူတွေ ဖြစ်မယ်၊ ရုပ်ရည်အသင့်အတင့်ရှိပြီးတော့ ဆက်ဆံရေးပြေပြစ်ရင် ဘယ်သူမဆို အတွဲဖြစ်သွားနိုင်တာပဲ"

"ချိုမြတို့က တွဲခဲ့ရုံမကဘူးနော် ကိုကို"

ချိုမြအသံက ငိုသံစွက်လာ၏။ သူက မဲ့ပြုံးတစ်ချက်ပြုံးပြီး စီးကရက်ကို နှုတ်ခမ်းဖျား၌ တေ့ထားကာ မီးညှိသည်။ မီးစွဲနေပြီးသော စီးကရက်အငွေ့တွေအား အဆုတ်ထဲထိ ရှိုက်သွင်းပြီး နှာခေါင်းများက ပြန်ထုတ်၏။

"ကိုကို"

ဆောင့်ဆောင့်အင့်အင့်ခေါ်သံ။ သူက မျက်လုံးပင့်ပြီး ထူးသည်။

"ချိုမြ ဘာဆက်လုပ်ရမှာလဲ၊ ချိုမြကို တာဝန်ယူပေးပါကိုကို"

"တံခါးဖွင့်ထားရင် ဘယ်ဧည့်သည်မဆို ဝင်မှာပဲချိုမြ၊ အစ်ခုတော့ရှိတယ် ... ဧည့်သည်ဆိုတာ အချိန်တန်ရင် ပြန်မှာပဲလေ"

"ကိုကိုက ချိုမြဆီက ပြန်ထွက်သွားမယ်ဆိုတဲ့ သဘောလား"

"ကိုယ်က အိမ်ရှင်မှမဟုတ်တာ"

ချိုမြမျက်နှာက တင်းခနဲ။

www.burmeseclassic.com



"ကောင်းပြီကိုကို၊ ဒါပေမဲ့ သိအောင်တစ်ခုတော့ ပြောခဲ့ပါ
ဖေး ချိုမြ က ဒီအရှက်ိုင်းထွက်ခွာခွင့်ပေးမှာ မဟုတ်ဘူးနော်"

"ဒါက မင်းသဘောပါ၊ ကိုယ့်ကိုယ်ကိုယ် မကာကွယ်ဘူး
ဒါပေမဲ့ ချဉ်းကပ်လာရင်လည်း စိတ်က ပြန်မယိုင်တော့ဘူး ... အဲ
အသေချာဆုံးပဲ"

သူက ဆိုသောအခါ ချိုမြက တောက်တစ်ချက်ပြင်းပြင်း
ခတ်၍ အနားမှ ထွက်သွားပါလေပြီ။ သူက မနီးမနား၌ အသင့်စော
နေသော ဝိတ်တာအား လက်ယပ်ခေါ်လိုက်ပြီး ...

"ဘီယာနှစ်ဘူးနဲ့ အာလူးကြော်တစ်ပွဲလောက်၊ ချိစ်တစ်ပွဲ
ချ"

"ဟုတ်ကဲ့ ... ခဏစောင့်ပါ ကိုမုန်း"

သူ့အား အမြင်ဖြင့်ရင်းနှီးနေသော ဝိတ်တာလေးက ထွက်
သွားပါပြီ။ ဒီဟိုတယ်က ရာဇဝင်နှင့်။ သူ အတွဲတွေချိန်းတိုင်း
ဟိုတယ်၌ စချိန်းသည်။ ဖြတ်တောက်သောအခါလည်း ဒီဟိုတယ်
ပင်။ ဒီမှာက ဝန်ဆောင်မှုက သိပ်ကောင်းသည်။ သူ့အား ရုပ်ရှ
မင်းသား အမုန်းခြေလို့ သိကြသူတွေက ဝန်ထမ်းတွေလောက်သ
ရှိ၏။ ဧည့်သည် အများစုက နိုင်ငံခြားသားတွေ၊ ဒါက တစ်ပ
သာသည်။ လွတ်လပ်မှု ရှိသည်။ ထို့ကြောင့် အေးဆေးသက်သာ
အနားယူလိုသောအခါ သူက ဒီဟိုတယ်ကိုပဲ ရွေးချယ်လေ့ရှိသည်
မျက်လုံးကို စုံမှိတ်ပြီး ရေကန်ပေါ် ဖြတ်တိုက်လာသော လေအေ





တို့ကို သူက ခံစားမိနေချိန်တွင် ...

ရနံ့တစ်ခုက သူ့နှာဝသို့ ဆွတ်ချူတာပါ။ အေးအေးလေးနှင့်
သင်းသင်းကလေး မွှေးသောရနံ့။ သူ ဖျတ်ခနဲ မျက်လုံးဖွင့်ကြည့်မိချိန်
တွင် ...

"ဘီယာနဲ့ အာလူးကြော် ရောက်ပါပြီ"

အသံက ရှတာတာ။ သူ့မျက်ဝန်းတွေထဲ ရွှေရောင်တွေ ဖြတ်
ပြေးသည်။ ရွှေအိုရောင်ဆံနွယ်၊ ရွှေအိုရောင်တီရှပ်၊ ဂျင်းပင်နီအနက်
နှင့် သူမအသားအရောင်က ရွှေရောင်တွေ နှောနေ၏။ နှုတ်ခမ်း
နှုတ်ခွဲမှာလည်း ရွှေအိုရောင်အပြည့်။ တစ်ခုကွာခြားတာက မျက်ခွံ
ပေါ်က အိုင်းရှဲဒိုးက မီးခိုးရောင်။ မျက်တောင်တွေက မည်းနက်ကာ
ကော့ပျံနေသည်။ ဆန့်ကျင်ဘက်တွေက ဆွဲငင်နေတာကိုး။ သူမက
သားခုံ၌ အသာအယာဝင်ထိုင်ရှင်း ...

"ဒီတစ်ခါ ထပ်ဆုံကြပြန်ပြီနော်၊ ဒါပေမဲ့ ဖန်တီးမှုမပါတဲ့
ဆိုင်မှုစစ်စစ်ပါ၊ အဲဒါတော့ အကြွင်းမဲ့ယုံပါ မုန်း"

"မင်း ဘာကြောင့် ငါသွားတဲ့နေရာတိုင်း ရှိနေရတာလဲ"

သူမက ဟက်ဟက်ပက်ပက်ရယ်သည်။ ရွှေအိုရောင်နှုတ်
ခမ်းတွေကြောင့် သွားတွေက အရောင်မှိန်မသွား။ ပိုမိုတောက်ပလာ
သလို ထင်ရ၏။

"အရိပ်လို လိုက်နေလို့ပေါ့ မုန်းရယ် ... အဖြေက ရှင်းနေ
တာ ဘာကြောင့်လိုက်နေလဲဆိုတာရော သိချင်သေးလား မုန်း



www.burmeseclassic.com

www.burmeseclassic.com



... အဖြေက အဆင်သင့်ရှိတယ်"

သူက မကြားရပါ။ ဒီတစ်ယောက်နဲ့ကျမှ ဘာကြောင့် တွန့်ဆုတ်နေရတာပါလိမ့်။ သူ့ရဲ့ စိတ်ရင်းအမှန်အတိုင်းဆို ဝိုင်လို ယစ်မူးစေသော သူမအလှ၌ အရန်သင့် မူးယစ်ချင်ပါပြီ။ သို့ပေမယ့် သူ့မှာ မမကောင်း ရှိနေသေး၏။ မမကောင်းကို သူပစ်ဖယ်လို့မရ။ သူ့ရဲ့ အားကိုးရာ အားထားရာ မဏ္ဍိုင်က မမကောင်းပါ။

"အမှန်းကို ဘယ်လိုဘဝကနေ တောက်ဆယ်ပြီး ထောက်ပံ့ထားရတယ်ဆိုတာ အမှန်းအသိဆုံးနော်"

... ဟူသော စကားက အခုတင် နားနားကပ်ပြောနေသလို လတ်ဆတ်စွာ ကြားရစမြဲ။

မမကောင်းအလှက တည်သည်။ ပြီးတော့ ရင်ခုန်နှုန်းကို မြန်စေသည့် သူ့ရဲ့ ပထမဆုံးသော မိန်းမသား။

ဒီလောကထဲ အမှန်းခြေရယ်လို့ မရပ်တည်ခဲ့စဉ်က သူဟာ အသုံးတရ။ မမကောင်းက ထောက်ပံ့၍ မြေတောင်မြှောက်ပေးခြင်းပါ။

မမကောင်းလိုချင်တာက ပို့မျှစ်နုနယ်သော လူငယ် တစ်ယောက်ရဲ့ အချစ်။ သူလိုချင်တာက ဘဝကို အမြင့်ဆုံးရောက်သည်အထိ မြှင့်တင်ပေးနိုင်မည့် လှေကားတစ်စင်း။ ဒီလို မတူညီသော ဆန္ဒတစ်ခုစီကြောင့် သူနှင့်မမကောင်း အတွဲညီခဲ့ကြသည်။ ဂျာနယ်ထဲ ပါလာသောကိစ္စက ဟိုးလေးတကျော်ကျော်ဖြစ်သောအခါ





မမကောင်း ပေါက်ကွဲတာ မဆန်း။

"ဒါ ဘာသဘောလဲ အမှန်း ... မ,က အမြင့်ကိုရောက်အောင် တင်ပို့ထားပေးပြီးမှ မင်းက အပေါ်စီးကနေ လုပ်ချင်ရာလုပ်တော့မယ်ဆိုတဲ့ သဘောလား"

"မဟုတ်ပါဘူး မမကောင်း ... ဒါ တိုက်ဆိုင်မှုပါ"

ဆိုသော စကားကလွဲပြီး သူ တခြားဘာမှ မပြောတတ်ခဲ့။ ချိတ်ရွယ်ထားသောကိစ္စ မဟုတ်၍ သူ့ဘက်က ရှင်းပါသည်။

"တိုက်ဆိုင်မှုကလည်း တကယ့်ရုပ်ရှင်ဇာတ်လမ်းတွေထဲက အတိုင်းပဲနော်၊ တမင်တကာ ဖန်တီးယူသလိုပဲ၊ ကဲ ... ထားပါတော့၊ မ,က မင်းကို စာချုပ်တွေချုပ်ပြီး ကားတွေဆက်တိုက်ရိုက်တယ်ဆိုတာ အကျိုးအမြတ်လိုချင်လို့၊ ဒီသတင်းတွေကြောင့် မင်း အောင်မြင်မှုတွေ ထိခိုက်သွားရင် ... "

"မ, ကျွန်တော့်ကို သဝန်တိုနေတာ မဟုတ်လား"

သူက မမကောင်းရဲ့ အတွင်းစိတ်ကို ထိုးဖောက်သိသူ။ ချက်နှာက ကွက်ခနဲပျက်သွားသော မမကောင်းအား သူက ပခုံးမှ ဖေး၍ သိုင်းဖက်ထားသည်။

အရွယ်တင်သော မမကောင်းရဲ့ ခန္ဓာကိုယ်ကျစ်ကျစ်က သူ့ရင်ခွင်ထဲ အလိုက်သင့်ပါလာ၏။

"ကိုယ်စိုက်ထားတဲ့အပင်က ဖြစ်ထွန်းပါပြီဆိုမှ သူများ အလွယ်တကူ ခူးသွားတာတော့ ဘယ်ခံချင်ပါ့မလဲ အမှန်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း မမကောင်း ကျွန်တော့်ကို လက်ထပ်လိုက်လေ"

သူကပြောတော့ မမကောင်းက ရင်ခွင်ထဲက ကျိုးထသည်။

"အကြောင်းစုံမသိတာလည်း မဟုတ်ဘဲနဲ့ အမုန်းရယ်၊ ဒါလင်နဲ့ မရဲ့ ဇာတ်လမ်းက ပြတ်မှမပြတ်သေးတာ၊ သူ့ဆီက တရားဝင် စာရွက်စာတမ်း ရပြီးတဲ့အချိန်ကျရင် မ,တို့ တစ်မျိုးတစ်ဖုံ စီမံလို့ရပါတယ်၊ အရေးကြီးတာ အမုန်းပဲ၊ အဲဒီအတောအတွင်းမှာ တခြားဘာဆိုတင်းမှ မကြားချင်ဘူး"

"ကြားခဲ့လည်း စိတ်မပူပါနဲ့၊ အားလုံးက အာ ပျော့ ဝွချည်းပဲ၊ ကျွန်တော့်စိတ်ထဲမှာ မ,တစ်ယောက်ပဲ ရှိတာ"

"ဒါပေမဲ့ အခုလို လူသိရှင်ကြားဖြစ်သွားတော့ ဘယ်ကောင်းပါ့မလဲ"

"နောက်တစ်ကြိမ် မဖြစ်စေရပါဘူး မ,ရဲ့"

ဟူသော သူကတိက သူကိုပင် ခြောက်လှန့်နေသည့်နှယ်။

"မုန်း"

သူမအသံက လူကို တုန်တက်သွားစေ၏။ မုန်းက လှည့်ကြည့်သောအခါ သူမဟာ ဘယ်ဘက်လက်မောင်းကို မျက်နှာရှေ့ပြသည်။

သူ အံ့ဩသွားရ၏။

"မက်က အဲဒီလောက်အထိ ရူးတယ်၊ မုန်းနဲ့ ပတ်သက်ရင်





ဘာမဆို တည်မြဲနေစေချင်တယ်၊ ပျောက်ပျက်သွားတာမျိုး ဆုံးရှုံးသွားတာမျိုး ဘယ်တော့မှ မရှိစေချင်ဘူး၊ ပြီးတော့ မုန်းရဲ့အနားမှာ နီးနီးလေးပဲ နေချင်တယ်"

"အမိပွာယ်မရှိတာ"

သူက တိုးတိုးလေးရွတ်သည်။ ဒါကို မက်က သည်းမခံနိုင်။ အားတစောင်းကြည့်လျှင် ချောမွေ့နေသော သူ့မျက်နှာနှင့် ရက်စက်ခြင်းဓားသွားလို နှုတ်ခမ်းပါးတို့ကို ငေးစိုက်ကြည့်ရင်း ...

"အချစ်က ဘာကိုမဆို အဓိပ္ပာယ်ရှိအောင် လုပ်နိုင်တယ် မုန်းရဲ့"

"မင်း ငါ့နားမှာ နီးနီးနေပြီး ငါ့ကိုမနှောင့်ယှက်ချင်စမ်းပါနဲ့"

မုန်းက စိတ်ပျက်လက်ပျက် ပြောမိပြီ။ အကယ်၍ မမကောင်းကသာ သတိပေးမထားလျှင်၊ သူမက ဘွဲ့ခဲ့ဖူးသော မိန်းကလေးတွေလိုပဲ လျှော့တွက်လို့ရလျှင် သူက အခုလေ က် ခါးသီးနေည် မဟုတ်။ အခု သူမနှင့်တွေ့သောအချိန်တိုင်း သူမ တိုက်ကွက်ဆင်သည့်အောက် သူ ဝရုန်းသုန်းကား ဝပ်ဆင်းသွားရတာများ လူသိရှင်ကြားပင်။ ဒီလိုမိန်းကလေးမျိုး အနားထားလျှင် သူ့အတွက် အန္တရာယ်အလွန်ရှိနေနိုင်ပါသည်။

သူမကတော့ သူဘာပြောပြော၊ ဘယ်လိုပြောပြော စိတ်နာဟန်မရှိ။ ခပ်ပြုံးပြုံးနှင့်ပင် သူ့အား အရည်တဖျပ်ဖျပ်လက်သော မျက်လုံးကြီးတွေနှင့် စိုက်ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အခုတော့ ရှောင်ပေးလိုက်ပါမယ်၊ မက်ကြောင့် အနှောင့်အယှက်ဖြစ်နေတယ် ထင်လို့လေ၊ ဒါပေမဲ့ မုန်းရဲ့နီးနီးလေးမှာ မက်က အမြဲရှိနေမှာ အသေအချာပါပဲ၊ See you again မုန်း"

ဟု လှလှပပပြုံးကာ နှုတ်ဆက်သွားလေပြီ။ သူကသာ ဘာကို ဒေါသဖြစ်ရကောင်းမှန်းမသိ။ ဘီယာကို တစ်ရှိန်ထိုး မော့ချလိုက်ပြီးမှ ဘူးကို ခပ်ဝေးဝေးသို့ လွှင့်ပစ်လိုက်၏။ အဲဒီအချိန်အထိ သူ့အတွေးတွေ ပြောင်းလဲစေမည့် အရာတစ်ခုက တစ်စထက်တစ်စ ချဉ်းကပ်လာတာကို သူ မသိသေး။ မုန်းက ဗိတ်တာကို လက်လှမ်းပြပြီး အနားခေါ်ကာ ...

"ဘီလ် ယူခဲ့တော့"

"မလိုတော့ပါဘူး ကိုမုန်း"

"ဘာကြောင့်လဲ"

အံ့သြခြင်းတွေနှင့် မေးခြင်းပါ။

"မမလေး ရှင်းပြီးသွားပြီလေ၊ သူက ဒီဟိုတယ်ကြီးရဲ့ ပိုင်ရှင် ... ဦးမိုးတိမ်ရဲ့ တစ်ဦးတည်းသောသမီး ... ရွှေအိပ်မက်ပါ၊ မမလေးက မှာသွားပါသေးတယ် ... ကိုမုန်းက သူ့ရဲ့အထူးဧည့်သည် ဖြစ်တာကြောင့် တခြားအလိုရှိတဲ့အရာတွေပါ မှာယူနိုင်ပါတယ်တဲ့၊ ကိုမုန်း ဘာများလို အပ်ပါသေးလဲ"

သူက လက်ကာပြရင်း ...

"မလိုတော့ဘူး ... ရပြီ"





လို့ တားမြစ်ရင်းက သူ့မှတ်ဉာဏ်တွေက လက်ခနဲ။

အမုန်းခြေက လူတွေကို သူ့အတွက် တံတားတွေ၊ လှေကားတွေလို့ မြင်တတ်တဲ့ လူ။ အခုလည်း သူက ...

"ရွှေအိပ်မက်အကြောင်းတော့ သိချင်တယ် ... ပြောပြနိုင်မလား၊ ဒါ မင်းအတွက်ဘောက်ဆူး"

သူ့၌ ငွေစက္ကူဟူ၍ တစ်ချပ်မှမပါရှိသောကြောင့် လည်ပင်း၌ ဝတ်ထားသော ပလက်တီနမ်ကြိုးပျော့လေးကိုချွတ်၍ ဗိတ်တာလေးလက်ထဲသို့ ထည့်ပေးမိပါပြီ။

"ရပါတယ် ... မယူပါရစေနဲ့ ကိုမုန်း"

ဗိတ်တာလေးက အတုန့်တုန့်အလှုပ်လှုပ်ဖြင့် ပြန်ပေးသည်။ သူက ဗိတ်တာလေးလက်ဝါးထဲ ထည့်ပေးပြီး သူ့ကိုယ်တိုင် ဆုပ်ကိုင်သိမ်းဆည်းစေပြီးမှ ...

"ရပြီ ... ပြောတော့"

"မမလေးက တစ်ဦးတည်းသောသမီး ကိုမုန်း ... ရွှေအိပ်ဆော်တဲ့၊ မမလေးနာမည်ကိုယူပြီး ပြည်တွင်းမှာ Express ကားကြီးဆွေ ထောင်တယ်၊ ကွန်ပျူတာအရောင်းဆိုင်ကြီးတစ်ဆိုင်၊ ဆောက်သွင်းရေးလုပ်ငန်းရယ်၊ Shopping Mall တစ်ခု၊ ဟိုတယ်နှစ်ခုရှိတယ်၊ ဒါ ရန်ကုန်မှာတင်၊ မန္တလေးမှာလည်း ရှိတယ်၊ ပြီးတော့ Export Import ကုမ္ပဏီတစ်ခု"

"ဒါဆို ရွှေအိပ်မက်စီးပွားရေးအင်အားစုဆိုတာ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... မမလေးတို့ ပိုင်တာချည်းပါပဲ"

သူက ခေါင်းတဆတ်ဆတ်ညိတ်ရင်း ...

"ရပြီ ... သွားတော့"

ဝိတ်တာလေးကို ပြန်လွှတ်လိုက်သည်။ သူမျက်လုံးထဲ မြင်လာတာက ဘယ်နေရာ လက်ညှိုးထိုးမလွဲသော ရွှေအိပ်မက်စီးပွားရေး အင်အားစုတွေက တရေးရေး။

ဒါဆို ဒီကောင်မလေးက ...။

သူ သတိရ၍ ကားပါကင်ဘက် လှမ်းကြည့်တော့ ရွှေအိုရောင် MARK II လေး တစ်စင်း ထွက်သွား၏။ အဝတ်အစားနှင့် အရောင်တူ ကားလဲစီးသော ကောင်မလေး၏ ကြွယ်ဝမှုက အံ့မခန်း။ သူသွေးတွေ တလှိုက်လှိုက် ပွက်ဆူလာ၏။

ဒီတစ်ယောက်ကိုသာ သူ ပိုင်ရလျှင် ... ။

## အပိုင်း (၃)

"မလိုက်ချင်ပါဘူး"

ယ်က တူးတူးခါးခါးငြင်းသည်။ သူကတော့ ယ်အား ခပ်စိုက်စိုက်ငေးကာ ...

"မင်း လူတောမတိုးတဲ့ကောင်"

ဟု ဝေဖန်သည်။ ဘယ်လိုဝေဖန်ပါစေ ... ယ် ဂရုမစိုက်။ ကိုယ့် စိတ်မပါသောအလုပ်ကို သူဘယ်တော့မှ မလုပ်။ အဲဒါ သူ့ရဲ့မူ။ အခုဟာက ထိပ်တန်းမင်းသမီးကြီးတစ်ယောက်က ပေးသည့် ပါတီပွဲကို မုန်းက လိုက်ရန်ခေါ်သည်။ ဖိတ်စာကလည်း နှစ်စောင်။ သူ့နာမည်နှင့် တစ်စောင်၊ မုန်းအမည်နှင့် တစ်စောင်။ သူက မုန်းချာနှာကြောင့် ဖိတ်စာရခြင်းပါ။

သို့ပေမယ့် သူကမှ ဝါသနာမပါတာ။ မီးရောင်ပြိုးပြိုးပြက်ပြက်တွေကြား ပယင်းရောင်ထနေသော ကလပ်ခွက်တွေကိုင်ပြီး လေးသွားဖွင့်သောအခါ ရင်ချင်းအပ် ကကြရသည့်လေ့မျိုး သူက နှစ်မြို့က်။ ထို့ကြောင့် သူ မလိုက်ခြင်းပါ။

သက်ပိုင်ရဲစာပေ

www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာ အိပ်ရေးပျက်ခံမည့်အစား သူက ရိုက်ကူးရေးအတွက် အိုက်တင်ကျင့်မည်။ ဇာတ်ညွှန်းဖတ်မည်။ ဒါမှမဟုတ် အိပ်ရေးဝအောင် အိပ်မည်။ ဒါက သူ့အတွက် အကျိုးရှိသည်ဟု ထင်၏။ မုန်းက ဒီလိုမဟုတ်။ အပျော်အပါး ဝါသနာပါလွန်းသည်။ အချိန်တွေကို ဖြုန်းတီးနေသည်ဟု သူထင်သည်လေ။

"ထိပ်ထားကြီးက မင်းပါခေါ်ခဲ့ဖို့ ဖိတ်ထားတယ် ယံ ... ပေကပ်ကပ် သိပ်မလုပ်စမ်းနဲ့ကွ၊ လူကြီးတစ်ယောက်ကို ရိုသေသမှုတော့ ထားဦးမှပေါ့။ အဲဒီပွဲမှာ ပရိုဂျူဆာတွေ၊ ဒါရိုက်တာတွေ အများကြီးလည်း ပါမှာ၊ ကိုယ့်အတွက် ဆက်ဆံရေးကျယ်ပြန့်တာပေါ့ကွ ... လာပါ"

"မင်းအကြိုက် အသစ်ကလေးတွေလည်း ပါမယ်မဟုတ်လား"

သူက သဲအိတ်ကို လည်ထွက်သွားအောင် အရှိန်ပြင်းပြင်းနှင့်ထိုးရင်း မေးတော့ မုန်းက ရယ်သည်။ နှာခေါင်းကို လက်မ လက်သည်းဖြင့် အသာခြစ်ကာ ...

"အသေးအမွှားပါကွ ... အရမ်းမကြီးကျယ်ပါဘူး"

"မကြီးကျယ်ဘူးဆိုလည်း တစ်ယောက်တည်းသာ ဖြစ်တော့ ကိုယ့်လူ ... ငါ စိတ်မဝင်စားဘူး။ ငှပြီးထိုင်နေရမှာထက်စာရင် အိမ်မှာ တခြားလေ့ကျင့်ချင်တာတွေ လေ့ကျင့်နေလို့ရတယ်"

ယံက အဲဒီလိုပြောရင်း ဒီသူငယ်ချင်းကို စည်းရုံးချင်စိတ်





ဝင်လာရသည်။ ဘယ်လောက်ပဲ ခက်ခဲသည်ပြောပြော ကျွတ်တမ်းဝင်သွားတဲ့လူတွေ အများကြီးမဟုတ်လား။ ထိုလူတွေထဲ မုန်းပါဝင်ဖို့ သူက မျှော်လင့်ချင်သည်။ ထို့ကြောင့် ယံက လက်အိတ်တွေကို ချွတ်၊ ပခုံးပေါ်က တဘက်ဖြင့် မျက်နှာပေါ်က ချွေးတွေသုတ်ပစ်ရင်း ...

"မင်းလည်း အချိန်တွေကို အလဟဿဖြုန်းတီးမနေပါနဲ့သား မုန်းရယ်၊ အခုအချိန်က မင်းအတွက် စက္ကန့်မိနစ်တိုင်း ရွှေဖြစ်နေတဲ့ အချိန်ပါကွ၊ ဒါကို မင်း တန်ဖိုးထားစေချင်တယ်၊ အဲဒီပါတီပွဲတွေမသွားဘဲ တခြားအကျိုးရှိတဲ့ဟာကို စမ်းလုပ်ကြည့်ပါလား ငါ စေတနာနဲ့ ပြောတာပါ မုန်း"

"ငါသိပါတယ် ... မင်းရဲ့စေတနာကို၊ ဒါပေမဲ့ ငါက အဲဒီအတိုင်း မဖြစ်နိုင်တာ ဆောရီးပဲ၊ ငါက မွန်းကျပ်မှုတွေ ချုပ်ချယ်မှုတွေကိုမကြိုက်ဘူး ယံ၊ ပြီးတော့ စိတ်ကိုပျော်အောင်ပဲ ထားချင်တယ်။ ကိုယ့်စိတ်ကိုယ် ချုပ်တည်းထားတဲ့လူတွေဟာ လောကမှာ လူဖြစ်ရကျိုး မနပ်ဆုံးဘဲလို့ ငါထင်တယ်"

မုန်းက အပြတ်ပင်ပြောသည်။ မုန်းက ကိုယ့်ဆန္ဒကိုယ် ဦးစားပေးသူ။ စိတ်နောက် လိုက်ပါတတ်သူ။ အခုလည်း သူ့ရဲ့စိတ်နောက်လိုက်ပါမှုကြောင့် ကံကောင်းခြင်းက ဆိုက်မြိုက်စွာ ရောက်ရှိလာခဲ့ပါသည်။ ပါတီပွဲ၌ ရွှေအိမ်မက်ကို အပေါင်းအသင်းတချို့နှင့် ဆွဲ့ရခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



သူက ရွှေအိပ်မက် မတွေ့သောနေရာ၌ ခပ်ကွယ်ကွယ်ထိုင်၏။ ရွှေအိပ်မက်ကို သူရင်းနှီးချင်သည်ဆိုပေမယ့် လူသိရှင်ကြားတော့ မဟုတ်။ နှစ်ယောက်တည်းသိသော ဆက်ဆံမှုမျိုးသာ ဖြစ်သည်။ သူ ရောက်လာသည်ဆိုသော သတင်းစကားကိုတော့ ရွှေအိပ်မက် သိပါလိမ့်မည်။ ထို့အတွက် သူနှင့်တွေ့ခွင့်ရအောင် သူမက ဖန်တီးမည်။ ဒါကို သူက အသာတကြည်စောင့်နေရုံပင်။

"ဟေး ... ငြိမ်လှချည်လား အမုန်း။ ဟိုမှာ မော်ဒယ်အသစ်လေးတွေရော၊ ပရိတ်သတ်ကောင်မလေးတွေရော အများကြီးပဲ၊ အမုန်းနဲ့ တွဲကချင်လို့တဲ့ စောင့်နေကြတယ်၊ ပရိသတ်ထဲမှာ အထူးဧည့်သည်တော်တစ်ယောက်တောင် ပါသေးတယ်၊ ရွှေအိပ်မက် စီးပွားရေးအင်အားစုက တစ်ဦးတည်းသော သမီးလေးလေ"

သူ့ကိုယ်က တောင့်ခနဲဖြစ်သွားပေမယ့် မင်းသားပီပီ သူက ဟန်ဆောင်ကောင်းသည်။ သူ့စိတ်လှုပ်ရှားမှုကို ဘယ်သူမှမသိလိုက်။ သူ လက်ခနဲအကြံရသည်က ဒီပါတီပွဲမှ မြန်မြန်ထွက်သွားဖို့ဖြစ်သည်။ သူ့အနားသို့ အကြောင်းတစ်မျိုးမဟုတ်တစ်မျိုး ချဉ်းကပ်နေကျ သူမဟာ ဒီအတိုင်းတော့ သူ့ကိုပြန်ခွင့်ပြုမှာမဟုတ်။ ထိုအတွေးနှင့်ပင် မုန်းက ထိုင်ရာက ထရပ်၏။ ထိပ်ထားကြီးက ပျာပျာသလဲ ...

"ဘယ်သွားမလို့လဲ မုန်း"

"ကျွန်တော် ပြန်တော့မယ် ထိပ်ထားကြီး... ခေါင်းကိုက်လာလို့"





"အမလေးနော် ... ခေါင်းကိုက်လာရုံလောက်နဲ့တော့ အိမ်ပြန်ရော မလိုပါဘူး။ ဒီအိမ်မှာလည်း ဆေးတွေရှိပါတယ်"

"မဟုတ်ဘူး ထိပ်ထားကြီးရဲ့ ... ကျွန်တော်က နားမှရမှာ၊ မနက်ဖြန်တော့ မနက်အစောကြီး ရှူတင်ရှိသေးတယ်"

"အမုန်းတို့က လုပ်ပြီ ... သူ့မမကောင်းမပါရင် အဲဒီအတိုင်း — အမြဲတမ်း"

ထိပ်ထားကြီးက မျက်စောင်းတစ်ချက် ထွေ့သည်။ သူက ပြုံးရင်း ထွက်ခွာဟန်ပြင်၏။

"ဟွန်း ... အမုန်းမရှိရင်တော့ ငါ့ပါတီပွဲက ခြောက်ကပ်သွားတော့မှာပဲ"

နောက်မှလိုက်ပို့သော ထိပ်ထားကြီးအား သူက ရယ်ကျဲကျဲ ကြတော့ပြုံးမဆိုဘဲ နေသည်။ ကားနားရောက်ခါနီးမှ အဝေးထိန်းခလုတ်ဖြင့် ကားသော့လှမ်းဖွင့်ရင်း ...

"ထိပ်ထားကြီး အလက်ဓနီတစ်လုံးလောက် လွယ်မလား၊ ကားကြီး မောင်းနေရင်း ထိုးကိုက်လာမှာစိုးလို့"

"ရှိတယ် ... ရှိတယ် ... လာ"

ဆေးယူရန် ထိပ်ထားကြီး ထွက်သွားသောနောက်သို့ စိတ်မလည်ဖြင့် သူ ကပ်ပါခဲ့သည်။ သူမကို အခွင့်အရေးပေးခြင်း ထိပ်ထားကြီးက သိပ်မစောင့်ရ၊ ဆေးနှင့်ရေတစ်ဖန်ခွက် ယူလာ၏။ သူက ဘာရောဂါမှမဖြစ်ဘဲ ဆေးသောက်ချလိုက်ရပြီး



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်တက်ကာ ဟန်မပျက် မောင်းထွက်ခဲ့ရသည်။ မသိစိတ်က လှုံ့ဆော်သည်။ သူမ ကားထဲပါလာသည် ဆိုတာကိုလေ။ အိမ်ရဲ့ ပေါ်တီကိုအောက် ထိုးရပ်ပြီးတာနှင့် သူက ကားစက်မသတ်သေးဘဲ ကားတံခါးဖွင့်ပေးသော ကျင်ဝှက်အား ...

"နှင်းဆီတစ်ပွင့်လောက် ခူးခဲ့စမ်း"

ညကြီးမင်းကြီး နှင်းဆီတောင်းသော သူ့ဆရာကြောင့် ကျင်ဝှက်က အူကြောင်ကြောင်။ ပြီးတော့မှ နှင်းဆီတစ်ပွင့် အမြေးအလွှား သွားခူးလာ၏။ သူက နှင်းဆီရဲရဲတစ်ပွင့်ကိုကိုင်ပြီး ကားနောက်ဖုံးဖွင့် လိုက်သောအခါ အနက်ရောင်တီရှပ်လက်ပြတ်၊ အနက်ရောင် ဂျင်း ပင်နီကို ခါးပတ်အကြီးကြီးနှင့် တွဲဖက်ဝတ်ဆင်ထားသော သူမက ကွေးကွေးလေးရယ်။ သူ့အား မျက်လုံးအစိုင်းသားနှင့် ပြူးကျယ်စွာ ကြည့်နေ၏။

"ထွက်လာလို့ရပြီ ရွှေအိပ်မက်၊ အမှန်းခြွေဂေဟာက မင်း ကို ကြိုဆိုပါတယ်"

မက်သည် အံ့ဩမဆုံး။ ထူးဆန်းတာက သူ့မျက်ဝန်းတွေထဲ က ညွှတ်နူးပျော့ပျောင်းမှုတွေပါ။ မျော်လင့်မထား။ အမှန်တော့ သူနှင့် တွေ့ချင် စကားပြောချင်လွန်း၍ မက်က ကြံမိကြံရာ ကြံမိ ခြင်းပါ။ အခု သူက မက်အား လိုက်လှဲစွာကြိုဆိုနေပါသလား။

"ဆင်းလေ ရွှေအိပ်မက် ... လမ်းတစ်လျှောက်လုံး ကွေး ကွေးအိပ်လာရတာ ညောင်းရောပေါ့၊ အညောင်းပြေ အညာပြေ





သမ်းဆင်းလျှောက်တော့လေ"

မက်က မချိုမချဉ်ပြုံးကာဆင်းတော့ သူက အခက်အခဲဖြစ် နေသော သူမအား လက်ကမ်းပြီး ကြိုသည်။ မက်အတွက် တကယ့် ကို ကယောင်ခြောက်ခြား။ အိပ်မက်လား၊ အတည်ဖြစ်နေတာလား ခွဲခြားမရ။ သူ့ လက်ဖဝါးက ဖော့ဖယောင်းအသွင် နူးညံ့နေသည်။ တော်က အားယူဆွဲပြီး ထ၏။ သူ့လက်ဖဝါး ဆွဲထားရသော တဒင်္ဂ တော်က ထိုအချိန်ကလေးကို မက်မမေ့မဆုံး။ တစ်သက်တာအတွက် ပိုင်ဆိုင်ချင်လာ၏။ သူကတော့ ကားအပြင်သို့ရောက်လာသော မက် အား နှင်းဆီပွင့်လေး ကမ်းပေးရင်း ...

" Welcome ပါ ရွှေအိပ်မက်၊ ရောက်တုန်းရောက်ခိုက် ညစာ တစ်ခါတည်း ဝင်စားသွားပေါ့"

ဟု သူကဖိတ်ခေါ်၍ ခမ်းနားကျယ်ပြောလှသော အိမ်ကြီး ထဲ ခေါ်ဆောင်သွားပါတော့သည်။ မက်သည် သူ့နောက်မှ မရဲတရဲ လိုက်ရင်း အစိမ်းရင့်ရောင် ကော်ဇောကြီးအား ဖွဖွနင်းရင်းနှင့်ပင် ဟီးဟီးထနေသော ဧည့်ခန်းကြီးထဲ ရောက်သွားပြီဖြစ်သည်။ နံရံတွေ အားလုံးက ကြွေပြားကပ်ထားပြီး အရှိန်အဝါကြီးမားသော မင်းသား တစ်ယောက်၏ ဧည့်ခန်းပီသစွာ ခေါင်းကွပ်ထားသော သူ့ပုံကြီးတွေ က လူ့အရပ်ထက်ဝက်ခန့် ရှိမည်။ နံရံအနှံ့အပြားၞ ချိတ်ဆွဲထား သည်။ သူက မက်အား အစိမ်းရင့်ဆိုဖာကြီးပေါ် ထိုင်စေပြီး ...

"ယံရေ ... ငါပြန်ရောက်ပြီဟေ့ ... ခဏဆင်းခဲ့ဦး"



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ အော်ခေါ်ပြီး ...

"နေယံ ကို သိလား ရွှေအိပ်မက်"

မက်က ခေါင်းသာညိတ်ပြနိုင်ပါသည်။ သူ့အား စကားမဆိုနိုင်။ ထူးဆန်းသော သူ့ရဲ့အပြုအမူက သူမကို စိုးမိုးထားပြီး ...

"သူက ဒီမှာ ကိုယ်နဲ့အတူ နေတာလေ"

သူမိတ်ဆက်ပေးမှုအဆုံး၌ ကျောက်အကွက်တွေ ပုံဖော်ထား‌ေ ာ လှေကားအလိမ်ကြီးမှ လူတစ်ယောက် ဆင်းလာပါသည်။ ထိုလူ ့ မက် မစိမ်း။ စွပ်ကျယ်အဖြူက ကိုယ်နှင့်အတိ ချပ်ကပ်နေသည် ားကစားဘောင်းဘီဖြစ်သည့် အဖြူရောင်ကို ဘေး၌ အနက ်င်းပါသောဇာတ်စုံက တစ်မျိုးကြည့်ကောင်းဖွယ်။ ညိုသော အသ ၁ မုန်းလောက် မဖြူစေကာမူ စို၍ဝင်းနေခြင်းအတွက် သူ နှင့်ဝေ ၃ လိုက်ဖက်လှပါသည်။ သူက မင်းသားရဲ့စတန့်မင်း၊ ကိုယ်ရဲ တော်၊ ယ်သွယ်ချင်း အစရှိသော ဇွဲ့ထူးဝိသေသများစွာ ဆက်ခံထားသော နေယံ။

နေယံက မက်ကို မြင်မြင်ချင်းမင် အံ့သြသွားသည့်အရိပ်တွေ ဖြတ်ပြေးသွားပေမယ့် တစ်ခဏချင်း စိတ်ခံစားမှုကို ထိန်းချုပ်‌ ကပ်ဟန် တူပါသည်။ မက်ကို အသိအမှတ်ပြုကြောင်း အပြုံးတင် ာ်နှင့် ခေါင်းညိတ်ပြပြီး ...

"မင်း ပါတီပွဲသိမ်းတာ စောလှချည့်လား မုန်း"

"ထိပ်တားကြီးတို့သဘောအရဆို သန်းခေါင်ကျော်တောင်





ဝါ ပြန်ရမှာမဟုတ်ဘူး၊ ခေါင်းကိုက်လို့ စောပြန်လာတာ၊ ပြီးတော့ အထူးဧည့်သည်ပါ ပါတယ်ဆိုတော့လေ၊ သူ့ကိုဧည့်ခံဖို့အတွက်ပေါ့ — ကျင်ဝှက်"

"ဗျာ ... ဆရာ"

အနား၌ သတိအနေအထားဖြင့် အသင့်ရပ်စောင့်နေသော ကျင်ဝှက်က ထူးသည်။

"ထမင်းစားခန်းထဲမှာ တစ်ခုခုပြင်ပါလား ... ဒင်နာပေါ့ကွာ"

"ဟုတ်ကဲ့ ဆရာ"

လို့ဆိုကာ သူတို့အနားမှ လှစ်ခနဲ ပျောက်သွားပါပြီ။ ဒီအိမ်မှာ ကျင်ဝှက်က စွယ်စုံရသူတစ်ယောက်။ စားဖိုမှူးကောင်းတစ်ယောက်လိုလည်း ချက်ပြုတ်တတ်သည်။ အိမ်ရှင်မကောင်းတစ်ယောက်လိုလည်း အိမ်ထောင်မှု ထိန်းသိမ်းတတ်၏။ ထို့ကြောင့် ဒီအိမ်၌ ကျင်ဝှက်က မရှိမဖြစ်လူသား။ ယံက ကျင်ဝှက်ထွက်သွားရာနောက်သို့ လည်ပင်းလိမ်သည်အထိ လိုက်ကြည့်ရင်း အတွေးထဲ ရွှေအိပ်မက် ရောက်လာ၏။ မလိုလားပါဘူးလို့ အခါခါငြင်းပယ်နေသူက အိမ်ထဲထိ ခေါ်လာတာတော့ စိတ်ဝင်စားစရာ။ သူ့အတွေးက ကြာရှည်စွာ အမျှင်တန်းခွင့် မပေး။

"ဒါ ရွှေအိပ်မက်လေ ... ဒါက နေယံတဲ့"

လို့ နှစ်ယောက်သားကို မိတ်ဆက်ပေး၏။ မက်က အပြုံး



www.burmeseclassic.com

www.burmeseclassic.com



လေးတစ်ခု ဖန်ဆင်းရင်း ...

"မက် ကိုနေယံကို သိပါတယ် ... ကိုနေယံက စတန့်ထွင်တဲ့ နေရာမှာ ရဲလည်းရဲတယ်၊ တအားလည်း သေသပ်တာပဲ၊ မက်က မုန်းရဲ့ကားတွေ မလွတ်တမ်းကြည့်တော့ ကိုနေယံဆိုလည်း အလွတ်တောင် ရနေပြီ"

သူမက ဆိုသည်။ ယံကတော့ ခေါင်းလေးညွတ်ပြီး ...

"အားပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ် ရွှေအိပ်မက်"

"မက်လို့ပဲခေါ်ပါ ... ရပါတယ်"

"ဒါဆို ကျွန်တော့်ကိုလည်း ယံလို့ပဲ ခေါ်နိုင်ပါတယ်"

"ကဲ ... အခေါ်အဝေါ်ကိစ္စတွေ ပြီးသွားပြီဆိုရင် ထမင်းစားခန်းကို ယွန်းကြရအောင်၊ အခုလောက်ဆို ကျင်ဝှက်က အသင့်ပြင်ထားပြီးပြီနဲ့ တူတယ်"

မုန်းကဆိုကာ သူကပဲဦးဆောင်ပြီး ထမင်းစားခန်းဆီ ခေါ်သည်။ သူနောက်ပါးမှ ပဟေဠိများစွာဖြင့် ယံ။ ရှင်မြူးသောမျက်နှာဖြင့် ရွှေအိပ်မက်တို့ ပါလာ၏။ ဘဲဥပုံထမင်းစားပွဲဝိုင်းကြီးပေါ်၌ အငွေ့တထောင်းထောင်းထနေသော ဆူကီ။

"ဒင်နာဆိုပေမယ့် ထမင်းဆိုလည်း အဆင်ပြေမှာမဟုတ်ဘူးလို့ ထင်တယ်လေ၊ အဲဒါကြောင့် အမြန်ဆုံးနဲ့ အလွယ်ဆုံးရတဲ့ ဆူကီပဲ စီစဉ်လိုက်ရတာပါ ဆရာ"





ကျင်ဝှက်က တလေးတစားနှင့် သူ့ကိုအစီရင်ခံသည်။ ဒီအိမ်တွင် ကျင်ဝှက်က သူ့ကို ဆရာ၊ နေယံကိုတော့ အဖျားဆွတ်၍ ကိုယံဟု ခေါ်သည်လေ။

"ထိုင်ပါ မက် ... အားပါးတရ သုံးဆောင်ပါ"

သူက မက်ကိုဆိုရင်း နေယံဘက်လှည့်ကြည့်ကာ ...

"မင်းကိုတော့ ငါက အထူးတလည် ခည့်မခံတော့ဘူးနော် ယံ"

"မင်းဧည့်မခံလည်း ငါက စားမှာပါ၊ မက်ကတော့ သွက်သွက်လေး စားဖို့လိုလိမ့်မယ်၊ အိမ်ပြန်ဖို့ အချိန်နောက်ကျနေမှာစိုးလို့"

သူ့စကားကြောင့် မုန်းက မျက်ထောင့်နီကြီးဖြင့် လှမ်းကြည့်သည်။ မက်ကတော့ အခုမှ သတိရလေဟန်ဖြင့် ...

"အို ... ဟုတ်ပါရဲ့၊ ကြည့်စမ်း ... ယံပြောမှ အချိန်ကြည့်ဖို့ သတိရတယ်၊ ဆယ့်တစ်နာရီတောင် ထိုးနေပြီနော်"

"ဆူကီစားဖို့လောက်တော့ ရပါသေးတယ် မက်ရဲ့၊ ယံ ... မင်းက တော်တော်အလိုက်ကန်းဆိုးမသိတဲ့ကောင်နော်၊ သူများ စားတာများ ဖြောင့်အောင်စားပါစေလား၊ မင်းပြောလို့ မက်နှင်ရင် မင်းအပြစ်နော်"

"နင်အောင် ဆူကီက အမာစားကြီးမှ မဟုတ်တာကွ၊ မိန်းကလေးတစ်ယောက်က ဒီအချိန်ကြီးထိ အုပ်ထိန်းသူမပါဘဲ



www.burmeseclassic.com

www.burmeseclassic.com



အပြင်ရောက်နေတာ မသင့်တော်ဘူးကွ၊ ပြီးတော့ ဒီအိမ်မှာက လူကြီးသူမ ရှိတာမဟုတ်ဘူး၊ မိန်းမဖော်လည်း မရှိဘူး၊ အကုန် ယောကျ်ားလေးတွေချည်းပဲ ရှိတဲ့အိမ်၊ သူစိမ်းမိန်းကလေး တစ်ယောက် ရှိနေတာ မသင့်တော်ဘူး"

မုန်းက သူ့အား မျက်လုံးပြူးစိုက်ကြည့်ရင်း ...

"ဒါ ဘိုးတော်ဘုရား လေးဖက်သွားတဲ့ခေတ် မဟုတ်တော့ ဘူးကွ၊ IT ခေတ်"

"IT မကလို့ IZ ပဲဖြစ်ဖြစ် ... ယောကျ်ားလေးနဲ့ မိန်းက လေး ဘာမှမပြောင်းလဲဘူး၊ အတူရှိနေလို့ မသင့်တော်တာလည်း မပြောင်းလဲဘူး"

"မင်းက ဥည့်သူ့ညည်ကို နှင်သလိုဖြစ်နေပြီ ယံ"

"ငါ နှင်နေတာမဟုတ်ဘူး၊ တခြားကြိုက်တဲ့အချိန် လာ လည်လို့ရတယ်၊ အခုက ညည့်နက်နေပြီ ... ဒါကိုပြောတာ"

"ပါတီမှာဆို ဒီထက်ညည့်နက်မှာ"

မုန်းကလည်း မလျှော့ ... ယံကလည်း ခပ်တင်းတင်းပင်။

"ဟိုမှာ ညည့်နက်တာအကြောင်းမဟုတ်ဘူး၊ မျက်လုံးတွေ အများကြီးကြားထဲမှာ၊ မင်း မိန်းကလေးသိက္ခာလည်း ထည့်တွက်ဦး မှပေါ့၊ ကိုယ်ဖြစ်ချင်တာချည်း ဇွတ်မဖန်တီးနဲ့"

"ဒါဟာ ငါဖန်တီးတာ မဟုတ်ဘူး၊ သူ့အလိုလိုကို ဖြစ်လာ တာ"





"ကဲ ... တော်ကြပါတော့"

မက်က ကြားနေ၍ အော်လိုက်မှ နှစ်ယောက်စလုံး ငါးစပ် ပိတ်သွား၏။ သူမက စားလက်စ ဆူကီကို အမြန်လက်စသတ်ပြီးမှ ...

"ယံပြောတာ မှန်ပါတယ်၊ တရားနည်းလမ်းလည်း ကျ တယ်၊ ဟိုပါတီပွဲမှာ မက်ရဲ့ဒရိုင်ဘာ ကျန်ခဲ့တယ်၊ ဒီကိုလာခဲ့ဖို့ ဖုန်း ဆက်ခေါ်လိုက်မယ်"

မက်ဟာ ပြောပြောဆိုဆို ရင်ဘတ်အရှေ့၌ တွဲလောင်း ဆွဲထားသည့် ဖုန်းလေးကို ထုတ်ယူပြီး သူမဒရိုင်ဘာထံ ဆက်ပါတော့ သည်။ သိပ်မကြာခင်ပင် သူတို့ပေါ်တီကိုအောက်သို့ လင့်ခရူဇာ အနက်ရောင် မြင့်မြင့်ကြီးက ထိုးစိုက်လာ၏။

အဲဒီညက မဟူရာလွှမ်းသော ည။ သူမလေးက အနက် ရောင် တီရှပ်၊ ဂျင်းပင်န်အနက်နှင့် ကားက အနက်ရောင်။ ယံက သက်ပြင်းတစ်ချက် ခပ်လေးလေး ချမိပါတော့သည်။

*** *** ***

------------------- ။

မက်ပြန်သွားတာနှင့် သူနှင့်မုန်း ပဋိပက္ခဖြစ်ရခြင်းဖြစ် သည်။ သူက မုန်းအကြောင်း သိပြီးသားလူ။ မုန်းဟာ ဘာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ရွှေအိပ်မက်အပေါ် ပြောင်းလဲသွားပါသနည်း။ ထိုသို့သော အခြင်းအရာတွေ ကို သူကြုံမြင်သဖြင့် ရွှေအိပ်မက် ဘာဆိုတာ သိသော်ငြား သူ ဖွင့်မပြောခဲ့။ အခုတော့ မုန်း သိသွားပုံရသည်။ မုန်းက သူ့ရှေ့ရှိ ဆိုဖာပေါ် ကိုယ်ကို ခပ်လျှောလျှောလုပ်ထိုင်ထားပြီးမှ ...

"ရွှေအိပ်မက်စီးပွားရေးအင်အားစုဆိုတာ မင်းသိလား ယံ"

"မင်းနဲ့ဘာဆိုင်လို့လဲ ... မင်းက အနုပညာလိုင်းလေ"

ယံက ဆင်ခြေရှာရှာ ပြောင်ပြေသည်။

"ငါ့လိုင်းနဲ့ မဆိုင်ပေမယ့် အခု ငါနဲ့ပတ်သက်တဲ့ ရွှေအိပ်မက်နဲ့တော့ ဆိုင်တယ်၊ ရွှေအိပ်မက်က အဲဒီအင်အားစုကြီးရဲ့ တစ်ဦးတည်းသော အမွေဆက်ခံနိုင်တဲ့သူပဲ"

"မင်းလျှောက်မယ့်လမ်းကို ငါသိနေတယ် မုန်း၊ မကောင်းပါဘူးကွာ ... စွန့်လိုက်ပါတော့"

သူ တားမိသည်။ ဘာလုပ်မှာလဲ ... ကိုယ်က ယောကျ်ားတစ်ယောက်။ အရာရာကို ဦးဆောင်နိုင်ရမည့်လူ။ ဘာကြောင့်များ သူတစ်ပါးကို မှီခိုရမှာပါလဲ။ ရှိသလောက်အရည်အချင်းနှင့်ပဲပေါ့။ ပြီးတော့ အခု ကိုယ့်အခြေအနေက စားရသောက်ရမဲ့ အနေအထားမျိုး မဟုတ်။ ပြီးတော့ ရွှေအိပ်မက်ဆိုသော ကလေးမလေးသည် မုန်းထံ ချဉ်းကပ်သောနည်းက ပရိယာယ်မပါ၊ ဖြူစင်သည်၊ လှည့်စားခြင်း မပါ၊ ရိုးစင်း၏။ မုန်းထံမှ ဘာရယူလိုခြင်းမှ မပါ။ ပေးဆပ်ခြင်းသက်သက်ဖြစ်၏။ မုန်းကတော့ တာအစ်အစ် ထရယ်သည်။



"ရွှေအိပ်မက်က ငါတို့တွေ ဖူးတဲ့မိန်းကလေးမျိုး မဟုတ်ဘူး မုန်း။ သူက မင်းဆီက ဘာမှမျှော်လင့်ထားတာမျိုး မဟုတ်ဘူး"

"သူ မမျှော်လင့်ဘူး၊ ဒါပေမဲ့ ငါက မျှော်လင့်တယ်၊ ရွှေအိပ်မက်စီးပွားရေးအင်အားစုဆိုကတည်းက ငါ အရှမ်းစိတ်ဝင်စားသွားပြီ"

"ကျစ် ... မင်းမှာ ထိုက်သင့်တဲ့ အောင်မြင်ကျော်ကြားမှုလည်း ရနေပြီ၊ ငွေရေးကြေးရေးလည်း ဖူလုံတယ် ... ဘာလိုအပ်ဦးမှာလဲ မုန်း"

"ထိုက်သင့်တဲ့ အောင်မြင်ကျော်ကြားမှုကတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ အခုရထားတဲ့ အဆောင်အယောင်တွေက ငါ့အတွက် ငါ့အပိုင်မှ မဟုတ်တာ ... ဒါ မမကောင်းပစ္စည်းတွေ၊ ငါ့အပေါ် သူ စိတ်ကုန်သွားတဲ့အခါ အချိန်မရွေး ပြန်သိမ်းသွားလို့ရတယ်လေ၊ အခု ရွှေအိပ်မက်ကို ငါပိုင်ခဲ့ရင်တော့ ဒီအနေအထားတွေက ဇယ်တောက်တမ်း ကစားပစ်လို့တောင် ရနေပြီ"

"မုန်း ..."

ယံက ခပ်ဆတ်ဆတ်အော်သည်။ ဒေါသလှိုင်းတွေ ပျော်ဝင်နေ၏။ မုန်းက လက်ကာပြန်နှုတ်ဆက်ရင်း မဆွေးနွေးလိုဟန်ဖြင့် ထိုင်ရာမှ ထသည်။

"ငါတို့နှစ်ယောက်က ဘာဝတွေတွေ ယံ ... ငါ့စိတ်ကို မင်းအသိဆုံးပါ၊ ဘယ်အရာမဆို အဝင်ပန်းမခံချင်ဘူး။ မဟုတ်သာလို့





www.burmeseclassic.com

www.burmeseclassic.com



ပင်ပန်းမယ်ဆိုရင်တောင် ငါက ဖြတ်လမ်းက လိုက်ချင်တဲ့လူမျိုး။ ချမ်းချမ်းသာသာနေချင်တယ်၊ လူတွေမျက်ခုံးမွေးပေါ် စကြံ့လျှောက်ချင်တယ်၊ အဲဒီအတွက် ငါ့ဘဝငါ ထူထောင်မယ်၊ မင်းက ငါ့သူငယ်ချင်းနေရာမှာပဲ ငြိမ်ငြိမ်လေးနေပေးပါ ယ်၊ အကြံပေး အခြေအနေကို တစ်ဆင့် ထပ်တက်မလာပါနဲ့ ငါက ဝေဖန်ရင် ကြိုက်တဲ့အစားထဲမှာ မပါဘူး”

ပြောချင်ရာပြောပြီး မုန်း ထွက်သွားသည်။ သူတစ်ယောက်သာ ညှော်ခန်းကြီးထဲ ငူငူငေါင်ငေါင်ရယ်။ မုန်းပြောတာ ဟုတ်တော့ ဟုတ်သည်။ မုန်းက ငယ်ကတည်းက အပင်ပန်းမခံတတ်။ သူကသာ အပင်ပန်းခံရသည်။ သို့ပေမယ့် သူက မမှုတတ်။ စွန့်စားရတာမှ အတူ ဝါသနာပါသူမို့ သူက ဘယ်ကိစ္စမဆို မုန်းရှေ့မှာ မားမားမတ် ရပ်တည်ပေးခဲ့တာဖြစ်သည်။

သူတို့ အလွန်ဆော့သော အရွယ်၊ စတုတ္ထတန်းတုန်းက အဖြစ်တစ်ခု အခုထက်ထိ မှတ်မိသေးသည်။ တစ်ရပ်ကွက်တည်း တစ်လမ်းတည်းနေသော သူနှင့်မုန်းသည် ကျောင်းသွားအတူ၊ ပြန် အတူ ... တတွဲတွဲ ရှိခဲ့ဖူး၏။ သူတို့ကျောင်းကိုအသွားလမ်းလေး၏ ဘေး၌ ကြီးမားကျယ်လွင့်သော ခြံကြီးတစ်ခြံရှိသည်။ ထိုခြံကြီးထဲတွင် လူတိုင်း သွားရည်ကျလောက်သည့် မာလကာပင်၊ ဝိန္နဲပင်နှင့်တကွ ရာသီပေါ်အသီးအနှံပင်တွေ စုံလင်စွာ။

သူတို့သွားရည်အကျဆုံးက လမ်းဘေးစည်းရိုး၌ ကပ်ပြီး





ပေါက်နေသည့် မာလကာပင်။ အသီးသီးချိန်ဆို ဖြစ်ထွန်းလိုက်တာ များ မပြောပါနဲ့တော့။ အလုံးကြီးတွေက ဝင်းပြောင်နေကာ မွှထနေတာများ အားရစရာ။ အူနီမျိုးဖြစ်၍ စားလိုက်လျှင် တဂျွမ်းဂျွမ်း မြည် အတွင်းက အသားကလည်း အီစိမ့်နေအောင် ချိုသည်။ ကျောင်းသွားကျောင်းပြန် ကလေးတိုင်း သွားရည်ကျခြင်းအား ခြံပိုင်ရှင် သူကြီးကလည်း ရိပ်မိဟန် တူပါသည်။

ထို့ကြောင့် အလစ်မပေး။ မာလကာပင်နား၌ ကင်းပုန်းဝပ် ပြီး လေးခွတစ်ချောင်းဖြင့် စောင့်၏။ တံချူနှင့် လှမ်းခူးလည်း ပစ် သည်။ အပင်ပေါ်တက်ခူးလည်း ပစ်သည်။ ထို့ကြောင့် သွားရည်ယိုရုံ မျှ၍ ဘာမှမတတ်နိုင်။ ရွယ်တူတိုင်းက မရဘူးဟုပြောသောအခါ သူက တစ်ဖန် စွန့်စား၍ ခူးဆွတ်ပြချင်၏။ ထို့ကြောင့် ...

“ငါတက်ခူးမယ် မုန်း”

သူ့စကားကြားတော့ မုန်းက ပျာပျာသလဲငြင်းသည်။

“မဖြစ်ပါဘူးကွာ ... ဦးလေးစံကြီးက အမြဲ ခွတစ်ချောင်းနဲ့ စောင့်နေတာကွ၊ ဒါပေမဲ့ မင်းခူးရင် ငါစားချင်တယ်”

“ရပါတယ်ကွ ... ငါ့ကိုမထိအောင် ရှောင်တတ်ပါတယ်”

သူကပြောတော့ မုန်းအပါအဝင် ဘယ်သူကမှ မယုံကြပေ။ သူကတော့ မာလကာပင်ပေါက်ရာ ခြံစည်းရိုးကြီးပေါ်သို့ တွယ်ကပ် ဆယ်ယက်တက်သွားမိလေပြီ။ မာလကာပင်နား ရောက်သည်နှင့် အရှု မွှထနေသော အသီးကြီးတွေက အကိုင်းထက်၌ တယမ်းယမ်း



www.burmeseclassic.com

www.burmeseclassic.com



ရှိသည်မှာ သူ့အား လက်ယပ်ခေါ်နေသယောင်။ ယံသည် အကိုင်း တစ်ကိုင်းကို ဆွဲ၍ အပင်ပေါ် မျှောက်တစ်ကောင်လို ပေါ့ပါးစွာ ခုန်တက်၏။

သူလည်း အပင်ပေါ်အရောက်။ လေကိုခွင်း၍ ရောက်လာသော လောက်စာလုံးတစ်လုံး။ သူက ခေါင်းအမြန်ငုံ့ရှောင်သည်။ လောက်စာလုံးက သူ့ခေါင်းပေါ်မှ ဗွီးခနဲအသံပေး၍ ဖြတ်ကျော်သွားသည်။ သူက အလုံးကြီးတွေမှန်သမျှ တစ်လုံးပြီးတစ်လုံး လွယ်အိတ်ထဲ ခူးထည့်သည်။ လောက်စာလုံးတွေက တစ်လုံးပြီးတစ်လုံး သူ့အနားက ပွတ်ကာသီကာအမြင် ဦးစံကြီးရဲ့ ...

"ဟဲ့ကောင်လေး ... ဆင်း ... အခု ငါ့အပင်ပေါ်က၊ ကမြင်း မသားလေးတွေ ... ငါစိုက်ထားတာ နင်တို့စားဖို့မဟုတ်ဘူး ခွေးသူခိုး လေးတွေရဲ့"

ဟူသော အော်သံကြီးနှင့်အတူ အပင်အောက်သို့ တလိမ့် လိမ့်။ လက်ထဲမှာက လူတစ်ရပ်မျှရှည်သော ဝါးလုံးကြီးနှင့် သူ့အား ထိုးချရန် အသင့်။ သူ့အတွက် အခြေအနေမကောင်းတော့။ လာရိုး လာစဉ်အတိုင်း ပြန်မည်ဆိုပါက သူသည် မာလကာပင်အောက် ဆင်း ရမည်။ ပြီးမှ ခြံစည်းရိုးကို ကျော်တက်ရမည်။ အခု သူ့ မာလကာ ပင်ပေါ်က ဆင်းမဖြစ်တော့။ ဦးလေးစံကြီးက နဂိုကမှ တွားတွား ကျိူင်းကျိူင်းရယ်။ သူ့အား ကုပ်မှဆွဲ၍ ပစ်ပေတော့မည်။

သူက တယမ်းယမ်းလုပ်နေသော ဦးလေးစံကြီး၏ ဝါးလုံး





ရှည် ကြီးကိုကြည့်၍ အတွေးပေါက်သွားရသည်။ တွေတွေထူးထူး ခေါင်းစားတော့ ... မာလကာပင်ပေါ်မှနေ၍ အသီးတွေထည့်ထား သော လွယ်အိတ်ကို စည်းရိုးအပြင်ဘက် ပစ်ချပေးသည်။ ဦးစံကြီး ထံမှ ဆဲသံက စီခနဲ။

"ခွေးသားတွေ ... အိုနဲ့ကျင်းနဲ့ ငါ့အသီးတွေ လာခိုးတယ် ပေါ့"

ဟုဆိုတုန်း သူက အလစ်ဖမ်း၍ ဝါးလုံးထိပ်ကို အကိုင်းမှ ကူးပြောင်းပစ်တာပါ။

"ဟာ ... ဟာ ... ဟေ့"

ဦးလေးစံက တအံ့တသြ။ သူက ထိုဝါးလုံးအမြင့်ကြီးပေါ်မှ စည်းရိုးအပြင်လှမ်းကြည့်တော့ လွယ်အိတ်လေးပိုက်လျက်သား မှန်း။

"ဟေ့ကောင် ... လစ်တော့"

သူက အော်လည်းအော်၊ ခုန်လည်းချပါတော့သည်။ ခြံပြင် သို့ လွတ်ကျွတ်စွာ မရောက်ခင် လေဟာနယ်ထဲ၌ အသည်းအေးခနဲ။ ပြီးမှ သဲမြေပေါ် ဖုန်းခနဲကျသည်။ သဲမြေမို့ ဘာမှထိခိုက်ဒဏ်ရာမရှ။ ဦးလေးစံကြီးက ဝါးလုံးကြီးကိုင်ပြီး သူ့အားကြည့်ကာ တအံ့တသြ။ သူကတော့ လဲနေရာမှ ဖုတ်ဖက်ခါထကာ တစ်ရှူးထိုးပြေးတော့တာ ဖြစ်သည်။

အဲဒီတုန်းက အလဲလဲအကွဲကွဲဖြစ်သော မုန်းကိုပင် သူက ဆွဲ၍ ပြေးခဲ့ရသေးသည်။ အဲဒီကတည်းက သူက အသည်းခဲ အေး



www.burmeseclassic.com

www.burmeseclassic.com



ခနဲဖြစ်သွားသော ခံစားချက်အား အလွန်အမင်း နှစ်မြို့က်သွားရခြင်း ဖြစ်ပြီး မုန်းကတော့ သူခူးပေးသော မာလကာသီးကြီးတွေကို ကြိုက် လှသည်ဆိုကာ သူ့အတွက်ပင် မချန်။ အကုန်စားပစ်ခြင်းဖြစ်သည်။

ဒါပေမဲ့ သူက ဒေါသမထွက်ခဲ့။ စိတ်မဆိုးခဲ့။ အဲဒီအသည်း တအေးအေး ရင်တလှပ်လှပ်ကိုပဲ တွေးကာ စားမြို့ပြန်မဆုံး။ ကျေနပ်မဆုံး။ ထိုအရသာကို တွေးတောကာ ရင်ထဲပြည့်ဝနေသကဲ့ သို့ တခြားဘာကိုမှ မစားချင်တော့။ ထိုကတည်းက သူက ဇွန်စား ခြင်းကို ဝါသနာထုံခဲ့ပြီး သူ့ဇွန်စားရသမျှ အကျိုးအမြတ်ကို မုန်းက သိမ်းပိုက်ခဲ့တာချည်း ဖြစ်သည်။ ဒါပေမဲ့ သူက ထိုအရာကိုပင် သဘောကျခဲ့သည်ဆိုတော့ ...။

အပိုင်း (၃)

ယိ ဘယ်လောက်တားတား သူက မက်နှင့်ခွဲမသွား။ အတွဲတွဲပင်။ မက်နှင့်သူက နေ့တိုင်း,ညတိုင်း ဖုန်းပြောကြသည်။ ...င်းတွေ့ကြဖို့က မလွယ်တာကိုး။ ဖုန်းပြောတိုင်း အီစီကလီတွေ ... ဒါဟာ မုန်းထုံးစံပင်။ မုန်းက မိန်းကလေးတွေကို ခြွေရာ၌ ...ာ်ရည်အရဖြင့် သော်လည်းကောင်း၊ စကားပရိယာယ်အရ ...သော်လည်းကောင်း အမြဲခြွေလှေ့လှေ့ရှိပါသည်။

သူတို့များသောအားဖြင့်ပြောသော စကားများထဲတွင် ...အကြောင်းက ခေါင်းစီးတပ် ပါဝင်ကြစမြဲ၊

"အချစ်ဆိုတာကို မုန်း ဘယ်လိုမြင်လဲ"

သူမကမေးလျှင် သူက ...

"ရင်ခုန်တတ်တာ, ခံစားတတ်တာ, အမြဲတမ်းသတိရပြီး ...ကြောင်းတွေချည်း စဉ်းစားနေတတ်တာ၊ အဲဒါတွေ ပေါင်းစုကုန် ...အချစ်ဆိုတာ ဖြစ်သွားလိမ့်မယ်လို့ ကိုယ်တော့ထင်တာပဲ"

"မုန်းပြောတဲ့ ဒဿနအရဆိုရင် မက်က အချစ်ဆိုတာ သက်

www.burmeseclassic.com



တွေ့သိနေပြီပေါ့၊ အခုတလော မက်မှာ လူတစ်ယောက်ကို ပြင်းပြင်းပြပြ လွမ်းတတ်လာတယ်၊ အဲဒီလူအကြောင်းပဲ နေ့ရောညရော စိုးမိုးနေတယ်၊ သူ့အတွက် ဘာတွေလုပ်ပေးရင်ကောင်းမလဲဆိုတာပဲ စဉ်းစားတတ်တယ်၊ ပြီးတော့ သူနဲ့တွေ့ရင် ရင်ခုန်တတ်လာတယ်"

မက်က ဖုန်းထဲမှာပေမယ့် သူမအခန်းထဲရှိ တီဗွီစကရင်အကြီးစားအပေါ် ထင်ဟပ်နေသော သူ့မျက်နှာကို စေ့စေ့ကြည့်ပြီးပြောခြင်းဖြစ်သည်။ ဒါ ရေလာအောင် မြောင်းဖောက်တယ်ပြောပြော ... ဖြစ်နိုင်လျှင် သူမက သူဆိုက်ရောက်နိုင်အောင် ပင်လယ်ကြီးတောင် ဖောက်ပစ်ချင်တာပါ။ ထိုအခါမျိုး၌ သူက တညင်းညင်းရယ်သံပေးပြီး ...

"ဖြစ်နိုင်ပါတယ် ... အဲဒါ အချစ်ဆိုတာလေ"

ဟု ကျွဲ့ဝိုက်ကာ ဖြေတတ်၏။ အမှန်ဆို 'အဲဒီလိုခံစားနေရတာ ဘယ်သူလဲ မက်' ... လို့ သူက မေးကြည့်ရုံသာ။ မက်က အမှန်အတိုင်း ဖြေမည်သာ။ နှလုံးသားက လိမ်ညာကွယ်ဝှက်ရတာတွေ သိပ်လက်မခံချင်။ ပြီးတော့ ရွှေအိပ်မက်ဆိုသော သူမကလည်း သားရှင်တိုင်း မျက်စေ့ကျလောက်သော အရည်အချင်းတွေ၊ ဓနဥစ္စာတွေ ရှိပြီးသား။

ဒီလိုမိန်းမစားမျိုးကို သူက ဝေ့လည်လည်လုပ်နေတော့လည်း သူမက ခံရအခက်သား။ ဘဝင်လည်း သိပ်မကျချင်။ ဒါပေမဲ့ ကိုယ်က ချစ်နေသူဆိုတော့လည်း ... ဟူသောအတွေးဖြင့် မက်က





သူ့အပေါ် အချစ်မပြယ်။ မေတ္တာများ ဆထက်ထမ်းပိုး တိုးပွားမြဲ။ ပြီးတော့ မက်၌ သူ့စိတ်အလုံးစုံ သူမအပေါ် ယိမ်းယိုင်လာစေရေးအတွက် လုပ်ဆောင်ရမည့် တာဝန်ရှိသည်။

ထိုတာဝန်က သူမအပေါ် အမြဲ သူတသသဖြစ်စေရန်အတွက် သူ sprise ဖြစ်စေမည့် ကိစ္စရပ်များကို ဖန်တီးပေးခြင်းဖြစ်သည်။ လူသိရှင်ကြားဖြစ်နေသော သူ့မွေးနေ့ည၌ သူက မြို့တွင်း၌ မရှိ။ မော်ဘီခြံတစ်ခြံ၌ ရှုတင်တည်ထားသည်ဟု ကြားပါသည်။ ထို့ကြောင့် သူမက အစီအစဉ်ကို အကောင်အထည်ဖော်သည့်အနေဖြင့် Birthday Cake ကြီးတစ်လုံးကို တခုတညားပြင်ဆင်ထားပြီး သူ့ရှုတင်တည်ရာ ခြံနှင့် မလှမ်းမကမ်းမှစနေ၍ ဖုန်းခေါ်ခြင်းဖြစ်သည်။

"ဟယ်လို"

ဟူသော ထူးသံက သူ့အသံမဟုတ်သဖြင့် မက်က အနည်းငယ် စိတ်ရှုပ်ထွေးသွားရပါသည်။ သူ မဟုတ်က ဘယ်သူဖြစ်နိုင်မည်နည်း။ ယံပေ့ါ။ ယံဟာ ရုပ်ရည်အရ ခင်မင်နှစ်သက်ဖွယ်ကောင်းပေမယ့် အဘိုးကြီးအိုလေးတစ်ယောက်လို ဆိုဆုံးမစကားတွေ ဗလစ်ဗလစ်ပြောတတ်တာတော့ စိတ်ပျက်ဖွယ်ကောင်းလှပါသည်။ သူပြောတာက မမှန်ဘူးလားဆိုတော့လည်း မဟုတ် ... မှန်လွန်း၍ တစ်ခါတစ်ခါ သူ့ရှေ့၌ လျှပ်ပေါ်လော်လီသလိုဖြစ်သွားရတာမို့ သူမဘဝင် တစ်ပြန် ရှက်ရသေး။

မုန်းကိုယ်တိုင်ကလည်း ဒီအတိုင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



"မရဘူး မက် ... ယံက စာအုပ်ကြီးအတိုင်း ရိုးရိုးသမားကြီး လူကသာ ခေတ်ဆန်နေတာ ... သူ့အတွေးအခေါ် အယူအဆတွေက တကယ် သမားရိုးကျဟောင်းဟောင်းကြီး"

လို့ ပြောရသည်အထိ။ ထို့ကြောင့် သူမကပင် ဘာဆက်ပြောရမှန်း မသိ။ နှုတ်ခမ်းကိုကိုက်ကာ အသံတိတ်နေရသည့်အချိန်မှာပင် ...

"ဟယ်လို မက်လား ... ဖုန်းထဲမှာ နံပါတ်ပေါ်နေတယ်"

အိုး ... ဟုတ်ပေသားပဲ။ မက်က ကိုယ့်နဖူးကိုယ်ပိတ်ရိုက်ပြီး အော်ဟစ်ပစ်ချင်လောက်အောင် စိတ်ညစ်သွားရပါသည်။ မက်ဟာ ဒီအချက်ကို ဘာကြောင့် မေ့နေရပါလိမ့်။ မက်က အခုနေချိန်ခါမှ ဖုန်းပိတ်လို့မဖြစ်တော့။ ထို့ကြောင့် ...

"မုန်းနဲ့စကားပြောချင်လို့ ယံ"

"မုန်းလား ... ခဏလေးနော်၊ ဒိုင်ယာလော့ခ်ကျက်နေလို့"

ဟူသည့် သူပြန်ဖြေသံနှင့်အတူ စကားသံတွေ၊ ရယ်သံတွေ၊ အော်ဟစ်သံတွေ ဗလုံးဗထွေးကြားနေရသည်။ သူ မုန်းထံ ဖုန်းသွားပေးသည်ထင်၏။ ခဏကြာမှ ...

"မက် ... ပြော"

ဟူသော မုန်းအသံကို ကြားရသည်။ သူမက မဆုတ်မဆိုင်းပင် သူ့အသံကြားရသောခဏ၌ ပျော်ရွှင်ခြင်းတွေ တစ်ကိုယ်လုံးသို့ စီးဝင်သွားသည်ဟု ထင်ရသည်။





သူမက အပျော်ကို မထိန်းနိုင်သော ရယ်သံရွှင်ရွှင်ဖြင့် ...

"Happy Birthday မုန်း"

သူ ခဏတော့ ကြောင်သွားသည်။ နောက်မှ ရက်ကို ပြန်စဉ်းစားတော့ ဒီနေ့က ဆယ်လပိုင်း (၁၂)ရက်နေ့။ သူ့ရဲ့ Fun Club တွေက မဂ္ဂဇင်းတွေထဲ Birthday Wish လုပ်ကြပေမယ့် ဆယ်လပိုင်းအစ၌ ပြီးသွားပြီ။ အခု နေ့ရက်အတိအကျနှင့်မို့ သူက ကြောင်အအ ဖြစ်သွားတာ အမှန်ပါ။ ပြီးတော့ မက်ကိုလည်း အရမ်းကျေးဇူးတင်သွား၏။

"မက်က ကိုယ့်မွေးနေ့ကို မှတ်မိသားပဲ"

"မေ့လောက်စရာမှ မဟုတ်တာဘဲ မုန်းရဲ့၊ အခု မက်ရောက်နေတဲ့နေရာကို မုန်းတွေ့ရင် ပိုပြီးတော့င် အံ့သြသွားဦးမယ်"

သူက ခပ်ပြုံးပြုံးဖြစ်သွားသည်။ မက်ဆိုသော မိန်းကလေးဟာ တစ်စထက်တစ်စ သူ့ရင်ခွင်ထဲ တိုးဝင်နေရာယူပုံက တခြားသူနှင့် မတူ ... ကာယကံရှင် သူပင် အံ့သြရသည်အထိ။

ဒါဟာ ရွှေအိပ်မက်ရဲ့ ထူးခြားသော စွမ်းပကားကို အသိအမှတ်ပြုထားရပါသည်။

"အင်း ... ပြောပါဦး ... မက်က ဘယ်နေရာမှာလဲ"

"မုန်းရှိနေတဲ့ခြံရဲ့ တစ်ခြံကျော်မှာ"

"ကိုယ့်ကိုမြင်နေရလား"

သူက ခေါင်းကို ဘယ်ညာငဲ့ယမ်းပြီး ရှာပေမယ့် မတွေ့ရ။

www.burmeseclassic.com

www.burmeseclassic.com



နုံသောရှိ ယံက စူးစမ်းသောမျက်ဝန်းနှင့် သူ့အား စေ့စေ့စပ်စပ် အကဲခတ်ကာ ...

"ဘာလဲ"

ဟု မေးဆတ်ပါသည်။ သူက ခေါင်းယမ်းငြင်းဆန်ချိန်တွင် ဖုန်းထဲမှ မက်ရယ်သံချိုချိုက စီးမျောလာပြီး ...

"မမြင်ရပါဘူး မုန်းရဲ့ ... မုန်းအတွက် Birthday Cake ပွဲပေးလိုက်မယ်၊ ပြီးတော့ မွေးနေ့လက်ဆောင် ပို့စကတ်လေးတစ်ခုလည်း ပါမယ်၊ မုန်း နှစ်ခြိုက်ပါစေလို့ မက် ဆုတောင်းပါတယ်၊ ဒီမွေးနေ့မှတစ်လျှောက် မုန်းချစ်ရသောသူနှင့် ဘဝဆုံးတဲ့အထိ လက်တွဲနိုင်ပါစေ၊ အောင်မြင်မှုတွေ အများကြီး သိမ်းပိုက်နိုင်ပါစေလို့ ဆုတောင်းပေးပါတယ် မုန်း"

သူမက ဆုတွေတသီကြီးခြွေပြီး ဖုန်းချသွားလေပြီ။ သူကသာ ယောင်နနနှင့် ကျန်ရစ်ခဲ့ပြီး ...

"ဘာတဲ့လဲ မုန်း"

ယံက သူ့လက်ထဲမှ ဖုန်းကို ဆွဲယူပြီးမေးသည်။ ယံကိုတော့ အထူးသျှို့ဝှက်ရန်မလို။ ထို့ကြောင့် ...

"ငါ့အတွက် မွေးနေ့ကိတ် ပို့ပေးမလို့တဲ့"

သူ ပြောပြီးပြီးချင်းပင် ရှုတင်တည်ရာ ခြံဝင်းတွင်းသို့ မာစီးအဖြူရောင်ကြီး ချိုးကွေ့ဝင်လာခြင်းဖြစ်သည်။ ကားကြီးက ဖိတ်ဖိတ်တောက်နေသည့်အတွက် ဒါရိုက်တာရော သူအပါအဝင် အားလုံးက



အမှတမဲ့။ ကားကြီးက သူ့ရှေ့၌ တိခနဲရပ်သွား၍ ...

"ကိုအမုန်းခြွေအတွက်ပါ ခင်ဗျ"

ဟူ၍ ကတ်ထူပုံးကြီးနှင့်အတူ အပေါ်၌ ပို့စကတ်ထည့်ထားသော စာအိတ်တစ်လုံး။ ကားကြီးက လှစ်ခနဲ ပြန်မောင်းထွက်သွား၏။ ကျင်ဝှက်က သူ့လက်ထဲ စာအိတ်ကို ထည့်ပေးသောအခါ ဒါရိုက်တာကလည်း စိတ်ဝင်တစား လှမ်းကြည့်လျက်ရှိသည်။ မင်းသမီးနှင့် မိတ်ကပ်ဆရာမဆိုတာက မိန်းမသားတွေလေ။ စပ်စုချင်သည့်နေရာ၌ ပထမတန်းစား။ ထို့ကြောင့် ...

"အမုန်းရေ ... တို့လည်း ဒါမျိုးစိတ်ဝင်စားတယ်နော်"

ဟုဆိုကာ အနားသို့ ဇွေ့ခနဲရောက်လာပါပြီ။ သူကတော့ အမှတ်တင်ကြိုသိထားသူမဟုတ်သဖြင့် စာအိတ်အဖြူထဲက ပို့စကတ်ကလေး ဆွဲထုတ်လိုက်သည်။ ထွက်လာတာက မာခေါက်ခေါက်အဖြူရောင်လေး။ ရုတ်တရက်ကြည့်လျှင် စာအုပ်ကလေးလိုပင်။ သူက အထဲကို ဖျတ်ခနဲဖွင့်ကြည့်မှ ...

နေ့အလင်းရောင်ကြောင့် ရောင်ပြန်တွေ ဖျိုးဖျိုးဖျပ်ဖျပ် သူ့အနီးပတ်ဝန်းကျင်၌ လဲ့ဖြာသွားသည်။ ထွက်လာတာက ဓာတ်ပုံပုံစံမျိုး။ ပုံက လူတစ်ယောက်ရဲ့နားရွက်။ နားရွက်အဖျား၌ တပ်ထားတာက တစ်လုံးတည်းသော စိန်တစ်ပွင့်နားကပ်။ ခဲသားရောင် ဖျပ်ဖျပ်ထနေသဖြင့် သူက အံ့သြခြင်းမက အံ့သြရသလို ဘယ်နှစ်ဖိုးသားဆိုတာ တန်းခနဲသိနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းသမီး ချောစန္ဒီက စိတ်တွင်းဆန္ဒကို မမျိုသိပ်နိုင်။

"အယ် ... ခဲရောင်ကို ဖိတ်ဖိတ်တောက်နေတာ၊ တစ်ပွင့်တည်းပေမယ့် တော်တော်ပေးရမယ်"

ဟု ဝေဖန်သလို မိတ်ကပ်ဆရာမကတော့ ...

"အနည်းဆုံး လေးရတီအောက်ထက် မလျော့ဘူး မင်းသားရေ"

သတ်မှတ်ပေးသည်။ ဒီလောက် သူ့အနား ဝိုင်းဝိုင်းလည်နေမှတော့ ဒါရိုက်တာကြီးလည်း မနေသာ။ သူ့အနားရောက်လာပြီး ...

"မင်းသားရေ ... ရှုတင်တစ်ခုလုံးတော့ လှုပ်လှုပ်ရှားရှားဖြစ်ကုန်ပြီနော်၊ မင်းသားကို ကိတ်တွေလည်းစီစဉ်, Romance လည်းဖြစ်, တန်ဖိုးလည်းကြီးတဲ့လက်ဆောင်ကို ပေးတဲ့လူကို ကျွန်တော်တောင် ချီးကျူးချင်ပြီ၊ လူအများကို တစ်ထိုင်တည်း ဖမ်းစားနိုင်လို့လေ"

ပြောရသည် အထိ။ လူမှုရေးယဉ်ကျေးမှုအရသာ သူ့အား ဘယ်သူဘယ်ဝါပေးသလဲဟု မမေးသော်ငြား သိချင်နေတာက အထင်ရှားကြီး။ သူကလည်း အဖြေမပေး။ ပြုံးစိစိသာ နေသည်။ တခြားလူတွေက သူ အဲဒီလိုနေ၍ အနားမှရှဲသွားသည်။ မရှဲတာက ယံ။ ယံက နဂိုကမှ ထူထဲထဲမျက်ခုံးကို ခပ်ကျုံ့ကျုံ့ ထိလုမတတ်ထားကာ ...





"အဲဒါ မက်ပေးတာ မဟုတ်လား"

"အင်း"

လိမ်လို့မရ၍ သူက ဝန်ခံခြင်းဖြစ်သည်။ ယုံ့ထံမှ ဩဝါဒတွေ ...သိကြီးထွက်လာလိမ့်မည်ဟု ထင်ထားသည်။ သို့ပေမယ့် သူမျှော် ...င့်ထားသလို မဟုတ်။ ယံက စိုးရိမ်မကင်းသော မျက်နှာထားဖြင့် —

"မင်းတို့ ဘယ်အခြေအနေ ရောက်သွားပြီလဲ"

"ဘယ်အခြေအနေမှ မဟုတ်ဘူး"

ယံက ခပ်ပေါ့ပေါ့ဖြေသော မုန်းဒီဇိုင်းကို မကြိုက်။ ပြော...ရင်လည်း အဲဒါ သူ့စတိုင်ဟု ဆိုပေဦးမည်။ ဒီကောင်ကိုယံက ...ည်း ကုသိုလ်ထူးတာ။ အသားဖြူကာ အရပ်မြင့်သော၊ နှုတ်ခမ်း ...န်းသော၊ အပြောချို၍ မျက်ဝန်းတောက်ပသော မုန်း၏ကုသိုလ် ...ဘ ထူးတာပါ။ တွေ့သောမိန်းကလေးတိုင်းက နှစ်ခါပြန် လည် ...ကြည့်ရလောက်အောင် ရေစက်ရှိသည်။ ဘယ်သူမဆို သူ့အခြေ ...ောင့်၏။ ခြေချသွားတာတောင် ကံအကောင်းဆုံးလူအဖြစ် သူတို့ ...ယ်သူတို့ သတ်မှတ်တတ်ကြသေးတော့ ကြားထဲက ပြောတဲ့သူသာ ...ိုက်ကြီးဖြစ်ပေတော့မည်။

သို့ပေမယ့် အခု ရွှေအိပ်မက်က တကယ့်အဖြူထည်။ မုန်း ...မှ ဘာတစ်ခုမှ မျှော်လင့်ချင်ဟန် မရှိ။ အချစ်တစ်ခုသာ ကိုးကွယ် ...ည် အရှုံးအမိုက်လေးဆိုတာ သူ အကဲခတ်၍ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မုန်းကရော ဘာကြောင့် ဒီတစ်ယောက်အား လိုလားနေသည်ဆိုတာကိုလည်း သူရိပ်မိသည်သာ။

"သူ့ကိုတော့ မင်း မလှည့်စားသင့်ဘူး မုန်း"

"မင်းပြောတဲ့ပုံက တခြားသူတွေကိုပဲ ငါက လှည့်စားနေသယောင်ယောင်၊ စိတ်ကို အေးအေးထား ယံ ... ငါက ဒီအတိုင်းပဲ ရပ်နေခဲ့တာ၊ မိန်းကလေးတွေကသာ ရပ်နေတဲ့ငါ့ကို ဝင်ပြီးတိုးကြတာ"

သူက မထိတထိ တုံ့ပြန်မိသည်။ သူမနှင့်ပတ်သက်မှာ ယံဟာ ဘာကြောင့်ဝင်စွက်ဖက်နေရလဲ မသိ။ သူကလည်း ဂရုကိုမစိုက်။ ထိုအတောအတွင်း၌ မက်ထံမှ ဖုန်းနှင့်အတူ နောက်ထပ် ပို့စကတ်တစ်စောင် ရောက်လာ၏။

"မုန်း"

"ပြောလေ မက်ရဲ့ ... ကိုယ်နားထောင်နေပါတယ်"

"မက် တစ်ခါပြောဖူးတယ်နော် ... အချစ်ကို တွေ့နေပြီဆိုတာလေ ... မုန်း မှတ်မိလားဟင်"

"ကိုယ်က မှတ်ဉာဏ်ကောင်းပါတယ် မက်ရဲ့ ... ဘာဖြစ်လဲ"

"မက်က ကိုယ်ချစ်တဲ့ချစ်သူဆို ဘယ်အရာမဆို အသေးစိတ်မှတ်တမ်းတင်ထားတတ်တယ် မုန်းရဲ့"

ပြောရင်း သူမက မုန်းမမြင်နိုင်မှန်းသိရက်နှင့် ပြုံးတုံ့တုံ့



လုပ်မိသေးသည်။ ဖုန်းပြောသည့်သက်တမ်း ကြာလာသည်နှင့်အမျှ သူမတို့နှစ်ယောက်ကြား ဆက်ဆံရေးက တိုးတက်လာသည်အမှန်။ အရင်က အချစ်အကြောင်း ဆွေးနွေးရုံ။ အခုတော့ ချစ်သူအကြောင်း ဆွေးနွေးတတ်လာပြီ။ အဲဒီလိုပြောရခြင်းထဲမှာပင် သူမတို့နှစ်ယောက်က နှစ်မြိုက်ခုံမင်စွဲလမ်းလို့။

"အဲဒီတော့ ... "

"အခု မက်ချစ်သူရဲ့ သွားပုံလေးတွေကို မုန်းဆီပို့ပေးလိုက်ယ် ... အကဲဖြတ်ကြည့်ဦး"

သူမက ပြောပြီးသိပ်မကြာ။ သူမရဲ့စတိုင်အတိုင်း သွားလေးတွေသာ စီစီရီရီပေါ်နေသော ဓာတ်ပုံ။ ထိုသွားကွေ၏ ဘေးအစွယ်၌ တလက်လက်တောက်ပသော စိန်တစ်ပွင့်။ သေချာ ကြည့်မှ သူသိလာရသည်။ သွားတွေက ရှည်ပြီး ချွန်တာပြီး ညီတာ၊ ဖြူဖွေးပြီး ကြွေရောင်တောက်နေတာ အကုန် သူ့သွားတွေအတိုင်း။ သူက ဒိတ်ခနဲ ရင်ခုန်သည်။ အချစ်ကြောင့်မဟုတ်။ စိန်တွေကြောင့်ဖြစ်၏။ ဆယ်သိန်းဝန်းကျင်ခန့်ရှိသော စိန်ပွင့်တွေ၊ သူမ၌ အဘယ်အထိ ပေါလျှံစွာရှိနေပါသနည်း။ ဒီမေးခွန်းကို သူက ယံ့အား မေးတော့ ...

"မင်းက ရွှေအိပ်မက်ကို စိတ်ဝင်စားတာလား ... သူပေးတဲ့စိန်တွေကို စိတ်ဝင်စားတာလား"

... တဲ့လေ။ သူ့ကို အကွက်ကျကျ နှက်တာပါ။ ဒါပေမဲ့ သူ



www.burmeseclassic.com

www.burmeseclassic.com



က စိတ်မဆိုး။ ခပ်ဟက်ဟက်ပင် ရယ်ပြီး ...

"နှလုံးသားက သူ့အလှမှာ ယစ်မူးချင်တယ်၊ ငြိုးနှောက်က အဲဒီစိန်တွေဆီမှာ အရည်ပျော်ချင်တယ်"

ယံက သူ့ကိုကြည့်ပြီး ခေါင်းခါသည်။ မရတော့ဘူး။ လွန်နေသည်ဆိုတဲ့ သဘော။

"မမကောင်းအပေါ် မင်း သစ္စာရှိသင့်တယ် မုန်း"

"ငါ ဘယ်တုန်းကရော သစ္စာမဲ့လို့လဲ"

"မင်းလုပ်နေပုံက အရင်ကောင်မလေးတွေနဲ့မှ မတူတာ၊ အရင်ဟာတွေတုန်းက မမကောင်းသိလည်း ဂရုမစိုက်ဘူး၊ အပျော်ဆိုတာ ကြေညာပြီး တွဲတယ်၊ ပြီးရင် လူသိရှင်ကြား ဖြတ်ပစ်တယ်"

"မင်း သိပြီးသားတွေ ဘာလို့လာရွတ်ပြနေတာလဲ ယံ"

"မတူညီမှုတွေ မင်းသတိထားမိအောင်လို့၊ နဂိုက မင်း ကြေညာပြီး တွဲရဲတယ်၊ အဲဒါ ထားခဲ့မှာသေချာလို့လေ၊ အခု ရွှေအိပ်မက်ကျတော့ လူမသိအောင် လျှို့ဝှက်နေတာ ဘာသဘောလဲ"

"ငါ သူ့ကို မထားခဲ့ဘူးလို့"

"ဘာအတွက် မထားခဲ့တာလဲ ... အချစ်အတွက်လား။ ဥစ္စာဓနအတွက်လား"

ယံက သူ့ကို တည့်တည့်စိုက်ကြည့်ပြီး မေးသည်။ ယံ့မျက်လုံးတွေက အခိုးအငွေ့တွေ ထွက်နေသယောင်။ သူကလည်း ယံ့ကို အရှုံးမပေးဘဲ တည့်တည့်ရင်ဆိုင်ပြီး ပြန်ဖြေသည်။





"နှစ်ခုစလုံးအတွက်ပဲ"

... လို့ဆိုတော့ ယံ့မျက်နှာ တည်သွား၏။ ပြီးမှ စိတ်လျှော့လိုက်ဟန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ကာ ...

"မမကောင်းကိုတော့ သတိထားပေါ့"

ဟု သူ့ကိုသတိပေးခဲ့သည်။ အကယ်၍ ယံသတိပေးသည့်အတိုင်း ထပ်တူထပ်မျှ အဖြစ်အပျက်တစ်ခု ပေးလာသည်ဆိုက ယံသည် ရှေ့ဖြစ်ဟော ပုရောဟိတ်တစ်ယောက်ပေလား ... ။

*** *** ***

-------------------- ။

မမကောင်း။

နာမည်အပြည့်အစုံက ထက်ကြေကောင်းကင်။

လှသည်။ ချောသည်။ မမကောင်းက အရုပ်အမြင့်စားထဲက ထုတ်ပေးမယ့် ပုတ္တူအထဲ မပါ။ အသက်(၃၀)ကျော်ဆိုပေမယ့် နုသည်။ နွဲ့သည်။ အရွယ်တင်၏။ နိုင်ငံခြား၌ ဆယ်နှစ်ကျော် နေလာသဖြစ်၍ အနောက်တိုင်းဆန်သည်။ အသားအရေက ဝင်းစိုနုဖတ်နေ... မျက်ခုံးက ပုံသွင်း၍ ရိတ်ကာ အညိုရောင်တင်လေ့ရှိသည်။

မျက်အိမ်သိပ်မကျယ်။ ဒါပေမဲ့ စိုက်ထားသော မျက်တောင် ...မ်းပကားကြောင့် သူမအကြည့်တစ်ဝင့်၌ ခေါက်ခနဲသေဆုံးသွား



www.burmeseclassic.com

www.burmeseclassic.com



ချင်သော ယောက်ျားသားတွေ ဒုနဲ့ဒေး။ နှာတံစင်းပြီး နှုတ်ခမ်းပါးခြင်းက ဘယ်အရာမဆို မတွေဝေ မတွန့်ဆုတ်ခြင်းကို ဖော်ပြနေသည်။ မေးရိုးက လေးထောင့်ဆန်ချင်၏။ ဆံပင်က နီညိုရောင် အကောက်က ဘော့တ်ဟဲယားကေနှင့်မို့ အရွယ်ကို ရှိရင်းစွဲထက် ပိုနုစေသည်။

ဝတ်သမျှ အဝတ်အစားက စတိုင်ပင်နှင့် ဘလောက်စ်အကျီပွပွတွေ များ၏။ အခု သူ့ရှေ့က မမကောင်းက စီးကရက်ကို သဲကြီးမဲကြီး ဖွာသည်။ ကုန်ခါနီး ဖင်စီခံကို ပြာခွက်ထဲ ဆောင့်အောင့်ထိုးချေမှု၏။ ဒါကိုကြည့်၍ မမကောင်း ဒေါသထွက်နေပြီဆိုတာ သိသာသည်။

"ပြောစရာစကား မရှိတော့ဘူးလား အမုန်း"

"မမသိချင်တာမေးဖို့အတွက် ကျွန်တော့်ကို ခေါ်ထားတာမဟုတ်ဘူးလား"

ကျောခိုင်းထားသော ထက်ကောင်းကင် ဆံတ်ခနဲလှည့်သည်။ ဒီကောင်လေးဟာ သူ့ကိုတင်းလျှင် သူကလည်း ပြန်ကျပ်မည်ဆိုသော အစားထဲကပင်။ ခက်တာက ကောင်းကိုယ်တိုင် ကောင်ချော လေးထံမှ ရုန်းထွက်မရခြင်းပင်။ ဒါတွေကြောင့်လည်း သူမဟာ အူကြိတ်နေရသည်ပေါ့။

"အမုန်း"

သူက ပြောဟူသောအသွင်ဖြင့် မျက်လုံးပင့်ကြည့်သည်။

"အခုတလော မ,မသိအောင် ဒိုင်လျှိုထားတဲ့ အလုပ်တွေရှိ





သလား အမုန်း"

"မရှိဘူး"

ဖြောင့်ဖြင်းသည်။ ဝန်ခံလျှင် ကွိုင်တွေပူကုန်မည်။ မမကောင်း ငြိုငြင်သည်အထိ သူ မတော်လှန်ရဲ။ အဲဒါ သူ့သတ္တိပေ။ မမကောင်းက စီးကရက်နောက်တစ်လိပ်ကို ဖွာပြီး မီးခိုးငွေ့ကြားမှ သူ့ကို စူးစူးနစ်နစ် စိုက်ကြည့်သည်။

"ကောင်မလေးတစ်ယောက်နဲ့ တွဲနေတယ်ဆို"

"တစ်ယောက်မဟုတ်ဘူး၊ အများကြီးပဲ"

"မရွဲ့နဲ့ အမုန်း"

"ကျစ် ... အမုန်အတိုင်းဖြေတော့လည်း မ,က မယုံဘူး၊ ဘာတယ်ပြောတာ ... အများကြီးပဲ"

"အတည်လား"

"အတည်ဆိုတာ ကျွန်တော့်အတွက် တစ်ယောက်တည်းရှိတယ်"

မုန်းက ပြောပြီးတာနှင့် ခပ်ညှုညှုလေး စိုက်ကြည့်တော့ မမကောင်းမျက်နှာဌ် ကြည်နူးရိပ်တွေ ဝင်းခနဲ။ မိန်းမတွေဟာ ဒါပါပဲ။ သူမတို့တစ်တွေရဲ့ အားနည်းချက်တွေကို သူက သိတာကြောင့်လည်း အမုန်းခြွေရယ်လို့ ယနေ့အထိ ရပ်တည်နေနိုင်တာဖြစ်၏။

"ထားပါတော့ ... မင်းဟာမင်း အတည်ပဲဖြစ်ဖြစ်, အပျော်ပဲဖြစ်ဖြစ် ... ဒါပေမဲ့ ဒီနေ့ဒီအချိန်ထိ အမုန်းခြွေဆိုတဲ့ နာမည်တစ်ခုနဲ့ပေါ



www.burmeseclassic.com

www.burmeseclassic.com



လာအောင်, လူတွေသတိထားမိလာအောင် လုပ်ပေးခဲ့တဲ့သူ၊ လက်ရှိမင်းအဆောင်အယောင် ခမ်းနားမှုတွေအားလုံးက ထက်ကောင်းကင်ရဲ့ ပိုင်ဆိုင်မှုဆိုတာတော့ မင်း မမေ့ဖို့လိုမယ် အမုန်း၊ ကိုယ်ပိုင်ဆိုင်တယ်ဆိုတာ ဘယ်အချိန်ပြန်သိမ်းသိမ်း ကိုယ့်ပစ္စည်းပဲဆိုတာ မင်းမှတ်ထားပါ"

သူက မမကောင်းနောက်ကျောအထိသွားကာ နောက်မှ သိုင်းဖက်ထားသည်။ မမကောင်းရဲ့ နားရွက်ဖျားတွေကို သူ့နှုတ်ခမ်းနှင့် ထိတွေ့ပြီးနမ်းတော့ ဖျတ်ခနဲ သူမကို သတိရမိသေးသည်။ သူမ နားရွက်ဖျားကရော နူးညံ့နေမှာလား။ သူက ဝင်လာသော အတွေးကို ဖျတ်ခနဲ မောင်းထုတ်လိုက်၏။ ပြီးမှ ဝင်းအိနေသော မမကောင်းရဲ့ လည်ကုပ်အစပ်ရှိ မွှေးညင်းနုတွေကို မထိတရိနမ်းလိုက်ပြီး ...

"မ,သိမ်းတဲ့ ပစ္စည်းတွေထဲမှာ ကျွန်တော့်ကိုပါ ကောက်သိမ်းသွားဖို့ မမေ့ပါနဲ့ဦးနော်"

... ဟု သူချော့တော့ မမကောင်းက လှစ်ခနဲပြုံးသည်။ ထိုအပြုံးက သူ့အပေါ် စိတ်ဆိုးပြေသော ပြယုဂ်။

"ချစ်တယ် မမကောင်းရယ်"

သူ့အနမ်းတွေက မုန်တိုင်းပမာ။ ထိုထဲ၌ မမကောင်းက အဆုံးအစမဲ့ နစ်မျောလျက်။ သူလိုချင်တာရမည်ဆိုက အမုန်းဆိုသော လူသည် အချစ်ကိုစတေးပစ်ရန် ဝန်လေးသူမဟုတ်။ မမကောင်းဆီက ပြန်တော့ သူ့ထံ ဖုန်းဝင်လာသည်။ နံပါတ်က ရွှေအိပ်





လို့ ဖော်ပြနေ၏။ သူက ကားကို လမ်းဘေး၌ ထိုးရပ်ရင်း ...

"ပြော ... မက်"

"မုန်းအတွက် တို့ ပို့စကတ်လေးတစ်ခု ထပ်ပို့ထားတယ်၊ ရောက်ရင် ကြည့်လိုက်ဦး"

"so thanks မက်၊ ကိုယ်ကလည်း မက်အတွက် ပြန်ပေးတစ်ခုရှိတယ်"

"ဘာပါလိမ့်"

မက်က မေးရပေမယ့် သိပ်ပြီးမျှော်လင့်မထား။ ရင်လည်း မက်က ပေးနိုင်သမျှပေးချင်တာဖြစ်ပြီး သူ့ထံက ပြန်လိုချင်တာ အချစ်တစ်ခုမှလွဲ၍ တခြားဘာမှမရှိတော့။ ဘာမှလည်း မလိုပေ။ သူကတော့ ဖုန်းထဲမှ စကားသံ ခဏတိတ်သွားပြီး သူ့ သက်ရှူသံသဲ့သဲ့ကိုပဲ ကြားရသည်။

"ဟယ်လို မုန်း"

"အင်း ... ကိုယ်ရှိနေတယ်လေ"

"ဘာပြောမလို့လဲ"

"ချစ် ... တယ်"

ရန်ကုန်မိုးလည်း ဘာမှမပြိုးတဲ့စကား။ မက်ရင်ကို ဒိန်းခနဲ ခင့်သည်။ သူမ ကြက်သေ သေသွား၏။ မျှော်လင့်မထားသော စကားကြောင့်။ မက်က အတန်အကြာအထိ ငြိမ်သွားပြီးမှ ...

"မုန်း"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ကိုယ်နားထောင်နေတယ်"

"အပန်းမကြီးဘူးဆိုရင် နောက်တစ်ကြိမ် ပြောပေးပါလာ
နှလုံးသားနဲ့ သေချာနားထောင်ချင်လို့ပါ"

သူက ခပ်ရှိုးရှိုးရယ်၏။ မက်ရင်ထဲ ထိုရယ်သံက စွဲသွာ
သည်။ သို့ပေမယ့် သူမက ရယ်သံကို မောင်းထုတ်၏။ စွဲချင်တာ
တခြားလေ။

"ချစ်တယ်လို့ ... ကြားရလား မက်"

"အင်း ... ကြားရတယ်"

မုန်းကြားရသော သူမအသံက ရှက်ရွံ့မနေ။ ရဲဝံ့ခြင်း
တက်ကြွခြင်းပေါင်းစပ်ထားသလို မြူးရွှင်လို့။ ကောင်းပြီ။ သ
ပစ်ခွင်းသော မြားက ပစ်မှတ်ကို တည့်တိမှန်ပြီ။ ကိုယ့်ကိုယ်ကို
ပြန်သုံးသပ်တော့ မရည်ရွယ်ဘဲပြောမိသည့် စကားအတွက် သူ့ရင်
လှိုင်းတံပိုးတွေ ကြွလို့။ မျက်လုံးထဲ၌ မက်ရဲ့ ချစ်စဖွယ်ရုပ်ပါက တ
ရေး အရိပ်ထင်လာသည်။ ရင်တစ်ခွင်လုံး သူမအပေါ် ချစ်မြတ်
ခြင်းတွေ လျှံကျသွားသည်ဟု ထင်ရ၏။

"မက်"

"ရှင်"

"ကိုယ့်ကိုရော ချစ်သလား"

ကြည့်စမ်း။ နက်ပြာရောင်ညဟာ အချစ်ညတစ်ညအဖြစ်
ပြောင်းလဲသွားပြီ။ မက် တိတ်တဆိတ် ခိုးဝှက်ဖူးသော သူ့နှလုံးသာ





ကို အခု သူမ ပိုင်ဆိုင်ရတော့မည်။ ပတ်ဝန်းကျင်က ဝေဖန်ကဲ့ရဲ့ကြ
သူက လူဆိုးတဲ့။ ဒါပေမဲ့ မက် မမှုပေ။ သူဆိုးသမျှ အချစ်နှင့်
ကြေပစ်မည်။ မက်ရင်ထဲရှိ သူ့အတွက်ထားသော ပြင်းထန်
သည့် အချစ်အကြောင်း မက်သာ အသိဆုံးဖြစ်၏။

"ဟိတ် ... မေးနေတယ်လေ"

"မုန်း အခု ဘယ်မှာရှိလဲ"

"ကိုယ် ပြည်လမ်းမပေါ်မှာ"

"မက် လာခဲ့မယ်"

သူက မျက်ခုံးတွေ တဆတ်ပင့်သွားခဲ့၏။ နာရီကြည့်တော့
နာရီစွန်းနေပြီ။

"သိပ်ညည့်နက်နေပြီ အမိရဲ့"

"အချစ်မှာ ညည့်နက်တာရှိလို့လား မုန်းရဲ့၊ အဲဒါဆို မက်ကို
လို့ မနက်စောစောမှ ချစ်တယ်လို့ မပြောတာလဲ"

"မအောင့်နိုင်တော့လို့ပေါ့"

"အင်း ... မက်လည်း မအောင့်နိုင်တော့ဘူး။ အခုထွက်လာ
တွေ့ကြရအောင်"

"ကိုယ့်ကိုချစ်တယ်လို့ မပြောသေးဘူးနော်"

"တွေ့မှပေါ့"

ဟုဆိုကာ သူတို့ချင်း ဖုန်းအဆက်အသွယ် ပြတ်တောက်
ခဲ့ပါသည်။ နောက် ဆယ့်ငါးမိနစ်ခန့် လွန်မြောက်ချိန်၌မူ ရှင်းနေ



www.burmeseclassic.com

www.burmeseclassic.com



သော လမ်းမပေါ်၌ နို့နှစ်ရောင် မာစီဒီးကားကြီး၊ သေချာပြီ။ အဲဒါက မက်ကလွဲလို့ ဘယ်သူဖြစ်နိုင်မည်နည်း။ သူက ကားလမ်းအလယ်၌ ထွက်ရပ်ကာ တားပစ်၏။ မက်က ဘေးသို့ထိုးဆင်းကာ သူ့ကားနှင့် အတူရပ်ထားပြီး ဆင်းလာသည်။

မက်ဝတ်စုံက ညအိတ်ဂါဝန် နို့နှစ်ရောင်လက်ပြတ်ကလေး။ ခြေသလုံးတစ်ဝက်ခန့်မှာ အချွန်လေးတွေ မညီမညာ။ ဝင်းမွတ်သော ခြေသလုံးနှင့် လက်မောင်းက မာကျူရီမီးရောင်အောက်၌ စိုနေ၏။ ဘယ်လက်မောင်း၌ ထင်းနေသော သူ့လက်မှတ်။ မက်က အပြုံးကလေးနှင့် လှမ်းလာပြီး သူနှင့်လက်တစ်ကမ်းအကွာ၌ ခြေစုံရပ်ကာ ...

"မက်လည်း ရှင့်ကိုချစ်တယ်"

သူ ရင်ဖွင့်ပေးလိုက်သည်။ ကလေးငယ်တစ်ယောက်လို ရင်ခွင်ထဲ တိုးဝင်သော မက်ရဲ့လက်အစုံက သူ့ခါးကို တင်းတင်းဖက်ထား၏။ မက်က သူ့ရင်ဘတ်ကို ပါးလေးနှင့် ထိကပ်ပွတ်သပ်ရင်း ...

"အဲဒီစကားကို မက်ပြောချင်နေတာကြာပြီ ... သိလား ... ဒါပေမဲ့ မုန်းကမှ အရင်စမပြောတာ"

"ကိုယ်မပြောရင် မက်က မပြောတော့ဘူးပေါ့"

"အဲဒီလို ဘယ်တော့မှအရှုံးမပေးတတ်တာ မက်ရဲ့အကျင့်ပဲ၊ မုန်းမပြောရင် မပြောပြောအောင် မက်က လုပ်မှာ"

"အဲဒါကြောင့် ကိုယ့်နားရွက်တွေ သွားတွေပုံကြီးချဲ့၊ စိန်တွေ





ထစ်လုံးပြီးတစ်လုံး တပ်ပေးကြီး ဖြားယောင်းခဲ့တာပေါ့ ... ဟုတ်လား"

မက်က သူ့ကို မော့မော့လေးကြည့်သည်။ သူက မျက်ခွံလေးကို နှုတ်ခမ်းနှင့် ထိကပ်နမ်းတော့ အကြည့်လေးတွေ ပျောက်သွားရ၏။

"အိမ်ရောက်ရင် ထပ်ပို့ထားတာ ရှိသေးတယ်"

ပြောသည်။ သူက မွတ်သိပ်သော အနမ်းတွေနှင့် မက်မျက်နှာတစ်ပြင်လုံးအား ဝအောင်ဆေးကြောပြီးမှ လမ်းခွဲခဲ့ကြ၏။ တော်ကို ရှေ့မှကားမောင်းစေပြီး သူက ခြံဝနားအထိ လိုက်ပို့ပေးခြင်းပါ။ ခမ်းနားလှသော ခြံတံခါးနှင့် ဟီးဟီးထအောင် ခမ်းနားကြွတက်နေသော အိမ်ကြီးက သူ့အား ဖိတ်ခေါ်နေသယောင်။ သူ မက်ထံမှ ရှုန်းမထွက်ချင်တော့။

မက်ကိုလည်း ဘယ်နည်းနဲ့မှ လက်မလွှတ်နိုင်။ သူ့အတွက် အရာခပ်သိမ်းသော ကံကောင်းခြင်းတွေ သယ်ဆောင်လာမည့် မိန်းကလေးအား သူ ချုပ်ကိုင်ထားချင်တာ မမှားဟုထင်သည်။ အိမ်ရောက်တော့ ဇာတ်ညွှန်းဖတ်နေသည့် ယံက သူ့အား စားပွဲပေါ်သို့ မျက်စပစ်ပြ၏။ စာအိတ်အဖြူတစ်လုံးက အခန့်သားရှိသည်။ ဆွဲထုတ်ကြည့်တော့ ပို့စကတ်လေး။

အတွင်းကပုံက လည်တိုင်ရှင်းရှင်း၊ ရုပ်ကော်လံနှင့် လည်တိုင်ဘေးနား၌ အပေါက်လေးဖောက်ပြီး ဆွဲကြိုးတစ်ဖက်စီရဲ့အစကို



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ကာ ပုံနောက်ကျော၌ တွယ်ချိတ်ထားခြင်းဖြစ်သည်။ လေအေးကတ် က အသည်းပုံပလက်တီနမ် ဖောင်းကြွလေး။ အလယ်၌ စိန်တစ်လုံး မြှုပ်ထား၏။

"ရွှေအိပ်မက်က စိန်တွင်းပိုင်တဲ့လူတော့ မဟုတ်လောက်ဘူးနော်"

ယံက ခပ်ရိရိဆိုသည်။ သူက ပခုံး စုံတွန့်ပြပြီး ...

"ငါတို့နှစ်ယောက် ချစ်သူတွေ ဖြစ်သွားကြပြီ"

မုန်း ဝန်ခံတော့ မျှော်လင့်ထားပြီးဖြစ်ပေမယ့် သူ့စိတ်ထ နှမြောသွားသယောင်။ ဒီလောက်မြန်မယ်လို့ မမျှော်လင့်ထား။

"ဘယ်တုန်းက ဖြစ်တာလဲ"

မေးတဲ့ သူ့အသံက ခြောက်တီးခြောက်ကပ်ရယ်။

"အခုညပဲ ... မက်က သိပ်ချစ်စရာကောင်းတာပဲ"

ပြောရင်း မုန်းသည် ဆွဲကြိုးကို လည်တိုင်၌ဆွဲသည်။ နာ တစ်ဖက် မှန်ထဲပေါ်အောင် မျက်နှာကိုစောင်းကြည့်သည်။ သွားရေ အကုန်ပေါ်အောင် နေကြည့်သည်။ ခင်းတစ်ခါလုပ်တိုင်း မီးရော ကြောင့် စိန်တွေက လက်ခနဲ။ သူက စိန်တွေလို့မမြင်။ မက်ရဲ့ ရွေ ကြောမျှင်လေးတွေ ယှက်သမ်းနေသော ပါးပြင်နုနုကိုသာ မြ ယောင်ပြီး နှမြောမဆုံး။

အဲဒီပါးပြင်လေး ဘယ်လောက်ထိ နွမ်းကြေသွားပြီလဲ တွေးတော့ ရင်ထဲထိခိုက်လာရ၏။ သို့ပေမယ့် ပေးသူကပေး၍ ယူ





သာ ယူသည်။ သူက ကြားထဲက ခလောက်ဆန်၍မဖြစ်။ အရေးကြီး သာက တရားမျှတရန်။ ထို့ကြောင့် နှမြောသော်လည်း သူက ချင့်နှုတ်ပိတ်။ လည်ချောင်းဝ၌ တစ်ဆို့ပြီး ရင်ဘတ်ထောင့်မှာတော့ သာရယ်မဟုတ် ... နာနေသည်။ တစ်ခါတစ်ရံ နှလုံးသားလည်း နားနာတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"**သမီး** အခုတလော လမ်းထွက်တာ‌တွေ
များနေတယ်ဆို"

"ပျင်းလို့ပါ မာမီ"

မက်က Lucky Fish ကြီးကို စိုက်ကြည့်ရင်း ဟန်မပျက်
ဖြေရပေမယ့် ရင်‌တော့ တစ်ချက်ဆောင့်ခုန်သွားရသည်။

"ဟိုတစ်နေ့ညကလည်း နောက်ကျမှ အပြင်ထွက်သွား
ဘယ်ဆို"

"ဘယ်နေ့လဲ မာမီရဲ့၊ မက် မသွားဖူးပါဘူး"

မက်က ကိုယ့်မာမီအကြောင်း ကိုယ်သိသည်။ ဇဝေဇဝါဖြ
နေပါက၊ အကြောင်းမခိုင်လုံပါက မာမီက ဆက်မပြောတတ်။ ထို
ကို သူမ မှတ်မိသည်ပေါ့။ ကိုနှင့် ချစ်သူဖြစ်ခဲ့သည့်ည။ ကို့အနမ်း
တွေကို တိမ်းတိမ်းမူးမူး လက်ဆင့်ခံခဲ့သည့်ည။ သူမအတွက် ဘယ်
တော့မှ မမေ့နိုင်တော့မည့်ည။

"မာမီ ကုမ္ပဏီက ဝန်ထမ်းတွေကို နှစ်ပတ်လည် ဒင်နာပေး





တဲ့ ညလေ၊ သမီး ၁၁း၀၀ နာရီကျော်ကျော်မှ ဖုန်းဆက်ပြီး
အပြင်ထွက်သွားတာတဲ့"

အင်း ... ဒါဆို မာမီ့စပိုင်တွေက အတော်တိကျထားပြီ။

"ရည်းစားရှိနေပြီလား မက်ကလေး"

စိုးရိမ်ပူပန်စွာ မေးခြင်းပါ။ ဒေါ်ဆင့်ဆက်ကျော်ဟာ ဒီမှာ
စီးပွားရေးလုပ်ငန်းတွေထဲ ခေါင်းမြှုပ်ရင်း သမီးကလေးအပေါ် လစ်
ဟင်းသွားတာတော့ ဝန်ခံပါရစေ။ ခင်ပွန်းသည်ကိုယ်တိုင်ကရော
နိုင်ငံရပ်ခြား၌ ဒီလိုပဲ ကိုင်တွယ်အုပ်ချုပ်နေသည် မဟုတ်ပါလား။
ယောကျ်ားလုပ်အားကို အခန့်သင့်ထိုင်စားမည့် မိန်းမသားထဲ
ဒေါ်ဆင့်ဆက်ကျော် မပါ။ သူမက ဘာမဆို ရင်ပေါင်တန်းချင်သူ။

သမီးခြေလှမ်းတွေ ပျက်တော့လည်း စိုးရိမ်ရသည်။

**ဦးသောင်းနိုင်** နှင့် ဒေါ်ဆင့်ဆက်ကျော်တို့ရဲ့သွေးဟာ ဒီ
တစ်ဦးတည်းရယ်လေ။ သူမ မေးခွန်းကိုသမီးကလေးက ...

"ဟာ ဟ ... မာမီတော့ ဒိတ်အောက်သွားပြီ၊ ဖုန်းဆက်ပြီး
အိမ်ကထွက်သွားတိုင်း ရည်းစားရှိမတဲ့လား မာမီရယ်"

"ဒါဆို သမီးကလေးက"

"ဖုန်းပြောတာက သူငယ်ချင်းနဲ့၊ ကားမောင်းပြီးထွက်သွား
တာက လေညင်းခံတာပါ၊ မက်ထွက်သွားတာ ညအိပ်ဝတ်တဲ့ ဂါဝန်
ကြီးနဲ့လေ မာမီရဲ့၊ ရည်းစားနဲ့တွေ့မှတော့ မက် အဲဒီလိုသွားပါ့
မလား"



www.burmeseclassic.com

www.burmeseclassic.com



မက် ရွှေ့ရှက်လဲချက်တွေက ဒီတစ်ခုတည်းနှင့် လုံလောက်သွားသည်။ မာမီ့မျက်နှာပေါ်၌ ယုံကြည်စိတ်ချဟန် အပြည့်။

"အေးပါ ... မာမီ့သမီးကလေးကို စိုးရိမ်လို့ မေးကြည့်တာ၊ သမီးက လောကအကြောင်း၊ လူတွေအကြောင်း ဘာမှသိသေးတာ မဟုတ်ဘူး။ ဒီလိုအချိန်မှာ တစ်ယောက်ယောက်ကများ သမီးကို လှည့်စားခဲ့ရင် ဘာမှသိမှာမဟုတ်ဘူး ... သမီးပဲ ခံရမှာ၊ အဲဒါကို မာမီက စိုးရိမ်လို့ ပြောတာ၊ သမီးကိုလည်း မာမီက အခွင့်အရေး ပေးထားတယ်၊ သူငယ်ချင်းပေါင်း ပေါင်းတယ်၊ မိဘနဲ့ သားသမီး ဆိုတဲ့ စည်းတွေဘာတွေ ရှိတာမဟုတ်ဘူးနော် သမီး၊ အဲဒီတော့ တိုင်ပင်စရာရှိရင် မာမီ့ကို ပွင့်ပွင့်လင်းလင်း တိုင်ပင် ... မာမီ ဆုံး ဖြတ်ပေးမယ် ... ကြားလား မက်ကလေး"

လို့ မာမီက စကားလမ်းကြောင်းဖွင့်ပေးသောအခါ မက်က ကိုနှင့်ကိစ္စကို ဖွင့်ဟရန်ပင် စိတ်ကူးမိသေး။ သို့ပေမယ့် ကို့အသံတွေ က အခုပင် နား နား၌ လာကပ်ပြောနေသယောင် ကြားယောင်မိ သည်။

"ကိုတို့ကိစ္စက တတ်နိုင်သမျှ လျှို့ဝှက်ထားမှနော် မက် ကလေး၊ ဘယ်သူ့ကိုမှ ပေးမသိနဲ့၊ ကိုကလည်း အခုချိန်မှာ အောင် မြင်ဖို့ အားယူနေတုန်းအချိန်၊ မက်ဘက်ကိုလည်း သတင်းသမားတွေ က အရမ်းစိတ်ဝင်စားတဲ့အချိန်မှာ ဒီသတင်းကြီးသာ ပေါက်ကြား သွားခဲ့ရင် မက်ကလေးရော ကိုရော သွားပြီ"





လို့ သတိပေးတုန်းကဆို သူမက ကိုယ့်အတွေးနှင့်ကိုယ်

"မက်နဲ့ လက်ထပ်ပြီးရင် ကိုက မင်းသားဆက်မလုပ်လည်း ဖြစ်တယ်နော်၊ မက်ရမယ့် စည်းစိမ်တွေက ကို့အနေနဲ့ ဒီတစ်သက် ... တာဘူး၊ နောင်ဆယ်သက် အေးဆေးထိုင်နေလို့ရပါတယ် ကိုရယ်"

မက်က ပြောတော့ ကိုက လက်မခံ။

"ကိုက အနုပညာကိုချစ်တယ်၊ အဲဒီအတွက် မသေမချင်း ... သွားမှာ၊ ပြီးတော့ မက်ကလေးကိုယူပြီး ဒီစည်းစိမ်ပုံကြီးပေါ် အခန့်သား တက်ထိုင်နေပါတယ်ဆိုတဲ့ အတွေးမျိုးလည်း မတွေးမိပါ ဘူး ... ဘေးက မေးငေါ့တာလည်း မခံချင်ဘူး"

လို့ ပြောတဲ့အခါ စိတ်ထဲမှ လေးစားမြတ်နိုးစိတ်တွေက တစ်စထက်တစ်စ ကြီးမြင့်လာရ၏။ မက်သည် ကို့ရဲ့စကားကြားရ သောအခါ မာမီ့ကို တိုင်ပင်ချင်စိတ် ပျောက်သွားသည်။ မိဘစကား ... တ် ချစ်သူစကားကို နားထောင်ချင်တာ ချစ်တတ်သူတွေ၏ ထုံးစံ ... င် ဖြစ်ပါလိမ့်မည်။ ထိုသို့ ကို့စကားမှ အမှန်၊ ကို့တစ်မျက်နှာ တစ် ... ထင်သော မက်သည် ကိုရှိမည့် ပွဲလမ်းသဘင်တိုင်း မာမီသိသိ၊ ... သိသိ ရောက်အောင်သွားသည်။ ဒါပေမဲ့ ကို့စကားအတိုင်း ... လည်းမခေါ်။ သိဟန်ပင်မပြ။ ဝေ့ခနဲကြည့်သော ကို့အကြည့် ... ချက်ထဲ၌ပင် သူမက အရည်ပျော်ရသူပါ။ အဲဒီလို နေ့ရက်တွေ ... မှန်ဖြစ်သန်းရင်းက တစ်ခုသောပါတီပွဲသို့ ရောက်လာသည်။

ထိုပွဲကို ကိုက တက်မည်ဆိုတော့ သူမလည်း သွားရမည်



www.burmeseclassic.com

www.burmeseclassic.com



သာ။ အဲဒီပွဲက သူမတို့ဘဝကို တစ်ဆစ်ချိုးခဲ့စေမှန်း မသိခဲ့။ သူ အမှုမဲ့အမှတ်မဲ့နေသော လူတစ်ယောက်သည်လည်း သူမနှင့် ကို ဘဝထဲသို့ ထဲထဲဝင်ဝင် ရောက်ခဲ့မည်ဆိုတာ မသိခဲ့။ ပွဲစကတည်းက ကိုက သူ့ကားတံခါးတွေကို လော့ခ်အကုန်မချခဲ့။ သူမကို ချိန်းပြီး သား။

ပါတီတစ်ဝက်လောက်မှာ ထွက်ကြပြီး ကားမောင်း၊ လေ ညင်းခံရန်ဖြစ်သည်။ သူမနှင့်ကိုက အခုလိုတွေ့မှပဲ တွေ့ရမည်။ နေ ဖက်ဆို ရှုတင်တွေ၊ ပရိသတ်တွေကြားထဲက ကိုသည် သူမထံ ဘယ် လို ထွက်လာနိုင်ပါမည်နည်း။ ပြီးတော့ ဒီပွဲက သူမသူငယ်ချင်း ပင် ဦးစီးသည့်ပွဲမို့ မာမီက စိတ်ချသည်။ ပင်စီကိုယ်တိုင်လည်း မာမီ့ဆီ ခွင့်တောင်းပြီးသား။

"တစ်ညတော့ သမီးတို့ဆီမှာ အိပ်ခွင့်ပေးပါ အန်တီဆ ရယ်၊ သူငယ်ချင်းတွေ လွတ်လွတ်လပ်လပ် ကဲချင်လို့ပါ"

ဟူသော အကြောင်းပြချက်ကြောင့် သူမ အခွင့်အရေးရ သည်။ ညည့်နက်လေ ပါတီပွဲက အရှိန်တက်လေမို့ ပင်စီက တော် တော်ထွေနေပြီ။ လွတ်လပ်သော လူငယ်တွေပွဲမို့ ဝိုင်တွေပါတာကို ခပ်ထွေထွေဖြစ်နေသော ပင်စီတို့တစ်အုပ်စုကြီးသည် ကို့အနား၌ ပတ် လည်ရိုက်ကာ လက်မှတ်တွေ ထိုးခိုင်း၊ ဝိုင်တွေအတင်းတိုက်နှင့် ရှုပ် စဉ်မှာပဲ သူမက အသာလေးလစ်ထွက်ရုံသာ။ ကိုနှင့် စည်းဝါးကိုက် ပြီးသား။



"ကို့ဆီ အာရုံတွေအကုန်ရောက်နေတဲ့အချိန်မှာ မက် ကား ပေါ်တက်နေတော့ ... ဟုတ်ပြီလား၊ ကို မကြာဘူး ... လိုက်လာခဲ့ မယ်"

သူ့စကားကိုယုံ၍ မက်ကားပေါ်ရောက်တာ နာရီဝက်မက ကြာတော့။ ကိုက ရောက်မလာသေး။ နောက်ခန်း၌နေရတာ မွန်းလာပြီ။ စိတ်စပ်စပ်ဖြစ်လာပြီ။ (၄၅)မိနစ်။ ကို ပေါ်မလာသေး။ ဒေါသ ကြောင့် ခေါင်းထောင်ကြည့်မိတော့မှ ကို့အား လူနှစ်ယောက်က ခပ် မြန်းထိန်း တွဲခေါ်လာသည်။ အနောက်မှာ ဟေးလားဝါးလားနှင့် ပင်စီတို့အုပ်စု၊ မက်က နောက်ခန်း၌ ဝပ်နေရသည်။ ရင်တွေက တဒိန်းဒိန်း။

"ရှဲ့လားမင်းသား ... ကျွန်တော် မောင်းပို့ရမလား"

"နိုး ... မလိုပါဘူး၊ ရတယ်၊ ဝိုင်လောက်တော့ ခံနိုင်ရည် ရှိပါတယ်၊ ရတယ် ... ကားထဲကိုယ့်ဟာကိုယ်ဝင်ထိုင်မယ်"

သူက မူးပေမယ့် သတိလွတ်သည်အထိတော့ မဟုတ်။ ကားထဲ၌ မက်ရှိနေသည့်အတွက် လိုက်ပို့သူတွေကို မထည့်ခိုင်းခြင်း ဖြစ်သည်။ သူ ကားထဲဝင်ထိုင်ပြီးသည်နှင့် မြန်မြန်တံခါးဆွဲပိတ်ကာ စက်နှိုးရ၏။ လူက အားတင်း၍ စိုးရိမ်မကင်းဖြစ်နေသော လူတွေ အား လက်ပြ၍သာ နှုတ်ဆက်ရသည်။ တစ်ခေါင်းလုံး ချွေးချွေးလည် နေပြီ။

ခြံဝင်းထဲမှ ထွက်နိုင်ပြီဆိုတော့မှ သူ စိတ်လျှော့လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



မက်က နောက်ခန်းမှ ရှေ့သို့ကူးလာကာ ...

"ကို ... ရသေးလား။ ဖယ်တော့ ... မက်မောင်းမယ်၊ ကို့ကြည့်ရတာ မဟန်တော့ဘူး၊ ကေန္တ ဒီကောင်တွေ ဝိုင်ချည်းပဲမဟုတ်ဘဲနဲ့ တစ်ခုခုရောတယ်နဲ့တူတယ်"

"ဟုတ်ဒယ် ... မရဘူး၊ အရမ်းမူးနေပြီ"

စကားပင် မပီချင်တော့။ မက်သည် ကို့အားကြည့်ပြီး စိတ်ပျက်လာရကာ ...

"ကဲ ... အဲဒါဆိုလည်း ကားရပ်တော့၊ မက် မောင်းမယ်၊ ဒီပုံနဲ့ ဘယ်လိုလုပ်ပြီး လေညင်းခံတော့မလဲ၊ ကို ဒီဘက်ကို ရွှေ့"

သူမကတော့ ကားခေါင်းဘက်မှ ပတ်ဆင်း၍ မောင်းသူဘက် ပြောင်းရွှေ့ထိုင်ရပါသည်။ အဲဒီနောက် မောင်းထွက်ရင်း ကို့အား စိုးရိမ်တကြီး ...

"ကို ရရဲ့လားဟင်"

"မရဘူး ... ကားမောင်းတာ ပိုမူးတယ်"

အယ် ... ကောင်းကြရော။ သူမက ကားကိုရပ်ထား၍လည်း မဖြစ်။ ညည့်နက်သန်းခေါင်မှာ လူသူရှင်းသော ကားလမ်းပေါ်၌ အန္တရာယ်ရှိနိုင်သည်။ ကို့ကိုကြည့်တော့လည်း ခေါက်ကြီးကောင်းကျနေ၏။ အခုချိန်၌ ကို့အတွက် သက်သောင့်သက်သာဖြစ်စေမည့် နားခိုစရာနေရာ။

သူမမျက်စိထဲ တန်းမြင်တာက ရွှေအိပ်မက်ဟိုတယ်။





ဘာပဲဖြစ်ဖြစ် ဟိုတယ်ဝန်ထမ်းတွေဟာ သူမလက်အောက်ခံတွေမို့ သူမအမိန့်ကို အပြင်လူတွေထက်စာရင် နာခံမည်သာ။ မက်က ကားဦးတည်ရာအား ရွှေအိပ်မက်ဟိုတယ်သို့ လမ်းကြောင်းပြောင်းလိုက်ပါပြီ။

ကိုကတော့ နှုတ်မှ ...

"အား ... မူးတယ်၊ ရင်တွေလည်း ပူတယ်"

ဟု အော်ဟစ်ညည်းတွားဆဲ။ ဟိုတယ်ကားပါကင်ထဲ ထိုးရပ် တော့ လုံခြုံရေးဝန်ထမ်းက သူမနှင့် ကို့အား တအံ့တသြ ...

"ဟော့ လာတွဲစမ်း"

"ဟုတ်ကဲ့ မမလေး"

"ဘေးဘက် တံခါးက ဝင်၊ အခန်းနံပါတ် ၇၀၂ ကို ပို့ပေး"

ဟု ညွှန်ကြား။ သူမကလည်း ဘေးမှထက်ကြပ်မကွာ လိုက်သည်။ ညအချိန်မို့ လူရှင်းတာမှန်သော်ငြား ညလယ်စာစားတဲ့ နိုင်ငံခြားသားတွေနှင့် ဝန်ထမ်းတွေက ဥဒဟို။ သူမနှင့်ကို့အားသိသော ဝန်ထမ်းတွေက အထိတ်တလန့် မျက်ဝန်းတွေနှင့် ကြည့်ကြသည်။ ထိုအကြည့်တွေကို ကျော်ဖြတ်ပြီး အခန်းထဲရောက်သည်အထိ သူမ ရင်တုန်မပြေသေး။

လုံခြုံရေးဝန်ထမ်းလေးက ကို့အား ခုတင်ပေါ် နေသားတကျ ချပြီးသောအခါ လက်လေးနှစ်ဖက် နောက်ပစ်ပြီး ...

"ဘာလိုအပ်ပါသေးလဲ မမလေး"



www.burmeseclassic.com

www.burmeseclassic.com



"ရှုပြီ ... သွားတော့"

ဝန်ထမ်းကောင်လေးက အခန်းတံခါးဝသို့ ခြေလှမ်းအပြင်

... "ဟိုတ် ... နေဦး"

"ပြောပါ မမလေး"

"ဒီကိစ္စကို လုံးဝမပေါက်ကြားစေနဲ့နော်၊ ဒီသတင်းတွေသာ ပျံ့ထွက်သွားရင် အရင်ဆုံးအလုပ်ထုတ်မှာ နင့်ကိုပဲ ... ကြားလား"

"ဟုတ်ကဲ့ မမလေး"

"ရှုပြီ သွားတော့"

သူမအမိန့်ကိုရတာနှင့် ကောင်လေးက ထွက်သွားပြီ။ ဒီအတိုင်းနေ၍ မဖြစ်သေး။ သူမကိုတွေ့သွားသော ဝန်ထမ်းတွေကိစ္စ။ မက် ဘာဘာညာညာမတွေးနိုင်။ တာဝန်ရှိသူ ဟိုတယ်မန်နေဂျာထံ ဖုန်းနှိပ်ရ၏။

"ဟယ်လို"

မန်နေဂျာအသံကြားမှ ...

"ရွှေအိပ်မက်ပါ အန်ကယ်"

"ဟာ ... မက်၊ ဟိုတယ်ထဲ ရောက်နေတာလား"

သူမအသံကြောင့် မန်နေဂျာ ပျာပျာသလဲ ...

"ဟုတ်တယ် အန်ကယ် ... ဒီည စားသောက်ခန်းထဲမှာ တာဝန်ကျတဲ့ ဝန်ထမ်းတွေကို ဂျူတီမထွက်ခင် တစ်ချက်လောက်ခေါ်ပြီး မက်ပြောခိုင်းတဲ့အတိုင်း ပြောပေးပါ"





"ဘာများလဲ မက်"

"ဒီနေ့ည တွေ့ခဲ့တဲ့ကိစ္စကို ရင်ထဲမှာပဲ ထားပေးပါလို့၊ ...တယ်လို့ ထုတ်ပြောခဲ့မယ်ဆိုရင် သူတို့အတွက် အကျိုးမရှိဘူး ဆို...ကိုပါ"

"သူတို့ ဘာတွေ့ခဲ့လို့"

"မက်ပြောတဲ့အတိုင်းသာ ပြောပေးပါ အန်ကယ်"

မက်က မန်နေဂျာစကားမဆုံးခင် ဦးအောင်ပိတ်ပြော၍ ...ပစ်သည်။ ကိုကို ပြုစုရန်ရှိသေး၏။ ကိုကတော့ အမူးအယစ်ဖြင့် ...ညည်းညူဆဲ။ မက်သည် ရေခဲသေတ္တာအနီး လျှောက်သွားပြီး ...မှ အေးခဲနေသော စနီးတာဝါတစ်ခုကို ထုတ်ပြီး ပိုင်အရှိန် ... နီရဲနေသော ကို့မျက်နှာကို အသာအယာပွတ်သုတ်ပေးမိ...။ ထိုအချိန်၌ ကို့လက်တစ်ဖက်က သူမခါးဆီ ဆွဲယူ၍ ...

"မက်"

တိုးတိုးညည်းကာ သိမ်းဖက်သောအခါ ခုတင်စွန်း၌ တင်ပါး...နေသော မက်က အရှိန်လွန်၍ ...

"အမေ့ ... ကို"

ဟု အော်ပေမယ့် မရတော့။ ရင်ချင်းအပ်၍ နှုတ်ခမ်းချင်း ...သွားပေပြီ။

"ချစ် ... တယ် ... မက်"

မွှေးရှိန်းပြသော အထိအတွေ့က နှုတ်ခမ်းများမှတစ်ဆင့်



www.burmeseclassic.com

www.burmeseclassic.com



မက် တစ်ကိုယ်လုံး။ တင်းကြပ်ခိုင်မာသော ပွေ့ဖက်မှု၊ အသက်ရှူ ပြင်းပြင်း။ အနမ်းကြမ်းကြမ်းတွေထဲ မက် ရင်ခုန်ခြင်းက ဒုန်းစိုင်း သူမအတွက် အဲဒီညက ဒုတိယမြောက် အချစ်ည ... ။

*** *** ***

------------------- ။

ယံ တော်တော်စိတ်ညစ်နေသည်။ ဒီကောင် တစ်ည ပြန်မလာတော့ စိတ်တွေပူရတာ လူက ကယောက်ကယက်။ မိုးလင် တာနဲ့ ရှုတင်တွေက တန်းစီနေပြီ။ ဒီအချိန်က တက်သစ်စ။ ဒါရိုက်တာ မငြိုငြင်အောင်၊ အထူးသဖြင့် ဒီလောကထဲ ဆွဲသွင်းခဲ့သည့် မ ကောင်း မငြူစူစုံအောင် သူက ဆောင်ရွက်ရမည်သာ။

ထို့ကြောင့် ပါတီပေးသောအိမ်ကို ဆက်သွယ်တော့လည်း အကြောင်းမထူး။ ညကတည်းက ပြန်သွားသည်။ မူးနေသည်တဲ့ သူမှာ အက်ဆီးဒင့်တွေ ဖြစ်ပြီလား။ အရေးပေါ်ဌာနကို ကျင်ဖုတ် လှွတ် စုံစမ်းခိုင်း။ လူပျောက်မှုနှင့် အမှုဖွင့်ရမလား။ အရမ်းကြီး အုတ်အော်သောင်းနင်း ဖြစ်သွားမလားဆိုတာတွေးရင်း လူက ဘာ လုပ်ရမှန်းမသိ။

ဒါရိုက်တာကိုလည်း ဖုန်းဆက်ရသေးသည်။ ဒီနေ့ မုန်း နေ မကောင်း၍ ရှုတင်ဖျက်ပါပေါ့။





"မင်းအခန်းတွေ လာရိုက်ဦး၊ ပြီးတော့ မင်းသမီးနဲ့ စကား ပြောတဲ့အခန်းက ကျောဘက်ကနေပဲ ရိုက်မှာ၊ မင်းသမီးမျက်နှာပဲ နီးကပ် ရိုက်ပြမှာ၊ အဲဒါကြောင့် မင်း မုန်းနေရာမှာ အစားဝင်လိုက်၊ င်းသမီးက တကယ့်ထိပ်တန်းကွ၊ ရှုတင်ဖျက်ပါတယ်သွားပြောလို့ နောက်ရက်တွေပါ မလာရင် အဲဒါ တိုင်ပတ်မှာ ... "

ဒါရိုက်တာပြောတော့လည်း သူ မငြင်းသာ။ တရားနည်း မ်းလည်း ကျပါသည်။ သူနှင့်မုန်းက စတိုင်ဆင်အောင် ပြုပြင်ထား ည်မို့ နောက်ကျောမှဆို ဘာပြဿနာမှ ရှိမည်မဟုတ်။

"ဒါဆို ကျွန်တော် ဘယ်နစ်နာရီ အရောက်လာခဲ့ရမလဲ"

"ဆယ်နာရီ အရောက်"

"ဟုတ်ကဲ့ ဆရာ"

ဟုပြောပြီး နာရီကြည့်တော့ ၇း၃၀။ သူမှာ မုန်းကိုရှာဖို့ ာဝန်က ရှိသေးသည်။ လူက ပူထူ၍ ဘာလုပ်ရမှန်းမသိ။ ထို့ ကြောင့် မျက်နှာကို လက်ဝါးနှစ်ဖက်ထဲထည့်မြှုပ်၍ အသာငြိမ်နေ သည့်အချိန်မှာပဲ သူ့ဘေးနားရှိဖုန်းက ထမြည်လာတာဖြစ်သည်။ ပါတ်က မက်ဆိုတာ ဖော်ပြနေ၏။ ဟုတ်သားပဲ။ အခုတလော န်းနှင့်အတွဲဆုံး မက်ကို သူဘာကြောင့် မေ့နေရပါလိမ့်။

"ဟယ်လို"

"ယံ ... မက်ပါ ... မုန်းကို ရွှေအိပ်မက်ဟိုတယ်မှာ ထား ားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အာ ... ကျေးဇူးပဲဗျာ၊ ဒီမှာ ခေါင်းမီးတောက်နေပြီ ဒီမနက် ရှုတင်ရှိတယ်ဗျ"

"အင်း ... ဟုတ်တယ်၊ သူ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေ တော့ မနိုးရက်လို့လေ၊ ဒါပေမဲ့ ယံစိတ်ပူနေမှာ သတိရသွားလို့"

နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတာ မနိုးရက်လို့တဲ့လေ၊ ဒါဆို တစ်ညလုံး သူတို့တစ်တွေဟာ အတူတကွရှိနေကြတာလား၊ အတွေးနဲ့တင် ယံက လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

"အခု မက်က ... "

"ပဲင်စီအိမ်က ဆက်နေတာ၊ အိမ်ပြန်တော့မလို့၊ သွားကြည့် လိုက်ပါဦးနော်၊ သူ့ကို ညက ပဲင်စီတို့တိုက်တာ များသွားတယ်နဲ့ တူတယ်၊ ခေါင်းတွေကိုက်နေမှာစိုးလို့... ဝန်ထမ်းဧ ဆတာ့ မှာခဲ့တာ ပဲ၊ ဒါပေမဲ့ ယံ့လောက်တော့ စိတ်မချရဘူးပေ့။ သွားကြည့်လိုက်ပါ နော် ယံ"

သူမအသံထဲမှာ စိုးရိမ်မှုတွေက ဘောင်ဘင်ခတ်နေသည်။ သူကမှ တစ်ခုခုပြန်မဖြေလျှင် စိတ်ချမည့်ပုံမပေါ်။ သူမ၏ စိတ်နှလုံး မချမ်းမြေ့မှုကို မကြည့်ရက်သူက ယံ။ ယံဟာ ဘာကြောင့်လဲမသိ ... သူမကို နမြောသည်။ သူမကို တွန့်တိုဏ်။ သူမကို စိတ်ချမ်းသာစေ ချင်သည်။ အဲဒီအကြောင်းတရားများက သူမနှင့်မှ ပေါ်ထွက်လာ သော သူ့စိတ်တွင်းမှ ခံစားချက်အစစ်အမှန်ပင်ဖြစ်သည်။

"ကောင်းပါပြီ ... ကျွန်တော်သွားကြည့်လိုက်ပါ့မယ်"





"အခန်းနံပါတ် ၇၀၂ ... Level ၄ မှာနော်၊ ကျေးဇူးအများ ကြီး တင်ပါတယ် ယံ"

သူပြောမယ့်စကားကို သူမကပင် ဦးအောင်ပြောသွားသေး သည်။ သူကတော့ နှုတ်ဆိတ်လျက်သား။ သူမ ဖုန်းချသွားတော့မှ

"ကျင်ဝှက်"

"ဗျာ ... ကိုယံ"

"ရှုတင်အတွက် အဝတ်အစားပြင်ပြီးသားလား"

"အဆင်သင့်ပဲ ကိုယံ ... ဒါပေမဲ့ ဆရာကမှမလာသေး ဘူး"

"အခုပဲ မှန်းရှိတဲ့နေရာကို သိပြီ၊ မင်း ကားသွားထုတ်တော့ သွား"

ရွှေအိပ်မက်ဟိုတယ်၏ အခန်းနံပါတ် ၇၀၂ သို့ တက်ခဲ့ပြီ။ တံခါးဖွင့်သောအခါ တွေ့ရတဲ့မြင်ကွင်းက အမောဆို့စရာ၊ ရင်းခနဲပင် လှဲချချင်စရာ။ နှစ်ယောက်အိပ်ခုတင်ကြီးပေါ်တွင် ပေါ်အကျီက ဗလာနှင့် စောင်အကြီးကြီးအား တစ်ဝက်တစ်ပျက် ခြုံကာ ခြေကားယားလက်ကားယားနှင့် အိပ်ပျော်နေသော မှန်း ... စိတ်ပျက်လက်ပျက်ဖြင့် ကျစ်ခနဲစုတ်တစ်ချက်သပ်ကာ ... ဘယ်မှန်ပြတင်းပေါက်ကြီးတွေ၌ ကာရံထားသော ခန်းဆီးထူထူ ကြီးတွေကို ဆွဲဖယ်လိုက်၏။ နံနက်ခင်းရောင်ခြည်က စူးရှွှစွာ ... ပြူစွာ တိုးဝင်လာပြီ။



www.burmeseclassic.com

www.burmeseclassic.com



နေရောင်၏ စွမ်းပကားကြောင့် မုန်းသည် ခုတင်ကြီးပေါ်မှ ဘယ်ညာလူးလှိမ့်၍ နိုးလာပြီး ...

"အင်း ... "

သံရှည်ဆွဲပြီး အပျင်းကြောဆန့်ပါသည်။ သူက ခုတင်ပေါ် တင်ပါးလွှဲထိုင်ချလိုက်ပြီး ...

"ဟော့ကောင် မုန်း ... ထတော့ ... ထ"

တစ်မနက်လုံး စိတ်ပူရသောအရှိန်ဖြင့် သူ့နှီးပုံက မငြင် သာ။ ခပ်ဆတ်ဆတ်ပင် လက်မောင်းကိုရိုက်၍ နှိုးရပါသည်။ ထိုအခါ မှ မုန်းက မျက်စိနှစ်လုံးကိုပွတ်၍ အိပ်မှုံစုံမွှားဖြင့် ...

"ငါ ဘယ်ရောက်နေတာလဲ"

ကဲ ... ကြည့်။ တော်တော်ကောင်းတဲ့ သတိ။ တစ်ညလုံး အိပ်ချင်တိုင်းအိပ်ပြီးမှ ဘယ်ရောက်နေမှန်း မသိသော ဒင်းအား သူ က ရွဲ့ချင်လာသည်။

"ရေဝေးကို"

ခပ်ရွဲ့ရွဲ့အဖြေကြောင့် ကျင်ဝှက်က ရယ်သည်။ မုန်းက ပက်လက်မှ မှောက်ခုံဖြစ်သွားပြီး ...

"ရေဝေးဆိုလည်း အေးတာပဲ၊ ဘာအလုပ်မှ မလုပ်ရတော့ ဘူးပေါ့၊ ငါ တစ်ရေးလောက်ပြန်နှပ်လိုက်ဦးမယ်"

ဟူ၍ပြောကာ တကယ် တစ်ရေးပြန်အိပ်ရန်ဟန်ပြင်နေ သောမုန်းကြောင့် သူလည်း မခံနိုင်တော့ဘဲ အတင်းဆွဲမထူလိုက်ပြီး





"ထတော့ .. ဒီမနက် ရှုတင်ရှိတယ်၊ ငါ စိတ်သိပ်မရှည်တော့ ဘူးနော် မုန်း၊ တစ်ညလုံး ပူလိုက်ရတာ၊ တစ်ကိုယ်လုံး မီးတောက်နေ ပြီ မင်းက ဒီမှာလာငြိမ့်နေတယ်၊ ဖုန်းလေးဘာလေး ဆက်ပါလား။ အကျိုးအကြောင်းသိရအောင်၊ တော်သေးတာပေါ့ ... မက်ကပြောမှ သိရတာ"

"မက်က ပြောတယ်"

ဒီတော့မှ သူက အလန့်တကြား။ သူသိတာက မက်နှင့် ချိန်းထားသည်။ ကားလျှောက်စီးပြီး လေညင်းခံရန်။ သူ ကား မောင်းနိုင်သည်ထိ တရိပ်ရိပ်မူးဝေတက်လာသဖြင့် မက်ကမောင်း သည်။

"အေးလေ ... မင်း ညက အရမ်းမူးနေလို့ ဒီကိုပို့ခဲ့တာတဲ့၊ အိမ်လိုက်ပို့ ပြီးရောပေါ့၊ နေပါဦး ... မင်းနဲ့ မက်"

ယံက စကားကိုမဆက်ဘဲ သူ့ကို တည့်တည့်စိုက်ကြည့် သည်။ သူက ယံ့အကြည့်ကို သဘောပေါက်သဖြင့် တဟားဟားထ ရယ်ပြီး ...

"လျှောက်တွေးမနေနဲ့ ယံ၊ ငါက ကိုယ့်ခေါင်းတောင် ကိုယ် မသယ်နိုင်တာ၊ မင်းထင်တာတွေ ဘာတစ်ခုမှ ဖြစ်မလာနိုင်ဘူး"

"အဲဒါဆို အိမ်ပဲပို့ရမှာလေ၊ မင်းတို့နှစ်ယောက် ဘယ်လိုဖြစ် လို့ ဟိုတယ်ရောက်နေတာလဲ"

"အိမ်ကျတော့ အဝေးကြီးမောင်းရလို့ နေမှာပေါ့၊ ပြီးစီးအိမ်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ဟိုတယ်က နီးတယ်လေ"

"ဒါဆို ဒီအခန်းထဲမှာ မင်းနဲ့ မက် နှစ်ယောက်တည်း တစ်ည လုံး အတူတူရှိခဲ့တာပေါ့ ... အဲဒီလိုလား"

ယုံမျက်နှာ၌ မသက်သာဟန်အပြည့်။ သက်သာလို့ရမတဲ့လား။ မုန်းဟာ ဥပုသ်စောင့်ပါသည်ဆိုတဲ့ ကျားမျိုးမှ မဟုတ်တာ။ မုန်းခြေ ပြီး ချုနင်းခဲ့သော ပန်းတွေ ဘယ်နှစ်ပွင့်မှန်းမသိ။ ရေတွက်လို့မကုန် နိုင်။ မုန်းကတော့ သူ့ကိုကြည့်ပြီး ဒုတိယအကြိမ်မြောက် တဟား ဟား ထရယ်သည်။ အားရပြီဆိုမှ ရယ်သောအရှိန်ကို သတ်ပြီး ...

"ငါတို့ တစ်ခန်းတည်းနေခဲ့တာမှ မဟုတ်တာ၊ နှစ်ခန်းယူခဲ့ တာ၊ သူက ၇၀၄၊ ငါက ၇၀၂။ တစ်ယောက်တစ်ခန်း။ အဲဒီအထိ မင်း မယုံသေးဘူးဆိုရင် ကြိုက်တဲ့ဝန်ထမ်း သွားမေး၊ လူတိုင်းသိတယ်၊ ငါတို့က ကင်းကင်းရှင်းရှင်းနေတာ"

လို့ သူကပြောမှ ယုံမျက်နှာက ဘဝင်ကျသွားသည်။ ဒါ တကယ့်အမှန်တရားပင်။ သူမှူးနေသည်။ ဒါပေမဲ့ တတ်အားသရွေ့ သတိကို ကိုယ်ကမခွာသေး။ ဝန်ထမ်းကောင်လေးက သူ့အား ဒီအခန်းထဲအထိ တွဲပို့ပြီး ...

"မမလေးအတွက် ၇၀၄ ရဲ့ သော့"

ဟူ၍ သော့ကမ်းပေးတာ သူ၏မှုန်ဝါးဝါးအမြင်က မြင်ပါ သေးသည်။

"ကျွန်တော် စောင့်ပေးရဦးမလား မမလေး"



"နေ ... ရတယ်၊ ငါသူ့ကို မျက်နှာသစ်ပေးဦးမယ်"

မက်ရဲ့အပြောကို သူကြားရပါသည်။ အဲဒီနောက်ပိုင်းမှာ သူ သတိလစ်သွားခြင်းဖြစ်သည်။ သူက တွေတွေငေးငေးရှိနေသော ယုံ့ပခုံးကို ခပ်ညှစ်ညှစ် ဆုပ်၍ အားပေးလိုက်ပြီး ...

"စိတ်ချပါကွ ... မက်ကို ငါက ခြေဖို့စိတ်ကူးမရှိပါဘူး"

"ဒါဆို ဘာစိတ်ကူးရှိတာလဲ"

ယုံ့မေးသံက ကျွတ်ဆတ်နေသည်။ အကြည့်တွေက ဆောင့် ကြွားကြွား။

"ငါက အပိုင်သိမ်းမှာ"

အဲဒီဝန်ခံစကားက သူ့မျက်နှာတစ်ခုလုံး ညိုမှောင်သွားစေ သည်။ ယံက အချိန်မီ ပြင်ဆင်ပေမယ့် မရတော့။ မုန်း အပိုင်သိမ်း မည်ဆိုသော စကားက သူ့ရင်ကို ထုတ်ချင်းပေါက်သွားစေသည်။

"ကဲ ... ထတော့၊ ရှုတင်သွားရမယ်"

သူက မုန်းကို အဲဒီလိုလောဆော်ပြီး အရင်ကျောခိုင်းပစ် လိုက်ပါသည်။ ရင်ထဲမှာ မုန်း အပိုင်သိမ်းလျှင်ဆိုသော အတွေးက သူ့ရင်ကို ဗလောင်ဆူစေ၏။ ဒါ ဘာကြောင့်လဲ အဖြေမရှာချင်တော့၊ ပေါ်လာမည့်အဖြေကို သူကြောက်ရွံ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အပိုင်း (၆)

# “ညည်း

သိပ်တန်ဖိုးမဲ့နေပြီ ... အဲဒါကို သိသလား ရွှေအိပ်မက်”

မက်က မာမီ့စကားတွေကြောင့် နားက ထူပူနေပြီ။ မက်မှားတာပါ။ တစ်ခါမှ မလိမ်မညာခဲ့ဖူးသူမို့ သူမက အကွက်ချ၍ မစီစဉ်ခဲ့။ ပြီးတော့ အခုအဖြစ်အပျက်ကလည်း စီစဉ်ရအောင် ထင်ထားသော ကိစ္စမှမဟုတ်တာ။ ကိုက တအားမူးနေသည်။ ထို့ကြောင့် ဟိုတယ်ခေါ်သွားသည်။ ဝန်ထမ်းတွေကို အပြင်မပေါက်ကြားမိစေရန်သာ သူမ သတိပေးခဲ့မိတာ။ မာမီ့ကို ပြန်မပြောနဲ့လို့ သတိပေးခဲ့တာမှ မဟုတ်တာ။

“ဘယ်အောက်ရှက်စရာကောင်းသလဲ ရွှေအိပ်မက် ... ဟိုတယ်ကို ယောကျ်ားတစ်ယောက်နဲ့ အတူသွားပြီး တစ်ညအိပ်တယ်ဆိုတာလေ”

“အတူအိပ်တာ မဟုတ်ပါဘူး မာမီ၊ တစ်ယောက်တစ်ခန်းနဲ့ပါ”





မက်က နောက်ဆုံးအခြေအနေအထိ ဆင်ခြေကန်မိသည်။ မာမီသိတာ မှတ်လို့။ သို့ပေမယ့် တကယ်လည်း မက်ကိုယ်တိုင် ဒီအခြေအနေ ကျူးလွန်ဖို့ စိတ်မကူးမိ။ ထို့ကြောင့် သူမ အနားယူနေ အခန်းကို ကို့အား ပေး၍ သူမက တစ်ဖက်အခန်း ယူခြင်းပါ။ သို့ပေမယ့် မထင်မှတ်ထားသော အခြေအနေက ဖြစ်ပျက်သွားခဲ့သည်။ ဒီအတွက် သူမ ရှက်ရွံ့မနေ။ နိမ့်ပါးမသွား။ ကို့အားချစ်၍ ဆက်ဆံခြင်းလို့ပဲ မှတ်ယူထားသည်။

ဒီအကြောင်းအရင်းအစုံ မာမီသိလို့တော့ မဖြစ်။ သိပါက ရှုပ်ပင် ခေါက်ခနဲ လဲကျသွားနိုင်ပါသည်။ မာမီက နဂိုကတည်း သူမနှင့်ကို့ကို သဘောတူခဲ့သည် မဟုတ်ပေ။

“တစ်ယောက်တစ်ခန်းစီပဲ အိပ်အိပ်၊ အထပ်ကြီး တစ်ထပ် ခြားပြီး အိပ်အိပ်၊ ဟိုတယ်ထဲ ညည်းခေါ်သွားတယ်ဆိုတာက ရအောင် ပေါ်နေတာပဲ ရွှေအိပ်မက်၊ နေစမ်းပါဦး ... အဲဒီအမုန်း ဆိုတဲ့ မင်းသားမှာ ဘာများမက်စရာရှိလို့ ဒီလောက် ကဲကဲလှုပ် အောင် ကြိုက်နေရတာလဲ၊ ဟိုက ရုပ်ကလေးကလှဲပြီး ဘာအရည်အချင်းမှ ရှိတာမဟုတ်ဘူး၊ ခိုင်ခိုင်မာမာ စီးပွားရေးလည်း မရှိဘူး၊ ကို ညည်း ဘာတွေအထင်ကြီးပြီး တွယ်ကပ်နေရတာလဲ ရွှေအိပ် မက်”

“မက်က သူ့အနုပညာကို ကြိုက်လို့ပါလို့ ပြောထားပြီးပြီပဲ ဆဲ”



www.burmeseclassic.com

www.burmeseclassic.com



သူမဖြေသံထဲ၌ စိတ်ညစ်ညူးသံတွေ အထင်းသား။ ကိုကို ထိုမျှလောက်အထိ ချီးဖွဲ့ပြောနေတာကိုလည်း သူမ မကြိုက်။ ရုပ်ချောတာ အပြစ်တဲ့လား။ ဒါဆို မြန်မာနိုင်ငံ၌ ရှိရှိသမျှ မင်းသားတွေ အပြစ်ကျူးလွန်သူတွေ ဖြစ်ကုန်တော့မည်။ မာမီတို့ တစ်ယူသန် ပုံများ ပြောပါတယ်။ ပဲင်စီ့မာမီဆို အဲဒီလိုဘယ်တော့မှ မပြောသည့် အပြင် တတ်နိုင်သမျှ အားပေးသေး။ အခု မာမီကတော့ ရင့်သီးသည်။

"မင်းသားဆိုတာ ရုပ်ကလေးဘန်းပြပြီး လူတွေဆီက ပိုက်ဆံချူစားနေသော ယောကျ်ားတွေ"

တဲ့လေ။ ကောင်းလိုက်တဲ့ အတွေးအခေါ်။ မာမီနှင့် ဒက်ဒီလိုလူတွေသာဆို ဒီနိုင်ငံရဲ့ ရုပ်ရှင်လောကကြီး တစ်ခဏချင်းပင် ပျောက်ကွယ်သွားပါလိမ့်မည်။ အဲဒီလောက်ထိ ရုပ်ရှင်လောကသားဆို မေတ္တာထားတာလေ။ သူတို့သမီး မက်က အခုလို ဆန့်ကျင်ဘက် ဖြစ်နေတော့ မာမီ ဆွေ့ဆွေ့ခုန်၍နေတော့သည်။

"အေး … ညည်းဟာညည်း ဘာကိုပဲကြိုက်ကြိုက် ငါဂရုမစိုက်ဘူး ရွှေအိပ်မက်၊ ဒါပေမဲ့ ညည်းသိထားဖို့က ဒီတစ်ပတ်အတွင်း ညည်းအဖေနောက် လိုက်ဖို့ပြင်ဆင်တော့၊ ဟိုမှာ ကျောင်းဆက်တက် ရမယ်၊ ဟိုကလုပ်ငန်းခွဲတွေကို လေ့လာရမယ်"

"မာမီ"

သူမခေါ်သံက အထိတ်တလန့်။ မက် တကယ်ထိတ်လန့်





သွားတာပါ။ ဟိုကိုရောက်ပြီးရင် မြန်မာနိုင်ငံကို နောက်တစ်ဖန် ခြေချခွင့် ရတော့မည်မဟုတ်။ အဲဒါ သေချာပါသည်။ မာမီနှင့် ဒက်ဒီတာ ဟိုက လူနေမှုအဆင့်အတန်းနှင့် ဈေးကွက်စီးပွားရေးစနစ်ကို ကြိုက်သည်ဟု မကြာခဏပြောဖူးသည်။ ထို့ကြောင့်လည်း ရွှေအိပ်မက်စီးပွားရေးအင်အားစုကြီး၏ လုပ်ငန်းတချို့ကို ဟိုမှာရင်းနှီးမြှုပ်နှံထားခြင်းဖြစ်သည်။

"မာမီလုပ်မနေနဲ့၊ အစက စီစဉ်ထားတာ ဒီလောက်ကြီးမြန်ဖို့မလိုဘူးဆိုပြီးတော့လေ၊ ဒါပေမဲ့ ညည်းကို မာမီ ဒီမှာစိတ်ချလို့မှ မရတော့တာ မက်ရယ်၊ အခု ဟိုတယ်ခေါ်သွားတဲ့အထိ အဆင့်ကျူးကျော်လာပြီ၊ နောင် ဒီထက်အဆင့်တွေကျော်ကုန်ရင် မာမီတော့ ရင်ကျိုးရမှာ သမီး … ဘာမှ ငြင်းဖို့မကြိုးစားနဲ့တော့၊ ဒီကအလုပ်တွေမှာလည်း ယုံကြည်ရတဲ့လူတွေ ရှိတာပဲ … လွှဲခဲ့မယ်၊ ဟိုမှာ မာမီရော၊ သမီးပါ ဦးစီးနိုင်ပြီဆိုရင် သမီးဒက်ဒီ ဒီကို တစ်နှစ်တစ်ခါလာပြီး ကြီးကြပ်လို့ရတာပဲ၊ ပြင်စရာရှိတာ ပြင်တော့သမီး"

မာမီရဲ့ တစ်ချက်လွှတ်အမိန့်။ သူမက မငြင်းဆန်နိုင်။ အရင်တုန်းက အခြေအနေမျိုးဆိုရင် ခေတ္တခွဲခွာ၍ သူမ လိုက်သွားမည်သာ။ အခု ရွှေအိပ်မက်က ဖြူစင်သောရွှေအိပ်မက် မဟုတ်တော့။ တစ်စုံတစ်ရာ စွန်းထင်းခဲ့လေပြီ။ ဘာရယ်ဟု အကောင်အထည်မပေါ်သေးပေမယ့် တစ်ချိန်ချိန်မှာတော့ အရိပ်မည်းကြီး ပေါ်ထွက်မည်သာ။ အဲဒီအချိန်တွင် မာမီနှင့် ဒက်ဒီက စိတ်ဆင်းရဲရလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



မက်က အတွေးတွေ တောင်စဉ်ရေမရတွေးရင်းမှ အစဉ်တကျဖြစ်လာသည်။ အစဉ်တကျပုံရိပ်တွေမှ ဘာတွေဖြစ်လာနိုင်သည်ဆိုတာ စဉ်းစားရင်း သူမအတွက် အသင့်တော်ဆုံးအလုပ်တစ်ခုကို ရှာဖွေတွေ့ရှိလာသည်။ ထိုအတွေးရရချင်းပင် မက်က ကိုထံ ဖုန်းဆက်ခဲ့တာဖြစ်၏။ ယံမှတစ်ဆင့်ပေါ့လေ။

"အထွေအထူးအကြောင်းရှိလား မက်"

ယံကမေးတော့ သူမသည် သူ မမြင်နိုင်မှန်း သိသိကြီးနှင့် နှာခေါင်းရှုံ့မိသည်။ အဲဒါကြောင့် ယံနှင့်မတွေ့လိုတာ။ ယံက တခြားသူငယ်ချင်းတွေလို အောင်သွယ်လည်း ဝါသနာပါပုံမရ။ ချစ်သူနှစ်ဦးကြားလည်း ဘာအသယ်အပို့မှ လုပ်ပေးချင်ပုံမရ။ ထို့ကြောင့် သူမက ကို့ထံဆက်သွယ်လျှင် ယံနှင့်အရင်တွေ့မှာကို အစိုးရိမ်ဆုံးဖြစ်သည်။

ဒါတောင် မာမီက ရုပ်ရှင်တွေ, ဇာတ်လမ်းတွေထဲကလို သူမလုပ်သမျှ စောင့်ကြည့်ရန် အစောင့်ထားတာ၊ ဖုန်းတွေ ကားသော့တွေ မသိမ်းတာ အများကြီး ကျေးဇူးတင်ရပါမည်။ သူမတို့အခြေအနေမှန်ကို မသိသေး၍ လွှတ်ပေးထားတာလည်း ဖြစ်သည်။

"အထွေအထူးတော့ မရှိဘူး၊ ဒါပေမဲ့ အရေးကြီးတယ်၊ မှန်းနဲ့ တွေ့ရမှဖြစ်မယ်၊ SAKURA COFFEE SHOP မှာ ဒီညနေ လေးနာရီတိတိ ဆုံမယ်လို့ တစ်ချက်ပြောပေးပါ ယံ"

"ညနေ လေးနာရီ ... သူ အားမယ်မထင်ဘူး မက်၊ ဗီဇီဒီတစ်ပုဒ် ရိုက်စရာ ... "





"ထင်မြင်ချက်က ယံပေးဖို့ မလိုဘူးလေ၊ လာတာ,မလာတာ သူ့ကိစ္စပါ။ ယံ့တာဝန်က မက်ပြောတဲ့အတိုင်း သူ့ကိုပြန်ပြောပြပါ ... အရမ်း အရေးကြီးတယ်လို့၊ ဒါပဲ ယံ"

တစ်ဖက်က ခပ်ပြတ်ပြတ်ပြောပြီး ဖုန်းချသွားတော့ နှုတ်ဆိတ်ကျန်ရစ်သူက ယံ။ မက်ကို အပြစ်တော့မမြင်ပါ။ ကိုယ်က မှားတာတိုး။ ချစ်သူနှစ်ဦးကြား သူစွက်ဖက်မိသည်လေ။ သို့ပေမယ့် ဒါသူ့စေတနာပါ။ စေတနာကို မြင်အောင်ပြဖို့က လွယ်ပေမယ့် မကြည့်တတ်သူတွေအတွက်တော့ အကြောင်းထူးလာမည်မထင်။ သူက ရိုက်ကွင်းဖြုတ်သွားသော မှန်းထံ လှမ်းငေးမိသည်။ မှန်းက မီးတိုးမှန်ထိုးသည့် ဒဏ်တွေကြောင့် ထွက်လာသော ချွေးကိုသုတ်ရင်း သူ့အနား လျှောက်လာသည်။

ကျင်ဝှက်က ခေါက်ကုလားထိုင်ချပေးသော်လည်း မထိုင်။ သူ့လိုပင် မြက်ခင်းပေါ်၌ ထိုင်ချကာ ကားဘော်ဒီကို ကျောမှီထားပြီး ခြေတစ်ဖက်ထောင်၍ တစ်ဖက်ကို ဆင်းချလိုက်သည်။ ဘယ်လောက်ပဲ ပုံဆိုးပန်းဆိုးနေနေ ဒါဟာ မှန်း စတိုင်ထုတ်နေသည်ဟု ထင်ရလောက်အောင် အမှန်းခြေတို့က ပုံပုံကြွားကြွားရှိလှတာကိုး။

"ဒီလိုထိုင်တော့လည်း အေးသားကွ"

"ဆရာ ... အအေး"

ကျင်ဝှက်ကမ်းပေးသော အအေးကို မှန်းက တစ်ကျိုက်မော့ပြီး သူ့ကို ကမ်းပေးသည်။ အဲဒါ မှန်းအကျင့်။ သူအေးသလို ယံ့အား



www.burmeseclassic.com

www.burmeseclassic.com



အေးအေးနေလိုသူ။ သို့ပေမယ့် အချစ်ကျတော့ ...။ သူ ဆက်မတွေးချင်တော့။ မုန်းကို မကြည့်ဘဲ ...

"မက် ဖုန်းဆက်တယ်"

"ငါ့ကို စီးကရက်ပေး ကျင်ဝှက်"

"ဒီမှာဆရာ ... အဆင်သင့်ပဲ"

ကျင်ဝှက်ပေးသော စီးကရက်ကို ဘူးထဲကထုတ်။ ဘူးပေါ် တောက်ချပြီး နှုတ်ခမ်းဖျား၌တပ်ကာ မီးညှိသည်။ ပြီးမှ အဆုတ်ထဲ အငွေ့တွေ အားပါးတရ ရှိုက်သွင်းသောမုန်းကို သူ စိတ်တယ်မရှည်ချင်တော့။

"မင်းကိစ္စတွေ ပြီးပြီလား မုန်း၊ ငါဒီမှာ စကားပြောမလို့ ငါ့အကြောင်း မဟုတ်ဘူးနော် ... မင်းချစ်သူအကြောင်း"

မုန်းက အထူးအဆန်းတွေ့ရသလို သူ့ကိုကြည့်သည်။ ပြီးမှ ...

"ဘာတွေစိတ်မရှည်ဖြစ်နေတာလဲ ... ခါတိုင်းလည်း အခုလို ပဲကို၊ မင်းလည်း ပြောချင်ရာပြော၊ ငါလည်း လုပ်ချင်ရာလုပ်တာပဲ"

"ဒါဆို ရွှေအိပ်မက်က အခါတိုင်းနဲ့ အတူတူပဲပေါ့၊ မင်း အဲဒီလို ပြောတာလား"

"ဟ ... မင်းက ဘာလိုင်းကြီး"

အဲဒီလိုပြောပြီးမှ မုန်းသတိထားမိတာက ဒီကောင့်မျက်လုံးထဲက ဒေါသတွေကို ဖြစ်သည်။ မုန်းက စီးကရက်မီးခိုးတွေကို အပြင်





နဲ့ တဖြည်းဖြည်းမှုတ်ထုတ်ပြီးမှ ...

"ငါပြောတာက နားက နားထောင်နေတယ်၊ ပါးစပ်က စီး ရက်သောက်တယ် ... အဲဒါကိုပြောတာ၊ ကဲ ... ပြော ... မက်က တွေမှာလိုက်လဲ"

"ဒီညနေ လေးနာရီအတိကို အရေးကြီးတဲ့စကား ပြော စရာ ယ်တဲ့၊ SAKURA က စောင့်မယ်တဲ့"

"ဒီညနေ လေးနာရီ၊ မဖြစ်ဘူးလေ ... ငါ ရှုတင်ရှိတယ်၊ ချင်းတစ်ပုဒ် ရိုက်ရမယ့်ဟာကို"

သူသိပြီးသား ... မုန်း အဲဒီလိုငြင်းမည်ဆိုတာ။ မုန်းဟာ ရှိအလုပ်ကို ဘယ်တော့မှ ဥပေက္ခာပြုသူမဟုတ်။ အခြားအရေး တွေသာ ဖျက်လျှင်ဖျက်မည်။ သူ့အလုပ်ကို အထိပါးမခံ။ ဒါဟာ ရဲ့ရပ်တည်မှုတစ်ခုဆိုတာ ကောင်းစွာနားလည်ထားသည်ကိုး။

ဒါပေမဲ့ သူက မက်ဘက်က ရပ်တည်ချင်သည်။ တခြား ကလေးတွေ မုန်းရောက်မလာသောအချိန်၌ လည်တမော့မော့ င့်ရတာကို သူ ဘယ်လိုမှမခံစားရပေမယ့် မက်ကိုတော့ မျှော်ရ မဖြစ်စေချင်။ ဒါလည်း မက်အပေါ် သူထားသော စေတနာ ခုပင်ဖြစ်၏။ အင်း ... မက်အပေါ်ထားရှိသော သူ့စေတနာတွေ လွန်းပြီ ထင်ရဲ့။

"သွားလိုက်ပါ ... အရမ်းအရေးကြီးတယ်ဆိုတော့ ဘာများ မသိတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါပဲကွာ ... မိန်းကလေးတွေက သူတို့ချိန်းတဲ့အ
တစ်ဖက်လူ မပျက်ကွက်အောင် တကယ့်သေပြေးရှင်ပြေးအကြော
တွေ ပြပြီး သွားတော့လည်း ဘာမှမဟုတ်ပါဘူး ... ဒါပါပဲ၊ မင်း
မိန်းမတွေမာယာကို မသိသေးပါဘူး ယံ၊ ငါက သိရုံတင်မကဘူး
နောကျေနေပြီ"

မှန်းက ခပ်လွယ်လွယ်ပြောပြီး စီးကရက်ကို တောက်ထု
ပစ်သည်။ စီးကရက်လိုပါပဲ။ သောက်ပြီးရင် တောက်ထုတ်ရုံပဲ။ တ
တော့ ခြားနားသည်။ စီးကရက်က ဟိုကိုလာပါ၊ ဒီကိုလာပါ
မချိန်း။ သူမတို့က ချိန်းသည်လေ။

"နောကျေတာမှန်ပေမယ့် မင်း မက်ကိုတော့ သွားတွေ့
လိုက်ပါ၊ သူက တကယ်အရေးကြီးနေတဲ့ပုံ၊ ပြီးတော့ မင်း အပိုင်သိမ်း
မယ်လို့ စိတ်ကူးထားတဲ့ မိန်းမတစ်ယောက်ကို တခြားမိန်းမတွေ
ရောမပစ်ဖို့ ငါသတိပေးချင်တယ် မှန်း"

သတိပေးစကားက သူ့ကိုယ်ရှိ အကြောအခြင်တို့ကို တော
သွားစေသည်။ မက်ကို သူ အလေးမထား၍ မဟုတ်။ အလေးထား
လွန်း၍ အလွယ်တကူ မခြေခဲ့။ မက်နှင့်ကျမှ သူ တစ်ခါမှမခံစား
သော ရင်ခုန်ခြင်းတွေ ခံစားရသည်။ ထို့အတွက်ကြောင့် မက်
သူ မတူသော ရင်ဘတ်တစ်နေရာ၌ ထားခဲ့၏။ သို့ပေမယ့် မိန်းမနှ
ပတ်သက်၍ လွယ်လွယ်ရသောပစ္စည်းအား ခပ်လွယ်လွယ်သဘော
ထားချင်သော သူ့စိတ်က မပျောက်။





"အေးပါ ... ငါသွားလိုက်ပါ့မယ်၊ ဒါပေမဲ့ ညနေရိုက်မယ့်
ခိုက်တာက သိပ်ချေးများတာနော်၊ အလုပ်ကိုလည်း လေးစားလွန်း
တယ်၊ မပြောမဆိုနဲ့ ရှုတင်ဖျက်ရင် နောက်နေ့ကို ပြောမဆုံးပေါင်
ဖြစ်မှာ၊ ပြောပြန်ရင်လည်း အလုပ်ကို မလေးစားဘူးကနေ လာ
ကွ ... နားတွေပူထူလာတဲ့ အထိ"

"အဲဒါတွေထားပါ၊ ငါကြည့်ရှင်းမယ်၊ မင်းသာ လေးနာရီ
ရောက် သွားတွေ့လိုက်"

ယံက ဒါပဲပြော၍ အနားက ထွက်သွားပြီ။ သူက အံ့ဩပြီး
င်း အံ့ဩမဆုံး။ ယံဆိုသော လူစားဟာ တော်တန်ရုံကိစ္စကိုပင်
ယချင်သူမဟုတ်။ မမကောင်းတောင် ခင်းဆက်ဆံပုံက အပိုအလို
။ ခပ်တန်းတန်းသာ။ အဲဒီလိုနေနိုင်အောင်လည်း အပြစ်ကင်း
အောင် နေတတ်သည်။ အခုတော့ ကိုယ်ဖျက်ကွက်သည့်ကိစ္စအတွက်
ကောင် တားစာခံလုပ်ပေးတာက ထူးဆန်း၏။ ကဲ ... ကြားဝင်
ပြစ်ခံမည့်သူ ရှိမှတော့ မှန်းဆိုသောကောင်က အနေသာကြီးပေါ့။

*** *** ***

------------------ ။

"မက်ကို လက်ထပ်ပါတော့ ကို"

ဟူသောစကားက ရှေ့၌ရှိသော ကော်ဖီထက်ပင် သွေး



www.burmeseclassic.com

www.burmeseclassic.com



တွေထဲ ခါးသီးစွာ စီးမြောဝင်ရောက်သွား၏။

"မစောလွန်းဘူးလား မက်၊ ဟို … ကိုပြောတာကို တစ်မျိုး မထင်နဲ့နော်၊ အခုအချိန်မှာ ကိုက အတည်တကျ ဘာမှရှိသေးတာ မဟုတ်ဘူး။ အောင်မြင်ကျော်ကြားတာဆိုတာကလည်း ထင်ထား သလောက်အထိ မရောက်သေးဘူးလေ၊ အဲဒီအချိန်မှာ ကိုက လ ထပ်လိုက်ရင် ပရိသတ်အားပေးမှုလည်း လျော့သွားမယ် … ဒါ ပြောတာပါ၊ ကို့အချစ်ကိုတော့ မက် သံသယမဝင်နဲ့၊ မက်ကိုချစ်တာ လက်ထပ်ဖို့အထိ ရည်ရွယ်ပြီး ချစ်ခဲ့တာ"

"ကို့အချစ်စစ်မှန်တယ်ဆိုတာ မက် ခံစားလို့ရပါတယ်၊ ဒါ မဲ့ …"

မက်က စကားကို ခဏရပ်ပြီး စဉ်းစားနေမိသေးသည် အခုချိန်အထိ ဝေခွဲမရ။ အဖြစ်မှန်အတိုင်း ဝန်ခံရအောင် သူမ သ မရှိသေး။ မှားယွင်းခဲ့ပါသည်ဆိုသောအသိထက် ကိုနှင့်ခွဲ၍ တိုင်းတ ပါး ရောက်သွားမည့်အဖြစ်ကို သူမ ခံနိုင်ရည်မရှိပါ။

"ဒါပေမဲ့ ဘာဖြစ်လဲ မက် … ပြောလေ"

"မက် ဒက်ဒီနောက် လိုက်သွားရတော့မယ် ကို"

ကို့မျက်ဝန်းတွေထဲ စိုးရိမ်ခြင်းက လျှပ်တစ်စင်းအလ ဖြတ်ပြေးသွားသည်။

"ဘယ်တော့လဲ မက် … နီးပြီလား"

"ဒီတစ်ပတ်အတွင်း သွားရတော့မှာ ကို"





"မြန်းစားကြီး"

ကို့ဝေဖန်ချက်က မှန်ပါသည်။ ဆက်စပ်တွေးခေါ်ကြည့်က သိနိုင်ပါသည်။ ဒါပေမဲ့ ကိုက ထင်ထားမှာမဟုတ်။ သူ့လို ဗိုလ်တိုင်း ကြိုက်တဲ့ နှင်းဆီခိုင် လူတစ်ယောက်ကို သမီးရှင်က ငြင်းပယ်လိမ့် ည်ဟု ထင်ထားမှာမဟုတ်ပေ။

"ကို့ကို ဟိုတယ်ခေါ်သွားတဲ့ ပြဿနာက စ,တာ"

"ကိုတို့ ချစ်သူတွေဖြစ်နေတာကို သိသွားလို့လား"

"ဟင့်အင်း … အဲဒါသိရင် အခုလိုတောင် တွေ့ရတော့မှာ ဟုတ်ဘူး ကိုရေ … မသိသေးဘူး။ ဒါပေမဲ့ မက်က ကိုနဲ့ခွဲမသွားနိုင် ဘူး"

မက်က ကော်ဖီခွက်တွေကျော်၍ သူ့လက်ခုံကို သူမ လက် ပါးဖြင့် လှမ်းအုပ်ကိုင်ပါသည်။ အထိအတွေ့က နွေးခနဲ။ သူ့ ခေါင်းထဲရှိ အတွေးတွေကလည်း နွေးခနဲပင်။ ဘာဆက်လုပ်သင့်ပါ သနည်း။ စိတ်ရင်းအမှန်က လက်မထပ်ချင်သေး။ လွတ်လပ်စွာနေလို ည်။ သို့ပေမယ့် လက်မထပ်ဘူးလို့ ငြင်းပယ်တာနှင့် မက်က သူနှင့် အဝေးဆုံးနေရာကို လွင့်သွားပေလိမ့်မည်။ မက်စိတ်ကလည်း သူနှင့် အဝေးဆုံး တစ်နေရာမှာ။

ဒါတော့ သူ အဖြစ်မခံနိုင်။ မက်ကို သူ့နှလုံးသားက တခြား သူတွေထက် နေရာပေးသည်။ လိုလားသည်။ ပြီးတော့ မက်ပိုင်ဆိုင် သည့် စည်းစိမ်ဥစ္စာတွေကို သူ လွယ်လင့်တကူ လက်မလွှတ်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



"ကို တွေဝေနေတဲ့အကြောင်းကို မက်သိပါတယ်၊ မက်က တောင်းဆိုရတာလည်း အရမ်းကျပ်တည်းနေလို့ပါ ကို၊ ခဏ အလည် သဘောမျိုးနဲ့ဆို မက် ဘာမှမတောင်းဆိုတော့ဘူး၊ နှုတ်ဆက်တဲ့ အနေနဲ့ပဲ တွေ့ကြမှာ၊ ဒါပေမဲ့ အခုက ခဏအတွက်မဟုတ်ဘူး ကို၊ မက် လိုက်သွားပြီးရင် ဟိုမှာကျောင်းတက်ပြီး ဒက်ဒီလုပ်ငန်းတွေ ဟိုမှာပဲ အခြေချထားတော့ ပြန်လာဖို့မလွယ်တော့ဘူး၊ ကို့ကို အဲ လောက်ထိ အကြာကြီးမခွဲနိုင်ဘူး၊ ကိုဟာ မက်နဲ့ မချစ်သေးခ ကတည်းက စိတ်ကူးထဲက ရူးနေရတဲ့သူပါ ကို၊ ချစ်သူဖြစ်သွားပြီဆို မက် လွယ်လွယ်ကူကူ ကို့ကို မေ့မသွားချင်ဘူး၊ ခွဲမသွားချင်ဘူး"

"ကိုလည်း အဲဒီအတိုင်းပါပဲ မက်ရယ်၊ ဒါပေမဲ့ မချစ် ပြောတာ မဟုတ်ဘူးနော်၊ ပရိသတ်အားပေးမှုဆိုတာ ရှိသေးတော့"

ပရိသတ်ဆိုတာထက် သူက မမကောင်းကို စိုးရိမ်တာပ ဒီအခြေအနေလောက်ဆို မက်မိဘ စိတ်သဘောထားကို သူ ခန့်မှန်း လို့ ရပြီ၊ သူနှင့် ချစ်သူဖြစ်သည်ကိုပင် မသိသေး၊ ဟိုတယ်ခေါ်သွား သောကိစ္စနှင့် နိုင်ငံခြားပို့သည်ဆိုတော့ သဘောတူနိုင်ဖွယ်ရာ အကြောင်း မရှိတော့။

"မက် နားလည်ပါတယ် ကို၊ မက်နဲ့ လက်ထပ်တယ်ဆိုတာ လူသိရှင်ကြားမဟုတ်ရင် ရတာပါပဲ၊ ကိုနဲ့မက်ပဲ နှစ်ဦးသဘောတူ လက်ထပ်ပြီးရင် ဖြစ်တာပဲ၊ ကို့အခက်အခဲကို မက်သဘောပေါက် တယ်၊ မက်ကတော့ ကို့နဲ့မခွဲချင်တာတစ်ခုတည်းပါပဲ၊ ကျန်တာက



…တော့ ထားရာနေ စေရာသွားမယ့်ဘဝပါ ကို"

မက်စကားက သူ့ရင်ကို ကြွေဆင်းသွားစေသည်။သူက …ည်း ဒီလောက်ကြွယ်ဝသော တစ်ဦးတည်းသော သူဌေးသမီးကို …က်မလွှတ်ချင်ပါ။ ထို့ကြောင့်ပင် သူက ...

"ကောင်းပြီလေ၊ ကိုယ်တို့ လက်ထပ်ကြမယ်၊ ဘယ်တော့ …က်ထပ်ကြမလဲ မက်"

"အခု လက်ထပ်ရင် အကောင်းဆုံးပေါ့ ကို၊ မက်ကတော့ ကို့နဲ့အတူတူနေရရင် ပြီးတာပါပဲ"

သူက ချစ်မြတ်နိုးစွာ လက်ဖဝါးလေးကို သူ့လက်နှစ်ဖက်ထဲ …စ်ကျစ်ပါအောင် ထွေးဆုပ်ထားရင်း ...

"အခုချက်ချင်းတော့ ဘယ်ရတော့မလဲ ကလေးမလေးရဲ့၊ …ခုပဲ ငါးနာရီထိုးပြီ၊ တရားရုံးတွေလည်း ပိတ်ပြီ၊ ယှဉ်ကို ဖုန်းဆက်ပြီး …က်ဖြန်လက်ထပ်ဖို့အတွက်နဲ့ နေဖို့ထိုင်ဖို့ စီစဉ်ကြရမယ်"

"နေတာက ကို့အိမ်မှာ မနေရဘူးလားဟင်"

မက်က အရိုးခံနှင့်မေးပေမယ့် သူက မျက်နှာမပျက်အောင် …ည်းထိန်းထားရသည်။ နားထဲ၌လည်း မမကောင်းရဲ့ ရာဇသံကို ကြားယောင်လာသလို။ သို့ပေမယ့် သူက ဟန်ဆောင်ကောင်းသော၊ …ရုပ်ဆောင်ကောင်းသော မင်းသားလေ။

"ကို့အိမ်က ကိုယ်ပိုင်တာမှ မဟုတ်တာဘဲ မက်ရဲ့၊ အဲဒါကို producer ပိုင်တာ၊ သူလည်း သိလို့မဖြစ်ဘူး၊ ကိုယ် အိမ်ထောင်ပြု



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရင် အနုပညာဘက် အားလျော့သွားမှာစိုးလို့တဲ့၊ ကို့ကို တော်

အိမ်ထောင်ပြုစေချင်တာ မဟုတ်ဘူး၊ ပြီးတော့ ကိုယ့်မိန်းမကို ကိုယ်

ပိုင်တဲ့ ငွေကြေးနဲ့ပဲ လက်ထပ်ယူချင်တာ”

ကို့စကားဟာ သူမကို ကြည်နူးမှုပေးစွမ်းနိုင်တာ အတိုင်

အဆမဲ့။ ကိုယ်ကတော့ ယုံဆီ ဖုန်းခေါ်ကာ ...

“ယံ ... ငါတို့လက်ထပ်ကြမလို့”

သူ့အကြောင်းကြားမှုကြောင့် ယံက အလန့်တကြား။

“ဟ ... ဘယ်လိုဖြစ်တာလဲ”

“ဘာမှမေးမနေနဲ့ယံ၊ ငါတို့လောလောဆယ်နေလို့ရအောင်

တိုက်ခန်းတစ်ခန်း ဒီည အပြီးငှားထား၊ အတွင်းအပြင်အဆင် အကု

ပါပလေ့စေနော်၊ ပြီးတော့ မနက်ဖြန်လက်မှတ်ထိုးမယ် ယံ၊ လိုအ

တာတွေ အကုန်စီစဉ်ပေးထား”

“ဟေ့ကောင် ... မမကောင်းကရော”

“အေး ... မင်းနဲ့ ကျင်ဇက်ပဲ သိပလေ့စေ၊ သိုသိုသိပ်သိ

နော် ဟေ့ကောင်”

“ငါသိပါတယ် ... မင်းတို့ဟာကလည်း”

“ဒါပဲ ယံ”

သူက စကားဆက်ရှည်မှာစိုး၍ ဖုန်းအမြန်ပိတ်ရသည်

SAKURA က ညနေပိုင်းမို့ လူရှင်းလို့ တော်ပါသေးသည်။ သူ

မှတ်မိသော လူတွေကလည်း ကွက်ကြည့်ကွက်ကြည့်မို့ ယုံဆီ ဖုန်





ဆက်ရတာတောင် တိုးတိုးတိတ်တိတ်။ သူက ဖုန်းဆက်ပြီးတာနှင့်

မက်လက်ကိုဆွဲ၍ ဆိုင်ထဲမှ ထွက်ခဲ့သည်။ မက်မျက်နှာက လိုအင်

ရသော ကလေးငယ်ပမာ ပြုံးပျော်လို့။ သူ့လက်ကို ဆုပ်ကိုင်ထားရင်း

လက်မောင်း၌ ပါးလေးမှီပြီး ကနွဲ့ကလျလိုက်ကာ ...

“ယံက ဘာပြောသေးလဲ ကို”

“ဒီလိုပါပဲ ... သူ့ထုံးစံအတိုင်း ပစိပစပ်တော့ များချင်သေး

တာပေါ့၊ ကိုယ်က မြန်မြန်ဖုန်းချလိုက်လို့”

“ယံက အဘိုးကြီးအိုလေးအတိုင်းပဲနော် ကို”

“အင်း ... သူက အရာရာကို တွေးခေါ်တတ်တာပေါ့၊ လူကြီး

တစ်ယောက်လိုပဲလေ ... အမြဲနှစ်ဖက်မှုပြီး တွေးပေးတတ်တယ်၊

ကို့ဘဝမှာ သူ့ကြောင့် အမှားတွေအများကြီး မဖြစ်ခဲ့တာပေါ့”

မက်ကတော့ ကားပါကင်နား ရောက်ခါမှ ...

“See you tomorrow ပေါ့နော် ကို ... မနက်ဖြန် မနက်

ကိုးနာရီအတိ၊ မက်တို့ ဒီဆိုင်မှာပဲ ပြန်ဆုံကြမယ်”

“OK မက်၊ ကိုယ် ဒီနေ့ညကို အားလုံးစီစဉ်ထားလိုက်

မယ်”

လို့ သူနှင့်မက် သဘောတူချိန်းဆိုပြီးနောက် လမ်းခွဲခဲ့ကြ

သည်။ သူကတော့ အခုအခြေအနေကို အလွန်အမင်း ကျေနပ်လို့။

သဘောမတူဘူးဆိုလျှင်လည်း ရေငုံနှုတ်ပိတ်နေကြမည်။

သဘောတူပြီဆိုလျှင်လည်း နေ့ချင်းညချင်း မြန်မာပြည်၏ အချမ်း



www.burmeseclassic.com

သာဆုံး သူဌေးကြီး၏ သားသမက်တော်ရမည်။ သိပ်ကောင်းသော အနေအထားပါပေ။ သဘောမတူလို့ စွန့်ပစ်လျှင်လည်း ခဏပေါ့။ တစ်ဦးတည်းသော မျိုးဆက်သစ်ကလေးကို ဘယ်မိဘကများ ကြာရှည်စွာ ပစ်ခွာထားနိုင်ပါမည်နည်း။

ထိုသို့တွေးရင်း မုန်းဟာ နောက်တစ်နေ့မနက်အတွက် အုခပ်ရွှင်ရွှင်ဖြင့် လေတောင် ချွန်မိသေး။

အပိုင်း (၃)

# ထိုနေ့

တစ်နေ့လုံး ယံကတော့ အကျိုးဆောင်တွေနှင့် ဆက်သွယ်။ ရှေ့နေတွေ တရားသူကြီးတွေနှင့် ဆွေးနွေးတိုင်ပင်။ သူ့ကိစ္စ အသိသိပ်ဆုံးဖြစ်အောင် ဖုံးဖုံးဖိဖိလုပ်နှင့် အလုပ်ရှုပ်နေသလောက် သူကတော့ နောက်တစ်နေ့ မင်္ဂလာသတို့သားအဖြစ် စိတ်ကူးယဉ်မဆုံး ရှိရပါသည်။

မိန်းမခိုးတော့ မုန်း။ တကယ့်ကာယကံရှင်ထက် ပင်ပန်းရတာက သူပါ။ မနေ့ညနေ ဖုန်းရကတည်းက သူနှင့်ကျောင်းဝက်ကပြေးလိုက်ရတာ ဖတ်ဖတ်ကိုမောလို့။ အိမ်ခြံမြေအကျိုးဆောင်တွေဆီ နန်းဆက်ရတာနဲ့ ရတော့လည်း အခန်းနေရာသွားကြည့်ဖို့ ကျောင်းဝက်တစ်ယောက်တည်း လွှတ်ရန်မဖြစ်။ မတော် ဒင်းအကြိုက်နှင့်လွဲပါက နှစ်ယောက်စလုံး အပြစ်တင်ခံနေရဦးမည်။ ထို့ကြောင့် သူပါ လိုက်သွားသောအခါ အကျိုးဆောင်ဝန်ထမ်းတွေက နေယံမုန်းအား၍ အမြဲးတပြ ဝိုင်းကြည့်ကြကာ ...

"ကိုနေယံ နေဖို့လားဟင်"

www.burmeseclassic.com



"ကိုနေယံက အမုန်းခြွေနဲ့ အတူနေတာဆို"

"စကေ့ ... သီးသန့်ခွဲနေတယ်ဆိုတော့ ကိုနေယံ လက်ထပ်လိုက်ပြီနဲ့ တူတယ်"

"ဒါနဲ့ အမုန်းခြွေရော မပါလာဘူးလား"

"အော်တို ထိုးပေးခဲ့ပါဦးနော်"

ဟူသော စကားတွေ၊ မေးခွန်းတွေထဲမှာ သူက အင်းမလုပ် အဲမလုပ်။ ဝန်ခံလို့ မဖြစ်၊ ငြင်းဆန်လို့ မဖြစ်သော အနေအထား။ စကားတစ်ခွန်းမှားရင် သတင်းသမားတွေအကြိုက် ဖြစ်သွားနိုင်သည်။ ထို့ကြောင့် ဘာမျှမဖြေဘဲ ကိစ္စပြီးအောင် ဆောင်ရွက်ရ၏။ တိုက်ခန်း စိတ်ကြိုက်ဖြစ်သောအခါ ပရိဘောဂတွေ စီစဉ်ရပြန်သည်။ အသင့်နေနိုင်ရန်အတွက် ပြင်ဆင်ပေးပါလို့ ကိုယ်တော်ချောက အမိန့်ချထားတာကိုး။ ဒါတောင် မင်္ဂလာခုတင်ဆင်သောအချိန်၌ သူက ကျိတ်ကျိတ်တိတ်မျက်ရည်ဝဲရသေးသည်။ လူမသိသော နှမြောစိတ်ကနေ အချစ်သို့ ဘယ်အချိန်က ကူးပြောင်းသွားမှန်း မသိ။

သို့ပေမယ့် သူ အာမခံနိုင်ပါသည်။ ပြောင်းလဲသွားသော သူ့ချစ်ခြင်းတွင် တပ်မက်ခြင်းကင်းသည်။ လောဘရှင်းသည်။ ဒါ နှလုံးသားနှင့်ရင်းသော သစ္စာဖြစ်၏။ ကျင်ဝှက်ကတော့ မနိုင်မနင်း ဖြစ်နေရှာသော သူ့ကိုတစ်လှည့်၊ ပရိဘောဂပစ္စည်းတွေတစ်လှည့် ကြည့်ရင်း ...

"ကိုယ် ... အလုပ်ကြမ်းသမားနှစ်ယောက်လောက်ငှား





လေးဟင်၊ ညှိခန်းမှာထားဖို့ရော၊ ထမင်းစားခန်းနဲ့ အိပ်ခန်း မီးဖိုခန်းတွေဆိုရင် အများကြီးဆင်ရဦးမှာ၊ အချိန်လည်း မရှိတော့ဘူး၊ အမျိုးက အင်အားများများသုံးမှ ဖြစ်မှာ"

"အေးပါ ... ငါသိပါတယ်၊ ဒါပေမဲ့ မုန်းက လူမသိစေနဲ့တဲ့၊ အဲဒီတော့ အပြင်လူတွေ သိလို့မဖြစ်၊ ပေါက်ကြားလို့မဖြစ်ဘူး၊ ငါကိုနေယံဆို သိနေတော့ နေယံက ဒါမျိုးပြင်ဆင်နေတယ်လို့ ပေါက်သွားရင် မမကောင်းက ချက်ကင်လုပ်တော့မယ်၊ အဲဒီအခါကျမှ ငါမဟုတ်ဘဲ မုန်းမုန်းသိသွားရင် အဲဒါ မိုးမီးလောင်မှာ၊ ပြီးသလောက်ပေါ့ကွာ၊ နောက်ပြန် လက်မှတ်ထိုးရင် ညှိခန်းနဲ့ အိပ်ခန်း ... ဒါ အရေးအကြီးဆုံးပဲ၊ အဲဒါတွေပဲ ပြီးသလောက်ဆင်မယ်"

သူပြောတော့လည်း ကျင်ဝှက်က လက်ခံရှာပါသည်။ သူကတော့ အိပ်ခန်းကို စိတ်တိုင်းအကျဆုံး ဆင်ယင်သည်။ သူမလေးကို နှစ်ယောက်တစ်ပြိုင်နက် တွေ့ရတုန်းက သူ့အာရုံထဲ တစ်သက်မမေ့အောင် စွဲထင်သွားသော ရွှေအိုရောင်နှင့် ကားဝါလေး။ ထိုတွေ့စဉ်အချိန်ကို ကိုယ်စားပြု၍ မင်္ဂလာအိပ်ခန်းကို ရွှေအိုရောင် ဖဲမွေ့ယာ။ ရွှေဝါရောင်ခြင်ထောင်၊ ပြတင်းပေါက်ရှိ လိုက်ကာတွေက ရွှေအိုရောင်ပေါ်တ အဖြူရောင်ပန်းပွင့်တွေ ကြဲပက်ထားသော အဆင်ဒီဇိုင်းနှင့်။

သူ့စိတ်ကြိုက် ဆင်ယင်သည်။ နှလုံးသွေးနှင့် ထုံမွှမ်းထားသည်။ ဒီအခန်းဟာ သူ့ချစ်ခြင်းကို အစပြုသောနေရာ။ ပြီးတော့ ဒီနေရာမှာပဲ ချစ်ခြင်းအားလုံး မြုပ်နှံသင်္ဂြိုဟ်ထားသော နှလုံးသား



www.burmeseclassic.com

www.burmeseclassic.com



သူသာန်။ သူ စည်းစောင့်ရမည် ... သူငယ်ချင်း၊ ချစ်သောသူငယ်ချင်း အတွက်။ တိတ်တခိုး သူ့အချစ်တွေကို စွန့်ပစ်ရတာ ရင်နာစရာ ကောင်းပေမယ့် ရင်မကွဲပေ။ ဒါဟာ စွန့်စားမှုတစ်ရပ်လို့ သူက တွေး ထားပါသေးသည်။

စိတ်တိုင်းကျသောအခါ ည ၁၂း၀၀နာရီ ထိုးနေပြီ။ တစ်နေ့ လုံး ပင်ပန်းနွမ်းနယ်ထားသည့်အရှိန်ဖြင့် သူ နှစ်ခြိုက်စွာ အိပ်ရန် ပြင်ချိန်၌ အူရွှင်သော မျက်နှာထားနှင့် အခန်းထဲဝင်လာသူက မုန်း။ မုန်းမျက်နှာသည် ကြည်နူးခြင်း၊ နောက် မျှော်လင့်ခြင်းအရိပ်တွေ ဖျတ်ဖျတ်တောက်လို့။ သူတောင် မုန်းကိုကြည့်၍ ပျော်ရွှင်လာရသည် အထိ။

"အားလုံး အဆင်သင့်ဖြစ်ပြီလား ယံ"

သူက မုန်းရဲ့အပျော်ရိပ်မျက်နှာကိုကြည့်ပြီး ...

"အေး ... ပြီးပါပြီ၊ အိမ်ကတော့ complete မဖြစ်သေး ဘူး။ အရေးကြီးတဲ့ ကဏ္ဍလောက်ပဲ ငါ ဦးစားပေးပြင်ထားတယ်။ မနက်ဖြန်မှပဲ သေချာ အချောသတ်ရမှာပေါ့"

"ရပါတယ်ကွ၊ လောလောဆယ် မနက်ဖြန်နေ့ဖို့ အဆင်ပြေ ရင် ပြီးတာပဲ၊ အရေးကြီးတာက မင်္ဂလာအိပ်ခန်းကွ"

မုန်းက သူ့လက်မောင်းကို လှမ်းထိုးရင်း ဆိုသည်။ သူသည် အမုန်းရဲ့အပျော်တွေ၊ ရင်ခုန်သံတွေကို ဟင်းလင်းဖွင့်၍ထားသော ရင်ဘတ်တစ်ခုအား တွဲမြင်ရသလို ကျေနပ်လာရ၏။ မုန်းပျော်လျှင်





သူ ပင်ပန်းရက်ကျိုးနပ်ပါသည်။

*** *** ***

--------------------------------- ။

မိုးလင်းကတည်းက ယံ့ကိုမတွေ့။ သူ အိပ်ရာထ နောက်ကျ တာလည်း ပါမည်။ ညက မုန်းဟာ ကြည်နူးရွှင်ပျခြင်း အတော် များများဖြင့် ညည့်နက်မှ အိပ်ရာဝင်ခဲ့ခြင်းဖြစ်သည်။ မနက်ကို နိုး တော့ ၈း၀၀။ အခါတိုင်းနေ့များရဲ့ အချိန်ဇယားအရဆို စောသည်ဟု ဆိုရပေမယ့် ဒီနေ့က အခါတိုင်းနေ့လို မဟုတ်။ သူ့ရဲ့မင်္ဂလာနေ့။ မင်္ဂလာယူရမည့်နေ့။ ကျင်ဝှက်ကတော့ သူ့အား လိုအပ်တာတွေ ပြင် ဆင်ပေးရန် အခန်းထဲသို့ ရောက်လာ၏။

"ယံရော"

"အစောကြီးကတည်းက ဆရာတို့အတွက် စီစဉ်ထားတဲ့ ဆိုက်ခန်းကိုသွားပြီ ဆရာ၊ တရားသူကြီးတွေကို ကိုးနာရီခွဲချိန်းထား ထားတဲ့၊ ဆရာတို့ကို နောက်မကျအောင် လာခဲ့ပါလို့ မှာသွားတယ်၊ ဘုန်းတော်က ဆရာတို့နှစ်ယောက်ကို ပို့ပေးဖို့ထားခဲ့တာ"

"ရတယ် ... ငါ့အတွက်မလိုဘူး။ မင်းသာ ယံ့ကိုကူညီဖို့ သွားတော့"

ဟု သူက အမိန့်ထုတ်။ သတို့သားလောင်းတစ်ယောက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ကိုက်ညီအောင် အပြာနုပေါ် အဖြူရောင် လိုင်းပါးပါးပါသော ရှပ်လက်ရှည်။ စတိုင်ပင်နီအနက်ရောင်တို့ကို ဝတ်ဆင်ပြီး မက်နှင့် ချိန်းဆိုထားသော SAKURA ရဲ့ ကားပါကင်ဆီ။ ရင်ခုန်သံက လိပ်ပြာတစ်ကောင် တောင်ပံခတ်သည့်အလား လူးလွန့်လှုပ်ခါလို့၊ ချစ်ရသူကို အဝေးမှပင် ထင်ရှားစွာတွေ့ရသည်။ ထွန်းလင်းနေသော နေမင်းနှင့် အပြိုင် အပြာရင့်ရောင် တစ်ဆက်တည်းဂါဝန်လက်ပြတ်။ ရင်ဘတ်၌ ငွေခြည်ထိုးဒီဇိုင်း ပန်းနွယ်အခက်တွေက ဖျပ်ဖျပ်လက်လို့၊ အပြာရင့်ရောင် Tico ကားကို နွဲ့နွဲ့လေးမှီရပ်သော သူမအပြုံးကလည်း ပြုံးပြက်လင်းလက်စွာ။

"မောနင်း ... မက်"

မက်သည် ဖြူမြင့်သောအရပ်အမောင်းနှင့် အပြာရောင်သမ်းသော မျက်မှန်လေးထောင့်တပ်ထားသော ကို့အား ချစ်မြတ်နိုးစွာ ငေးကြည့်နေမိပါသည်။

"အဆင်သင့်ပဲလား မက်"

"အဟင်း ... ဘာကိုမေးတာလဲ ကို"

"ကိုယ့်နောက် လိုက်ဖို့လေ"

ကိုက ပြုံးစစမေးသောအခါ မက်ရင်သည် ထိန်းမရအောင် ဗရမ်းဗတာ။ ချစ်ရသူရဲ့ ရင်ခွင်ကို ခိုလှုံရမည့်အရေးအတွက် အဘယ်မိန်းမ ရင်မခုန်ဘဲ ရှိပါမည်နည်း။ ကိုက သူမလက်ကို ဖွဖွဆွဲ၍ —

"သွားကြစို့ မက်၊ ကိုယ်တို့ကို အိမ်အသစ်လေးနဲ့ တရား





ချကြီးတွေက စောင့်နေကြလိမ့်မယ်၊ ဖေဖေ ... အိမ်ကိုရော အကြောင်းကြားပြီးပြီလား"

မက်က ကားဒက်ရှ်ဘုတ်ပေါ်က စာရွက်အဖြူခေါက်လေး ညွှန်ပြသည်။

"မက် ချစ်တဲ့သူနောက် လိုက်သွားပြီလို့ ရေးထားတာ၊ အခုကစပြီး ကိုက မက်ရဲ့အိမ်ထောင်ဦးစီး ဖြစ်သွားပြီနော်၊ မက်ကို အေးရာရာ ဦးဆောင်ရတော့မှာ"

သူမလေးက နှုတ်ခမ်းစူစူလေးဖြင့် သူ့ဘေး၌ဝင်ထိုင်ကာ နှာလေးမော့ပြီး ပြောပါသည်။ ဒါကိုပဲ သူက အသည်းတယားဖြင့် မေးဖျားလေးဆွဲခါ၍ သူမ မျက်နှာလေးကို သူနှင့်နီးကပ်အောင် ဆွဲယူပစ်ကာ နီမြန်းမြန်းနှုတ်ခမ်းလေးအား ခပ်ကြာကြာ နမ်းမိသည်။ နူးညံ့သော၊ နွေးထွေးသော အိစက်၍ မက်မပြေသော ချစ်ခြင်းအရသာသည် နှလုံးသားမှ တစိမ့်စိမ့်ထိုးဖောက်စီးသွားတော့ ...။

*** *** ***

────────── ။

လက်မှတ်ထိုးပွဲသည် သူစီစဉ်ပေးထား၍ ဘာအလွဲအချော်မှ မရှိဘဲ ပြီးဆုံးသွားခဲ့ပါသည်။ မှန်းတို့ လက်မှတ်ထိုးပြီးသော အချိန်



www.burmeseclassic.com

www.burmeseclassic.com



အားဖြင့် နံနက် ဆယ်နာရီ။ မုန်းက သူမလက်ကို ဖွဖွအုပ်မိုးကိုင်
သူမနှင့် နဖူးချင်းထိကပ်ထားရင်း ...

"ရွှေအိပ်မက်ဟု အမည်ရသော ဤအမျိုးသမီးလေးသ
အမုန်းခြွေဟု အမည်ရသော ကျွန်ုပ်အား သက်ဆုံးတိုင် ချစ်ခင်မြ
နိုးနိုင်ပါစေသော်ဝ်"

... ဟု ခပ်ကျယ်ကျယ် ဟစ်ကြွေးပြီးသောအခါ သူမတို့နှ
ပေါ်သို့ ရွှီးခနဲအသံပေး၍ ရှန်ပိန်ပုလင်းထဲမှ ရှန်ပိန်တွေက မွှေစာ
ထွက်ကျလာပြီး ...

"ဒီလင်ဒီမယား အိုအောင်မင်းအောင် ပေါင်းသင်းကြ
စေ"

ဟု ယံနှင့် ကျင်ဝှက်က သံပြိုင်ဆုတောင်းပေးကြလေသ
"ကဲ ... ဒီမှာ မင်္ဂလာညှေ့ခံပွဲလုပ်မယ်၊ စားစရာသော
စရာ ဘာဝယ်ထားလဲ"

ကိုက မေးသည်။ သူမကတော့ ကို သိုင်းဖက်ထားသေ
ရင်ခွင်ထဲ ငြိမ်ငြိမ်လေးနေ၍ အရာရာကို ကြည်နူးပျော်ရွှင်ခြင်းမျာ
ခံစားလျက်ရှိသည်။ ချစ်သောသူ၏ ရင်ခွင်သည် ဘယ်အရာနှင့်
နှိုင်းယှဉ်မရအောင် ငြိမ်းချမ်းအေးမြသည်ဆိုတာ သူမ လက်တွေ
ခံစားရပြီ ဖြစ်သည်။

"စားစရာကတော့ ခေါက်ဆွဲပြုတ်ပဲ ရှိတယ်၊ သောက်စ
ဘီယာတော့ အပြည့်ပဲ"





"ဟွန်း ... ကိုနော် ... ဘီယာမသောက်ပါနဲ့၊ ဘီယာဆိုတာ
အယ်လ်ကိုဟောလ်ပါတာပဲ ... မကြိုက်ပါဘူး"

သူမက ရှုတ္တူတူမျက်နှာပေးနှင့် ပြောသောအခါ ယံက အား
တရ ပြုံးလေသည်။ ယံ့အပြုံးက ခင်မင်နှစ်လိုခြင်းအပြည့်။

"ကောင်းတယ်မုန်း ... မင်းတော့ ခြေချုပ်မိပြီ၊ မင်းကို
ဒီလို ထိန်းသိမ်းနိုင်တဲ့လူ တောင့်တနေတာ အခုမှပဲ ပြည့်တော့
တယ်၊ ဘီယာတင် မကဘူးမက် ... ဒီကောင့်ကို စီးကရက်ပါ ဖြတ်
ခိုင်း"

"ယံ ... မင်း ငါ့ကိုကြပ်ပြီ"

ကိုက ထအော်၏။ ပြီးတော့ အားမလိုအားမရဖြစ်စွာနှင့်
ယံ့ပခုံးစွန်းကို လက်သီးဖြင့် ဖွဖွလှမ်းထိုးသည်။ ဒါကိုပင် ယံက ရှောင်
တွင်ရပါရက်နဲ့ အသာအထိခံရင်း ...

"ကြပ်တာမဟုတ်ဘူး၊ မင်း ကောင်းစေချင်လို့ပါ၊ ဒါကို မင်း
မုန်းရင်လည်း ခုနက ထိုးချက်လိုပဲ မင်းအမုန်းကို ငါမရှောင်ဘဲ
ခံကိုက်မယ်"

ယံ့စကားက လေးနက်သောကြောင့် သူမရော ကိုပါ အငိုင်
သွားသည်။ ယံက ကို့အား ရီဝေစွာငေးရင်းပြောသည်။ ယံ့အသွင်က
ညှိုးမော့ဖွယ်အတိ။

"မင်းနဲ့ငါနဲ့က စိတ်တူကိုယ်တူဆိုပေမယ့် မင်းအလိုလို
ကြိုက်ဆောင်ခဲ့လို့ အခုလောက်အထိ တွဲလက်မြဲနေတာပါ မုန်း



www.burmeseclassic.com

www.burmeseclassic.com



မင်းစိတ်ကို ငါအသိဆုံးပါ၊ ဒါပေမဲ့ မက်ကိုတော့ မင်း အဲဒီလိုဆက်... လို့ မရဘူးနော်၊ သူက မင်းရဲ့ ဇနီးမယား ... ဒါကို မင်းသိမှာပါ"

"ငါ သိပါတယ်"

အတိုင်အဖောက်ညီနေသော ဒီသူငယ်ချင်းနှစ်ယော... ကြားမှာ မက်က ယောင်ချာချာ။ သူတို့ပြောသော စကားတွေဟ... အဓိပ္ပာယ်တစ်မျိုးမျိုးကို ရည်ညွှန်းနေသယောင်။ သူမက ထိုသို့... ပက္ခဖြစ်နေချိန်မှာပဲ ...

"ဆရာ ... ဒါရိုက်တာဦးကြည်ရဲ့ ဖုန်းပါ"

"အေး ... ပေး"

ကိုက ဖုန်းကိုင်ကာ နားထောင်နေပြီးမှ ...

"ကောင်းပါပြီဆရာ၊ ဆယ့်တစ်နာရီစမှာလား၊ ဟုတ်ကဲ့ ... ဒီမနက်ပိုင်း ဘာမှမရှိပါဘူး၊ ညကျမှ ရှုတင်က၊ အစားရိုက်ပေ... မှာပေါ့ ... ဟုတ်ကဲ့ဆရာ"

ဖုန်းပိတ်တာနှင့် သူမက စကားအသွားအလာကို သဲသေ... ပေါက်ပြီးသား။ ထို့ကြောင့် ကို့ခါးကို တင်းနေအောင် ဖက်ထား... သည်။ ကိုက အလိုက်တသိနှင့် သူမပါးလေးကို မနာအောင် ခပ်ဖွ... ဆွဲလိမ်ရင်း ...

"မနေ့က ညနေ လေးနာရီအတွက် ဖျက်ခဲ့တဲ့ရှုတင်ကိုး... အစားပြန်ပေးရလိမ့်မယ် မက်၊ ကိုကို နားလည်ပေးတယ်မဟုတ်... လားဟင်"





ကိုက ခယသလို နူးညံ့စွာပြောတော့ သူမ တင်းမခံနိုင်။ ...အိမ်ထောင်ဦးစကိုက အားနွဲ့သူ။ မိဘအရိပ်ကခွာပြီး ဒီယောကျ်ား ...ခွင်မှာ ခိုရသည့် ပထမဆုံးနေ့အတွက် သူမက အနားမခွာဘဲ ...ချင်သည်။ သို့ပေမယ့်လို့ ဖွင့်မပြောရက်။ သူမကြောင့် ကို ...တွေ့ မှာကို မလိုလား။ ထို့ကြောင့် မက်က ငိုချင်သောမျက် ...နှင့် ပြုံးရိပ်ဆင်ရင်း ...

"သွားလေ ကို၊ ရပါတယ်၊ မက် နေတတ်တယ်၊ မက် ဘာ ...ဖြင့်ဆင်ပေးရဦးမလဲဟင်"

"ရတယ် မက်၊ အိမ်ပြန်ရဦးမှာ၊ ကျင်ဖွက်ပြင်ပေးလိမ့်မယ်၊ ...ညကျမှ ပြန်ခဲ့မယ်နော်"

ဟုဆိုကာ သူမနဖူးကို ဖွဖွလေးငုံ့နမ်းတော့ ယံက သတင်း... ကြီးနှင့် မျက်နှာကွယ်ရသည်။ စိတ်ထဲမှလည်း ဒီကောင် ရဲတင်း ...ပြီလို့ ဒေါသထွက်မိ၏။ ချစ်တာ ချစ်ပေါ့။ အခု လူသူရှေ့မရှောင်။ ...စိတ်ထဲမှ ဝေဖန်ပြီးမှ သတင်းစာ ခွာရသည်။ မုန်းကတော့ ...ဖြစ်ကို မသိ။

"ယံ"

"ပြော"

သူဖြေသံက ဘုဆတ်ဆတ်ရယ်။ ကျေမှမကျေနပ်တာကိုး။

"ဒီမှာ မင်းနေပေးလိုက်"

မိန်းနှုတ်က ထွက်ကျလာသည့်စကားက မယုံနိုင်စရာ။



www.burmeseclassic.com

www.burmeseclassic.com



သူက ဖျတ်ခနဲ မျက်လွှာပင့်အကြည့် ...

"ငါနဲ့မင်းပါ ထွက်သွားရင် အိမ်မှာ မက်တစ်ယောက်တည်း ကျန်ခဲ့မှာ ... ပျင်းရောပေ့ါ၊ ဒီမနက်ရော ညပိုင်းမှာ မင်းအခန်း ရိုက် စရာမှ မပါတာ၊ ပြီးတော့ အတွင်းဘက် decoration တွေ ရှိသေး တယ်လေ၊ မက် စိတ်ကြိုက်မေးပြီး မင်း ကူပြင်ဆင်ထားလိုက်၊ ည ငါပြန်လာမှ မင်းပြန်ပေ့ါ"

သူက ယောက်ျားကြီးတန်မဲ့ မျက်စောင်းလှမ်းထိုးကာ ...

"ပထမက ခိုင်းဖတ်၊ ဒုတိယက ကင်းစောင့်၊ တတိယကျရင် လက်သည်ဖြစ်ပြီး စတုတ္ထကျရင် ကလေးပါထိန်းရဦးမလား မသိဘူး"

လို့ သူကပြောတော့ မုန်းက တဟားဟားထရယ်သည်။ ကျင်ဝှက်က ပြုံးစေ့စေ့နှင့် ...

"အဲဒါ တစ်ဆင့်ချင်းစီ ရာထူးတိုးတာပေ့ါ ဆရာသမားရယ်" တဲ့လေ။ အားလုံး လမ်းခွဲခါနီး နှုတ်ဆက်တော့ ရယ်ရယ်မောမော။ သံက သူ့ရဲ့ပန်းကလေးဆီ အကြည့်ရောက်သွားသည်။ အချစ်ဖြင့် စိုလူးထားသော ပန်းကလေးသည် အရင်အချိန်ထက် နှစ်ဆတိုး နုပျို နေကြောင်း သူ စိတ်ချမ်းမြေ့စွာ တွေ့မြင်ရပါသည်။ ဒီအတွက် သူ လည်း စိတ်ချမ်းသာရသည်။ မုန်းနှင့် ကျင်ဝှက် ထွက်သွားသောအခါ တိုက်ခန်းက ရုတ်ခြည်းငြိမ်ကျသွား၏။ ဒါကို အသက်ဝင်အောင် လုပ် ရမှာက သူ့တာဝန်။

"လောလောဆယ် အိပ်ခန်းနဲ့ဧည့်ခန်း အပြင်အဆင် ကြိုက်





သား မက်"

သူ့မေးခွန်းကို ရှိုးတိုးရှန့်တန့်ဖြစ်နေသော မက်က အသာ ခေါင်းညိတ်ပြပါသည်။ အင်း ... ဒါလောက်နဲ့တော့ မဟုတ်သေးဘူး။ တာဝန်က မက်တစ်ယောက် သူ့အပေါ် စိတ်လက်ကြည်သာစွာ ဆံနိုင်ရေးပါဖြစ်သည်ဟု ကိုယ့်ကိုယ်ကိုယ် တာဝန်ပေးပစ်လိုက် သူက ပန်းကလေး ညှိုးနွမ်းနေခြင်းကို မကြိုက်၊ ထာဝစဉ် လန်း စေချင်သူလေ။

"ကြည့်ကြည့်ပါဦး မက်၊ တခြားဘာတွေလိုသလဲဆိုတာ၊ ခန်းထဲမှာတော့ ရေခဲသေတ္တာထဲ လိုအပ်မယ်ထင်တာတွေ ထည့် တယ်၊ အဝတ်လျှော်စက်ကတော့ ဒီနေ့ မှာထားတယ်လေ၊ သိပ် ခင် လာပို့လိမ့်မယ် ထင်တယ်"

"ယံ"

သူ့ကြိုးစားမှု အရာထင်ပါသည်။ မက်ထံမှ တုံ့ပြန်ခေါ်သံ ပေါ်လာပြီကိုး။

"ပြောလေ မက် ... ဘာပြောချင်လို့လဲ"

"အင်း ... မက် သူ့နောက်လိုက်လာတာ မုန်းသလား ,မှား ား ဟင်"

သူ့ရင်က တစ်ချက်လှုပ်ယမ်းသွားသည်။ ပြင်းပြင်းထန်ထန် သိပ်မှားတာပေ့ါမက်ရယ်လို့လည်း ပွဲတင်ထပ်မှု ရင်ထဲ၌ သူ ဟစ်နေမိသည်။ မုန်းအကြောင်း အတွင်းသိ အစင်းသိရုံသည်



www.burmeseclassic.com

www.burmeseclassic.com



ထင်ရှားခဲ့သော သူဟာ မက်နှင့်ပတ်သက်၍ မုန်းကို အရင်က နည်းလမ်းတွေအတိုင်း မပြုမူရန် အချိန်တိုင်းလိုလို သတိပေးခဲ့ရသည်။ နောက်ထပ်လည်း သတိပေးနေရဦးမည်။ ဝန်းကလေးရဲ့အနာဂတ်ကို ထိန်းသိမ်းစောင့်ရှောက်ရာလည်း မည်ပါသည်။

"မက် နောင်တရနေတာလား"

"ဟင့်အင်း ... အဲဒီလိုကြီးတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ဘယ်သူ့ကိုမှမတိုင်ပင်ဘဲ လုပ်ရတဲ့ကိစ္စတစ်ခုအတွက် မှားသလား၊ မှန်သလား သိချင်လို့ပါ"

ဒါ ပထမဆုံးအနေဖြင့် သူမက ယုံထံမှ ဝေဖန်ချက်စကားကြားချင်မိတာပါ။ နဂိုတုန်းကတော့ ကြားရမှာစိုး၍ ရှောင်ဖယ်မိသူ။ သူမ စိတ်ထဲထင်မြင်ယူဆထားမိတာက ယံဟာ ဘယ်အရာမဆို တရားမျှတစွာ တွေးတတ်သူ။ အတွေးကို မှန်ကန်စွာ စဉ်းစားတွေးခေါ်တတ်သူ ဆိုပြီးတော့လေ။ မေးခွန်းဆုံးတော့ ယံက ပြုံးသည်။ သို့ပေမယ့် သိပ်ပီပြင်မှုမရှိ။

"မှန်တယ်လို့ပဲ ထားပါမက်၊ ဒီအချိန်မှာ အမှားတွေအကြောင်း မတွေးဘဲ မေ့ထားလိုက်တာ အကောင်းဆုံးပါပဲ၊ ကဲ ... ကျွန်တော်တို့ အိမ်တွင်းပိုင်းအပြင်အဆင် စရအောင်၊ ထမင်းဟင်းချက်ဖို့ အစီအစဉ်လည်း ရှိသေးတယ်လေ၊ ကျွန်တော် ရေခဲသေတ္တာထဲမှာ အရသာကောင်းမယ့် ဟင်းရံတွေ ဝယ်ထည့်ထားတယ်"

သူက ပြောပြောဆိုဆို မက်ကို ဦးဆောင်၍ အရှေ့မှ ထွက်





သွားတော့ သူမလည်း နောက်က လိုက်ရသည်ပေါ့။ ရေခဲသေတ္တာကိုဖွင့်တော့ အထဲ၌ ပုစွန်တုပ်နှင့် ကြက်တစ်ကောင်ကို တွေ့ရသည်။ ကြက်က တကယ့်ခြေလက်ဖြတ်တောက်ပြီးသား၊ အမွေးအမှျင် သန့်စင်ပြီးသားပါ။ ပြီးတော့ အကွင်းလိုက် အသင့်လှီးထားသော ငါးတွေ။

"ပုစွန်တုပ်ကြိုက်လား မက်"

"အင်း ... အကြိုက်ဆုံးအစားအစာထဲမှာ ပါတယ်လေ"

မက်က ခပ်ရွှင်ရွှင်ကလေး ဖြေသည်။ အရာရာကို တည်ငြိမ်ခြင်း စနစ်ကျခြင်းတွေနှင့် ဖြေရှင်းတတ်သော ယံ၌ သေချာပေါင်းကြည့်သောအခါ အကြည်ဓာတ်လေးတစ်မျိုး ကိန်းဝပ်နေကြောင်း သူမ သိလာရသည်။

"ကောင်းပြီ ... ဒါဆို ပုစွန်တုပ်ဆီပြန်၊ အအီပြေ ချဉ်ပေါင်ဟင်းကို ရေတ်သီးစိမ်းများများနဲ့ ချက်မယ်၊ အရွက်က လောလောဆယ် ကန်စွန်းရွက်ပဲ ရှိတယ်၊ ပလိန်းကြော်ပေးမယ် ... ရပြီလားမက်၊ နောက်ထပ် စားချင်တာရှိလည်း ပြော၊ ဟိုဘက်အကွေ့လေးမှာ Orange ဆိုင်တစ်ဆိုင် ရှိတယ်၊ အဲဒီမှာ လိုချင်တာတွေ ရနိုင်တယ်သော"

"ရပါပြီ ... ဟင်းက အရမ်းပြည့်စုံနေပြီပဲလို့၊ ချက်မယ့်လူ ဘတ်ရှာပဲ စောင့်ကြည့်ရတော့မယ်"

ဟု သူမ ဆိုတာကို သူက ပြုံးပြုံးလေးနာခံရင်း ခါးစည်းအဝတ်ကို ပတ်သည်။ လက်နှစ်ဖက်၌ ရာဘာအပျော့စား လက်အိတ်



www.burmeseclassic.com

www.burmeseclassic.com



ကို စွပ်ကာ သားငါးတွေကို စတင်ကိုင်တွယ်တော့သည်။ သူမကို ဘာမှမလုပ်စေရ။ အနားၶ့ထိုင်၍သာ အားပေးကြည့်ရှုရသည်။ မက်သည် သူ၏ ကျွမ်းကျင်မှု၊ ပါးနပ်လိမ္မာမှုတို့ကိုကြည့်ပြီး ရင်သပ်ရှုမောဖြစ်ရ၏။ သိပ်တော်ပါလားလို့ နှုတ်မှ ဖွင့်ထုတ်ချီးမွမ်းလျှင် ပေါ့တန်သွားမည်စိုး၍ ရင်ထဲက အကြိမ်ကြိမ်အခါခါ ရေရွတ်ရသည်။ တစ်ခဏအတွင်းမှာပင် သူ့ကျွမ်းကျင်မှုကြောင့် စားချင်စဖွယ်ဖြစ်လာသော ဟင်းလျာတွေကို ကြည့်ပြီး သူမက မယုံနိုင်လောက်အောင်ဖြစ်ရကာ ...

"ဝါး ... သိပ်တော်တဲ့လူပါလား၊ ယံက မီးဖိုချောင်ကိစ္စတွေ အကုန် ကျွမ်းကျွမ်းကျင်ကျင် လုပ်တတ်တယ်နော်"

"လုပ်တတ်ဆို ကျွန်တော့်ဆရာက ကျင်ဝှက်လေ မက်ရဲ့၊ အားရင် အားသလို ကျွန်တော်က မီးဖိုခန်းထဲဝင်ပြီး သူချက်သမျှ ဘေးက ထိုင်ကြည့်တယ်၊ ကူလုပ်ပေးတယ်၊ နောက် ကြာတော့ ကျွန်တော်တောင် ချက်တတ်တဲ့အဆင့်အထိ တိုးတက်လာတာ၊ အိမ်မှာလည်း အခုနောက်ပိုင်း ကျွန်တော့်လက်ရာပဲ အစားရများတယ်ဗျ၊ ဝါသနာလည်း ပါတာကိုး"

သူက ချက်ပြီးသား ဟင်းခွက်တွေကို ပန်းကန်တွေထဲ လှပအောင် စီရီထည့်သည်။ သူ့လက်ကထွက်သော ဟင်းလျာတွေက လူကို စိတ်နှစ်တွေ ထွက်ပေါ်စေသည်။ တစ်မျိုးက သွားရည်ကျခြင်းဖြစ်ပြီး နောက်တစ်မျိုးကတော့ စားပစ်ရမှာကို နှမြောတသခြင်း





ဖြစ်သည်။ သူက ဟင်းလျာတွေ စားပွဲပေါ် ချ၊ ပန်းကန်တွေချ၍ ထမင်းအုပ်ပါချကာ အသင့်ခူးခပ်စားနိုင်ရန် ပြင်ဆင်ပေးထားသည်။

"ဪ ... မေ့နေလိုက်တာ၊ အချိုပွဲ ပြင်ရဦးမယ်"

ဟု သူက တစ်ယောက်တည်းဆိုကာ ရေခဲသေတ္တာထဲက နံ့သီးတွေ၊ စပျစ်သီးတွေ ထုတ်ယူလာပြီး ထမင်းစားပွဲပေါ်တင်ကာ ကျနန အခွံခွာခြင်း၊ စိတ်ခြမ်းခြင်း၊ စပျစ်နိုင်မှ တစ်လုံးချင်းစီ ခြွေချ၍ အသင့်စားနိုင်အောင် စီရရီချခြင်းများ ပြုလုပ်လေသည်။ သူ့လှုပ်ရှားခြင်းတွေကို သူမက ငေးမောကြည့်ရင်း အရပ်အမောင်းကအစ ဆံပင်ပုံစံ၊ ခန္ဓာကိုယ်ဖွဲ့စည်းပုံနှင့်တကွ လှုပ်ရှားဟန်တွေပါ ကိုနှင့်တူသောအခါ ရင်ဘတ်ထဲက ကို့အား ပြင်းပြစွာ လွမ်းဆွတ်လာရသည်။

မျက်နှာလေးတစ်ခုသာ ကွာခြားသော သူသည် ကိုနှင့် စိတ်နှင်းဆိုင်ရာ ရင်ခုန်နှုန်းတို့သည်လည်း ကွာခြားမည်ဖြစ်ကြောင်း တွေ့ဆုံရသော ဒီတစ်မနက်တာလေး၌ တွေ့ရပါပြီ။ သူက ဘယ်လောက်ဆို လေးနက်သလောက် ကိုကတော့ ဟာဆိတ် ပေါ့တန်လွန်းသည်ဟု ထင်ပါသည်။

"ကဲ ... စားလို့ရပါပြီ မက်ခင်ဗျား"

ဟု သူက ကြေညာပြီး ဘေးနားက ယပ်တောင်တစ်ချောင်းနှင့် စောင့်နေတာမို့ မက်ကပင် အူတိအူကြောင်ဖြစ်သွားရပြီး ...

"ဘာလုပ်တာလဲ ဟင်"

"ဪ ... ခြင်တွေ ယင်တွေ မလာနိုင်အောင် မောင်းပေး



www.burmeseclassic.com

www.burmeseclassic.com



မလို့လေ"

"အို ... မဟုတ်တာ ... ယံကလည်း အဲဒီလိုမလုပ်ပါနဲ့လာ ... တစ်ခါတည်းဝင်စားပါ"

"စားပါ မက်ရဲ့ ... ကျွန်တော် မဆာသေးလို့ပါ"

"ယံ"

သူမက သံပြတ်နှင့်ခေါ်တော့ ယံ့မှိုစိတ်က ခပ်ပျာပျာဖြစ်သွားသည်။

"ဒါ ဘာသဘောလဲ၊ စားဖို့ချက်ပေး၊ ပြင်ဆင်ပေးပြီးမှ ရှင်က မစားဘူးဆိုတော့ ဒါ ကျွန်မကို သက်သက်ရှုံ့နေတဲ့သဘောပေါ့ ... ဟုတ်လား ယံ၊ တစ်အိမ်ထဲမှာမှ ဒီလူလေး စိစိစိပေါက်ပေါက်နှစ်ယောက်တည်းရှိတဲ့ဥစ္စာ၊ ကဲ ... လာပါ ယံရယ် ... ကတ်ကတ်သတ်သတ်တွေ လုပ်မနေပါနဲ့"

သူ့အား နှုတ်က ခေါ်လည်းခေါ်၊ ပန်းကန်ထဲ ထမင်းခူးခပ်ထည့်၊ ပြီးတော့ ခုံပါ တစ်ပါတည်း ဆွဲထုတ်ထိုင်စေသော သူမကို ထူးဆန်းစွာ၊ ရင်ခုန်စွာ သူက ငေးမောနေမိသည်။ ချစ်သော မိန်းကလေး တစ်ယောက်နှင့် အတူတကွ လက်ဆုံစားရသော အခွင့်အရေးကို ဘယ်လိုလူက မကြိုက်ဘဲ ခံနိုင်မှာတဲ့တုံး။ သူက ဖောင့်စရာစည်းတွေရှိလို့ ထိန်းချုပ်ထားရပေမယ့် သတိကင်းလွတ်သော မသိစိတ်က အဲဒီအထဲမှာ မကြာခဏ သာယာချင်သည်။

သူမလေးက ပုစွန်တုပ်အကောင်ကြီးကြီးကိုခပ်၍ သူ့ထံ





ဦးချတော့ ရင်ထဲက ဒုတ်ခနဲတစ်ချက်မြည်၍ နှလုံးသားက အတွင်းရင်ဘတ်ကို လာတိုးဝှေ့နေသယောင် ခံစားရသည်။

"မုန်းရော အခုလိုပဲ ချက်တတ်သလားဟင် ...ယံ"

မုန်းဟူသောအမည်ကြားရသောအခါ အတွင်း၌ ထိန်းမရအောင် ကဆုန်ပေါက်လျက်ရှိသော နှလုံးသားလေးက တိခနဲငြိမ်ကျသွား၏။

"ဟင့်အင်း ... မချက်တတ်ဘူး မက်၊ ဒီကောင်က သူ့အလုပ်တွေနဲ့သူတောင် မနိုင်လို့ အခု ကျွန်တော်ကလုပ်ပေးနေရတာကိုကြည့်ပါလား။ နာမည်ရဖို့ကြိုးစားနေတဲ့လူဟာ ပိုပြီးတာဝန်ကြီးတယ်မက်ရဲ့၊ ပြီးတော့ သူက အနုပညာသည်လေ၊ အရွယ်လေးရှိတုန်းသူ့အောင်မြင်မှုကို အစွမ်းကုန် ကြိုးစားယူပါစေ၊ တစ်ခါတစ်ခါ နားလည်ရခက်တဲ့ အနုပညာသည်ဘဝကို မက်ကတော့ မဖြစ်ဖြစ်တဲ့နည်းနဲ့ နားလည်မှုအကြီးစားတစ်ခု ပေးရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ မက်က အနုပညာသည်ရဲ့ ဇနီးမယားလေ"

သူက ပြောသောအခါ မက်က သငေ... ...ဖြစ်သွားရပြီး ယောင်ယောင်လေး ပြုံးမိပါသည်။ ပြီးမှ ...

"ယံက အချက်အပြုတ်တော်တဲ့ စားဖိုမှူးတင်မကဘူး ငြိမ်းချမ်းရေးအတွက် စကားကြွယ်တဲ့သံတမန်မျိုး ဖြစ်နေပြီ။ မုန်းရေ ယံ့လိုသူငယ်ချင်းကောင်း ရထားတဲ့အတွက် သိပ်ကျေနပ်စရာကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



လှိုက်လှိုက်လှဲလှဲပြောမိခြင်းပါ။ ဘာပဲဖြစ်ဖြစ် ထိုနေ့ အသစ်စက်စက် သတို့သမီးဟာ သတို့သားမဟုတ်သော လူတ ယောက်က အပြုအစု အလုပ်အကျွေးများဖြင့် ရှိနေခဲ့သည်ဆိုက ယုံနိုင်စရာရှိမည် မထင်။ သို့သော် တကယ်ဖြစ်ခဲ့တာပင်တည်း။

## အပိုင်း (၃)

ထို ညက မုန်း ပြန်မလာခဲ့ပေ။ ရှတင်က ဆယ်နာရီ လောက်၌ ဖြုတ်မည်ဆိုတာ သူသိထားပေမယ့် မုန်းက ည တစ်နာရီ ကျော်သည်အထိ မရောက်လာခဲ့။ မက်ကလည်း ညှော်ခန်းဆိုဖာ၌ ထည်တဆန့်ဆန့်ဖြင့် စောင့်မျှော်နေရတာကို သူ သနားလာ၏။

“အခါတိုင်းရော အဲဒီလိုပဲလား ယ်၊ သူနောက်ကျတတ် သလားဟင်”

“ကျွန်တော်နဲ့အတူဆိုရင်တော့ အိမ်ကိုပဲ တန်းပြန်တာများ သယ် မက်ရဲ့၊ သူ့ဟင်းနံ့ဖုန်း ကျွန်တော်လှမ်းဆက်ကြည့်မယ်လေ၊ သောစောင့်”

သူက စိတ်မကောင်းခြင်းများစွာဖြင့် မုန်းရဲ့ဟင်းနံ့ဖုန်းကို ခေါ်ရသည်။ ဒါဟာ မင်္ဂလာဦးညဖြစ်သည့်အတွက် မုန်းတစ်ယောက် သယ်လောက်ထိပင် အလုပ်ရှုပ်ရှုပ် ကိုယ့်မင်္ဂလာသတို့သမီးအနား တော့ အရောက်ပြန်လာသင့်သည်ဟု သူထင်ပါသည်။ ဖုန်းက ပိတ်ထား နဲ့ ဝင်သွားး၍ ဖုန်းဖွင့်ထားသည်ကိုပဲ သူ ကျေးဇူးတင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ယံ ပြော"

"ဟော့ကောင် ... အခု ဘယ်ရောက်နေလဲ၊ ပြန်မလာသေးဘူးလား ... မင်း နားလည်ဖို့ကောင်းတယ်နော်"

သူက အလုံးစုံသောစကားတို့ကို မက်မကြားစေရေးအတွက် ဝရန်တာသို့ထွက်၍ ပြောရပါသည်။ မက်ကို စိတ်ဆင်းရဲစေမည့် ဝေဒနာတွေ မပေးချင်တာကြောင့်ဖြစ်၏။

"ဒီညက မင်းရဲ့မင်္ဂလာဦးည၊ အိမ်တော့ရောက်အောင် ပြန်လာသင့်တယ်လို့ ငါထင်တယ်မုန်း၊ ဘာအလုပ်ပဲရှိရှိ ရောက်အောင်ပြန်ခဲ့ပေါ့ကွ"

"မင်း ဘလိုင်းကြီး စွတ်တင်မနေနဲ့ နော်ရဲ့၊ ငါ့မှာလည်း ငါ့အခက်အခဲနဲ့ ငါ၊ ဘယ်သူက ပြန်မလာချင်ဘဲ ရှိပါ့မလဲ၊ အခု မမကောင်းဆီမှာ"

သူ အံ့သြသွားရသည်။ မမကောင်းဟာ အခုကိစ္စတွေကို သိသွားလို့များလား။ ဒါဆိုရင်တော့ မုန်းအတွက် ရှေ့ရေးမကောင်းလှ။ အခုလို တက်သစ်စအချိန်အခါမျိုးမှာ မုန်းက မမကောင်းအပေါ် အလုံးစုံ မှီခိုနေရတာလေ။

"သိသွားပြီလား"

"သိလို့ဘယ်ဖြစ်မလဲ၊ အရိပ်အမြွက်မေးနေတာ၊ မသက်ဘူးကွ၊ ငါလည်း ခွတ်ငြင်းထားတယ်၊ အခု မင်းနဲ့တောင် သူ ရေချိုးခန်းဝင်တဲ့အချိန်မှ ငါက ပြောခွင့်ရတာ"





"ဒါဆို မင်းပြန်မလာတော့ဘူးပေါ့"

"အေး ... မင်း မက်ကိုနည်းနည်းချော့ထားပါလား၊ ငါပြန်လာတော့ ပြန်လာမယ်လေကွာ ... မနက်ဖြန်ညပဲဖြစ်ဖြစ်၊ မက်နားလည်အောင် အကြောင်းတစ်မျိုးမျိုး ပြထားလိုက်ပါကွာ၊ ယံ ... ဟော့ကောင် ... ဒါပဲနော်၊ မမကောင်း ရေချိုးခန်းထဲက ထွက်လာပြီကွ၊ ဒါ မုန်းချလိုက်တော့မယ်"

နောက်ကျောက ခေါ်သံကြောင့် သူ့အကြောတွေ တောင့်ခဲ ဖြစ်သွားသည်။ ရှောင်ဖယ်နေ၍မရ၊ သူ ရင်ဆိုင်ရတော့မည်။ သူ လှည့်ကြည့်တော့ မျှော်လင့်ခြင်းအရောင်တွေ တစ်စွန်းတစ်စသာ ကျန်နေတော့သည့် မျက်ဝန်းလေးက သနားစရာ။

"ကို ဘာပြောလဲ ယံ"

"မနေ့ကရော၊ ဒီမနက်ရော သူ ရှုတင်ပျက်ကွက်ထားတာတွေ ရှိတယ် မက်ရဲ့၊ အဲဒါတွေ ဖြတ်ပေးရမယ်တဲ့၊ ပြီးတော့ သူနဲ့တွဲရှူးအကုန်က နာမည်ကြီး မင်းသမီးတွေချည်းပဲလေ၊ သူတို့က ပျက်ကွက်ဘဲ မုန်းလို တက်သစ်စလေးက ခဏခဏပျက်နေတယ်ဆိုရင် လူတွေ ငြိုငြင်စရာဖြစ်လာမှာစိုးလို့တဲ့၊ မက်ကို သေချာရှင်းပြဖို့ သူ မှာလိုက်ပါတယ်၊ မနက်ဖြန်ညတော့ ပြန်ရောက်မှာပါ"

သူမရင်ထဲ ဟာသွားသည်။ အားကိုးတကြီးရှိရမည့် ကိုယ့်ခင်ပွန်း၊ ချစ်မြတ်နိုး၍ မိဘရင်ခွင်နှစ်ခုကို စွန့်ခွာပြီး ထွက်လာခဲ့ကာမှ အခုလိုအဖြစ်မျိုး ကြုံရပါသတဲ့လား။ မက်သည် ညအမှောင်ကြီးက



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံးအပေါ် ဖိမိုးလာရသည့်အလား ခံစားလာရပြီး လူက ပိတ်လှောင်မွန်းကြပ်လာရပါတော့သည်။

"အချိန်က မစောတော့ဘူး မက်၊ နှစ်နာရီတောင် ထိုးတော့မယ်၊ မက်လည်း တစ်နေကုန်ပင်ပန်းထားတာ ... အိပ်လိုက်ပါလား"

"အိပ်ချင်စိတ်မရှိပါဘူး ယံရယ်၊ သတို့သားမျက်နှာကို နာ ပိုင်းလောက်ပဲ တွေ့ရတဲ့ သတို့သမီးတစ်ယောက်က ဘယ်လိုလုပ်ပြီး သောကကင်းကင်းနဲ့ အိပ်နိုင်မှာမို့လို့လဲ"

ယံက သူ့မစကားကို နားထောင်ပြီး သက်ပြင်းရှိုက်သည်၊ ဖြေသိမ့်စရာစကား ရှာဖွေနေသည်ဟု မက် ထင်ပါသည်။ ခဏကြာမှ ...

"ကျွန်တော်ပြောခဲ့တယ်မဟုတ်လား မက် ... အနုပညာရှင်ရဲ့ ဇနီးမယားဆိုတာ အများကြီး နားလည်မှုပေးရမယ်ဆိုတာလေ ရှေ့လျှောက် မုန်းဟာ ဆုတ်ယုတ်သွားဖို့ မရှိတော့ဘူး၊ ဒီထက်မက အောင်မြင်တော့မှာ၊ အဲဒီအချိန်ကျရင် ဒီထက်မကတဲ့ ဒဏ်ရာဒဏ် ချက်တွေ၊ အလွဲအချော်တွေကို မက် ရင်ဆိုင်ရဦးမှာ၊ တခြားအိမ် ထောင်သည်ဇနီးမယားတွေမှာ အလုပ်ကပြန်လာတဲ့ လင်ယောကျ်ား နဲ့အတူ ထမင်းလက်ဆုံစားခွင့်ဆိုတာ ရှိပေမယ့် မက်မှာတော့ မရှိနိုင် ဘူး၊ မက် အိပ်ရာဝင်တဲ့အချိန် သူပြန်ရောက်လာပြီး မက် မနိုးတဲ့ အချိန် ပြန်ထွက်သွားတာမျိုးလည်း ရှိလိမ့်မယ်၊ မက်ကိုထားပြီး ခရီး ဝေး အကြာကြီးထွက်သွားတာမျိုးလည်း ရှိကောင်းရှိနိုင်တယ်၊ အဲဒါ





...တို မက် လိုက်ပြီး ခံစားနေလို့ကတော့ မက်ဘဝမှာ သာယာပျော် ...ယ်အချိန်ဆိုတာ ရှိလာမှာမဟုတ်ဘူး၊ မက်နဲ့ မုန်းနဲ့က သဘာဝ ... မတူတာ"

"ဒါဆို မက်တို့အချစ်က အခုလိုပဲ အမြဲတမ်းဝေးနေကော့ ...ပေါ့ ... ဟုတ်လား ယံ"

"အချစ်ဆိုတာ နီးခြင်း၊ဝေးခြင်းနဲ့ ဆိုင်လို့လား မက်ရယ်"

မက်က သူ့အပြောကို အဖြေရှာသလို မျက်မှောင်လေး ...ကြည့်သည်။

"အနေနီးမှ အချစ်က ခိုင်မြဲသလား၊ အနေဝေးရင်ရော ချစ် ...ရတော့ဘူးတဲ့လား၊ ကျွန်တော့်အယူအဆကတော့ အဲဒီလို ...တ်ဘူး မက် ... အချစ်ဆိုတာဟာ ရင်ထဲမှာ အမြဲတမ်းသို ဝှက် ...ရတဲ့ ရုပ်ကြွင်းတစ်ခုပဲလေ၊ အချိန်ကြာတာနဲ့အမျှ ပိုပြီးရင့်သန် ...လာမယ်ပေါ့၊ အဲဒါ ကျွန်တော်ယုံကြည်တဲ့အချစ်ပဲ"

သူ့စကားအဆုံး၌ မက်က ယောင်ယောင်လေးပြုံးရင်း သူ့ ...တည့်တည့်စိုက်ကြည့်ကာ ...

"ယံပြောတဲ့စကားတွေကို သုံးသပ်ရမယ်ဆိုရင် အင်း ... ...အချစ်ကို တော်တော်သိုသိပ်ထားတဲ့သူနဲ့ တူတယ်နော်၊ အဲဒီလို ...သိပ်တတ်လွန်းရင်တော့ ဘယ်ကောင်းပါ့မလဲ ယံရဲ့၊ တစ်ဖက် ...လေးကို မညှာတာရာ ရောက်တာပေါ့၊ မိန်းမသားဆိုတာ ...င်စပြီး ရင်ဖွင့်လို့မှ မရတာ၊ ယံ ရင်မဖွင့်မချင်း တစ်ဖက် မိန်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးကလည်း ခံစားနေရရှာမှာ”

“ဟား ... ဟား ... ကြံကြီးစည်ရာ မက်ရယ်”

ယံက ခေါင်းကို နောက်လှန်ပြီး ရယ်သောအခါ မက်က တအံ့တသြ ငေးယူရသည်အထိ။ သူမနှင့် သိကျွမ်းခဲ့သည့်ကာလတစ် လျှောက် ယံက အရယ်အပြုံး နည်းလွန်းခဲ့တာကို။ အမြဲတ နှုတ်ခမ်းနှစ်လွှာကို စေ့ပိတ်ထားတဲ့ ယံ့ရုပ်သွင်ဟာ မာကျောခက်ထ သလိုပါပဲ။ သို့ပေမယ့် ဒီနေ့ကျမှ သူမကိုပေးသော ဂရုစိုက်ခြင်းတွေ အလိုက်သိတတ်ခြင်းတွေက ယံ့အပေါ် သူမရဲ့အမြင်ကို တစ်မျိုး တစ်ဖုံ ပြောင်းလဲစေခဲ့ပါသည်။ ယံကတော့ ရယ်လက်စ နှုတ်ခမ်းအ အောက်နှုတ်ခမ်းဖြင့် ဖိကိုက်ထားရင်း ...

“အချစ်ဆိုတာ ဘာမှန်းတောင်မသိပါဘူးမက်ရဲ့၊ ကျွန်တော် တစ်သက်နဲ့တစ်ကိုယ်မှာ အချစ်ဆိုတာ ဘယ်လိုမှန်းလည်း မခံစား ဘူး၊ ဘယ်ကောင်မလေးကိုမှလည်း ကျွန်တော်က မချစ်ဖူးဘူး၊ စိ ရင်းက စွန့်စားရရင်ကျေနပ်နေတာပါပဲ၊ ငယ်ငယ်ကတည်းက အ မြင့်တွေပေါ် တက်မယ်၊ အမြင့်ကနေ ဒိုင်ဗင်ထိုးချမယ်၊ ဆိုင်က တွေ စက်ဘီးတွေဆို ဘီးထောင်စီးတာမျိုး၊ စကိတ်ဆိုရင်လည် အမြင့်ကြီးက လျှောပြီးစီးတာမျိုး၊ ရင်တလှပ်လှပ်ဖြစ်မယ့် စွန့်စာ တွေထဲမှာပဲ ကျွန်တော်က နစ်မြောချင်တာ”

“ဒါဖြင့် ယံ့အတွက် ရင်တလှပ်လှပ်ဖြစ်စေမယ့်အချစ်မျိုး မပေါ်သေးဘူး ဆိုပါတော့”





သူမက လက်ညှိုးလေးထောင်ပြီး မျက်လုံးလေးကို တမင် ခွေကာ မေးလျှင် ယံက ဟန်မဆောင်တတ်သော အပြုံးဖြင့် ...

“အင်း ... မက်ပြောတဲ့အတိုင်းပဲ ဆိုပါတော့၊ ငယ်ကတည်း က မိန်းကလေးတွေက ကျွန်တော်နဲ့မှန်း ယှဉ်သွားရင် မှန်းကိုပဲ ကြွေ ကြတာများတယ်ဗျ၊ မှန်းက ရုပ်ချော အပြောကောင်းနဲ့ စမတ်လည်း ကျတာကိုး၊ အဲဒါကြောင့် ကျွန်တော်ချိန်လိုက်တိုင်း မှန်းနောက်ပဲ ပါသွားတာ များလွန်းလို့လေ၊ မောပြီးကျန်ရတဲ့အဖြစ်ကို မခံစားချင် တာနဲ့ဘဲ မချိန်တော့ဘူး”

မက်က ရယ်တာမှ အားပါးတရ။ လက်ခုပ်ကလေးပင်တီး၍ ရယ်သေး။

“အဲဒါဆို ယံက ချိန်ပါကြီးပေါ့”

“အစစ်ပေါ့ဗျာ၊ ချိန်ပါဆိုတာ ကျွန်တော်မှ တကယ့်အစစ်”

သူ့စကားအဆုံး၌ မက်က တစ်ကြိမ်ထပ်ပြီး အူလှိုက်သည်း လှိုက် ရယ်ပါသည်။ သူတို့နှစ်ယောက် စကားဝိုင်းသိမ်းတော့ မက်က အခုလို မှတ်ချက်ပေး၏။

“ယံက သိပ်ခင်ဖို့ကောင်းတာပဲနော်၊ အစက ယံက ရုပ် တည်ကြီးနဲ့၊ ပြီးတော့ နေရာတကာ စည်းမျဉ်းကြီးအတိုင်းမို့ မက်က နည်းနည်းတောင် အမြင်ကတ်ခဲ့သေးတာ”

“ဟား ... ဟား ... ပေါ်လာပါပြီ၊ တော်သေးတာပေါ့ အမြင်ကတ်ပုဒ်မနဲ့ နောက်က ချောင်းမရိုက်တာ”



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ပြောကာ အူတက်မတတ် ထပ်ရယ်သည်။ စကားဝိုင်း သိမ်းတော့ မနက် လေးနာရီ။ မက်က အတော်လေး စိတ်လက်ပေ ပါးသွားဟန်ဖြင့် ...

"ယံနဲ့စကားပြောနေရတာ ကိုကိုတောင် ခဏမေ့သွား တယ်၊ စိတ်ထဲမှာလည်း ပေ့ါပါးသွားသလိုပဲ၊ အဲဒီအတွက် ကျေးဇူး အများကြီးတင်ပါတယ် ယံ"

ဟူသော စကားသည် သူ့ရင်အား အတော်အတန်ငြိမ်းအေး သွားစေပါသည်။

"မက် အခုလိုပြောတဲ့အတွက် ကျွန်တော်ကလည်း တစ်ခါ ပြန်ကျေးဇူးတင်ပါတယ်၊ မုန်းရဲ့ဇနီးကို ပျော်ရွှင်အောင် ထားနိုင်တဲ့ အတွက် ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူရင်းနဲ့လေ"

ဟု သူကဆိုပါသည်။ ထိုမနက်က မက်သည် သူနှင့် အခို ကြာငြင့်စွာ ရယ်မောရသည့်အတွက် ရွှေအိုရောင်မင်္ဂလာခုတင်ကြီး ပေါ် ရောက်သွားတာနှင့် အပူအပင်ကင်းကင်းကို အိပ်ပျော်သွားခဲ့ ၏။

ထူးဆန်းလေစွ ... ။ သတို့သားလောင်းကို အိပ်မက်တောင် ထည့် မမက်နိုင်တော့သည့် သူမအဖြစ်ရယ်လေ။

*** *** ***





--------------------- ။

"ကော်ဖီသောက်ပြီး စောင့်နေအမုန်း၊ မ, ပြင်ဆင်ပြီး ထွက် လာခဲ့မယ်"

ဟူသော အမိန့်တော်မြွက်အတိုင်း သူက ထမင်းစားခန်း ထဲ၌ စောင့်ရသည်။ ညက မမကောင်းနှင့် အခုမမကောင်း။ အတော် ကြီးကို ကွဲပြားခြားနားသွားလေပြီ။ ညက နီရဲခက်ထန်သော မျက် နှာ။ မျက်ဝန်းတွေက မီးတစ်စအလား ရဲရဲတောက်။ နှုတ်ခမ်းများက ထွက်ပေါ်လာသော စကားသံတို့ဟာ စိမ်းမြထက်ရှသည့် ဓား တစ်စင်းအလား သူ့အကြားအာရုံကို တစ်လွှာချင်း ဖြတ်တောက်ချနေ သလို ခံစားရသည်။ သူ့အဖြေကို မစောင့်။ မမကောင်းကချည်း တရစပ် တိုက်စစ်ဆင်တာများ ကြောက်မက်ဖွယ်ရာအတိပါ။

"ကဲ ... ရှင်း ... ငါ့ကို မသိဘူးဆိုပြီး မင်းလုပ်နေတဲ့ လုပ်ရပ် တွေက ဘာတွေလဲအမုန်း၊ မင်း ဒီဘဝ,ဒီအခြေအနေအထိ ရောက် အောင် ဘယ်သူဆွဲတင်ပေးခဲ့တာလဲ၊ အခု မင်းက အတောင်အလက် စုံတော့ ငါ့ဆီက ပြန်ထွက်သွားချင်ပြီပေါ့၊ ဟင်း ... ဟင်း ... စမ်း ကြည့်စမ်းပါ၊ စမ်းပြီး ရပ်တည်ကြည့်စမ်းပါ၊ ထက်ကောင်းကင်ဆိုတဲ့ မိန်းမတစ်ယောက်ရဲ့အမှီအခိုမပါဘဲ မင်း ရပ်တည်ရှင်သန်လို့ရမလား ဆိုတာကိုလေ၊ ဝန်ခံစမ်းပါ ... မင်း မိန်းမခိုးတယ်ဆိုတဲ့ သတင်း"

မမကောင်းက လက်ပိုက်ပြီး မိန့်မိန့်ကြီးပြုံးပေမယ့် အပြုံး ချည်း သက်သက်မဟုတ်။ အမဲ့နည်းနည်း စွက်သည်။ သူက ဒီအဖြစ်

www.burmeseclassic.com

www.burmeseclassic.com



အပျက်ကို ကြို့တင်တွေးပြီးသား။ သို့ပေမယ့် ခန့်မှန်းထားသေ
အချိန်ထက် စောပြီး ရောက်လာသည့်အတွက် တုန်လှုပ်သည်
သော်ငြား သွေးမပျက်။ သူ့လို အခါခါမျက်နှာများခဲ့သူအတွက်
မဆိုစလောက်လေး အခြေပျက်တယ်ဆိုရုံသာ။

"မှား ... နေ ... ပြီ"

သူက အဲဒီစကားသုံးခွန်းကိုပဲ ခပ်ဖြည်းဖြည်းပြောခဲ့တာဖြ
သည်။ သူ့တုံ့ပြန်မှုပုံစံက ထင်မှတ်မထားရသည်အထိ သွေးအေ
လွန်းသဖြင့် မမကောင်းအတွက် အထူးအဆန်းဖြစ်သွားပုံရသည်

"ဘာ ... မှားနေပြီ"

"ဟုတ်တယ် ... မမကောင်း အသားလွှတ်စွပ်စွဲနေတာ"

"ဒါဆို ဒီသတင်းက ကောလာဟလပေါ့ ... အဲဒီလိုလား"

သူ ခေါင်းညိတ်ပြကာ ဘာမှအရေးမစိုက်သလို စီးကရက်
နှတ်ခမ်းဖျားတွဲရရွဲတပ်ဆင်ကာ ဇစ်ပိုကိုခြစ်သည်။ မီးက ထောင်း
ထတောက်၏။ သူစီးကရက်ဖွာပြီးသည်အထိ မမကောင်းက စော
ဆိုင်းရင်း ...

"ငါရထားတဲ့သတင်းက မခိုင်မလုံမဟုတ်ဘူး အမုန်း"

"မ,ရထားတဲ့သတင်း ခိုင်လုံတယ်ဆိုရင် ဒီနေ့ဒီအချိန် မ
အနားမှာ ကျွန်တော်ရှိနေစရာအကြောင်းမရှိဘူး။ မ,အသိဆုံးပါ
ကျွန်တော့်စိတ်ကို၊ ကျွန်တော် မျက်နှာများတယ်, ရှုပ်တယ်၊ ဒါပေ
အချိန်တန်ရင် မ,အပါးမှာ ခစားရတဲ့ဝတ္တရား ပျက်ခဲ့လို့လား၊ မိန်း





တစ်ယောက်လုံး ခိုးပြီး မ,အနားလာနေရတဲ့အထိ ကျွန်တော် မညံ့
ချင်ဘူး"

သူ့မျက်နှာက တကယ့်အမာစားပါ။ အဲဒီလို ခပ်တင်းတင်း
လေသံတည်တည်နှင့်ပြောတိုင်း ဘယ်သူမဆို ပုတ်သင်ညိုဖြစ်သွား
လေ့ရှိတာကတော့ သူ့အစွမ်းအစပင် ဖြစ်ပေလိမ့်မည်။ အခုလည်း
ထင်သည့်အတိုင်းပင်။ မ,ရဲ့ တအံ့တသြအကြည့်ကို ခံရပြီးနောက်...

"ဒါဆို မ, ကြားထားတာ သတင်းအမှားကြီးပေါ့"

"မှားပါတယ်လို့ ကျွန်တော်မပြောချင်ဘူး။ ဒါပေမဲ့ စဉ်းစား
ကြည့် မိန်းမခိုးပြီးသား ယောကျ်ားတစ်ယောက်ဟာ ဒီလိုအချိန်မှာ သူ့
မိန်းမနားမှာပဲ ရှိနေရမှာပေါ့၊ ပြီးတော့ ကျွန်တော်က ဘယ်တုန်းကမှ
မ, အပေါ် သိဝှက်တတ်တဲ့အကျင့်ရှိခဲ့တာ မဟုတ်ဘူးနော်၊ အရှေ့မှာ
ကျွန်တော်တွဲထားတဲ့ မိန်းကလေးတွေ သက်သေပါ၊ ဒီတော့ မ,
... ဘား၊ အဖြေက ကျေနပ်လောက်တဲ့အထိ မရသေးရင် ကျွန်တော့်
ကို စကားမပြောနဲ့ ... ရတယ် မ"

သူကပြောပြီး ကျောခိုင်းပစ်သည်။ ခြေလှမ်းများက အခန်း
ပြင်ခါ ...။ သိပ်မကြာလိုက်။ သူ့နောက်ပါးမှ ခေါက်မြင့်ဖိနပ်သံ အရင်
ကြားရသည်။ မ,က သူ့အရပ်ထက်အများကြီးပုပါသည်။ ထို့ကြောင့်
သူ့ကိုမှီစေရန် တစ်လက်မခွဲခေါက်တော့ အမြဲစီးရ၏။ အင်း ... မက်
ဆော ... ဒီအတိုင်းပါပဲ။ ခပ်ချွန်ချွန်ဟီးလ်ကိုမှ မက်က ခုံမင်သူ။

"အမုန်း"



www.burmeseclassic.com

www.burmeseclassic.com



ခေါသံနှင့်အတူ သူ့ခါးကိုပြေးဖက်သော သူ့ကျော၌ ထိကပ်သော အထိအတွေ့ သူ့ခြေလှမ်းတွေ တန့်သွားရသည်။

"ဆောရီးအမုန်း ... မ,မှားသွားတယ်"

ဟူသောစကားနှင့်ပင် သူနှင့်မမကောင်း ပြေလည်သွားပြီ ထို့ကြောင့်လည်း ဒီမနက်လိုအခြေအနေမျိုး ဖြစ်သွားရတာပါ ဒါကြောင့်လည်း ညက သူနားစက်ရာက မမကောင်းရင်ခွင်ဖြစ်ခဲ့ပြီး ဒီမနက် ကော်ဖီအတူသောက်ခွင့် ရခြင်းဖြစ်သည်။

"ဘာတွေစဉ်းစားနေတာလဲ အမုန်း"

အိစက်နေသော လက်တစ်ဖက်က သူ့ပခုံးပေါ် လာတင်သည်။ သူ မော့ကြည့်တော့ စိန်ရောင်တွေ ပြိုးပြိုးပြက်ပြက်လင်းလက်နေသော မမကောင်း။

"ဘာရယ်မဟုတ်ပါဘူး"

"ဒီမနက် ရှူတင်ရှိသလား အမုန်း"

"မရှိဘူး မ"

"ဒါဆို လေယာဉ်ကွင်းသွားကြရအောင်"

"ဘာအတွက်လဲ မ"

သူ့မေးသံက ခြောက်ခြောက်ခြားခြားရယ်။ မ,ကတော့ ပြုံး သည်။ ပြီးမှ သူ့ဆံပင်တွေကို ဖွဖွလေးသပ်တင်ပေးပြီး ...

"မင်းအတွက် စိတ်အပြောင်းအလဲလည်း ဖြစ်ရမယ်၊ ပြီး တော့ up to date ပစ္စည်းလေးတွေလည်းဝယ်ရအောင် ဘန်ကောက်





ကို ရှော့ပင်ထွက်မလားလို့"

လည်ချောင်းဝ၌ အလုံးကြီးတစ်လုံး လာရောက်တစ်နေသည်။ အခါတိုင်းအချိန်ဆို ဝမ်းသာမည်မှာ ပြောဖွယ်ရာပင်မရှိ။ အခုတော့ သူက လက်ထပ်ပြီးတာမှ တစ်ရက်ပဲရှိသေးသည်။ မလိုက်ဘူးဆိုလည်း ငြင်းလို့မရနိုင်။ မ, ပျော်စပြုနေပြီဖြစ်သော သံသယက ကြီးထွားသွားနိုင်သည်။

"ဟယ် ... ရုပ်ကလည်း ... မပျော်ဘူးလား အမုန်း၊ အရင်တုန်းက ဒီလိုမဟုတ်ပါဘူး၊ ရှော့ပင်ထွက်ရမယ်ဆိုရင် ပြုံးလို့ပျော်လို့"

မဖြစ်တော့။ သူ့ရဲ့ မအီမလည်ရုပ်ကို ချက်ချင်းပြင်ဆင်လိုက်ရပြီး မုန်းက သွားတန်းဖြူတွေ ဖွေးခနဲပေါ်အောင် ဟက်ခနဲရယ်ချကာ ...

"မပျော်တာမဟုတ်ပါဘူး၊ ရုတ်တရက် ရှော့ခ်ရသွားလို့"

သူ အလျှောက်ကောင်းသွား၏။ မ,က ကော်ဖီကို လက်စသတ် သောက်၍ သူနှင့်အတူ လေဆိပ်ကိုထွက်ခဲ့သည်။ လေဆိပ်ဝင်းထဲ ကားထိုးရပ်တာနှင့် ...

"မင်း ဒီမှာပဲနေခဲ့ အမုန်း၊ ဒီအချိန်က လေယာဉ်ဆိုက်ချိန်ဆိုတော့ လူအရမ်းရှုပ်နေမှာ၊ မင်းကိုတွေ့ရင် ဟိုလူ ဒီလူ ဝိုင်းကြည့်တာနဲ့ အော်တိုထိုးခိုင်းတာနဲ့တင် ဒီနေ့ကိစ္စက ပြတ်မှာမဟုတ်ဘူး"

"ဟုတ်ကဲ့ ... မ"

သူပြောပြီး ကားပေါ်၌ နေခဲ့သည်။ မ, လေဆိပ်အဆောက်



www.burmeseclassic.com

www.burmeseclassic.com



အအုံထဲ ဝင်သွားပြီဆိုတာနှင့် သူဖုန်းခေါ်ရတာ ယုံ့ထံသို့ဖြစ်၏။

"ဟယ်လို"

"အေး ... ယံ ... ငါပါ"

လို့ သူက အစချီပြီးနောက် မ,နှင့် ဘန်ကောက်ပါသွားမည့် အကြောင်းကို အတိုချုံးပြောပြရသည်။ ယုံ့ထံမှ ထွက်လာသောအသံ က

"ဟ ... အဲဒါဆို ငါက ဒီမှာ ဘာဆက်လုပ်ရမှာလဲ"

"မင်း ... မက်နားမှာပဲ နေပေးပေါ့ ယံ"

"ဩော် ... အပြောကလွယ်ပါ့၊ နေတာက ရတယ်၊ သူ့ကို ဘယ်လိုပြောရမှန်း မသိဘူး၊ ငါ တော်တော်မျက်နှာပူနေပြီ မုန်း"

သူက ဒီမှာလက်တွေ့ရင်ဆိုင်ရသူ။ ဒီတစ်ယောက်ရဲ့ မျက်ရည်တွေ၊ အလွမ်းတွေကို မြင်နေရသောသူ။ မနက်မိုးလင်း အိပ်ပျော်သွားသည့်အတွက် အခုချိန်ထိ မနိုးခြင်းဖြစ်သည်။ နိုးတာ နှင့် မေးတော့မည်။ မုန်း ဘယ်တော့ပြန်ရောက်မှာလဲဆိုပြီးတော့ လေ။

"ဘာဖြစ်ဖြစ်ကွာ ... မင်း နည်းနည်းကြည့်ပြီး နှစ်သိမ့် ထားပါကွာ၊ ငါက မမကောင်းအစီအစဉ်နဲ့ ရှုတင်တွေအကုန်နားသွား မှာ၊ မင်းလည်း နားရမှာပဲ ... ငါမှမရှိတာ"

ဒါတော့ ဟုတ်သည်။ သူ့စတန့်တွေက ရဲလွန်းသည့်အတွက် တခြားမင်းသားတွေအတွက် ခဏခဏ လာငှားသည်။ ဒါပေမဲ့ သူ





ရှိုက်။ သူ့စတန့်စားခြင်းဟာ မုန်းအတွက်ပဲ ဖြစ်စေရမည်လို့ သန္နိဋ္ဌာန် ချထားသူလေ။

"မင်း နားနေတဲ့အချိန် မက်အနားမှာ နေပေးပါ ယံ၊ ငါ တောင်းဆိုတာပါ။ မက် အရမ်းအထီးကျန်နေလိမ့်မယ်၊ ငါ့ကိုအားကိုး ပြီး လိုက်လာပြီးမှ အခုလိုဖြစ်ရတာ စိတ်မကောင်းဘူး ယံ"

"ဩော် ... ဟော် ... စိတ်မကောင်းဖြစ်လက်စကြီးနဲ့ မင်း ထိုက်သွားရမယ် ... ဒီလိုလား မုန်း"

သူက လူငယ်ပီပီ မက်ဘက်မှ မခံချင်စိတ်ကလေးဖြင့် ခနဲ့ တဲ့တဲ့စကားတွေ ထွက်ကျသွားပါသေးသည်။ ဟုတ်သည်လေ။ ဒီမှာ တော့ လက်ထပ်ပြီးစ သတို့သားလောင်းအပေါ် မျှော်ဓောနှင့် မောနေသည့်အချိန်မှာ ဒင်းက တခြားမိန်းမတစ်ယောက်နှင့် ရေခြား မြေ ခြား၌ ပျော်ရွှင်စွာ အတူရှိနေမည့်ကိစ္စ။ သူက သဘောမတူနိုင်ပါပေ။ တော်ဘက်က လိုက်သည်မဟုတ်ပါ။ ဒီလိုမပြတ်မသား ဝဲဂယက်တွေ ထဲ သူဟာ ဘာကြောင့် တစ်ဖက်မိန်းကလေးအား မညှာမတာ ဆွဲ သွင်းခဲ့ပါလိမ့်လို့ လက်တွေ့ကျကျ မေးချင်တာဖြစ်သည်။

"မင်း မရှိနဲ့ယံ ... မင်းလည်း အကြောင်းစုံသိပြီးသားကို၊ မမကောင်းကို ငါ ဘယ်လိုမှ လွန်ဆန်လို့မရတာ မင်းသိနေရက်သား နဲ့ မင်းကို ငါတာဝန်ပေးသွားတယ်နော် ယံ ... မက်ကို ဂရုစိုက်ပေးပါ ဆိုတာကိုလေ၊ စောင့်လည်း စောင့်ရှောက်ပေးပါ၊ ဘန်ကောက်ကပြန် ရောက်တဲ့အချိန်ကျ မမကောင်းလည်း ထိုက်သင့်သလောက်



www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်သွားပြီ၊ အဲဒီအခါကျ ငါ မက်အနား ပြန်နေနိုင်ပြီနဲ့ တူပါတယ်"

ဒီတစ်ခါ လေသံက တကယ်တောင်းပန်တိုးလျှိုးသံနှင့်ဆိုသော် ယံ စိတ်မကောင်း။ ဒီသူငယ်ချင်းဟာ တခြားဘယ်သူ့အပေါ်မှ တောင်းပန်တတ်ခဲ့သည် မဟုတ်။ ထို့ကြောင့် သူ့စိတ် တစ်ထစ်လျှော့ပေးရသည်။ ငယ်သူငယ်ချင်းနှင့် အချစ်ကိုကိုးကွယ်သော ဒီမိန်းကလေးအား ကရုဏာသက်ရသော သူ့အဖြစ်သည် တစ်ခါတစ်ရံ ရူးချင်သည်အထိ ဖိအားတွေများလွန်းလှပါသည်။

"စိတ်ချပါ ... ဒီကကိစ္စတွေ လုံအောင် ငါထိန်းထားပါ့မယ်၊ မင်း ပြန်ရောက်တဲ့အခါကျရင်သာ မက်အနား ပြန်နေနိုင်ဖို့ပဲ ကြိုးစားပါ၊ သူ့ မင်းအတွက်နဲ့ အရမ်းကြီးခံစားရတာမျိုး နောက်တစ်ကြိမ်ထပ်မဖြစ်စေနဲ့ မုန်း"

"အေးပါ ... ငါကြိုးစားပါ့မယ်၊ မင်းကို ကတိပေးပါတယ်ယံ"

... လို့ မုန်းက ဆိုသွားခဲ့၏။ ဖုန်းချပြီးတော့ လူက နွမ်းလျစွာ ကျန်ရစ်သည်။ ည ပြန်မအိပ်ခြင်းအတွက်တောင် ဖြူဖျော့နေအောင် ခံစားရလျှင် မုန်းတစ်ယောက် ဘန်ကောက်ထွက်သွားပြီဆိုပါက ဘယ်လောက်ထိတောင် ခံစားရမလဲ မက်ရယ် ... ။

အပိုင်း (၉)

# "ကြည့်စမ်း

... အဲဒါကြောင့် အိပ်ရာထဲတောင် အနံ့တွေ ရနေတာကိုး။ ဘာတွေများချက်သလဲ ယံ"

မီးဖိုခန်းထဲ ဝင်လာသော သူမသည် မျက်နှာသစ်ပြီးခြ...၍ နှင်းရည်စိုလူးသော သစ်ရွက်လေးပမာ လတ်ဆတ်စွာရှိသည်။ ...အိုရောင်ဆံပင်တို့ကို စု၍ ခပ်မြင့်မြင့်ချည်နှောင်ထားသောကြောင့် ...ဉပုံမျက်နှာလေးက ထင်းပပလေး။ ထိုထဲက အပြုံးတွေက အထင်...ဆုံး။ မျှော်လင့်ချက်နှင့် တောက်ပသော အပြုံးတွေလေး၊ တော်ရုံ...သူ တုပမမီသော လင်းလက်မှုတွေနှင့်။

"အထွေအထူးမဟုတ်ပါဘူး မက်ရဲ့ ... မုန့်ဟင်းခါးလေ"

သူ့စကားဆုံးတာနှင့် မက်က ဟင်းရည်အိုးနား ချွေ့ခနဲ ...ောက်သွားသည်။ မီးဖိုပေါ်တင်ထားသော အိုးသည် မီးအရှိန်ကြောင့် ...ွမ်းဖွမ်းဆူနေပြီး ပွက်နေသည့်အထဲ၌ အကွင်းလိုက် လှီးထည့်...ားသော ဘဲဥဖတ်တွေ၊ ကြက်သွန်နီဥတွေက မြုပ်ချည်တစ်ခါ ...ည်တစ်လှည့် ရှိပါသည်။ သူမက စားချင်စိတ်ကြောင့် ယိုး...



www.burmeseclassic.com

www.burmeseclassic.com



လာသော သွားရည်တွေ သပ်ကာသိမ်းရင်း ...

"အတော်ပဲ ... မက်က မုန့်ဟင်းခါးဆို အရမ်းကြိုက်တာ ယံရဲ့"

"အရမ်းကြိုက်ရင် အရမ်းစားလို့ရပါပြီခင်ဗျာ၊ စားပွဲပေါ်မှာ မုန့်ဖတ်နဲ့ တခြားအဆာပလာတွေ ပြင်ထားတယ်"

သူ့အပြောဆုံးတာနှင့် သူမသည် ကလေးတစ်ယောက်လို ခုန်ပေါက်ပြေးလွှားကာ စားပွဲခုံအစွန်းသို့ ရောက်သွားပြီးမှ အုပ် ဆောင်းကို ဖျတ်ခနဲ ဆွဲလှန်လိုက်၏။

"ဝါး ... အစုံပါလား ... ဘဲဥ၊ ငါးဖယ်၊ ပဲကြော်၊ အမယ် ... နံနံပင်ရော၊ ပဲသီးပါ ပါသေး၊ မဆိုးဘူး ယံ ... ရှင် တော်တော်လုပ် တတ်နေပြီ၊ စတန့်မင်း ယံရဲ့မုန့်ဟင်းခါးဆို လူတော်တော်အုံမှာ အသေအချာပဲ"

"မလုပ်ပါနဲ့ မက်ရယ်၊ တော်ကြာ မုန်းက သူ့ကိုနာမည်ဖျက် တယ်ဆိုပြီး လိုက်ရိုက်နေပါဦးမယ်၊ မုန်းက အဲလိုဈေးရောင်းတာတွေ ဆိုင်ဖွင့်တာတွေကို ရှက်တယ်ဗျ"

သူကပြောပြီးမှ မှားမှန်းသိသည်။ ထိန်းပေမယ့် မရ အရှိန်က လွန်သွားပြီ။ သူမက မေ့နေသောအရာတစ်ခုကို အစဖော် ပေးလိုက်သလို ဖြစ်သွား၏။ မက်ကတော့ တလွမ်းတဆွေးမျက်နှာ ကလေး ချက်ချင်းပေါ်လာကာ ...

"သြော် ... ကိုက အဲဒါမျိုးဆိုမကြိုက်ဘူးပေါ့ ... ဟုတ်လား"





"အင်း ... အခြေအနေက မတူဘူးမက်ရဲ့၊ သူက မင်းသား ဖြစ်နေတော့လေ"

"သူက မင်းသားတော့မှန်ပါတယ်၊ ဒါပေမဲ့ သူရောင်းတာမှ ဟုတ်တာ၊ ယံက သတ်သတ်လေ"

"အဲဒီလို ခွဲတွေးလို့မရဘူး မက်ရဲ့၊ ကျွန်တော်နဲ့သူ ဒီလောက ... အတူတူဝင်ကတည်းက တစ်ယောက်အကျိုး တစ်ယောက်ပြုမယ် ... ဝင်ခဲ့တာ၊ ကျွန်တော့်ဟာကျွန်တော် တစ်ယောက်တည်း ရပ်တည် ... အခါကျရင် ဒီလောက်အစွမ်း ရှိမှာမဟုတ်ဘူး၊ အခုက မုန်းအရှိန် ... ကြောင့်လေ၊ အဲဒါကြောင့် ကျွန်တော့်စိတ်ထဲမှာ တိတ်တိတ်လေး ... တိပြုထားတာရှိတယ်၊ မုန်း ဂုဏ်သရေကျဆင်းမယ့်အလုပ်မျိုး ... ကျွန်တော် ဘယ်တော့မှ မလုပ်ပါဘူးလို့လေ၊ မုန်း ဆန္ဒရှိရာ အလိုရှိ ... လောက် ကျွန်တော့်ဆီက ယူ ... မငြိုငြင်ဘူးလို့ပေါ့"

သူက အပြောတင်မဟုတ်။ တကယ် ရင်ထဲက အစစ်အမှန် ... ားတွေဖြစ်ကြောင်း ဖြောင့်မတ်တည်ကြည်သော သူ့မျက်နှာ ... နေအထားက သက်သေခံ၍နေပါသည်။ ဒီလူဟာ ဘာကြောင့်များ ... လောက်ထိ စိတ်နှလုံးဖြူစင်ရပါလိမ့်။ မက်ဖြင့် တွေးမရနိုင်။ ... ာ်အပေါ်ပေးလာသည့် သူ့ဆက်ဆံရေး၌လည်း ဘာအစွန်းအထင်း ... ရှိ။ ပကတိ အကြည်ရောင်။ မုန်းနှင့်ပတ်သက်သော အမျိုးသမီး ... ား တစ်ယောက်ကို သစ္စာရှိစွာ အလုပ်အကျွေးပြုနေခြင်းက ငယ် ... ာ်ကျွန်တစ်ယောက် ပမာ။ ဒါကို တွေ့က်ချင့်ခြင်းအားဖြင့် မုန်း



www.burmeseclassic.com

www.burmeseclassic.com



အပေါ် သူထားရှိသော သံယောဇဉ်အတိမ်အနက်ကို သူမ မှန်းဆလို့ ရပါသည်။

မက်သည် ခါးစည်းအဖြူ၊ ရော်ဘာလက်အိတ်အဖြူ စွပ်ထားသော သူ့သွင်ပြင်က သူမအတွက် မုန့်ပွဲပြင်ပေးနေသည်ကို ကြည့်ရင်း ...

"ရှင်က ကို့ရဲ့ ဘက်တော်သားကြီးလုံးလုံးဖြစ်နေတော့ မက် မသိသေးတဲ့ ကို့အကြောင်းတွေ ရှင့်ဆီက စုံစမ်းမလို့ဟာ၊ အခုတော့ စိတ်ကူးဖျက်လိုက်ပါပြီ၊ သူက ကို့ရှေ့နေလုံးလုံးဖြစ်နေမှတော့ မက်အတွက် အဖြေမှန်ဘယ်ရပ့်မလဲ"

"အဟား ... အဲဒီလိုမဟုတ်ပါဘူးဗျာ၊ မုန်းကို ခင်တာချစ်တာ တစ်ပိုင်းပါဗျ၊ အဲလောက်ထိ ကျွန်တော်ဘက်မလိုက်ဘူး"

သူက အသင့်ပြင်ပြီးသား မုန့်ပန်းကန်ကို သူမရှေ့ ချပေးပြီး ယင်းသို့ဆိုသည်။ မက်ကမူ ပြုံးပြုံးလေးဖြင့် မုန့်ပန်းကန်မွှေရင်း —

"နေပါစေတော့လေ၊ ကို ညပြန်လာမှပဲ အကုန်မေးကြည့်တော့မယ်၊ သူရော ယံ့ရဲ့အကြောင်းတွေကိုပါပေါ့"

ဒီစကားက သူ့ရင်ထဲ ဝင်နှောက်သွားခြင်းပါ။ မျှော်လင့်ချက်တွေ။ ဝါကျလေးက တိုပေမယ့် နောက်ကွယ်အဓိပ္ပာယ်က ကျယ်ပြန့်သည်။ ဒီဝါကျနောက်၌ လူတွေ၏ ထွေပြားဆန်းသစ်သော စိတ်ကူးတွေ ရှိသည်။ အကောင်အထည်မဖော်ရသေးသော အိပ်မက်တွေရှိသည်။ သိပ်ကြီးမားသော မျှော်လင့်ချက်ကြီး ဖြစ်မလာသည့်အခါ

ဘဝပျက်ကြရသည်။ အသက်သေဆုံးရသည်။

မက်ကို မျှော်လင့်ချက်ထားပြီး ဖြစ်မလာသောအခါ ကြွေကြွခံသော စွမ်းရည်တစ်ခု ရှိစေချင်သည်။

"ညတော့ ကိုပြန်လာမယ်မဟုတ်လား ယံ"

သူမက လူကဲခတ် မကျွမ်းကျင်ပါ။ ဒါပေမဲ့ ကို့အကြောင်းပြန်လာမယ့်အကြောင်းပြောတာနှင့် ယံ ဘာကြောင့် မျက်နှာပျက်ချင်းသွားရတာပါလိမ့်။ စိတ်ထဲ ထင့်သွားသည်။ ချစ်ရသောသူကို မျှော်လင့်မိတာ မဆန်းသလို ရှက်စရာလည်း မကောင်းပါ။ စကားပုံတောင် ရှိသေးတာပဲ။ မိန်းမကြိုက်တော့ မျှော်လိုက်ရ ... တဲ့လေ။ သူမအမေးကို ယံက ချက်ချင်းပြန်မဖြေ။

"ယံ ... မက်မေးနေတာ ဖြေဦးလေ ... ဒီည ကိုပြန်လာမှာလား။ ရှင်ဘာတွေသိထားလဲ ယံ ... ပြောပါဦး"

ယံက တစ်စုံတစ်ခု ယတိပြတ်ဆုံးဖြတ်လိုက်သလို သူမနှင့် အကြည့်ချင်းဆုံသည်။ ပြီးမှ ...

"ဒီညလည်း သူပြန်မလာဖြစ်ဘူး မက်"

မက်ရင်ထဲ ဒိုင်းခနဲအသံပေး၍ ကွဲထွက်သွားသလို ခံစားရသည်။ ဒါ အလုပ်မဟုတ်ရဲ့လား။ ချစ်လှပါချည်ရဲ့ဆိုပြီး ခိုးယူ လက်ထပ်ပြီးတာနှင့် မျက်နှာလေးတစ်ခွန်းတစ်စတောင် မမြင်တွေ့နိုင်တာ ဘာကြောင့်ပါလိမ့်။ မက်သည် ရင်ထဲ၌ လှုပ်ရှားဆူဝေရလွန်းသော ကြောင့် အပြင်ပန်းက တအားတည်ငြိမ်အေးစက်သွား၏။ ခဏပြီးတစ်ခု







www.burmeseclassic.com

www.burmeseclassic.com



ကို ဖန်ဆင်းပြီးသောအခါ မက်ရင်ထဲက ပြောချင်သောစကားတွေ[က] ပွင့်ထွက်ရန်အသင့်။

"ဘာလဲ … သူ့ရိုက်ကွင်းက အိမ်ကိုတစ်နာရီလောက် ပြန် နားခွင့်မရအောင် တောက်လျှောက်ရိုက်နေရတာလား၊ အဲဒီလိုလား ယ်"

"မဟုတ်ဘူး မက်"

"တော်စမ်းပါ … ရှင်က တစ်ခါလာလည်း နားလည်မှု တစ်ခါလာလည်း အောင်မြင်တဲ့အနုပညာရှင်ရဲ့ ဇနီးမယား၊ ဒီစကား လုံးတွေနဲ့ပဲ ကျွန်မကို ကိုင်ပေါက်ဦးမလို့တဲ့လား။ သူကရော သူ့မိန်း[မ] ပါလို့ တရားဝင်သတ်မှတ်ထားတဲ့ မိန်းမတစ်ယောက်ဆီ ဖုန်းလေး တစ်ချက်တောင် မဆက်နိုင်ရတာ ဘာကြောင့်လဲ၊ ရှင်တို့ဟာရှင်တို့ လက်ဝါးချင်းရိုက် အစီအစဉ်တွေလုပ်၊ ပြီးရင် ကျွန်မကို တစ်ချပ် တစ်ခု အကြောင်းပြချက်တွေနဲ့ လှည့်ဖျား၊ ကဲ … ဘာကောင်းတာ ရှိလဲ၊ လက်ထပ်ပြီးစ ကြင်စဦးဇနီးမောင်နှံတဲ့၊ လက်မှတ်ထိုးပြီး ကတည်းက သတို့သားလောင်းကို အစအနမတွေ့ရတော့တဲ့ မိန်း[မ] တစ်ယောက်ရဲ့ ရင်ထဲက အားငယ်မှုတွေ၊ စာနာမျှော်လင့်ချက်တွေ[ကို] တစ်ချက်လောက် ရှင် စာနာကြည့်စမ်းပါ"

မငိုဘဲ မျက်ရည်တစ်စက်က ပေါက်ခနဲကြွေဆင်း၏။ သူ တကယ်ပင် စိတ်မကောင်း။ မက်အပေါ်ထားရသော ကရုဏာ လှိုင်း တံပိုးက ကြွတက်လာရပြီ။ အဖြစ်မှန်အတိုင်း ဖွင့်ပြောဖို့ကျပြန်တော့





[မ]ည်း မဖြစ်ပေ။ မုန်း၏ သိက္ခာတရားဆိုတာကို သူ ထည့်တွက်ရ [မ]ည်။ ဒီတော့ မက်လည်း စိတ်ထဲပြေအောင်၊ မုန်းဘက်လည်း ဘာမှ [မ]ထိခိုက်အောင် ကြားနေအကြောင်းအရာတစ်ခု သူစဉ်းစားရပေ [မ]ည်။

"လူသိမခံချင်ပါဘူးဆိုတဲ့ ရှင့်သူငယ်ချင်းအပြောကြောင့် ကျွန်မအိမ် စာရေးခဲ့တာတောင် ဘယ်သူဘယ်ဝါနောက် လိုက်သွား ပြီဆိုတာ မထည့်ခဲ့ဘူး၊ အခု သူက တာဝန်ကျေရုံ လက်မှတ်လေး တစ်ချက် ထိုးပြီး တိုက်ခန်းတစ်ခန်းထဲ ချောင်ပိတ်ထားရတဲ့ အကြောင်းအရင်းက … ဘာလဲ၊ ကျွန်မအပေါ်ချစ်တဲ့ သူ့အချစ်ကို ဒါနဲ့ ဖော်ကျူးလိုက်တာပေါ့ … ဟုတ်လား ယံ၊ တော်ပါပြီရှင် … ရှင့်လည်း ဘာမှမမေးချင်တော့ပါဘူး။ ရှင်က ရှင့်သူငယ်ချင်း အသွေး ယူယူ အသားယူယူတောင် ကျေနပ်နေတဲ့သူပဲ၊ ကျွန်မဘက်ကများ ဘာရပ်တည်ပေးနိုင်မှာမို့လို့လဲ"

ပြောပြောဆိုဆို မျက်ရည်ပေါက်ကြီးငယ်ကျပြီး ထမင်း စားပွဲဝိုင်းက ထွက်သွားဟန်ပြင်သော သူမကြောင့် …

"မက်"

သူက အလောတကြီး ခေါ်ယူထားရပြီး …

"မက် စိတ်တိုင်းကျပြောပါ၊ ကျွန်တော် ဗွေမယူပါဘူး၊ ဒါပေမဲ့ မက်နဲ့ထပ်တူထပ်မျှ စိတ်ထိခိုက်ရတာတော့ ယုံပေးပါ မက် ကို မုန်းနဲ့ပတ်သက်တဲ့ မိန်းကလေးအဖြစ်က တစ်ပိုင်း၊ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ရင်းကိုက ညီမတစ်ယောက်လို ခင်တွယ်ဖြည့်ဆည်းချင်တဲ့စိတ်
ပါ မက်၊ မုန်းက ရှုတင်ရိုက်နေရတာ မဟုတ်ပါဘူး ... အရေးပေါ်
အကြောင်းနဲ့ ခရီးတိုတစ်ခု ထွက်သွားရလို့ပါ၊ ဘယ်ခရီးလဲ၊ ဘာ
ကြောင့်သွားတာလဲတော့ မမေးပါနဲ့၊ ကျွန်တော်ပြောတာထက်
မုန်းပြောတာ ပိုသင့်တော်မှာပါ၊ တစ်ခုတော့ ယုံကြည်ပေးပါ မက်
... ကျွန်တော်နဲ့ မက်ဟာ တစ်မိုးအောက်တည်းမှာ အတူနေတဲ့
ရဲဘော်ရဲဘက်တွေပါ၊ တစ်ယောက် ထိခိုက်ကြေကွဲတဲ့အချိန်မှာ ကျန်
တစ်ယောက်က ပြုံးပျော်နေနိုင်တဲ့ ရဲဘော်ရဲဘက်မျိုး မက်တွေ့ရ
မယ် မထင်ပါဘူး၊ စစ်မြေပြင်မှာ အရှုံးရင်ဆိုင်ရတဲ့အခါ ထပ်တူထပ်မျှ
ခံစားရသလို အနိုင်ရရှိတဲ့အချိန်မှာလည်း အပျော်ဆိုတာ သာတူညီမျှ
ပါပဲ၊ ဒါကြောင့် မက်ခံစားရသလို ကျွန်တော်လည်း ခံစားရတယ်ဆို
တာ မမေ့ပါနဲ့ မက်"

ဟော ... ပြောပြီးတာနှင့် အရင်ထွက်သွားဟန်ပြင်သော
မက်ရှေ့မှ သူက ကျော်ဖြတ်တက်သွားသည်။ မက်ကသာ အငွေ့
တထောင်းထောင်းထ၍ ရနံ့သင်းပျံ့နေသော ဟင်းရည်အိုးတွေ၊ မုန့်
ဖတ်နှင့် အကြော်စုံ ခင်းကျင်းထားသော ထမင်းစားပွဲဝိုင်း၊ စားလက်စ
မုန့်ပန်းကန်တွေကြားထဲ တစ်ယောက်တည်း ကျန်ခဲ့၏။ လူက ဘာ
ဖြစ်သွားမှန်း မသိ။

အခုနတုန်းက ဒေါသတွေထွက်လာ၊ မျက်ရည်တွေဘာတွေ
ကျမိသည်အထိ သူမဟာ သတိလက်လွတ်။ ဟော ... အခု သူပြော





သော စကားကြောင့် ဒေါသတွေ ဟုတ်ခနဲငြိမ်းသွားတာတော့ အမှန်
ပင်။ မိမိဘက်က ကူညီပြီး ခံစားပေးမယ့်လူတစ်ယောက်ရှိသည်ဆို
သော အသိကြောင့်လား မသိ ... ရင်ထဲ ခံစားရသမျှ တစ်ဝက်တော့
လျော့ကျသွားတာ သိသာပါသည်။

ပြီးတော့ သူမက အရင်စိတ်ကောက်ပြီး ထွက်သွားရမှာဖြစ်
သော်လည်း သူကထားခဲ့ပြီး အရင်ထွက်သွားသောအခါ သူမမှာ အူလည်
လည်ရယ်ပါ။ ဒေါသငြိမ်းသွားမှ ဗိုက်က တကြုတ်ကြုတ်ဆာလာ၏။
အခုနေအချိန်၌ သူမအတွေးထဲ ကိုလည်းမရှိ။ သူလည်း မပါတော့။
အစောက စားလက်စ ပန်းကန်ပေါ် အနည်းငယ်ပွနေပြီဖြစ်ပေမယ့်
ဟင်းရည် ထပ်ဆမ်းသောအခါ အသစ်အတိုင်း ပြန်ဖြစ်သွားသည်။
မုန့်ကလည်း အသစ်တစ်ဖန်ပြန်၍ ကြိုင်သင်းလာ၏။

ဘာမှမစဉ်းစားတော့။ တစ်ဇွန်း အမုံးပါးတရ၊ နောက် တစ်
ဇွန်းပြီးတစ်ဇွန်း။ စားလို့ကောင်း၍ သူပြင်ပေးထားသော မုန့်တစ်ပန်း
ကန်က ခဏလေးကုန်သွားပြီ။ သူစားရန် ပြင်ဆင်ထားသော မုန့်ပန်း
ကန်က အရာမယွင်းသေး။ ထိုအခါ သူမနားထဲ၌ ရဲဘော်ရဲဘက်ဟူ
သော စကားလုံး ဝင်ရောက်လာသည်။ တကယ်ဆို သူလည်း ဆာ
လောင်နေလောက်ပြီ။ အဲဒီလိုတွေးကြည့်သောအခါ စိတ်ထဲ သက်
သာရာ မရ။

"တကယ်ပေါက်ကွဲသင့်တာ ကိုကိုပါ၊ သူက ကြားထဲက
ဘာမှ မဆီမဆိုင်ကို"



www.burmeseclassic.com

www.burmeseclassic.com



လို့ တွေးမိတော့ နောင်တတရားက သူမကို လျှင်မြန်စွာ အုပ်မိုးလာ၏။ ထိုခဏမှာပဲ မက်က နောင်တကို သူမထံ ကြာရှည်စွာ နိုလှုံခွင့်မပေး။

"ယံရေ ..."

သူမ လှမ်းခေါ်သော်လည်း အသံပြန်မပေး။

"ယံ ... မုန့်လာစားတော့"

ဒုတိယအကြိမ်လည်း အသံထပ်မပေါ်လာ။

"ဟေ့ ယံ ... ယောကျ်ားကြီးတန်မဲ့ စိတ်ကောက်မနေနဲ့ ခုနက ကိစ္စ ဆောရီးနော်၊ ရှင်နဲ့မဆိုင်ဘူး။ မက်က စိတ်မကြည်လို့ အဲဒီလိုပဲ .... နီးရာလူ ဖိမဲတော့တာ ... လာခဲ့တော့"

လို့ခေါ်မှ သူမနောက်ပါးက ခြေသံသဲ့သဲ့ကြားရပြီး ပြုံးစိစိ မျက်နှာထားနဲ့ယံက သူမမျက်စိရှေ့ ပြန်ပေါ်လာသည်။

"အဟင်း"

ယံက မပွင့်တပွင့်ရယ်လျှင် သူမက ...

"ဘာရယ်တာလဲ"

"ဩော် ... စိတ်ကောက်ပြီး ခဏလည်းကြာရော မုန့်တွေ ပြန်စားနေလို့လေ"

"အဲဒါရယ်စရာလား"

"မဟုတ်ပါဘူး ... ရယ်စရာမဟုတ်ပါဘူး"

ယံက ပျာပျာသလဲဖြေရှင်းတော့ သူမက သဘောတကျ





ရယ်မောရပြန်ပါ၏။ ယံနှင့်နေရတာ အဲဒီလိုစိတ်ချမ်းသာစရာ ကောင်းတော့လည်း ... ။

*** *** ***

——————————— ။

ယနေ့နဲ့ပါဆို ဒီတိုက်ခန်းလေးသို့ သူမ ရောက်နေတာ ငါးရက်ပြည့်တော့မည်။ ရောက်ခါစကလို အစိမ်းသက်သက်မဟုတ် တော့။ တိုက်ခန်းလေးနှင့် အကျွမ်းဝင်လာသလို ယံနှင့်သူမလည်း တစ်သားတည်းကျလာ၏။ ထိုသို့ဖြစ်လာကာမှ ယံ၏အတတ်ပညာ တွေကို တစ်စထက်တစ်စ သူမ အသိအမှတ်ပြုလာရလေသည်။ တစ်နေ့တစ်နေ့ အပြင်လည်းမထွက်ရ။ သူမ မိဘဘက်မှ တွေ့သွား မည်စိုး၍ ဒီတိုက်ခန်းထဲပဲ အောင်းနေရတာမို့ ယံက သူမ မပျင်းစေ ရအောင် ပျော်တော်ဆက်။

အခုလည်း ယံက သူမကို မျက်လှည့်တွေ တစ်မျိုးပြီးတစ် မျိုး လုပ်ပြ၏။ ဒါပေမဲ့ စည်းကမ်းချက်တော့ သူမ လိုက်နာရသည်။

"နံပါတ်တစ်အချက်က ကျွန်တော့်နားကို အရမ်းကြီး တိုး မကြည့်နဲ့၊ ကျွန်တော်နဲ့ ဆယ်ပေအကွာက ကြည့်ရမယ်"

"အဲဒီတော့ ရှင်းရှင်းလင်းလင်း ဘယ်မြင်ရတော့မလဲ"

"ဘာဆိုင်လို့လဲဗျ ... မက်နဲ့ ကျွန်တော့်ကြားမှာ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



ကာကွယ်ထားတာမှ မရှိတာ"

"အေး ... အေး ... ထားပါတော့ ... ဒါပဲလား"

"နေဦး ... မပြီးသေးဘူး"

ဟု သူကပြောသောအခါ မက်က နှာခေါင်းလေးရှုံ့ပြီး ...

"ဟွန်း ... စည်းကမ်းကလည်း များပါ့၊ ဒေးဗစ်ကော်ပါဖီး တောင် သူ့လောက်စည်းကမ်းကြီးမှာမဟုတ်ဘူး"

"မတူဘူးလေ ... ကျွန်တော်က သူ့ထက်ပိုမြင့်တယ်၊ ဒေးဗစ် နေယ်တဲ့"

"ဟာ ... ဟ ... ကြီးကြီးကျယ်ကျယ်၊ ရှင် မျက်လှည့်ပြမစား နဲ့၊ လူရွှင်တော် လုပ်စား"

"အင်း ... အဲဒီအလုပ်ကိုလည်း အချိန်ပိုင်းလုပ်ပါတယ်"

သူက တကယ်ရုပ်တည်နှင့် ပြောတဲ့အခါ သူ့မထ ပါးစပ်မစေ့နိုင်။

"နံပါတ်နှစ်စည်းကမ်းချက်က မျက်လှည့်ပြပြီးသားပစ္စည်း တွေကို ကိုင်တွယ်ကြည့်ရှုတာ ခွင့်မပြု"

"ကဲ ... ကဲ ... ထားပါတော့၊ ကိုယ်က ကြည့်ချင်နေတဲ့လူဆို တော့လည်း ဒီလောက်တော့ သည်းခံရပေမပေါ့"

မက်က ကိုယ့်ဟာကိုယ်ပြောကာ သူနှင့်ခပ်ဝေးဝေးဆိုဖာ ပေါ်၌ နေရာယူမိပါသည်။ သူက ခဏဆိုပြီး ပျောက်သွားကာ တဆယ်ခဏပဲကြာ၍ ပြန်ထွက်လာတော့ လောင်းကုတ်အရှည်ကြီး





ဝတ်ထားပြီးသား။ အိတ်တွေလည်း အများကြီးပါသော လောင်းကုတ် ကြီးပါ။ သူ့လက်ထဲ ထပ်ပါလာတာက ခပ်ကြီးကြီး ပဝါတစ်စ။

"ကဲ ... ပွဲစပြီ၊ ဒီမှာ ကြက်ဥတစ်လုံးနော် .. မြင်တယ်မလား ရှိသတ်တို့၊ ကဲ ... ဒီကြက်ဥကို လူတကာချစ်တဲ့ ရှုပါကော်ဖီမစ် အဖြစ် ကျွန်တော် အသွင်ပြောင်းပြပါ့မယ်"

ကဲ ... ကြည့်၊ ပြောပုံက တကယ်မှင်နဲ့မောင်းနှံမှို့ သူ့အသွင် ... မျက်လှည့်ဆရာစစ်စစ်တစ်ဦးနှယ်။ သူက ပဝါနီလေးကို ...တ်ညှိုးနှင့်လက်မ ဖိပူး၍ခါပြီး ကြက်ဥပေါ် အုပ်ချလိုက်သည်။ ကြက်ဥကလေး ကို မမြင်ရတော့။ သူက ...

"ဦ ... xxx xxx"

ဟု ရေရွတ်ပြီးနောက်ပိုင်းက ဘာတွေပြောမှန်းမသိ။ ...တွတ်ပတွတ်နှင့် ရွတ်နေတာ မြန်လည်းမြန်၊ တိုးလည်းတိုးတော့ ...ကြားရ။ ပြီးတော့ လေထဲကနေ ဘာတွေဖမ်းပြီး ပဝါထဲ ...ထည့်နေမှန်း မသိ။ ခဏကြာတော့ သူမမျက်စိအောက်မှာပင် ...ပါလေးက လှုပ်စိစိလေး ဖြစ်လာပြီ။

"ကိုင်း ... လူတကာချစ်တဲ့ ရှုပါကလေးဟာဖြင့် ကျွန်တော့် ...တ်ဝယ်ရောက်လို့နေပါပြီ၊ ရှုစားတော်မူကြပါခင်ဗျာ"

ပဝါနီကို ဖွင့်ဟတော့ တကယ့်ကော်ဖီမစ်အထုပ်။ သူမက ...ညတာဈေး သဘောကျတာရောပါ ပေါင်းပြီး လက်ခုပ်ပင် ...တီး ...လိုက်သေး။



www.burmeseclassic.com

www.burmeseclassic.com



"ရှိ ... တော်တယ်ဗျို့၊ နောက်တစ်ပွဲပြပါ"

"ကဲ ... စင်အောက်က ပရိသတ်ကြီး ပွဲတောင်းတဲ့အတွ
အခုအခါမှာ ဒီစူပါလေးကို ကျွန်တော်က အခုတစ်ခါ ပန်းရောင်သွေ
ကြွယ် လှသွေးကြွယ်စေမယ့် Ferrovit ဆေးကတ်လေးအဖြ
ပြောင်းပြပါ့မယ်"

သူကပြောကာ စူပါကော်ဖီမစ်ကို ပဝါနီနှင့် တစ်ဖန်အု
သည်။ အစကလိုပဲ ပါးစပ်က ဉုံတွေခဲကာ ပွစိစိ။ သိပ်မကြာ။ ပ
လေး လှုပ်လာ၏။ ဒီတော့မှ သူက ဆတ်ဆိုဆွဲဖယ်သောအခါ

"ဟောတော့ ... အဲဒါ မက်သောက်လက်စ ဆေးကတ်ကြ
ဟုတ်ပါတယ် ... နှစ်လုံးတောင်လျော့နေတာ"

မက်က သေချာအောင် ထကြည့်ရန် နေရာမှ သူ့ထံ
လှမ်းပြင်လျှင် သူက အလန့်တကြားနောက်ဆုတ်ရင်း ...

"ဟေ့ ... ကတိ ... ကတိပေးထားတယ်လေ"

ဟုအပြော ဖယ်ရီဗစ်ကိုင်ထားသော လက်ရဲ့ အင်္ကျီလက်
မှ စူပါကော်ဖီအထုပ်နှင့်အတူ ကြက်ဥတစ်လုံးက လျှောခနဲ။ ကြ
က အောက်ကျသော ခွပ်ခနဲအသံပေးကာ ကွဲသွားပြီ။ ပထမ
သူမက ကြောင်အမ်းအမ်း။ နောက်မှ တဖြည်းဖြည်းပြုံးလာ
နောက် တဟားဟားနှင့် ထရယ်တော့တာဖြစ်သည်။

"ဟား ... ဟား ... မျက်လှည့်ပြမယ်တဲ့ ... အလကား
လိမ်ကြီး၊ အင်္ကျီလက်ထဲ ထည့်ဖွက်ထားပြီးတော့များ၊ သူက အေး





နေယ်တဲ့ ... ဟား ... ဟား ... ရယ်ရတယ်ဟေ့"

သူမက သူ့ကို လက်ညှိုးထိုးပြီး ရယ်တာမှ အူလှိုက်သည်း
လှိုက်။ သူကလည်း ရှက်ကိုးရှက်ကန်းဖြစ်ရာမှ နောက် သူမ, ရယ်
သလို လိုက်ရယ်သောအခါ ရင်ထဲ၌ ပေါ့သွားရပါတော့သည်။

ဘာပဲဖြစ်ဖြစ် ယံ ကျေနပ်သည်။ သူမလေးထံမှ သောက
တွေကို တစ်ခဏမျှ ဖယ်ခွာခွင့်ရတဲ့အတွက်ကြောင့်ဖြစ်၏။ ဒီလိုနှင့်
သူတို့နှစ်ယောက်ဟာ နေ့ဖက်တွေမှာ အိမ်မှုကိစ္စတွေလုပ်။ တစ်ခါ
တစ်ရံ တစ်ယောက်နဲ့တစ်ယောက် နားမခံသာသည်အထိ သီချင်း
တွေ အော်ဆို။

အဲ ... ညကျတော့ ကောင်းကင်ကို နောက်ခံထားသော
ကြယ်တွေကို ကော်ဖီ တစ်ယောက်တစ်ခွက်စီသောက်ရင်း ထိုင်မြည်း
ကြည့်သည်။ တွေ့ကရာကဗျာတွေ လက်တန်းလျှောက်စပ်ရင်း တခိ
ခိ ရယ်မောကြသည်။ သူတို့ဆက်ဆံရေးကို အေးစက်ထုံထိုင်းမခံ။
အမြဲ active ဖြစ်အောင်နေကြပြီး မုန်းအကြောင်းကိုတော့ သိသိသာ
သာ မေ့ပစ်ထားသည်။ စကားထဲလည်း ထည့်မပြော။ ယုတ်စွအဆုံး
မုန်းအခွေတောင် မကြည့်။ ဒါဟာ မုန်းအပေါ် မေတ္တာပျက်၍ မဟုတ်
။ သူမ ကြေကွဲသွားမှာ၊ သတိရပြီး ဝမ်းနည်းသွားမှာကို သူ မကြည့်
ရက်၍ ဖြစ်သည်။ မတော်တဆ ဓာတ်လမ်းတွဲကြည့်ရင်း မုန်းရိုက်
ထားသည့် ကြော်ငြာဝင်လာသည့်အခါ တီဗွီကြီးထပိတ်လည်း သိသာ
လွန်းမည်ဖြစ်၍ သူကပင် ...



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကြော်ငြာရိုက်တုန်းကလေ မင်းသမီးက ဒေါက်ဖိနပ်ကြီး စီးပြီးအပြေး၊ မုန်းကလည်း ဒီဘက်က ရင်ဖွင့်ပြီးစောင့်နေတာ mood လည်း ဝင်နေပြီ၊ ကင်မရာကလည်း အတည်ချိန်ထားပြီ အဲဒီအချိန်မှာ မင်းသမီးဒေါက်ဖိနပ်က ခွာက ပြုတ်ထွက်သွားတာ မင်းသမီးက ဟပ်ထိုးဟပ်ထိုးနဲ့ လဲမယ့်ပုံဖြစ်တာ၊ ပြေးတော့ အရှိန်မထိန်းနိုင်ဘူး၊ လဲရင်လည်း ရှေ့သွားတွေကျိုးမှာ၊ အဲဒါကိုကြိုမြင်တော့ ကျွန်တော်က ဖျတ်ဆို ဆီးပွေ့တာပေါ့"

ထိုအခါ မက်ရဲ့အာရုံက ကြော်ငြာမှာမရှိတော့။ သူမကို တလက်လက်တောက်ပသော မျက်ဝန်းတွေနဲ့ကြည့်ကာ ...

"အမယ် ... ရှင်က"

"အင်းလေ ... ဝင်ကယ်တာ၊ မင်းသမီးက အရှိန်နဲ့ကျွန်တော့်အပေါ် ဗုန်းဆိုအကျ၊ ကျွန်တော်က နောက်ပြန်အလဲ၊ မင်းသမီးသွားမကျိုးဘဲ ကျွန်တော်သတိလစ်သွားတာ မနည်း နှာနပ်ယူရတယ်"

"ဟောတော့ ... ဘယ်လိုဖြစ်ပြီး"

"ဘယ်လိုဖြစ်ရမှာလဲ ... ကျွန်တော်က မြေကြီးထဲက ထိုးထွက်နေတဲ့ သစ်ငုတ်စွန်းနဲ့ ဆောင့်မိတာကိုးဗျ"

"ဟင်း ... ဟင်း ... ရှင်ကတော့ ဖြစ်ရမယ်၊ အဲဒါမျိုးပေါ့ ... သူများအကျိုးဆောင် ကိုယ့်အကျိုးပြောင်ဆိုတာ"

"ဟုတ်မယ် မက်ရဲ့၊ တော်သေးတာပေါ့ သတိလစ်သွားလို့





အတိတ်မေ့သွားရင် ပြီးရောပဲ"

သူ့စကားအဆုံး၌ မက်ရယ်သံက ညည်ခန်းအတွင်း ကြိုင်သွားသည်။ တီဗွီလှမ်းကြည့်တော့ တခြားကြော်ငြာတစ်ခု။ တော်သေးရဲ့။ သူမ ဝေဒနာကို သူ ဖယ်ပေးလိုက်နိုင်လို့။ အဲဒီလို သမားရိုးကျ ဖြတ်သန်းလာတာ အေးလို့ချမ်းလို့၊ ဒါပေမဲ့ သိတယ်မဟုတ်လား ... လောကကြီးက သူ အေးအေးနေချင်တာကို ဘယ်တော့မှ ဒီအတိုင်းကြည့်မနေ။ နေယံ့ကို မနာလိုဘူးထင်ရဲ့။ သူ ဗြောင်းဆန်သော အစတစ်စ ဆွဲ ထုတ်ပေးလိုက်၏။

အဲဒီအစရဲ့ပထမက ဒီလို။ တစ်ပတ်စာဝယ်ထားတဲ့ အသားငါးတွေရော၊ အသီးအနှံတွေ၊ အချိုရည်ဘူးနဲ့ ဂျယ်လီတွေ ရေခဲသေတ္တာထဲ ဘာမှမကျန်။ တက်တက်စင်အောင် ပြောင်ပြီ။ မပြောင်ဘဲရှိမလား ... သူတို့ထိုင်စားနေတာ ရှစ်ရက်ရှိပြီလေ။

"ကဲ ... ရိက္ခာတွေတော့ ပြတ်ပြီ၊ ကျွန်တော် ဈေးသွားမှပဲဖြစ်တော့မယ် မက်ရဲ့၊ ဘာစားချင်လဲ ပြော၊ ကျွန်တော်ဝယ်ခဲ့မယ်"

"အမယ် ... ဒီလိုထားခဲ့ကြေးလား၊ ရှင်က ပြောတော့ဖြင့် စစ်မြေပြင်တွေရော ရဲဘော်ရဲဘက်တွေရောနဲ့ ပြီးတော့ တစ်ယောက်တည်း ခွဲထွက်ချင်တယ်ပေါ့ .... ဟုတ်စ"

သူမက သူ့ရှေ့တည့်တည့်လာရပ်၊ ခါးထောက်ပြီး တစ်ဆက်တည်း လူကိုမိုက်ကြည့်ကြည့်တာကြောင့်။

"အောင်မလေး ... ကြောက်ပါတယ် မယ်မင်းကြီးမရယ်၊



www.burmeseclassic.com

www.burmeseclassic.com



လိုက်ချင်ရင် လိုက်ပါ၊ အဲဒီလိုမကြည့်ပါနဲ့” …လို့ ပြန်တောင်းပန်ရတဲ့ အထိ။

ဒီလိုနဲ့ ဈေးဝယ်မယ့်အစီအစဉ်မှာ မက်ပါ ပါရတော့ တစ်ယောက်တည်း ပြီးစလွယ် ဒီအတိုင်းထွက်မည့်စိတ်ကူးကို သူက ဖြတ်ပစ်ရသည်။

“မက် နည်းနည်းတော့ ရုပ်ဖျက်ဖို့ လိုလိမ့်မယ်”

“ပြောင်းပြန်တွေ ယံရယ်၊ ယံ့ကိုမှ လူသိတာလေ၊ မက်က ဘာဆိုင်လို့လဲ”

“ဩော် … တော်တော်အတွေးနဲ့နည်းတဲ့ မိန်းကလေးပဲ၊ ဒီမှာ အမိ … အမိအိမ်က လူလွှတ်ပြီး ရှာခိုင်းထားရင် ပြီးရော၊ တစ်ခါတည်း ပြန်ခေါ်သွားမှာ … အဲဒါကို ထည့်စဉ်းစားဦး”

လို့ သူကပြောမှ မက်က သတိရသွားဟန်နှင့် …

“ဟုတ်သားပဲ၊ အောင်မလေးနော် … ယောကျ်ားနောက် တစ်ခါ ခိုးရာလေး လိုက်မိပါတယ် … တကယ့်ဝရမ်းပြေးအတိုင်းပဲ”

ညည်းညူပြီး အခန်းထဲဝင်ကာ ရုပ်သွားဖျက်သတဲ့။ ပြန်ထွက်လာတော့ ဦးထုပ်ပိုက်ပိုက်ဆောင်း၊ မျက်မှန်အမည်းကြီးတပ်ကာ သူ့ တီရှပ်နှင့်ဘောင်းဘီ တဲ့ပွကြီး ယူဝတ်လာ၏။ ဒါကိုတွေ့တော့ သူက အလန့်တကြား။

“မက် … အဲဒါ ကျွန်တော့်အဝတ်”

စကားပင် မဆုံးလိုက်။





“သိပါတယ်၊ လျှာမရှည်စမ်းပါနဲ့၊ Rapper ဒီနိုင်း ဆင်တာတာ၊ ပြီးရင် ပြန်ပေးမှာပေါ့၊ ပစ္စည်းကို သိပ်မသိတတ်နဲ့၊ ဘော်ဒါချင်းချင်းကို”

သူ့ပခုံးပင်ပုတ်၍ ဆိုလိုက်သေး။ သူက ဘာမှပြန်မပြောပြီး ပုတ်သင်ညိုလို ကျင့်ကြံလို့ ခေါင်းတညိတ်ညိတ်။ ဟုတ်တော့ ဟုတ်နေတာပါပဲ။ သူက သူမထက် အရပ်ပိုမြင့်တော့ တီရှပ်အရှည်က ဒူးခေါင်းဖုံး။ ဘောင်းဘီခွက ခပ်ကျကျနှင့် တကယ့် Rapper ပဲ။ သူမ အဲဒီလိုကောက်ဝတ်မှပင် Rapper ဆိုတာ မတော်မနန်း တွေ ဝတ်ပြီး သီချင်းဆိုသူတွေလို့ မှတ်ချက်ချရမလောက်ပင်။

ဒီလိုနဲ့ သူတို့နှစ်ယောက် Shopping ထွက်သည်ပေါ့။ သူ တော့ အနားဖတ်တွေ မျက်နှာတစ်ဝက်လောက် ဖုံးနေသည့် ထုပ်တစ်လုံးလောက်ပဲ ဆောင်းထားသည်။ မှတ်မိသော သူ့သိ သာသူ ရှိပေမယ့် ပြုံးစစနှင့် ကြည့်ရုံလောက်သာ။ မိတ်ဆက်ပြီး ဓာတ်မှတ်ထိုးခိုင်းရလောက်အောင် သူက မင်းသားမှမဟုတ်တာ။ ပြင်ထွက်သော အချိန်က နံနက်ဆယ်နာရီခန့်မို့ Mini Mart မှာ လူရှင်းနေသည်။

မက်နှင့်သူက လက်တွန်းလှည်းလေးနှင့် ကောင်းနိုးရာရာ ချင်စိတ်ပေါ်သောအရာတွေမှန်သမျှကောက်ထည့်ကြသည်။ သီးအနံ့၊ အအေးဘူး၊ အပျင်းပြေဝါးရအောင် ပီကေ၊ အသားမျိုးစုံ ဘူ့ဖေါ်ထုပ်၊ ကော်ဖီမစ် အစရှိသည့် တွန်းရင်း ကြည့်ရင်း စာအုပ်



www.burmeseclassic.com

www.burmeseclassic.com



တန်းသို့ ရောက်လာသည်။ စာအုပ်တွေကလည်း စုံတကာ
ဘာသာပြန်တွေ၊ အပတ်စဉ်ထုတ် ဂျာနယ်၊ မဂ္ဂဇင်းနှင့် သုတရ
အမျိုးမျိုး။ နေ့စဉ်ထုတ် သတင်းစာလည်း ရှိသည်။

"အင်း ... တိုက်ခန်းထဲ ကုပ်နေရတာနဲ့ တိုင်းရေးပြည်
ဘာမှန်းတောင် မသိတော့ဘူး။ သိရအောင် သတင်းစာလေးတ
စောင်လောက် ဝယ်မှ"

မက်ကပြောပြီး သတင်းစာဆီ လက်လှမ်းတော့ သူ
လည်း အားကျမခံ။

"တိုက်ခန်းထဲကုပ်နေရတာနဲ့ အနုပညာလော
အကြောင်းတောင် မသိတော့ဘူး၊ ရုပ်ရှင်စာစောင်လေး ဘာ
ဝယ်မှ"

ဟူ၍ အမည်မတူ ဂျာနယ်သုံးစောင်လောက်ဝယ်ပြီး သူ
Shopping ထွက်ခြင်းကို အဆုံးသတ်ရသည်။ မသတ်၍လည်း
ဆယ့်တစ်နာရီ ကျော်နေပြီ။ နေ့လယ်စာချက်ရန် အချိန်ရှိသေးသ
မဟုတ်ပါလား။ အိမ်ရောက်တော့ အထုပ်အပိုး ကိုယ်စီချ။ သူ
ရေခဲသေတ္တာထဲ ထည့်သင့်တာထည့်၊ အချိုရည်နှင့် ကြက်ဥတွေ
ဒီနေ့အတွက် ချက်မည့် အသားငါးတွေကို ရေဆေးခုတ်ထစ်
အလုပ်ရှုပ်နေသလောက် Rapper မကြီးကတော့ ဝယ်လာ
အာလူးကြော်ထုပ်ကို ဖောက်၊ စားပွဲပေါ် ဒီအတိုင်းသွန်ချပြီး ဂျာ
တွေ တစ်စောင်ပြီးတစ်စောင် ဖတ်ကာ ...





"အမယ် ... နိုင်နိုင်းယူတဲ့မိန်းမက ဘယ်ဆိုးလို့တုံး ... နယူး
ယောက်ကတဲ့၊ လှသား ယံရဲ့၊ ဟဲ့ ... ကျော်ကျော်ဗိုလည်း ယူပြီတော့၊
င်းသားတွေက အပြိုင်ပဲနော်၊ မပြိုင်တာဆိုလို့ ရှင့်သူငယ်ချင်းကြီး
အမုန်းခြွေပဲရှိတယ်၊ သူများတွေများ မင်္ဂလာတွေ ခမ်းခမ်းနားနား
ဆောင်လို့ ဒီမှာ ချောင်ထိုးခံထားရတာ တွေးကြည့်ရင် သိပ်ရင်နာဖို့
ကောင်းတာပဲ"

ဟု သူမကပြောသောအခါ ယံသည် ချက်ပြုတ်နေရင်းမှ
သူမဘက် ပြန်လှည့်လာပြီး သားငါးတွေ စွန်းပေနေသော သူ့လက်
နှစ်ဖက်ဖြင့် ဂျာနယ်တွေ သိမ်းယူလိုက်၏။ သူမက စူပုပ်ပုပ်နှင့်
မော့ကြည့်လိုက်ပြီး ...

"အဲဒါဘာလုပ်တာတုံး"

"အလကား ဝေဒနာပွားအောင်လို့ မက်ရယ်၊ အဲဒါတွေ
လျှောက်ဖတ်နေတော့ မက်ပဲ စိတ်ဆင်းရဲတာပေါ့၊ သူတို့နဲ့ မှန်းက
အခြေအနေချင်းမှ မတူတာ၊ ထားပါကွာ ... ရော့ ... သတင်းစာပဲ
ဖတ်၊ အဲဒါက အေးတယ်"

မက်က မအေးဘူးဟု ပြန်ပြောဦးမလို့ပဲ။ သို့ပေမယ့် ယံကို
နာသည့်စိတ်က ဝင်တားဆီးလို့ပဲ။ ခမျာ သူမကို ချက်ပြုတ်ကျွေး
ရသေး။ ကိုအား သတိမရအောင် နည်းမျိုးစုံနှင့် ဖျော်ဖြေ တင်
က်ရသေး။ ဒီအတွက်ကြောင့် မက်က သူ့အား ငဲ့ညှာသည့်အနေ
် သူနှင့်ရှိနေသည့်အချိန်တိုင်း ကိုကို သတိမရသောပုံနှင့် နေထိုင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ ရင်ထဲမှာ ပထမဆုံးပွင့်သည့် အချစ်ပေပဲကွယ်။ လွယ်လင့် တကူ မေ့၍ရပါမည်လား။ သို့ပေမယ့် တစ်ခါတစ်ခါတော့ သူ့အရယ် အသောတွေထဲမှာ မေ့သွားတာမျိုးလည်း ရှိပါသည်။

သို့ပေမယ့် ခဏသာ။ အဆိုးဆုံးအချိန်က ညအိပ်ရာဝင်ချိန် မင်္ဂလာခုတင်ကြီးပေါ်တွင် တစ်ဦးတည်းအိပ်ရသော သတို့သမီး အိပ်မက်ဆိုးတွေကို ဘယ်သူက ဖယ်ရှားပေးနိုင်မှာတဲ့တုံး။ ထို့ကြောင့် ယံမသိအောင် အိပ်ဆေးတွေသောက်ရပေါင်းလည်း မနည်းတော့ သူမသည် သက်ပြင်းတစ်ချက် လေးပင်စွာချပြီး သတင်းစာကို ပြ စလွယ် ကျော်ဖတ်သည်။

အဲဒါ သူမအကျင့်။ သတင်းစာဖတ်လျှင် တီဗွီအစီအစဉ်နှင့် ဘယ်ရုံမှာ ဘာကားလဲ ... သည်လောက်သာ သိလိုသော မက်သည် ကြားစာရွက်အကြောင်းအရာတွေကို ကျော်လွှားပြီး ဖတ်တတ် သည်။ အခုလည်း ထိုနည်းအတိုင်း ကျင့်သုံးစဉ်။ နောက်ဆုံးစာမျက် နှာ၌ ကြီးကျယ်ထင်ရှားသော ခေါင်းစီးအမည်းကြီး။

**သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

ကျွန်တော် ကျွန်မတို့၏သမီး မရွှေအိပ်မက် မှတ်ပုံတင်
အမှတ် ( .......... )သည် မိဘများ ခွင့်မလွှတ်နိုင်
သော အမှုကိစ္စအား ပြုမူသွားသည့်အတွက် သူမနှင့်သက်
ဆိုင်သော နောက်ဆက်တွဲကိစ္စ ...





မက် ဆက်မဖတ်နိုင်တော့။ အမည်၊ မှတ်ပုံတင်နံပါတ်နှင့် တွ ကြော်ငြာအောက်ခြေရှိ မိဘနာမည်၊ လိပ်စာ ... အားလုံး လုံး ဟာ ... ။

"ယံ"

အားကိုးတကြီး။ ဆို့နင့်သောခေါ်သံကြောင့် သူက ချာခနဲ ည့်ကြည့်သောအခါ သူမသည် ခေါက်ခနဲထိုင်လျက်သားမှ စားပွဲခုံ မျက်နှာအပ်ကျသွားခြင်းဖြစ်သည်။ ယံသည် ကြီးစွာသော ခိုမ်ပူပန်မှုတို့ဖြင့် ... သူမကိုယ်လေးကို ကောက်ပွေ့မိသည်။ ယ်ဘဲ ရောက်လာသော ပရိဒေဝမီးကား ပြင်းပြအရှိန်ကောင်းစွာ ာက်လောင်မြဲ။

www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း (၁၁)

သူ ရန်ကုန်ပြန်ရောက်တာ နှစ်ရက်ခန့်ရှိပြီ။ ရောက
နေ့ကတည်းက သူက သတင်းစာထဲက ဒီသတင်းကို တွေ့ရခြ
ဖြစ်၏။ ဘယ်လောက် သူ့မမိဘတွေ နာကြည်းသလဲဆိုတာ ေ
မကြည့်သော်ငြား နေ့စဉ်ရက်ဆက်ထည့်သော သတင်းကိုထောက်
၍ တွက်ဆနိုင်ပြီ။ ပြီးတော့ သူကလည်း ရွှေတောင်ကြီးပြိုလဲသ
သလို ခံစားခဲ့ရတာ ဖြစ်၏။

ဒီစည်းစိမ်ဥစ္စာတွေ၏ မက်လုံးကြောင့် သူ့မကို လက်ထ
တာ ဖြစ်သည်။ အဲ ... အံချစ်လည်း အနည်းအကျဉ်းတော့ ပါ
ပေါ့လေ။ ဒါတွေရှိလျှင် သူ မမကောင်းကိုလည်း တော်လှန်နိုင
ရုပ်ရှင်လောကအ္ဓ တစ်စင်ထောင်ပြီး ရပ်တည်မည်ဟု ကြံရွယ
သော သူ့စိတ်ကူးတွေ ဖရိုဖရဲကျဆုံးကုန်၏။ ဒါဆို သူ့မကို လက်
ထိုးထားခြင်းမှတစ်ပါး သူ့ဘဝသည် ဘာမှပြောင်းလဲမသွား။ သူ
ယုံစားမိပြီး မမကောင်းကို ပုန်ကန်လျှင် သူ့မှာ နောင်တကြီးစွာ
တိန်း ဆိုက်နေပါသည်။





သူနှင့်အတူ ဘန်ကောက်ခရီးစဉ်အထိ ပါခဲ့သော ကျင်ဝှက်
တော့ မြန်မာနိုင်ငံထဲ ပြန်ရောက်တာနှင့်ကို ...

"ကိုယ်တို့ကို ကျွန်တော်တို့ရောက်တဲ့အကြောင်း သတင်း
ရအောင်ဆရာ၊ ကိုယ်ရော မက်ပါ ဆရာ့ကို မျှော် ... "

စကားမဆုံးခင်ဘဲ သူက ကျင်ဝှက်ပါးစပ်ကို လက်နှင့်အုပ်
ယ်ကာ ပိတ်ထားရသည်။ သူပိတ်ထား၍ စကားဆက်မပြောနိုင်
သာ ကျင်ဝှက်က မျက်လုံးလေး ကလယ်ကလယ်။

"စကားပြောတာ ဆင်ခြင်ပြီးပြော ကျင်ဝှက်၊ အခုချိန်မှာ
ကောင်း သံသယဖြစ်သွားမယ့်ကိစ္စမျိုး ငါဘာမှမလုပ်ချင်ဘူး"

ဟု သူပြောတော့ သူ့စကားကို ဘယ်တုန်းကမှ မပယ်ရှားခဲ့
သော ကျင်ဝှက်က ချက်ချင်း တိတ်ကျသွားခဲ့သည်။ သူဟာ လော
ဘဆယ်လည်း ယံတို့ဆီမသွားချင်။ မက်က သူလက်ထပ်ထား
ဘာ ဓနီးမယားဖြစ်၍ သူ့တာဝန်လို့ ဆိုပေမယ့် စိတ်တွေက တွေနေ
နေဆဲ။ မမကောင်းကလည်း ပြန်ရောက်မှ စိတ်တွေတစ်မျိုး
ခြင်းကာ ...

"အိမ်ပြန်မနေနဲ့ဦး ... ဒီမှာပဲ နေ၊ မ,တစ်ယောက်တည်း
ခဲ့ရင် အရမ်းအထီးကျန်ဆန်လွန်းလို့"

ဆိုတာနှင့်ပဲ သူ မပြန်ဖြစ်။ အိမ်ပြန်လျှင် ယံနှင့်တိုးမှာကို
ည်း စိုးကြောက်ပါသည်။ တစ်ခါတစ်ရံ မက်မျက်နှာလေး မြင်
ောင်ကာ လွမ်းတော့လွမ်းမိသား။ ဒါပေမဲ့ ယံက ပျော်အောင်ထား



burmeseclassic.com

www.burmeseclassic.com



မှာပါလေဟူသော စိတ်က အလွမ်းကို ဖြေသိမ့်စေ၏။ ဒီကြား
မမကောင်းက ...

"ရှုတင်ရှိရှိသမျှ အကုန်ဖြတ်ပစ်လိုက်တော့ အမုန်း
ဖလင်မှာထားတာ ရောက်ပြီ၊ ဓာတ်လည်း အသင့်ရှိပြီးသား။ ဖြ
လွှင် တက်မယ်၊ မန္တလေးကနေ ဟိုး ... မြစ်ကြီးနားအထိတက်
ရုပ်ရှင်ကားကြီးရိုက်ဖို့ အစီအစဉ်ရှိတယ်"

ဟုဆိုကာ သူ့ရှုတင်အထိ ကြီးကြပ်တော့သည်။ ဒါကလည်
ခပ်ကောင်းကောင်းပင်။ မတော်တဆ ယံနှင့်ဆုံခဲ့တောင် မမကော
ရှိနေလို့ဟူသည့် အကာအကွယ် သူရနိုင်သည်။ ရုပ်ရှင်အသိုင်းအဝိုင်
ကတော့ သူနှင့်မမကောင်းကိုပဲ တွေ့သည့်အခါ အမြဲ အမြွာပူးတွေ
ဖြစ်နေသော ယံ့ကို သတိတရမေးကြသည်။

"နေယံရော ... ပျောက်နေတာ ကြာပါရောလား၊ မုန်းေ
လာတာတောင် ဒီကောင်ပါမလာသေးဘူး"

"ဟုတ်ပါရဲ့ ... နဂိုက တတွဲတွဲကို"

"တွဲလွန်းလို့ မိန်းမယူရင် အခက်တွေ့မယ်လို့ မာမီတို့တော
နောက်ခဲ့သေးတယ်လေ၊ အခု တစ်ယောက်တည်းမြင်ရတော့လည်
တစ်ခြမ်းပဲ့နေသလိုလို၊ မပြည့်စုံသလိုလိုနဲ့"

မေးဖန်များလာသောအခါ မမကောင်းပင် သတိပြုမိ
ပြီး ...

"အေးလေ ... ယံတစ်ယောက် ပျောက်ချက်သား ကော





နေပါလား။ အိမ်မှာရော မရှိဘူးလား ကျင်ဝှက်"

ဟု သူတို့အကြောင်းကို အတွင်းကျကျသိထားသူပီပီ မေး
လေသည်။ ကျင်ဝှက်က အူကြောင်ကြောင်နှင့် သူ့ကိုလှမ်းကြည့်သော
အခါ သူက ကျင်ဝှက်အား ဒေါသပြန်ဖြစ်ရပြီး ...

"ယံ ... သူ့နယ်ကို ပြန်သွားတယ် ... မ"

မုသားသုံးရသည်။ မ,ကတော့ သူ့စကားကို အကြွင်းမဲ့
ယုံသည်လေ။ ထို့ကြောင့် ...

"သြော် ... ဒါဆိုလည်း ပြီးတာပါပဲ၊ လက်ကျန်ကားတွေမှာ
ယံ့အခန်းတွေ ..."

"မပါဘူး,မ ... နောက်ကားရဲ့ ဓာတ်သိမ်းလေ ... ဖိုက်တင်
ခန်း ... အဲဒီမှာတော့ ပါမယ်၊ ဒါပေမဲ့ ရပါတယ် ... လူစားထိုးလိုက်
မယ်၊ သူလည်း သူ့ဇာတိမြေမှာ အေးအေးဆေးဆေးနေပါစေ"

လို့ သဘောထားကြီးသောလေသံနှင့် ပြောလိုက်သေး
ကျင်ဝှက်ကတော့ အံ့သြနေတာများ မေးစင်းသော ဒင်းရဲ့မျိုးလိုက်
ရိုးလိုက် မျက်လုံးပင် နှစ်ဆလောက် ပြူးကျယ်လာသယောင် ထင်ရ
သည်။ ဖြစ်နိုင်လျှင် သူက ကျင်ဝှက်ပါ အလုပ်ကဖြုတ်၍ တစ်နေရာ
သို့ ပို့ပစ်ချင်သည်။ သို့ပေမယ့် မ,ရဲ့အာရုံစိုက်ခြင်းက များလာသည်
စိုး၍သာ။

သူ့အတိတ်ကို မြေမြှုပ်ပစ်ချင်၏။ ဒါ သူ့ရုပ်တည်ရှင်သန်
ရေးအတွက်ဖြစ်၍ မတရားသည်ဟု မထင်မိပါ။ ဒီလိုနှင့် သူ့ သတင်း



www.burmeseclassic.com

www.burmeseclassic.com



အမှောင်ချကာ နေခဲ့သည်။ ရန်ကုန်က ကားတွေဖြတ်တော့မည့်ဆဲဆဲမှာပဲ ယံတစ်ယောက် ရိုက်ကွင်းတည်ရာ ဟိုတယ်ထဲသို့ ရောက်လာခြင်းဖြစ်သည်။ သူရိုက်နေသော အခန်းက တကယ့်ဝမ်းနည်းပူဆွေးခန်း၊ သို့ပေမယ့် ဆက်ရိုက်၍မရတော့။

ယံ့ကိုတွေ့လိုက်သောအချိန်၌ သူရင်ထဲသို့ ဝမ်းနည်းခြင်းမှဒ်က ဝင်မလာ။ စိုးရိမ်ပူပန်ခြင်းတွေသာ တောဆင်ရိုင်းတွေပမာ ရင်ထဲသို့ ရှိုရှိုသဲမျှ စိတ်ကူးတွေနင်းခြေပြီး ဝင်ရောက်လာခဲ့၏။ ဒိုင်ယာလော့ခ်တွေ အလွဲလွဲဖြစ်တာ သုံးကြိမ်မကဖြစ်လာသောအခါ ဒါရိုက်တာက ...

"ကဒ်"

ဟုအော်ပြီး ...

"မင်းသား မုဒ်မဝင်ဘူးနဲ့ တူတယ်"

"ဘယ်ဝင်ပါ့မလဲဆရာရဲ့၊ အနောက်မှာ အချစ်ဆုံးသူငယ်ချင်း ရောက်ပြီလေ"

စကားဖောင်ဖောင်ကြဲသော ရှုတင်မန်နေဂျာကို ပထမဦးဆုံးအနေဖြင့် သူ ဒေါသထွက်သွား၏။ ဒါရိုက်တာကြီးကတော့ အခုမှ ယံ့ကို မြင်သွားပုံဖြင့် ...

"ဟား ... နေယံ ... ဘယ်လိုလဲ ကိုယ့်မြို့ကိုယ့်ရွာပြန်ရတာ၊ တော်တော်မှ ပျော်ခဲ့ရဲ့လား"

ယံ ဘယ်လိုဖြေလိုက်မလဲဟူသော အတွေးက သူ့လည်မျို





ကို ဖျစ်ညှစ်ထားသည်။ ထိတ်လန့်ချောက်ချားစွာ ယံ့ကို သူက ကြည့်နေပေမယ့် ယံ့အကြည့်က သူ့ထံမရှိ။ ဒါရိုက်တာကြီးကိုပဲ တစိုက်မတ်မတ် ကြည့်ရင်း ...

"ကျွန်တော် မုန်းနဲ့စကားပြောချင်လို့ဆရာ၊ နာရီဝက်လောက် အချိန်ပေးလို့ရမလား"

"အိုး ... ဟိုး ... ဖြစ်ပါတယ် နေယံရ ... တို့မင်းသားလည်း မုဒ်မဝင်တာနဲ့ အတော်ပဲ ... ခေါ်သွားပါ"

လို့ ခွင့်ပြုပေမယ့် သူက မလိုက်ချင်။ ယံ့နှုတ်မှ ဘာစကားတွေ ထွက်ကျလာမည်ဆိုတာ ကြိုသိပြီးသား။ ထပ်သေချာအောင်ပြောရလျှင် အဲဒီစကားတွေကို သူ မကြားချင်။ ဖြစ်တတ်သည့် ကံကြမ္မာအတိုင်း သူတို့နှစ်ယောက်အပြင် တခြားသူစိမ်းတရံ ကြားသွားမှာ သူ ပိုစိုးရိမ်ပါသည်။ ဒီအတိတ်ကို သူ ပြည်ဖုံးကားချပစ်ချင်ပြီ။ သူ၏ ကောင်းမွန်သောအနာဂတ်တစ်ခုကို ဆွဲကိုင်လှုပ်မည့် အတိတ်အား သူ ဘာကြောင့် ဖက်တွယ်ထားရမှာလဲ။ အဲဒီလောက်ထိ သူ မရူးသေး။

"ဩော် ... ရှုတင်ဖြုတ်လိုက်ပြီလား၊ အမုန်းပြောထားတော့ ငါးနာရီခွဲမှဆို၊ အမယ် ... နေယံတောင် ပြန်ရောက်နေပြီကိုး"

အသံစာစာနှင့်ဝင်လာသူက သူ့ရဲ့ကယ်တင်ရှင် မမကောင်း။ မုန်း လှိုက်ခနဲပျော်သွားသည်။ မမကောင်းကို သူ ကာဗာအဖြစ် အသုံးပြု၍ ရပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



"ရှုတင်မပြီးသေးဘူးခဲကောင်းရေ ... သွားစရာရှိလို့လား"

ဒါရိုက်တာကြီးက တလေးတယူ မေးသည်။ ဒီကား ထုတ်လုပ်သူကို ရိုက်ကွင်းရှိလူတွေအားလုံး အလေးဂရုပြုရပါသည်။ မမကောင်းရဲ့ အရှိန်အဝါက အဲဒီလို။ ကိုယ်ပိုင်ရုပ်ရှင်ကုမ္ပဏီ၊ ကိုယ်ပိုင်မင်းသားနှင့် ပင်တိုင်ဇာတ်လမ်းရေးသူ ရှိသည်။ ထို့ပြင် ကားအတွက်ဆို အကောင်းဆုံးဖြစ်အောင် ဖန်တီးတတ်၍ ငွေကိုရေလိုသုံးသူ။ အဲဒါကြောင့် ထက်ကောင်းကင်ထုတ်လုပ်ရေးက ထွက်သောကားတိုင်း ညံ့သည်ဆိုတာ မရှိ။ ပရိသတ် သောင်းသောင်းဖျဖျ လက်ခံသည်။ ထို့ကြောင့် မမကောင်းနှင့် လက်တွဲလိုသူ ဒါရိုက်တာ၊ မင်းသားမင်းသမီး မြောက်မြားစွာ။

တွဲပြီးသောလက်ကို ပြန်မဖြုတ်ချင်။ မမကောင်းနှင့်ရိုက်ပါက ရွှေဖြစ်တာ များသည်ကိုး။

"ဟုတ်တယ်ဆရာရေ ... ဒင်နာတစ်ပွဲဖိတ်ထားလို့ အမှန်းပါခေါ်ခဲ့ပါဆိုတာနဲ့လေ၊ ငါးနာရီပဲထိုးနေပြီ ... သိမ်းဖို့က နောက်နာရီဝက်လောက် လိုတော့တာကို ... မနားကြသေးဘူးလား"

ပရိုဂျူဆာကိုယ်တိုင်ပြောတော့လည်း ...

"နားမလို့ပါ၊ မင်းသားလည်း မုဒ်မှမဝင်တာ၊ ရှုတင်ဖြုတ်မယ်ဟေ့"

"ကဲ ... အမှန်း ... အဝတ်အစားသွားလဲတော့၊ နေယံ ... အိမ်ဘက် ဝင်လာဦး ... တိုင်ပင်စရာရှိလို့"





"ဟုတ်ကဲ့ မမကောင်း"

ဟု မမကောင်းနှင့် စကားဆိုနေစဉ်ပဲ သူက ...

"ဟ ... နောက်မှ ငါအရေးကြီးနေလို့"

ဆိုပြီး အသာရှောင်ထွက်ခဲ့သည်။ သူ့စိတ်နှင့်သူ့အတွေ့ကို ယံကောင်းကောင်းကြီးသိလျှင်တော့ ယံဟာ ညှိနှိုင်းဖို့ထက် ဘာလုပ်ရင်ကောင်းမလဲလို့မေးရန် သူ့ထံရောက်လာမည်ထင်သည်။ သူက တစ်ဘို့တည်းကြည့်တတ်တဲ့ လူစား။ မင်းသိမှာပါ ... ယံ။

*** *** ***

——————————— ။

ယံသည် အခုတလော မက်ကို သတိထားမိသည်မှာ ကြာပြီ။ အစားအသောက်လည်း သိပ်မစားပေ။ ကိုယ့်မှာကလည်း ကိုယ့်ကိစ္စနှင့်ကိုယ်။ ဟိုကောင့်ကို မတွေ့တွေ့အောင်ဖမ်းရသည်။ တွေ့ပြန်တော့လည်း ရှောင်ထွက်သွားသော မုန်းလုပ်ရပ်ကြောင့် ဒေါသတွေ သူ့မှာအလိပ်လိုက် ထွက်ရပြန်၏။ ထိုအကြောင်းတွေကို မက်ကိုပြန်မပြောပြမိ။ ပြောဖို့လည်း မလို။ မက်သိလျှင် စိတ်ဆင်းရဲရုံမှတစ်ပါး အခြားဘာမှ ထူးလာမည်မထင်။

မုန်းကို မက်ထံပြန်ရောက်အောင် သူ ဘာနည်းလမ်းသုံးမလဲဆိုတာပဲ တွေးတောနေမိ၏။ စားလည်း ဒီစိတ်၊ အိပ်လည်း ဒီစိတ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်စထက်တစ်စ နွမ်းဖျော့လာသောမက်ကတော့ မကြာခဏ ဖျား လေ့ရှိသည်။

"ကိုပြန်လာပြီလားယံ"

ဟူ၍ဖြစ်၏။ ထိုသို့ တစ်ခါအမေးခံရတိုင်း သူ့ရင်သည် မီးတစ်စနှင့်အထိုးခံရသလို ပူလောင်အောင့်မျက်သွားရစမြဲ။ ဒါပေမဲ့ တတ်အားသရွေ့တော့ သူက ဖုံးကွယ်ထားပါသည်။

"ပြန်မရောက်သေးဘူး မက်ရဲ့၊ ပြန်ရောက်ရင် ဒီကောင် အကြောင်းမကြားဘဲ မနေနိုင်ပါဘူး၊ ကျွန်တော်တို့ဆီ အရင်ဆုံး ပြေး လာမှာပါ မက်ရယ်"

နှစ်သိမ့်စကားဆိုရပါသည်။ ဒီနေ့လည်း သူထွက်သွားက တည်းက ရိုက်ကွင်းတွေဘက်ခြေဦးလှည့်မည်ဟု ပြောထားပြီးသား ဒါဆို မက်က သူ့ကိုမျှော်လင့်နေမှာ အသေအချာပါ။ မုန်း ပါလာနိုးနိုး ဆိုပြီးတော့လေ။ သူကလည်း မုန်းကို မရအရခေါ်ခဲ့မည်ဟူသော သန္နိဋ္ဌာန်ဖြင့် ထွက်ခဲ့ခြင်းဖြစ်သည်။ သို့ပေမယ့် မုန်းက ...

အတွေးကိုလက်စသတ်၍ လူခေါ်ဘဲ(လ်)နှိပ်ရသည်။ ခဏ ကြာတော့ ခြေသံနှင့်အတူ တံခါးလာဖွင့်သော မက်။

"ယံ ပြန်လာပြီလား"

"အင်း ... ထမင်းစားပြီးပြီလားမက်"

သူက စူးစမ်းမျက်ဝန်းတွေကို ရှောင်လွှဲချင်တာနှင့်ပဲ ဖိနပ် ကို အကြာကြီးအချိန်ယူပြီး သူချွတ်နေလိုက်သည်။ ဒါပေမဲ့ မက်က





ထူးခြားသည်။ သူ့ကိုလည်း မစူးစမ်းမစပ်စု။ သူ့အရင်ပင် အိမ်ထဲ လှည့်ဝင်သွားကာ ...

"မစားရသေးဘူး ... ယံ့ကို စောင့်နေတာ၊ အခုတလော ဘယ်လိုဖြစ်တာလဲမသိပါဘူး ... အသားစိမ်းငါးစိမ်းမြင်တာနဲ့ ပျို့ချင် အန်ချင်နေတာ၊ ထမင်းလည်း စားလို့မကောင်းဘူးယံရယ်၊ ရင်ထဲ ဟာလှပ်လှပ်နဲ့ မောမောနေတယ်"

သူမက အားကိုးစရာဖခင်တစ်ဦးသဖွယ် သဘောထား၍ တိုင်ပင်ခြင်းပါ။ သူမ ပြောလိုက်သည်နှင့် ယံက အနားသို့ခွေ့ခနဲ ရောက်လာပြီး နဖူးလေးကိုစမ်းကာ ...

"မုန်း ... နေမကောင်းဘူးလားမက်၊ အဲဒါကြောင့် မက်က တစ်နေ့တခြား ပါးလှပ်လှပ်ကလေး ဖြစ်လာတယ်လို့တော့ ထင်သား၊ ညညရော အိပ်ပျော်ရဲ့လား မက်ရယ်၊ အိပ်ရေးပျက်ခံပြီး အားနည်း ရင်လည်း ရင်တုန်တာတို့ စားသောက်မကောင်းတာတို့ ဖြစ်တတ် တယ်၊ အခု ခေါင်းရောမူးသေးလား"

"အင်း ... အရမ်းကြီးတော့မဟုတ်ပါဘူး ယံရယ်၊ မူးနောက် နောက်ဖြစ်တာပါ၊ ယံက အမောတောင်မဖြေရသေးဘူး၊ မက်ထ တန်းပြောလိုက်တော့ အမောဆို့သလိုဖြစ်သွားပြီမဟုတ်လား"

သူက အပြုံးနွမ်းနွမ်းလေးနှင့် ပြောနေသောကလေးအား သနားခြင်းတွေ ယိုစီးစွာ ငေးကြည့်နေမိပါသည်။ မက်တစ်ယောက် အဲဒီလိုခံစားရလေလေ သူက မုန်းအပေါ် ဒေါသထွက်လေလေ



www.burmeseclassic.com

www.burmeseclassic.com



ခင်းကြောင့် အစွန့်ပစ်ခံရသောမိန်းကလေးသည် အခုနေအချိန်၌ လင်သားရဲ့အားပေးခြင်းကို ရယူချင်မှာကေန်ပင်။ သူဘယ်လော ဂရုစိုက်စိုက် မုန်းနှင့်တော့ တူမည်မထင်။ ဒါကို သူကောင်းစွာ သဘောပေါက်ပါသည်။ အခု မုန်းလုပ်ပုံက သိပ်တာဝန်မဲ့လွန်း သည်။

"သံပုရာရည်သောက်မလားမက်၊ ကျွန်တော်ဖျော်ပေးမယ် ချဉ်ချဉ်လေးလေ ... ဒါမှအမူးပြေအောင်"

"ယံ ထမင်းစားတော့မယ်မဟုတ်လားဟင် ... တူတူ မယ်လေ၊ စားပြီးမှ သောက်တာပေါ့"

သူ့ကို ငဲ့ညှာချင်သည်။ ဒီကလေးမလေးကို ယံသည် က ဏာသက်မဆုံး။ မလိမ္မာတစ်ခါမိုက်အရွယ်မို့ အချစ်ကိုကိုးကွယ်ရ ဒုက္ခတွေခံရတာကို စာနာမဆုံး။ သူက မက်ရဲ့နားသယ်စပ်ရှိ အိုရောင်လှိုင်းတွန့်ဆံပင်တွေကို နားရွက်နောက်ထိုးညှပ်ပေးရင်း

"ကျွန်တော့်အတွက် အရေးမကြီးပါဘူးမက်ရယ်၊ ဘ အချိန်စားစား ဖြစ်ပါတယ်၊ မက်ကသာ နေမကောင်းတာ၊ ကို ကိုယ်ကိုယ်ဂရုစိုက်၊ ခဏလေး ... သံပုရာရည် သွားဖျော်ပေးမ

မီးဖိုခန်းထဲဝင်ကာ အမူးပြေစေရန် ချဉ်ချဉ်လေးဖျော် ရ၏။

"ရပြီ ... သောက်ကြည့်ဦး မက်၊ လိုတာရှိရင်ပြော"

မက်က တစ်ငုံစာ အရင်သောက်လိုက်ပြီးမှ ...





"အားပါး...တယ်ကောင်းတဲ့ သံပုရာရည်ပါလား။ တော် ယ် ... ယံတော့ ဆိုင်ဖွင့်စားရင်ရပြီ"

"ကဲ ... ခေါင်းကြည်ပြီဆိုရင် ထမင်းနည်းနည်းစားရအောင် ၊ အစာဝင်မှ အားရှိမှာလေ"

သူကပြောတော့ မက်က နာခံပါသည်။ သို့ပေမယ့် တို့ကနန်း တ်ကနန်းသာ။ အဲဒီနောက် သူသတိထားမိလာတာက မနက်စော ဆို မက်တစ်ယောက် ဘောစင်၌ တဝေ့ဝေ့ထိုးအန်ခြင်းပင်။ မအန်စတော့ သူမှာ ပျာပျာသလဲ ကျောကုန်းတွေဖိပေးရင်း...

"မက်ကကွာ ... အစာမကြေဘူးနဲ့တူတယ်၊ အဲဒါကြောင့် ကျွန်တော် ခဏခဏပြောတာ ... ထမင်းစားပြီးတာနဲ့ အစာကြေ ဆားလေးစားပါဆိုတာကို၊ နောက်ပြီး လက်ဖက်တွေသိပ်မစား ။ လက်ဖက်ကလည်း ရင်ပြည့်တာပဲ၊ မနက်မနက်ဆိုလည်း ခင်းကြော်တွေ မစားနဲ့"

လို့ ဆူဆူပူပူလုပ်မိသေးသည်။ နောက် မက်ကို သေသေ ချာကြည့်တော့မှ နားထင်ဘေးနစ်ဖက်က ချောင်ကျနေသည်။ သူက အိပ်ရေးပျက်ခြင်းကြောင့်ဖြစ်မည်ဟု ထင်သည်။ မှ မက်ရဲ့ သေးကျဉ်းသောခါးကလေးသည် တစ်ထောက်တစ်စ သာအောင်တုတ်ခိုင်လာတာ၊ ဝမ်းပြင်သားက ဆူဆူဖြိုးဖြစ်လာ တွေကြောင့် သူက ရိပ်မိလာရ၏။ ဒါကြောင့် သူက အစာမကြေ နှင့် ဆိုင်သည်ဆိုပြီး ဆူတုန်းက မက်ကပြောတာကို။



www.burmeseclassic.com

www.burmeseclassic.com



"အစားနဲ့မဆိုင်ပါဘူး ယံရယ်"

တဲ့လေ။ မဖြစ်တော့ ... ပွင့်ပွင့်လင်းလင်းဖွင့်မေးမှ အကော

အထည်ဖော်သင့်သည်ကို ဖော်ရအောင်။ ဒါမျိုးကိစ္စဆိုသည်က ဖုံ

ဖိထားလို့ရသောအရာမှ မဟုတ်တာကိုး။ ထို့ကြောင့် သူက အေ

ဆေးသောတစ်ညနေ၌ မက်ကိုဖွင့်မေးရန် ကြံစည်ထားပါသည်

ထိုညနေသည် လူသွားလူလာရှုပ်ထွေးများပြားသော သူတို့လ

သွယ်လေး၏မြင်ကွင်းအား စရန်တာမှ မက်ကငေးမောနေသေ

အချိန်ဖြစ်သည်။

မက်ကြည့်နေရာကို သူလိုက်ကြည့်သောအခါ မိသား

တစ်စု။ အမေဖြစ်ဟန်တူသူက ကလေးငယ်ရဲ့လက်တွန်းလှည်းထေ

ကိုတွန်း၍ မိခင်ဖြစ်သူက ဘေးမှလိုက်ကာ တွန်းလှည်းထဲမှကလေ

အား အရုပ်ကလေးနှင့် ချော့မြူနေသောမြင်ကွင်းဖြစ်သည်။ ထိုအေ

၌ သူသည် မက်ရင်တွင်းကို ဝင်ကြည့်ရလောက်သည်အထိ ခံစား

ချက်ကို တိတိပပရှင်းလင်းစွာတွေ့ရသောကြောင့် စိတ်မကောင်

ဖြစ်မိသည်။

မက်လည်း အဲဒီလိုမိသားစုလေးနှင့် နေချင်ရှာမည်

ကိုယ်ချစ်သောခင်ပွန်း၊ ကိုယ်တန်ဖိုးထားရသော ရင်သွေးကလေ

နှင့်လေ။ သူက စူးစိုက်ငေးနေသောမက်မျက်ဝန်းတွေထဲမှ ဝေ

တအရိပ်တွေကို မမြင်ရက်နိုင်စွာဖြင့် ...

"မက် ..."





သူမကိုယ်လေး ဆတ်ခနဲတုန်သွားသည်။ ဒီလောက်ကျဉ်း

သောဝရန်တာလေး၌ အနားသို့လူကပ်လာခြင်းကို မသိဘူးဆိုသော

ဒ်ရဲ့ ရှာန်ဝင်စားမှုသည် အင်မတန် ကရုဏာသက်စဖွယ်ဖြစ်၏။

"အောက်ကို အရမ်းမကြည့်နဲ့ဦး၊ မူးသွားလိမ့်မယ်"

"အဟင်း ... အပျင်းပြေပေါ့ ယံရယ်၊ လမ်းမပေါ်က လူတွေ

ကြည့်ပြီး သူတို့ဘဝတွေကိုမှန်းဆရတာ ပျော်စရာကောင်းသလိုပဲ"

သူက သက်ပြင်းတစ်ချက်ရှိုက်ရင်း ...

"ကျွန်တော်လည်း မက်ကို မှန်းဆနေတာ"

"ရှင်"

မက် နားမလည်ပါ။ ယံ့စကားက အစပ်အဆက်မှ မရှိတာ

။ သူက အထဲမှ ပလတ်စတစ်ခုံ နှစ်ခုံဆွဲယူလာပြီး သူမအတွက်

စ်တကျ နေရာချပေးရင်း ...

"မက်မှာဖြစ်နေတာတွေအားလုံး ကျွန်တော်သိနေတယ်၊

ခမဲ့ မက်ကိုယ်တိုင်ဖွင့်ပြောတာကိုပဲ လိုချင်တယ်၊ နားနဲ့ဆတ်

်ကြားချင်တယ်၊ ဘာမှတွေးမနေနဲ့ မက်၊ လိုအပ်ရင် ကျွန်တော့်

မက်ရဲ့အမေလို၊ အစ်မလိုသဘောထားပြီး ပြောလိုက်၊ အဲဒါမှ

ဘာဆက်လုပ်လို့ရမလဲဆိုတာ တွေးလို့ရမှာ"

မက်ရင်သည် ဝမ်းနည်းစိတ်ကြောင့် လှိုက်ခနဲဖြစ်သွား

ည်။ သူဟာ မက်ဘဝအတွက်တော့ လိုအပ်သည့်အချိန်တွင် အခင်

ဝ်မျိုး၊ အစ်ကိုလိုတစ်သွယ်။ ဟော ... အခု မိခင်လိုသဘော



www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့တဲ့ ဖြူစင်လွန်းသောသူ့စိတ်ကို လေးစားမှုအရင်းတည်ရှ
တော် မြတ်နိုးမဆုံး။ ထိုစိတ်နှင့်ဒွန်တွဲပါလာတာက သိမ်ငယ်စိတ်
ဝမ်းနည်းစိတ်။ တွေးရင်း ... မျက်ရည်တစ်စက် ပေါက်ခနဲကျ သည်

"မက် ... ဒါဒိုစရာမဟုတ်ဘူးနော်၊ ငိုတယ်ဆိုတာ အ
ပေးခြင်းလေ၊ မက်က အဲဒီလောက်အထိ ပျော့ညံ့တဲ့သူမှမဟုတ်
ဘယ်အရာမဆို ကြံ့ကြံ့ခံနိုင်ရမှာပေါ့၊ ကဲ..ဒီလောက်ဆို ကျ
တော့်ကို ရင်ဖွင့်လို့ရပြီးနော် ... မက်"

သူမက အသာခေါင်းညိတ်ပြရင်း ...

"မက် ... မက်မှာ ကိုယ်ဝန်ရှိနေပြီ ယံ"

"ဟား..ဒီလိုမှပေါ့၊ အဲဒီလို ရဲရင့်စမ်းပါမက်ရဲ့၊ မက်
ရင်သွေးလေးရှိနေပြီ ... ဒါ မင်္ဂလာတစ်ပါးပဲ၊ ရှက်စရာမှမဟုတ်
ဒီကလေးမှာ အဖေရော အမေပါရှိတယ်၊ ဟော သူများကလေး
ထက် တစ်ပါးသာတာက ဒီကလေးမှာ ဦးလေးတစ်ယောက်လည်
အဆင်သင့်ရှိနေပြီ"

ယံက သူ့ရင်ဘတ်သူပုတ်ပြရင်း ဆိုသည်။

"ဒါများမက်ရယ် ... ဘာဝမ်းနည်းစရာရှိလို့လဲ"

"စိတ်မကောင်းတာပါ ယံ၊ ကလေးက လာကတည်း
ကံမှမကောင်းတာ၊ အဘိုးအဘွားတွေရဲ့ စွန့်ပစ်ခြင်းလည်းခံရတ
ပြီးတော့ ကို့ရဲ့ ... "

"မုန်းကဘာဖြစ်လို့လဲ မက်ရယ်၊ အလုပ်ကိစ္စနဲ့ ခရီး





တာလေ၊ စိတ်ချ ... ဒီကောင် ခရီးကပြန်လာလို့ မက်ရဲ့သတင်းသာ
ကြားရင် မိုးမမြင်,လေမမြင်ဖြစ်အောင်ကို ပျော်မှာ၊ မုန်းက ကလေး
အရမ်းချစ်တတ်တာ မက်ရဲ့"

သူက မက်ပါးပြင်ကိုမနာအောင် ဖွဖွလေးလိမ်ဆွဲရင်း ပြော
သည်။ ပြီးတော့ မက်ပါးမှာကျနေသော မျက်ရည်တွေကို လက်မ
ထးဖြင့် ဖိဖိထိတို့သုတ်ပေးရင်း ...

"ဒီနေ့ကစပြီး မက် အနေအထိုင် အသွားအလာ ဆင်ခြင်
တော့မယ်နော်၊ အခုဆို မက်မှာ တစ်ယောက်တည်းမဟုတ်တော့
ဘူး ... နှစ်ယောက်ဖြစ်လာပြီ၊ အစားကို နှစ်ယောက်စာအားရှိအောင်
စားရမယ်၊ အိပ်ချိန်ကို တိုးပြီးအိပ်ပေးရမယ်၊ အိမ်အလုပ်တွေ ဘာမှ
လုပ်နဲ့၊ အားလုံး ကျွန်တော်ပဲလုပ်မယ်"

သူ့ပျော်ရွှင်မြူးတူးခြင်းတွေက သူမထံပါ ကူးစက်လာသလို
ခံစားရသည်။ ကလေးလေးအား ဝမ်းသာအားရကြိုဆိုသောသူ ရှိပါ
သေးလားဟူသောအတွေးက သူမကို ပီတိများစွာဖြစ်ထွန်းစေ၏။
သူမကလည်း စည်းကမ်းတွေချမှတ်နေသော သူ့အားကြည့်ပြီး ...

"အခုရော မက်က အိမ်အလုပ်တွေ လုပ်နေရတာကျနေ
တာပဲ"

"လုပ်တယ်လေ၊ တံမြက်စည်းလှည်းတာတို့ ဖုန်သုတ်တာ
တို့"

"အမယ်လေး ယံရယ် ... အဲဒါ ပေါ့ပေါ့ပါးပါးလေးတွေပါ၊



www.burmeseclassic.com

www.burmeseclassic.com



ဒါလေးတွေလုပ်ရုံနဲ့တော့ ဘာမှမဖြစ်လောက်ပါဘူး"

"မရပါဘူး။ မဖြစ်လောက်ဘူးဆိုပြီး အတင့်မရဲလာနဲ့ အမိ မိခင်နဲ့ ကလေးရဲ့ကံ စပ်ပြီးမှရောက်လာတာ၊ သူ့ကို တန်ဖိုးထားပြီး ချစ်ခင်မှ သူက ကိုယ့်ကို ပြန်လေးစားတော့မှာပေါ့၊ ပေါ့ပေါ့ဆဆ ကို မနေရဘူးနော် မက်၊ အင်း ... ဒီအတိုင်းထားလို့မဖြစ်ပါဘူး ကိုယ်ဝန်ဆောင်တွေဖတ်ရတဲ့ စာအုပ်တွေ ဝယ်မှပါပဲ"

သူက သူမထက်ပိုပြီး ကဲကဲလှုပ်။ ထိုနေ့ နေ့မကူးခင်ပင် Mini Mart သို့သွားကာ ကိုယ်ဝန်ဆောင်နှင့်ပတ်သက်သောစာအုပ် တွေ တစ်ထပ်ကြီးဝယ်ချလာသည်။ သူ့ကြည့်ရတာ တော်တော်လေး အူမြူးနေဟန်လည်း တူပါသည်။ ထိုစာအုပ်တွေဝယ်ပြီးတော့ မက် ဖတ်ရသည် မရှိ။ သူချည်းပဲ လက်ကမချတမ်း ဖတ်တော့တာ မက်ကပင် နောက်ပြောင်ချင်လာရကာ ...

"ယံ ... လူချင်းမှားနေသလားဟင်"

မက်ရဲ့မေးခွန်းကို သူက နားလည်ဟန်မတူပေ။ သူမကို ကြောင်ငေးပြီး ကြည့်နေတာများ အကြာကြီး။ ပြီးမှ ...

"ဘာကိုပြောတာလဲ မက်"

"ဟောတော့ ... ဒီလောက်လေးတောင် သဘောမပေါက် ဘူးလား။ မက်ပြောတာက ကိုယ်ဝန်ဘယ်သူရှိတာလဲ ... ယံလား မက်လား"

သူ့အရူးတူတူရုပ်က အခုအထိ မပြောင်းလဲ။





"မက်လေ ... ကျွန်တော်က ဘယ်လိုလုပ်ပြီး ကိုယ်ဝန် ဆောင်နိုင်မှာလဲ"

"ဒါဆို ဘာဖြစ်လို့ ယံက အဲဒီစာအုပ်တွေကို လက်ကမချ နိုင်ဖြစ်နေရတာလဲ"

လို့ ဘွင်းဘွင်းကြီးဖွင့်မေးမှ သူက သဘောပေါက်ရကာ ဟားဟားဟားအော်ရယ်ပါသည်။ ထို့ပြင် သူ့စိတ်အား သူမရင်သွေး လေးကပဲ ဖုံးလွှမ်းထားကြောင်း သူက အတိအလင်းဖော်ပြသည့် အချိန်က သူမသည် မြဝတီမှလာသော ကိုရီးယားဇာတ်လမ်းတွဲကို အရိုက်မက်မက်ငေးကာ ကြည့်နေသောအချိန်၌ ဖြစ်သည်။ သူက တော့ သိတဲ့အတိုင်းပဲလေ။ အဲဒီကိုယ်ဝန်ဆောင်စာအုပ်တစ်အုပ်နဲ့ပဲ အချိန်းတွေကုန်နေခဲ့တာ။ သူမကလည်း ကိုရီးယားကားတွေရဲ့ ဇာတ် လမ်းအနိမ့်အမြင့်နောက် တစ်ကွေ့တကောက် ပါနေတုန်းမှာပဲ ...

"မက်"

သူက နောက်မှ လာခေါ်ခြင်းဖြစ်သည်။ မက်က ဖျတ်ခနဲ လှည့်ကြည့်တော့ သူ့မျက်နှာက သာမန်မဟုတ်။ အရောင်တစ်မျိုး လန်းလင်းလျက်ရှိကာ တစ်မျိုးတော့တစ်မျိုးဖြစ်နေတာ အမှန်ပင်။

"ဘာလဲ ယံ ... ပြောစရာရှိတာပြော၊ ဒီမှာ အရှိန်ကောင်း နေပြီ"

"အင်း...ပြောမှာပါ၊ မက်က ကလေးကို ဘာလေးလို့မှည့် မှာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



သူမေးသောမေးခွန်းက သူမအတွက် ကြို့တင်မစဉ်းစား
ခဲ့တာကြောင့် အနည်းငယ်တော့ တွေဝေသွားရပါသည်။ သို့ပေမဲ့
သူမက ကိုနှင့်တူသော သားလေးတစ်ယောက်လိုချင်သည်ဆိုသ
သိပ်ကြာကြာမစဉ်းစားရ။ ကိုယ့်ရဲ့ကိုယ်ပွားသော သူမအနားမှာ
လျှင် မက်အတွက်လုံလောက်ပြီ။ မက်အချစ်က အဲဒါမျိုး။

"မက်လိုချင်တာ သားလေး"

"အင်း ... ကောင်းတယ်ကောင်းတယ်၊ သားလေးဆိုတော့
အားဖြစ်တာပေါ့မက်ရဲ့၊ မက်သားလေးလိုချင်ရင် ဘောလုံးပွဲတွေ
များများကြည့် ... သိလား"

"ဟင် ... ဘာဖြစ်လို့လဲ"

မက်က ဘာမှမဆိုင်သော သူ့ညွှန်းဆိုချက်ကို အထူး
ဆန်းဖြစ်လို့။ သူက ဘာမှမထူးဆန်းသလို တည်တည်ငြိမ်ငြိမ်နှ
ပင် ...

"ဩော် ... ဒီစာအုပ်ထဲမှာပါတယ်၊ ဘောလုံးပွဲတွေကြည့်
မိခင်လောင်းတွေကသာ ယောကျာ်းလေးတွေပဲ မွေးကြတာတဲ့
ဒါကြောင့် မက်လည်း ဘောလုံးပွဲကြည့်ရင် ယောကျာ်းလေးပဲ
လိမ့်မယ် ... အဲဒါ အသေအချာပဲ"

ဟု၍ သူ့တွက်ရေးနှင့်သူဟုတ်နေသော ယုံကျော်ပြင်
ကြည့်ပြီး သူမ လှိုက်လှိုက်လှဲလှဲ ပြုံးတတ်လာသည်။ ကို့ကို အနား
ရှိနေစေချင်ပေမယ့် မရှိသေးတဲ့ကို့အတွက် မျှော်ဓာနှင့်မမောချ



သူမဟာ မေတ္တာရဲ့အမိုးအောက်မှာ မေတ္တာတစ်ခု မွေးဖွား
ရန်အတွက် အသားတကျဖြစ်နေပြီ။ မေတ္တာဟာ အေးမြပါတယ် ဆို
တော့လည်း ... ။

www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း (၁၁)

သူ့ရဲ့ စိတ်ရင်းအတိုင်းဆို မုန်းရှိရာအရပ်သို့ နောက်တစ်ကြိမ် ခြေချမိမှာမဟုတ်။ အခုက မက်ဗိုက်ထဲက တစ်ဦး တည်းသော ကလေးအတွက်။ မုန်းဟာ တာဝန်မဲ့သူတစ်ယောက်ထံ သို့ ပြောင်ပြောင်တင်းတင်း ကျင့်ကြံလာပြီ။ သူနှင့်မက်အတွက် လစဉ်သုံးစရိတ်ဆိုတာလည်း ထည့်မပေးတော့။ ဒီကောင် တိုက်ခန်း စငှားကတည်းက ဗီရိုအကန့်လေးထဲက ထည့်ထားပေးသောငွေသည် ထည့်စက အထပ်အမြင့်ကြီးဖြစ်သော်လည်း အချိန်ကြာလာတာနှင့် အမျှ တစ်စထက်တစ်စ လျော့ပါးလာလေပြီ။

သူ့အတွက်က အရေးမကြီးပေမယ့် ကိုယ်လေးလက်ဝန်း လာပြီဖြစ်သော မက်အတွက် အရေးတကြီးလိုအပ်လာပြီဖြစ်သည်။ ဒီကြားထဲ အသုံးပြုတ်သွား၍ သူ့နာရီတောင် ချွတ်ရောင်းပြီး ဗီရိုထဲ သို့ ပြန်ထည့်ပေးထားရသည်။

မက်ခမျာ အစွန့်ပစ်ခံရသည့်အထဲ ငွေရေးကြေးရေးကြောင့် စိတ်မာတ်မကျစေချင်ပါ။ သူ အခု မုန်းကိုလာတွေ့ရသော ကိစ္စက





ငွေနဲ့တော့ မဆိုင်။ သူတို့လင်မယားနှစ်ဦး ပြေလည်သင့်မြတ်လျှင် တော်ပြီ။ ကလေးရှေ့ရေးလည်း ရှိသေးသည်မဟုတ်ပါလား။ အတွေး ဆုံးခင် မုန်းတို့ ရှုတင်ဖြုတ်သွားပြီ။ မုန်းက သူ့ကိုတွေ့တာတောင် အံ့ဩလှုပ်ရှားတာကင်း မရှိ။ ခပ်တန်းတန်းနှင့် သူ့အား လက်တစ်ဖက် မြှောက်၍ နှုတ်ဆက်ပြီး နားနေခန်းထဲ ဝင်သွားပါသည်။ သူကတော့ မုန်းရှိရာအခန်းထဲသို့လိုက်ဝင်လျှင် အရင်တွေ့ရသူက ကျင်ဝှက်။ ကျင် ဝှက်က သူ့ကိုတွေ့သောအခါ ဝမ်းသာအယ်လဲဖြင့် ...

"ဟာ ကိုယ် ... ကျွန်တော်တို့ မတွေ့ရတာတော်တော် ကြာ ပြီနော်၊ အဆင်ရောပြေရဲ့လား၊ ဟို မရွှေအိပ်မက်ရော နေကောင်းရဲ့ လား"

ဟု ခပ်တိုးတိုးကပ်ပြီး မေးရှာပါသည်။ ကျင်ဝှက်ရဲ့ လိုက်လံ မေးမြန်းသုံးပုံတစ်ပုံသာ မုန်းထံမှ သူရမည်ဆိုပါက ကျေနပ်မဆုံးတော့ သေး။ အခုတော့ အခန်းတွင်း၌ အေးတိအေးစက်မျက်နှာထားနှင့် မုန်းက သူ့ကို မျက်လုံးစိမ်းတွေနှင့် လှမ်းကြည့်လို့။ အခန်းထဲ ဝင်တာ နှင့် သူက ...

"ငါ မင်းနဲ့ နှစ်ယောက်တည်း စကားပြောချင်တယ်"

လို့ ခပ်တည်တည်ပင် သူပြောတာပါ။ သူနှင့်မုန်းကြား၌ အစိမ်းရောင်ပဝါပါးတစ်ခုက ကန့်လန့်ခြားထားပြီ။ မုန်းက သူ့ဟန် ပန်အတိုင်း စီးကရက်ကို နှုတ်ခမ်းဖျားဆီ တွဲလွဲခိုစေပြီးမှ ...

"ငါလည်း နှစ်ယောက်တည်းပြောဖို့ပဲ စောင့်နေတာယ်၊



www.burmeseclassic.com

www.burmeseclassic.com



ငါ့အချိန်တွေကလွဲရင် ကျန်တာ မင်းကြိုက်သမျှ အကုန်တောင်းလို့ ရတယ်"

"ငါကလည်း မင်းပေးလို့မရပါဘူးလို့ ကြွေးကြော်ထားတဲ့ အချိန်တွေကိုပဲတောင်းမလို့ မှန်း၊ မင်းဘာကြောင့် မက်ဆီ ပြန်လာရတော့တာလဲ၊ မင်းပေါ်မှာ သူထားတဲ့စိတ်ကို ခံစားလို့ရမှာပါ မင်းကြောင့် သူ ဘယ်လောက်စွန့်လွှတ်ခဲ့ရသလဲ၊ အနစ်နာခံခဲ့ရသလဲ ... ဒါတွေ မင်းသိရဲ့သားနဲ့မှန်းရာ"

သူက မချိတင်ကဲ ရေရွတ်မိတာပါ။ မှန်းမျက်နှာ အိုသွားတော့ သူ့ရင်ထဲ အပျော်က လှိုက်ခနဲဆောင့်ဝင်သည်။ သူတွက်ထားသလောက် အခြေအနေက မဆိုးရွားသေး။ မှန်းက စီးကရက်ကို ရှိုက်ဖွာတာမှ အငမ်းမရ။ ဒါ မှန်းစိတ်လှုပ်ရှားတိုင်း ပြုမူတတ်တဲ့ သဏ္ဌာန်။ ပြီးမှ အရှည်ကြီးကျန်တဲ့ စီးကရက်ကို ပြာခွက်ထဲထိုးချေသည်။

"ငါသိပါတယ် ယ်၊ ငါပြန်လာချင်ပါတယ်"

"ဒါများကွာ ... ပြန်ခဲ့ပေါ့၊ မက် မင်းကို ဘယ်လောက်အထိ လိုအပ်နေတယ်ထင်လဲ"

မှန်းက ခေါင်းတဆတ်ဆတ်ညိတ်ပြီး ...

"ငါခန့်မှန်းလို့ရပါတယ်၊ ဒါပေမဲ့ မမကောင်းက ငါ့ကို မျက်စိအောက်က အပျောက်မခံဘူးဖြစ်နေတယ် ယ်၊ ဒီက လက်ချန်ကားတွေဖြတ်ပြီးရင် အထက်မြန်မာနိုင်ငံအနှံ့ ရုပ်ရှင်ဇာတ်ကား





ရိုက်ဖို့ အစီအစဉ်ရှိတယ်၊ ငါ အလုပ်တွေထဲမှာ နစ်နေတယ်လေ၊ အဲဒီအတောအတွင်း မင်းပဲ မက်ကို စောင့်ရှောက်ပေးထားပါ။ အဲဒီအတွက် မင်းကျေးဇူး ငါမမေ့ပါဘူး"

"ဟေ့ကောင် ... မင်းကို အခု ငါလာပြောနေတာ မစောင့်ရှောက်ချင်လို့ မဟုတ်ဘူး။ အတွေးမချော်နဲ့၊ တစ်သက်လုံးကူညီရလည်း ဘာမှမဖြစ်ဘူး။ မင်းအတွက် ဒီထက်ကြီးတဲ့ကိစ္စတွေတောင် ငါလုပ်ပေးခဲ့တာပဲ၊ အခုအချိန်မှာ ငါစောင့်ရှောက်ပုံနဲ့ မင်းနဲ့မတူဘူး၊ မက်စိတ်ထဲမှာ မင်းကိုပဲ တောင့်တနေတာ"

သူက ဒီတစ်ကြိမ်တော့ မှန်းကို အပါခေါ်သွားနိုင်အောင် ကြိုးစားမည်လို့ အားထုတ်ထားသောသူပါ။ သူ့အပြန်ကို မျှော်လင့်ခြင်းတွေတောက်ပသော မျက်ဝန်းတွေနှင့် စောင့်မျှော်နေသည့်မက်အား သနားလှပြီဖြစ်သည်။

"အေးပါ ... ငါလာနိုင်အောင် ကြိုးစားပါ့မယ်"

မှန်းအသွင်က စိတ်မပါ့တပါရယ်။ ဒါကို သူ မကြိုက်။

"ကြိုးစားပါ့မယ် လုပ်မနေနဲ့ ... ရှူတင်ပြီးရင်လိုက်ခဲ့၊ ငါ စောင့်နေမယ်"

"မရဘူး ယ်၊ ငါနဲ့ မမကောင်း ကျိုင်လိမ့်မယ်"

"ဟေ့ကောင် ... ဆင်ခြင်တွေသိပ်မပေးနဲ့၊ ခါတိုင်းလည်း ဒီလိုပဲလစ်နေကျကို"

"အခုက ခါတိုင်းနဲ့မှ မတူတော့တာ"



www.burmeseclassic.com

www.burmeseclassic.com



"မုန်း"

သူက အေးစက်စက်မုန်းကို အားမရဖြစ်မိသည်။ မုန်းက နောက်အသစ်သောစီးကရက်ကို မီးထပ်ညှိပြီး သက်ပြင်းတစ်ချက်ချကာ ...

"အခြေအနေတွေ ပြောင်းကုန်ပြီ ယံ၊ အရာတိုင်း ငါမျှော်လင့်သလို ဖြစ်မလာဘူး။ ငါစိတ်ကူးထားသမျှအားလုံး ပျက်စီးကုန်ပြီ"

"မင်း ဘာကိုပြောတာလဲ"

ဒေါသရိပ်သမ်းသော ယံ့မျက်နှာကို သူ ကြာကြာမကြည့်လို။ ထို့ကြောင့် အဝေးတစ်နေရာသို့ အကြည့်လွှဲရင်း ...

"မက်အကြောင်းတွေ သတင်းစာထဲပါတော့ ငါဖတ်ရတယ်"

ယံသည် ဝုန်းခနဲ ဒေါသကြောင့်ခုန်ထသည်။

"အဲဒီတော့ ..."

"ငါ့အဖြစ်က အမိုးမရှိဘဲ ရပ်တည်မရတော့ မင်းအသိဆုံးပါ ယံ၊ ငါဒီနေရာကို လွယ်လွယ်နဲ့ရောက်ခဲ့တာမဟုတ်ဘူး။ အဲဒီအတွက် ငါရထားတဲ့နေရာကို ငါ့ကိုထောက်ပံ့ပေးတဲ့လူကို တန်ဖိုးထားရမယ်၊ အခုအချိန်မှာ ငါ့တိုးတက်ရေးအတွက်ကလွဲလို့ တခြားဝန်ထုပ်ဝန်ပိုးတွေ ငါမလိုချင်သေးဘူးယံ၊ မလိုချင်သေးတာနော် ... လုံးဝမလိုတော့တာလို့ ငါမပြောဘူး။ အချိန်အတိုင်းအတာတစ်ခုအထိ ငါ့ကိုစောင့်ပေးပါ၊ မက်ကိုလည်း နားလည်အောင် မင်းပြောပြပါ၊ မင်း



ပြောရင် မက် နားထောင်မှာပါ ... ငါသိပါတယ် ယံ၊ ဒီတစ်ခါလည်း မင်း ငါ့ကို ကူညီပေးပါ"

သူ မုန်းကို သနားစရာလို့မမြင်။ အတ္တကြီးသူတစ်ယောက်ရဲ့ လောဘရမ္မက်တွေသာ မုန်းမျက်နှာပေါ် ရောင်ပြန်ဟပ်နေသည်ဟု သူထင်သည်။ သူကလည်း မုန်းနှင့်နီးကပ်အောင် ကိုယ်ကို ရှေ့ကိုင်းသည်။ ဒေါသပါသောအသံက တိုးတိတ်အေးစက်စွာ။

"မင်း မက်ကို ချစ်လို့လက်ထပ်ခဲ့တာ မဟုတ်ဘူးလား"

မုန်းခေါင်းညိတ်တော့ သူက ...

"အရှက်မရှိတဲ့ကောင်"

လို့ ပေါက်ကွဲစွာထအော်သည်။ မုန်းက လက်ကာတားမြစ်ရင်း ...

"ချစ်တယ် ... ဒါပေမဲ့ ဘဝနဲ့ယှဉ်ရင် အချစ်က တစ်စိတ်တစ်ဒေသပဲ ရှိတယ်၊ ဘဝအောင်မြင်မှုအတွက်ဆို အချစ်ကို နောက်ချန်ထားရမယ်လို့ပြောလာရင် ငါက ချန်ခဲ့မှာ၊ ဘဝမှာ အချစ်ထက် အရေးကြီးတာတွေ အများကြီးရှိတယ်ယံ၊ ငါ့ဘဝက ပြီးစလွယ်တည်ဆောက်တဲ့ဘဝမျိုး မဟုတ်ဘူး"

"တော်တော့"

သူ ကြုံးအော်သည်။ အသံနက်ကြီးကြောင့် အခန်းဝ၌ လူတွေရဲ့ စိတ်ဝင်စားမှုက ဒိုင်းဆို စုပြုံလာ၏။ သူက အခန်းတံခါးကို [illegible]နှင့်ခတ်ပြီး ပိတ်လိုက်သည်။ တံခါးပိတ်သံက အရှိန်ပြင်းသော

www.burmeseclassic.com

www.burmeseclassic.com



ခြေကန်ချက်ကြောင့် အကျယ်ကြီးမြည်၏။ သူရင်ထဲ၌ ထို့ထက်ကျယ် သောအသံတွေမြည်နေကြောင်း သူတစ်ယောက်တည်းသာ သိပ် သည်။

"မင်း တော်တော့မုန်း၊ မင်းက မင်းဘဝကို သိပ်တန်ဖိုး ထားတယ်၊ သူတစ်ပါးရဲ့ဘဝကျတော့ ပြီးစလွယ်နင်းပစ်တယ်၊ အဲ ကို ငါဘယ်လိုခေါင်းစဉ်တပ်ရမလဲ ... လူမဆန်တာလား ... တာဝ မယူရဲတာလား"

"ဟေ့ကောင် ... မင်းစကားတွေက ထိပါးလွန်းနေပြီ၊ ငါ တာဝန်ယူရဲလို့ လက်ထပ်ခဲ့တာ၊ မင်းကိုငါပြောတဲ့အထဲမှာ ငြင်း ဆန်တာမပါဘူး။ ငါ့အခက်အခဲကြောင့် အချိန်စောင့်ဖို့ ..."

"မစောင့်နိုင်ဘူး"

သူ ဖြတ်အော်သည်။ ဝုန်းခနဲခုန်ထကာ မုန်းရဲ့အင်္ကျီကော် လံစကို ဆောင့်ဆွဲ၏။ မုန်းမျက်နှာနှင့် သူက ထိလုနီးပါး။ လေသံ သဲ့သဲ့ဖြင့် သူကြေငြာသည်။

"မက်မှာ ကိုယ်ဝန်ရှိနေပြီ"

ခေတ္တကြောင်သူက မုန်း။ မျက်နှာပြင်ရှိအကြောတွေ ဆိုင်း ကုန်သည်ဟု ထင်ရသည်။ သူတစ်ကိုယ်လုံးရှိ သွေးကြောတွေ ထောင်းထောင်းအသံပေး၍ ပြတ်ကုန်၏။ ပြတ်သောနေရာမှ သွေး တို့ အတားအဆီးမဲ့ ဒလဟောစီးဆင်းတာများ အရှိန်ကောင်းလွန်း ၍ လူက ပူထူလာသည်အထိ။ သူက ယုံလက်ကို အားပြင်းပြင်းနှင့်





တွတ်ထုတ်ပစ်သည်။ တစ်ဆက်တည်း နှုတ်မှ ...

"သွားစမ်းပါ၊ မင်း ဘာလာကြောင်နေတာလဲ ယံ"

"ငါကြောင်တာမဟုတ်ဘူး၊ မက်မှာ မင်းထားခဲ့တဲ့ကိုယ်ဝန် ရှိနေပြီ"

ဒီတစ်ခါတော့ သူ ကြောင်မသွား။ တဟားဟားထရယ် သည်။ အကောင်းဆုံးပြက်လုံးတစ်လုံး ကြားရသူလို လက်ဝါးနှစ် ဘက်ကို ဖြောင်းခနဲရိုက်ကာ ရယ်သည်။ တစ်ကိုယ်လုံးလည်း ယိမ်း ထိုးလျက် ...

"မင်း ငါ့ကို ဟာသတွေလာပြောနေတာလား"

သူက စကားဖြတ်၍ ယုံ့မျက်နှာကို ရှုးခနဲစိုက်ကြည့်သည်။ မျက်နှာကလည်း တည်သွား၏။

"ဒါမှမဟုတ် နဖားကြိုးလာထိုးနေတာလား"

"အမုန်းခြွေ"

ယုံ့ခေါ်သံက ကျိုတ်မနိုင်ခဲမရ။

"လက်မှတ်ထိုးပြီးတဲ့မနက်ဟာ ငါနဲ့မက် နောက်ဆုံးတွေ့ ခဲ့င်းပဲလေ ယံ၊ အဲဒီညက မင်းတောင် ဘာညာဆိုပြီး ဖုန်းဆက်ခေါ် သေးတယ်၊ ငါ ရောက်မလာခဲ့ဘူး၊ အဲဒီနောက် ငါ ဘန်ကောက်ထွက် သွားတယ်၊ ပြန်လာတော့ မင်းတို့ဆီ ရောက်မလာလို့ မင်းပဲလာခေါ် တာလေ၊ မက်ရဲ့ကိုယ်ဝန်က ငါထားခဲ့တာမဟုတ်ဘူး"

"မင်း မဟုတ်တာမပြောနဲ့၊ မင်းထားခဲ့တာမဟုတ်ရင် ဒါ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ကပေါ်လာမလဲ”

“အဲဒါတော့ ငါမသိဘူး”

မုန်းက ပခုံးစုံတွန့်ပြီး မထိတထိပြုံးသည်။ သူမှာ မုန်းနှင့်
ကြောင့် ဒေါသတွေထွက်ရလွန်း၍ အသားဆတ်ဆတ်တုန်နေပြီ
မုန်းက နှုတ်ခမ်းကို ဆတ်ခနဲကွေးချ၍ ပြုံးသည်။ ပြီးမှ သူ့ကို
ခိုင်းရပ်ပစ်ရင်း ...

“ငါသိတာက မှတ်မှတ်ရရ မင်းနဲ့မက်ကို တစ်မိုးအောင်
တည်းမှာ နှစ်လနီးပါးတောင် ရှိနေပြီလားမသိဘူး”

မုန်းက ဒီဘက်ပြန်လှည့်သည်။ သူ့ကို စူးစမ်းသလိုစိုက်
လာကြည့်ရင်း နှုတ်ခမ်းနှစ်လွှာကိုစေ့ကာ တဟင်းဟင်းနဲ့ရယ်
ပြီးမှ ...

“ငါ အရူးမဟုတ်ဘူး ယံ၊ ယောက်ျားပဲ ... လုပ်ရဲရင် ခံရဲ
ပေါ့၊ တကယ်တာဝန်ယူရမှာက မင်း”

သွားပြီ။ သူ့သိက္ခာ၊ စေတနာနှင့် အရှက်တရားကို ဒီကောင်
က အချိန်တိုအတွင်းမှာ တစ်ခဏချင်း နင်းပစ်လိုက်တာဖြစ်၏။ သူ
နလုံးသားသည် ဒေါသကြောင့် နာရီချိန်သီးပမာ ရင်ဘတ်တွင်း
ဟိုမှဒီ ယမ်းခါနေသည်။ သူ ထိန်းမထားနိုင်တော့။ မုန်းမျက်နှာဆီ
ချိန်ရွယ်စရာမလိုတော့သော လက်သီးတစ်လုံး တည့်မတ်စွာ
ရောက်သွား၏။ မုန်း ချာခနဲ လည်ထွက်သွားသည်။ မုန်းက နှုတ်
ခမ်းထောင့်စွန်းကကျလာသောသွေးကို လက်ခုံဖြင့်ဆွဲသုတ်ရင်း —





“မင်း ထွက်သွားတော့ ယံ၊ မင်းအပေါ်ထားတဲ့ သံယောဇဉ်
ထက်ကျန် နောက်စက္ကန့်ပိုင်းအတွင်း ကုန်တော့မယ်”

“ငါက ပြီးခဲ့တဲ့မိနစ်ပိုင်းကတည်းက မင်းအပေါ်ထားတဲ့
ငါ့သံယောဇဉ် ဆွဲဖြတ်ပြီးပြီ”

ပြောပြီးတာနှင့် လှည့်ထွက်ခဲ့သည်။ တံခါးကိုဆွဲဖွင့်၍ထွက်
တော့ အပြင်ရိုက်ကွင်း၌ လူများရဲ့ စူးစမ်းမျက်ဝန်း။ သူဥပေက္ခာ
ပြုခဲ့သည်။ သူ့နောက်ပါး၌ တံခါးပြန်ပိတ်သွားသံသဲ့သဲ့ ကြားရ၏။
မင်းနဲ့ငါကြား တံခါးတစ်ချပ် ခြားခဲ့ပြီ မုန်း။

*** *** ***

-------------------- ။

မက်သည် သူမတို့ ကွန်ကရစ်လမ်းသွယ်ကလေးရဲ့အထဲ
သို့ ခြေလှမ်းကြဲကြီးများနှင့်ဝင်လာသောယံကို တွေ့ပြီးကတည်းက
တံခါးသွားဖွင့်ထားပြီး ဖြစ်သည်။ သိပ်မကြာ ... လေ့ကားထစ်မှ
အပြေးတက်လာသော ယံ့အားတွေ့ရပြီး လက်ထဲမှာက အထုပ်အပိုး
တွေနှင့်။ သူမက သံပန်းတံခါးတစ်ထပ်ကို ဖွင့်ပေးကာ အထုပ်တွေ
လှမ်းဆွဲရင်း ...

“ဘာတွေလဲ ယံ”

“ပန်းသီးနဲ့ နွားနို့ဘူးတွေလေ”



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ကြည့်စမ်း ... ယံက အကြားအမြင်များ ရနေသလားဟင်"

ဝမ်းသာအားရပြောသော မက်မျက်နှာလေးက လမ်းတစ်လျှောက်လုံး မှိုင်းညို့နေသောသူ့စိတ်ကို သောကကင်းစေပါသည်။

"ဘာဖြစ်လို့လဲမက်"

"မက် ပန်းသီးစားချင်နေတာကြာပြီ ယံရဲ့"

"စားချင်တာများ ပြောပေါ့မက်ရယ်၊ ကျွန်တော်ဝယ်ကျွေးမှာပေါ့"

"မက်က မပူဆာရက်ပါဘူး ယံရယ်၊ ဗီရိုထဲကပိုက်ဆံတလည်း ပါးလာပြီ၊ ယံ့အလုပ်ကလည်း ... "

'မရှိတော့'ဆိုသောစကားအထိမရောက်အောင် သူမအမြန် ဘရိတ်အုပ်ပစ်ရသည်။ ယံ သိမ်ငယ်သွားမှာစိုး၍ပါ။ မဆီမဆိုင် သူငယ်ချင်းသံယောဇဉ်ကြောင့် သူမကို မျက်နှာမညိုအောင် လိုလေသေးမရှိအောင် ယံက စောင့်ရှောက်ထားရတဲ့အပြင် အပူအပင်သမျှ ယံ့ကိုပဲပေးနေတာ မတရားတော့လို့ သူမ ထင်ပါသည်။ ကို ထည့်ပေးထားသောပိုက်ဆံတွေက ကိုထွက်သွားတာ အချိန်ကြာတာနှင့်အမျှ တစ်စတစ်စ လျော့ပါးလာပြီ။ သူမမှာ ပိုက်ဆံမကုန်ခင် ကိုပြန်ရောက်ပါစေလို့ ဆုတောင်းရတာအမော။ ပါးရာက ဂိတ်ဆုံတော့ ပျောက်ကွယ်လုမတတ်။ ကိုကလည်း ပြန်မရောက်။

ထိုအခိုက်အတန့်ပြဿနာကို ယံကပဲ ဖြေရှင်းပေးခဲ့တာ





ကို့လောက်မများသော ငွေစက္ကူတစ်ထပ်ကို ယံက ဗီရိုထဲ အလိုက်သိ သူမ မရှိခင်အချိန်၌ ထည့်ထားပြီး ...

"ကျွန်တော် ပိုက်ဆံဖြည့်ပေးထားတယ် မက်၊ ကိုယ်ဝန်ဆောင်သည်ဆိုတော့ စားချင်တာရှိရင် အချိန်မရွေးဝယ်စားလို့ရအောင်"

ဟုပြောတုန်းက သူမသည် ယံ့စေတနာတွေကို ကျေးဇူးတင်မဆုံး။ နောက်ရက်တွေမှ သူမ သတိထားမိတာက ထိုပိုက်ဆံတွေကို ယံက သူ့နာရီရောင်းပြီး ထည့်ပေးခဲ့ခြင်းဖြစ်၍ သူမမှာ စိတ်မကောင်းနိုင်။

"ဘာလဲ ...ကျွန်တော်အလုပ်မရှိလို့ မပူဆာရဲတာပေါ့၊ အဲဒီလိုလား"

"အဲဒီလိုမဟုတ်ပါဘူး ယံရယ် ...အားနာလို့ပါ"

"ဘာမှအားနာစရာမလိုဘူး။ ကျွန်တော်တို့နှစ်ယောက်က သူငယ်ချင်းဆိုလည်းဟုတ်တယ်၊ မောင်နှမဆိုလည်းဟုတ်တယ်၊ တစ်ယောက်လိုအပ်ချက်ကို တစ်ယောက်က ဖြည့်ဆည်းပေးရမှာပေါ့၊ ကျွန်တော် အလုပ်လည်း ရလာပြီ"

"ကို ပြန်ရောက်လာလို့လားဟင်"

မက်ရဲ့ မျှော်လင့်ချက်ရောင်ခြည်တွေက သူ့ရင်ကို အခြောက်ဆံလို လာမှန်သည်။ သနားစရာမိန်းကလေး။ ချစ်သူကို ခုလို ပုံအပ်မိသူ။ အခုတော့ လက်မှတ်တစ်စုံကလွဲပြီး ဘာမှမရခဲ့



www.burmeseclassic.com

www.burmeseclassic.com



သောမိန်းကလေး။ သူက မက်ကို ယူကျုံးမရစွာငေးကြည့်နေမိတော့ သတိလက်လွတ်။ စိတ်ထဲမှာ ဒေါသနှင့် ကရုဏာက စစ်ပွဲဖြစ်နေသည်။

"ဟင် ... ယံ ... ဒီမှာမေးနေတယ်လေ၊ ကိုပြန်ရောက်ပြီလား၊ ဘာလို့ မက်တို့ဆီ ပြန်မလာရတာလဲဟင် ...ယံ ... ဖြေဦး"

သူ့လက်မောင်းကို အားရှိသရွေ့ ခါယမ်းနေသောမက်ကြောင့် သတိဝင်လာရပြီး သူက မျက်နှာထားကို ရှင်ရှင်ကလေးဖြစ်အောင် ပြောင်းလဲရပါသည်။

"ဒီမှာ အမိ"

သူ့လေသံကြောင့် မက်က ကြောင်အမ်းအမ်းမော့ကြည့်သည်။

"ခင်ဗျားရဲ့'ကို'လာမှ ကျွန်တော်က အလုပ်လုပ်လို့ရမှာတဲ့လား၊ တကတဲ လူကို အထင်သေးအမြင်သေးနဲ့၊ ဟိုကပြန်မလာသေးဘူး။ တခြားပရိဂ္ဂျုဆာတစ်ယောက်နဲ့တွေ့လို့ သူက ကျွန်တော့်ကိုခေါ်တာ၊ ကျွန်တော်ရိုက်ဖို့ သဘောတူလိုက်ပြီ၊ အဲဒါကြောင့် ပိုက်ဆံရလာတာ"

"ယံက အရင်တုန်းက ကို့ကားတွေမှာပဲ ရိုက်တာမဟုတ်လား"

"အင်းလေ ... ဘာဖြစ်လို့လဲ"

"တော်ကြာ ကိုကပြန်လာရင် တခြားလူတွေဆီမှာ ရိုက်



နိုဆိုပြီး စိတ်ဆိုးနေပါဦးမယ် ယံရယ်၊ သူမရှိတုန်း သူ့အပေါ် သစ္စာဖောက်သလိုဖြစ်ရင် ဘယ်ကောင်းမလဲ"

သူမလေးမျက်နှာက တကယ့်ကို စိုးရိမ်မကင်းဟန်။ ဒါက သူကရုဏာတွေကို ခြေယူနေသယောင်။

"အင်း ... ခင်ဗျား အဲဒီလောက်အထိတုံးလို့ ဟိုရဲ့လှည့်ကွက်ထဲ ကားခန့်နေအောင်မိရတာ ရွှေအိပ်မက်ရေ"

... လို့ သူက မကြားနိုင်မှန်းသိသိကြီးနှင့် စိတ်တွင်းကအော်နေမိပါသည်။ ပါးစပ်ဖျားကတော့ မထွက်ရက်။ သူမ စိတ်ဆင်းရဲမည့်အဖြစ်အား သူ့မကြည့်ရက်တာ ပါပါလိမ့်မည်။

"အဲဒါဆိုရင် မက်က ဘယ်လိုလုပ်ချင်လို့လဲ"

"မက်မှာ ဒါလေးတစ်ခုတော့ပါလာတယ် ယံ"

သူမက နားထဲမှ ပလက်တီနမ်နှင့်ကွပ်ထားသော စိန်တစ်ပွင့်နားကပ်ကို သွက်သွက်ကလေး ဖြုတ်မိသည်။ ယံက အထူးအဆန်းကို ငေးဆဲ။ သူမစိတ်က ရှင်းသည်။ ကို့အငြိုအငြင်တော့ခံ ဘာမဆို စတေးမည်၊ စွန့်မည်။ အဲဒါ ကို့အပေါ်ထားသောသူမရဲ့ မူပိုင်ချစ်ခြင်းမေတ္တာသာ ဖြစ်သည်။

"ဒါလေးရောင်းပေါ့ ယံ၊ တစ်ရံဆို မက်စိတ်ထင် ဆယ်သိန်းကျော်ကျော်လောက် ရနိုင်တယ်၊ ဒီစိန်က ကို့ကိုလက်ဆောင်ပေးတဲ့စိန်နဲ့ အတူတူဆိုတော့ နမြောပေမယ့် မတတ်နိုင်ဘူး ... ယံရဲ့တန်ဆာ, မရှိ ဝမ်းစာပဲ၊ တော်ကြာ ကိုက သူ့ကိုအသိမပေးဘဲ





www.burmeseclassic.com

www.burmeseclassic.com



လျှောက်လုပ်ရသလားဆိုပြီး စိတ်ဆိုးသွားရင် ပြီးရောပဲ"

သူ့ထံကမ်းပေးသော မက်ကို ယံက ငေးကြည့်နေမိသည်။ အချစ်ကိုကိုးကွယ်သော သူမလေးသည် နားကပ်မပြောနှင့် မုန် အလိုရှိသည်ဆိုက အသည်းနှလုံးဖြုတ်ပေးရန် ဝန်လေးမည်သူ မဟုတ်။

"ယူလေ ယံ၊ ရော့ပါ ... စိတ်ရှင်းရှင်းနဲ့ ရောင်း၊ အဲ မက်ပိုက်ဆံနဲ့ ဝယ်ထားတဲ့ဟာပါ"

သူက နားကပ်ထည့်ထားသော မက်ရဲ့လက်ကို ပြန်တွ ရင်း ငြင်းဖို့စကားလုံး စီရသည်။ စိတ်ခိုင်သောမိန်းကလေးတ ယောက်ကို ဒီအတိုင်းကြီး သိမ်းသွင်းရန်မလွယ်။ မုန်းနှင့်ပတ်သ ၍ ဘာမဆိုစွန့်ရဲသောသူမအား မုန်းနှင့်ပရိယာယ်ဆင်မှသာ ငြ နိုင်ချေရှိမည်။ ထို့ကြောင့် သူက ...

"မလုပ်ပါနဲ့မက်ရယ်၊ ကျွန်တော်ဝင်လုပ်တယ်ဆိုတာ အ သုံးပြုတ်လို့ပဲ ... သူနားလည်မှာပါ၊ နားမလည်ဘူးထားဦး၊ သူ ကျွန်တော့်ကို စိတ်ဆိုးရုံပဲရှိမှာ၊ မက်ရဲ့နားကပ်က သူနဲ့ဆင်တူ

"အင်းလေ"

"အဲဒါမှပြဿနာ ... ဒီကောင်က အမှတ်တရပစ္စည်း တန်ဖိုးက ခပ်ထားထားရယ်၊ တော်ကြာ သူနဲ့ဆင်တူနားကပ် ရောင်းရပ်ါမလားဆိုပြီး စိတ်ကောက်ရင် မခက်ဘူးလား"

သူ့အပြောပရိယာယ်ကကောင်းလွန်း၍ မက် တွေသ





သည်။ ဒါကိုပဲ အခွင့်ကောင်းယူကာ ...

"ပြန်သိမ်းထားလိုက်မက်၊ ဒီကောင်လည်း သိပ်မကြာတော့ ဘူး ပြန်လာတော့မှာပါ။ ဩော် ... မက်ကို ကျွန်တော်ပြောရဦး မယ်"

သူက ချက်ချင်း စကားလမ်းကြောင်းပြောင်းပစ်သည်။ ရိပ်မိသောမက်က သူ့ဦးဆောင်ရာကို ကောက်ကောက်ပါ၏။

"ဘာလဲ ယံ"

"နောက်ဆို ကျွန်တော့်ရှူတင်က ဆက်တော့မှာ၊ အိမ်အ ပြန် မိုးချုပ်တာရှိရင်ရှိမယ်"

"မက်နေရဲပါတယ် ယံရဲ့"

"ကျွန်တော်သိပါတယ် ... မက် သတ္တိကောင်းမှန်း"

သူကပြောတော့ မက်က အပြုံးတစ်ပွင့်ဖြင့် သူ့ကို မျက် တောင်းထိုးသည်။

"ဟင့်နော် ... လူကိုမရွဲ့နဲ့"

"ဩော် ... ဟော် ... မရွဲ့ပါဘူး၊ ကျွန်တော်မရှိတဲ့ အချိန်ကျရင် မက်တစ်ယောက်တည်း ပျင်းနေမယ်လေ၊ နောက် တောက်တိုမယ်ရလေး ခိုင်းရအောင် ကောင်မလေးတစ်ယောက် ကျွန်တော်ခေါ်ထားတယ်၊ မနက်ဖြန် ပွဲစားက လာပို့လိမ့်မယ် မက်"

"ယံရယ် ... သက်သက်အပိုကုန်အောင် ... တောက်တို မယ်ရ ဘာခိုင်းစရာရှိလို့လဲ၊ သူပဲ မိုးမလင်းခင် အပျော်ကြီးလုပ်



www.burmeseclassic.com

www.burmeseclassic.com



သွားတဲ့ ဥစ္စာ၊ မက်လည်းမပျင်းဘူး ... ရတယ်၊ လူလေးနှစ်ယောက် တည်းရှိတာကို မခေါ်နဲ့"

မက်က တားသည်။ ကိုရှိလျှင် တော်သေး။ ယုံကိုအားနာ တာပါ။ ယံ တစ်ကားရိုက်ရမှ သောင်းဂဏန်းပေါ့။ သူမ စားရေ သောက်ရန်နှင့်တကွ အပိုစရိတ်တွေပါ ဝယ်ရလျှင် သူ့အတွက် ဘာ ကျန်မှာနည်း။ စတန့်မင်းဆိုတာလည်း မင်းသားမဟုတ်ပေမယ့် သူ့ အထိုက်အလျောက်တော့ ဝယ်ရတာပါပဲ။ ပြီးတော့ ယံက ကိုနှင့် ပတ်သက်သူဖြစ်ကြောင်း ဒီတစ်လောကလုံး သိပြီးသား။ ကို မရှိ တော့တာနှင့် ယံတစ်ယောက် ချို့တဲ့သွားခြင်းကို ဘေးလူတွေ ဝေဖန် လျှင် ကို့အား အဖျားခတ်တော့မည်သာ။ ကိုထိခိုက်မှာကို သူမက မလိုလားပါ။ ယံကတော့ သူမ,ပြောသမျှ ပြုံးပြုံးလေးနားထောင်ရင်း ...

"မခေါ်လို့ မရဘူးမက်ရဲ့ ... ပြောဆိုပြီးသား၊ ပြောပြီးမှ မခေါ်ရင် သုံးလစာအလျော်ပေးရမှာ၊ မပူပါနဲ့ ... မုန်းပြန်လာ ရင် ကျွန်တော်က အကြွေးပြန်ပြီးမတောင်းပါဘူး"

"မဟုတ်ပါဘူး ယံရယ် ... ရှင် သက်သက်မဲ့ကုန်မှာစိုးလို့"

"မစိုးနဲ့၊ ကျွန်တော်က လူကြီးကို စေတနာရှိလွန်းလို့ လုပ်ပေး တာမဟုတ်ဘူး၊ ဒီဗိုက်ထဲက ကလေးအတွက်၊ ကဲ ... ထ ... အမိ၊ ထမင်းစားကြရအောင် ... အချိန်တွေကျော်နေပြီ"

ယံက သတိပေး၍ပြော၍ သူမက ထမင်းမစားရသေးမှန်း





ရသည်။ မက်သည် ကလေးအား အရူးအမူးဖြစ်နေသောယံအား

"ထမင်းစားခိုင်းတာလည်း မက်အတွက်မဖြစ်နိုင်ဘူး။ က လေးအတွက်မဟုတ်လား"

"ဒါပေါ့ ကလေးသာမရှိရင် ဒီလူကြီးကို နေချင်သလိုနေ၊ စားချင်သလိုစားဆိုပြီး လွှတ်ပေးထားတာကြာပြီ"

"ကြည့် ... အဲဒီယံဟာလေ"

ပြောပြီး သူမက အားမလိုအားမရဖြစ်စွာ ယံ့ကျောအား ထုမ်းထုတော့ ကျောကော့ကာပြေးသည်။ သူငယ်ချင်းဖြစ်သူယံ တောင် ကလေးအပေါ် ဒီလောက်တောင့်တမွတ်သိပ်ပါက ကလေး ခင် ကိုသည် ...။ အတွေးနှင့် သူမက ကြည်နူး၏။ ပီတိဖြာ၏။ နောက် ... သတိရတမ်းတပါ၏။

www.burmeseclassic.com

www.burmeseclassic.com

အပိုင်း (၁၂)

# မုန်း

နှင့် သူက ဒီလောကထဲ စဝင်ကတည်းက အမြဲမခွဲ။ မုန်းကားရဲ့ စတန့်ခန်းတွေ၊ မုန်းကိုယ်စား ဝင်သရုပ် ဆောင်ပေးရသော ဇွန့်စားခန်းတွေမှန်သမျှ သူပါရိုက်ခွင့်ရသူ ထို့ကြောင့် နေယံဟာ အမုန်းခြွေရဲ့ကိုယ်ပွားဆိုတာ ပရိသတ်တော အသိအမှတ်ပြုနေမှတော့ ဒီလောကသားအားလုံးက တစ်ဆက် တည်း မြင်ကြတာ မထူးဆန်း။ သူတို့အလွန် မဟုတ်တော့။

ထူးဆန်းတာက မကြောင့် သူတို့နှစ်ဦး ခွာပြဲသွားခြင်း နှင့် သူက မုန်းရဲ့ပင်တိုင် ကိုယ်ပွားမဟုတ်တော့ဘဲ တခြားထုတ်လု ရေး၊ တခြားသောမင်းသားတွေရဲ့ စတန့်မင်းတွေ လုစားထိုးခြင်း တွေမှာ ဝင်ရောက်သရုပ်ဆောင်ခြင်းဖြစ်သည်။ ဒါကို လူတိုင်း အ ပညာသမားတိုင်း အံ့သြမဆုံး။ သူ့အား မေးမြန်းစပ်စု မဆုံး။

"နေယံ ... မင်းဘာဖြစ်လို့ ထက်ကောင်းကင်ကုမ္ပဏီက ထွက်ခဲ့ရတာလဲ"

ဟူသည့် မေးခွန်းကို ထုတ်လုပ်သူတွေက မေးသလို —





"နဂိုက အမုန်းခြွေတစ်ယောက်ရဲ့ မူပိုင်စတန့်မင်းကနေ အခု ဘယ်လိုဖြစ်တာလဲ ... ကွဲ့ပူလို့လား၊ ဒါမှမဟုတ် ငွေပြဿနာ သား"

လို့ စပ်စုသူတွေ မနည်းမနော။ သူကတော့ ယောက်ျား နဲ့ အတင်းအဖျင်းပြောသူ၊ အပုပ်ချသူတွေရဲ့စာရင်းထဲ မပါဝင် ချင်သူမို့ ...

"ဒီလိုပါပဲ ကိုယ်ရေးကိုယ်တာပြဿနာကြောင့်ပါ၊ ဒီထက် ဘာမှပြောစရာမရှိပါဘူး"

တစ်ခါတည်း ပိတ်ဖြေခဲ့သည်။ သို့သော် သူက နဂိုကလို င်းသားလောက်နီးနီး အရှိန်အဝါမရှိတော့။ ထိုစဉ်အခါကတော့ မုန်း ရဲ့အရိပ်ကြောင့် သူပါ ရွှေထီးဆောင်းခဲ့ရတာပါ။ အခုတော့ အရိပ်မဲ့ ပြီမို့ သူလျှောက်ရသောလမ်းက ခရောင်းထက်ကြမ်းသည်။ နေ ယ်စင်းအောက် မီးပုံပေါ်လျှောက်ရသူလို ပူလောင်သည်။ "အမုန်း ခြွေအရိပ်က လွတ်တာနဲ့ နိပ်ပဟ" ဟူသော အတွေးဆိုးနှင့် လူတွေ ကြောင့် သူက အနိမ့်ခံဘဝသို့ နေ့ချင်းညချင်း ပြောင်းသွားသည်။

မုန်းရဲ့ ပြောင်းလဲသွားသော ဆက်ဆံရေးကြောင့်လည်း ခဲ့သည်။ ဒီလောကဟာ ခပ်ကျဉ်းကျဉ်းရယ်မို့ ထုတ်လုပ်သူ မတူတာ င်တော့ မုန်းနှင့်သူ မဆုံစရာမရှိ။ တစ်ရက်တော့ ရိုက်ကွင်း၌ ဆုံတည့်တိုးသည်။ အဲဒီကားက သူ ပါဝင်သရုပ်ဆောင်ရမည့် အခန်းမှာ စတန့်ခန်း။ တစ်နည်းအားဖြင့် ဗီလိန်။ မင်းသားက မုန်း



www.burmeseclassic.com

www.burmeseclassic.com



နှစ်ကိုယ်ခွဲ။ မင်းသားလက်ထပ်မည့် သတို့သမီးကို မုန်း တစ်ကိုယ်
လှူဆိုးက မြင်းနှင့်ခိုးသွားရမယ့်အခန်း ...။

ထိုအခန်း၌ မုန်းအစား သူက မင်းသမီးကိုဆွဲတင်၍ မြင်း
ဒုန်းစိုင်းစီးရမည်။ တိရစ္ဆာန်အား ယဉ်ပါးအောင်လုပ်ရေး၊ မင်းသ
ရော မြင်းကိုပါ နိုင်နင်းစွာကိုင်တွယ်ရေးသည် သူမှတစ်ပါး တခြား
မရှိ။ ပြီးတော့ သူက မုန်းရဲ့ ပင်တိုင်စတန့်မင်းဖြစ်ခဲ့သူလေ။ သူနှင့်
သင့်တော်သည်ဟုဆိုကာ သူ့ကိုရွေးသည်။ မုန်းပါနေသည့်အတွ
သူက ဖြစ်နိုင်လျှင် မရိုက်လို။ သို့ပေမယ့် သူ့အနေအထားက လူ
နေလို့မဖြစ်။ သူ့အတွက် ငွေကြေးက အထူးတလည် လိုအပ်သ
လေ။

ထိုအခန်းသရုပ်ဆောင်ကတည်းက မုန်းက မော်နီတာ
မျက်တောင်မခတ်၊ မျက်စိမလွှဲစတမ်း စူးစိုက်ကာကြည့်သည်။ ဒါရို
တာကြီးထံမှ ကတ်ဟုအော်သံထွက်ပြီးတာနှင့် လက်ခုပ်သံတဖြော
ဖြောင်းထွက်လာ၏။ တခြားသူမဟုတ်။ ခပ်ရိုရိုအပြုံးနှင့် မုန်း ...

"မင်းသိပ်တော်တယ်၊ တကယ်ပီပြင်ပါတယ်၊ သဏ္ဌာန်တူ
သရုပ်တူဆိုတာ ဒါမျိုးနဲ့တူတယ်၊ ပွဲဖျက်တတ်တဲ့ သရုပ်ဆောင်
အတွက် ငါ ချီးကျူးပါတယ် သူငယ်ချင်း"

လို့ မုန်းက လူပုံအလယ် မထိတထိပြောခြင်းပါ။ နဂို
သူနှင့်မုန်းအတွင်းရေးကို စိတ်ဝင်စားသူတွေက သို့လောသို့လော
ဖြစ်ကုန်သည်။ တီးတိုးစကားသံတွေက ...





"နေယံက အမုန်းခြွေရဲ့ ဘာပွဲကိုဖျက်ခဲ့လဲမှ မသိတာ"

"ယောက်ျားနှစ်ယောက်၊ အထူးသဖြင့် တစ်ယောက်နဲ့တစ်
ယောက် အသက်စွန့်ပြီးချစ်ကြတဲ့ ယောက်ျားနှစ်ယောက်ကို ဖျက်
အောင်လုပ်တတ်တဲ့ကိစ္စက နှလုံးသားရေးရာပဲရှိတာ"

"ဒါဆို ဘယ်သူကကျန်ရစ်လဲ"

"နေယံက ပွဲဖျက်တာပါဆို၊ ကိုကိုမုန်းက ကျန်ရစ်ပေါ့"

"အဲဒါကြောင့် အသည်းအသန်နာနေတာနေမှာ"

ဟူသောထင်ကြေးတွေ ဗလပွ။ သူက လျစ်လျူရှုတတ်သော
အကျင့်ကို မွေးမြူပေမယ့် လူရယ်လို့ဖြစ်လာလျှင် ပတ်ဝန်းကျင်ဆို
တာ ကင်းလွတ်ခွင့်မှမရှိတာ။ ထိုစကားတွေက သွားလေရာကြားရမြဲ
ပေါ်ပြူလာဖြစ်မြဲ။ ထို့ထက်ပိုဆိုးတာက သူ့ရုပ်တည်မှုကိုပါ ထိပါး
လာခြင်းဖြစ်သည်။ နေယံနှင့်အမုန်းခြွေ။ ဘယ်သူ့အင်အားကြီးပါ
သနည်း။

လူဆိုသောအမျိုးဟာလည်း ဘုမသိဘမသိ အင်အားကြီး
သောဘက်သို့ ပါစမြဲ။ ထို့ကြောင့် သူက နေရင်းထိုင်ရင်း သူယုတ်
မာကြီးအဖြစ် သတင်းထွက်ကာ တော်တန်ရုံဒါရိုက်တာက သူနှင့်ဆို
ရိုက်ချင်တော့။

"အားတော့နာတယ် နေယံရေ၊ မင်းအစား အခြားတစ်
ယောက်ကို ထည့်လိုက်ပြီ"

"ဆောရီး နေယံ ... မင်းသားက သူ့စိတ်ကြိုက်စတန့်မင်း



www.burmeseclassic.com

တစ်ယောက် ရှာပေးထားလို့ကွ၊ အမှန်းခြွေလိုပေါ့"

"တို့ကားက အချစ်ဖန်စိကွ ... စတန့်ခန့်မပါဘူး၊ ပါလည်
ပါးပါးလေးပဲ ... မင်းသားပဲ ဝင်ရိုက်မှာ"

အငြင်းစကားတွေကြောင့် သူက ရိုက်ရက်နည်းပြီး အိမ်မှ
ရှိတဲ့ရက် ပိုများလာသည်။ ဒါလည်း တစ်မျိုးကောင်းပြီး တစ်မျိုး
မကောင်း။ ကောင်းတယ်ဆိုတာက မက်ကို အနီးကပ်ဂရုစိုက်ခွင့်
ခြင်းပါ။ မကောင်းတာက ငွေကြေးအရပေါ့လေ။ မက်ကတော့ သူ
အိမ်မှာ နားနေခြင်းကို အတော်ကလေးသဘောကျဟန် တူပါသည်
မျက်နှာလေးကို ရွှင်လို့။ ပြီးတော့ မက်က သူ့အဲဒီအလုပ်လုပ်ခြင်း
တစ်စက်ကလေးမှ ကြိုက်ဟန်မတူ။

ထိုသို့မကြိုက်ရသည့်အထဲ သူက တစ်ရက် ရှုတင်၌ မြင်း
ပေါ်မှလိမ့်ကျခဲ့သည်။ လိမ့်ကျသောဒဏ်ကြောင့်ရယ်၊ မြင်းက
ပြီးကန်သောအရှိန်ကြောင့် မျက်နှာ၌လည်း ထိမိသည်။ လက်
ဖက် ကျိုး၏။ အရှိန်နှင့်ပစ်ကျ၍ ခါးလည်းမျက်သွားသည်။

ထို့ကြောင့် အိမ်အပြန်လမ်းက သူ့အတွက်မလှပ။ ခေါင်း
ပတ်တီးစီးရသည်။ မျက်နှာ၌ ပလာစတာကပ်ရပြီး လက်က
ကြိုးထဲမှာပင် ကျောက်ပတ်တီးစည်းထားရ၏။ သူ့အဖြစ်ကို
တော့ မက်က ပျာပျာသလဲ ...

"အမလေး..ဒါ ဘယ်လိုဖြစ်တာလဲယ်ရယ်၊ ရင်ထိတ်လို့
တာ"





"ဘာမှမဖြစ်ပါဘူး မက်ရဲ့ ... နည်းနည်းပါ"

လို့ သူကပြောတော့ မက်က ဆွေ့ဆွေ့ခုန် ...

"အမလေး ... ဒါ နည်းနည်းလား ကိုနေယံ၊ တစ်ကိုယ်လုံး
တ်ပြတ်သတ်နေတာ နည်းနည်းပဲလား။ တော်ပြီ ... တော်ပြီ ...
င် အဲဒီအလုပ်ကို မလုပ်နဲ့တော့ ... ဒါပဲ၊ အဲဒီပိုက်ဆံလည်း ကျွန်မ
သုံးရက်ဘူး ကိုနေယံရဲ့"

ဟု ငိုသံပါကြီးနှင့်ပြောကာ တဟီးဟီး ချုံးပွဲချငိုပါတော့
သည်။ သူက ဒဏ်ရာကြီးတစ်ဖက်နှင့် ...

"ဟော့ ... ဟော့ ... အာ ... မက် မငိုရဘူးလေ၊ တိတ် ...
တိတ်တော့"

"ငိုမှာပဲ၊ ရှင် အဲဒီအလုပ်ကိုဖြတ်မလား၊မက်ကိုဖြတ်မလား
ပြော ... ဒါပဲ"

အင် ... မေးပုံက။ သူမှာ အူကြောင်ကြောင်ဖြစ်ရသည်။
ကတော့ မျက်ရည်တွေစိုလူးသောမျက်နှာဖြင့် သူ ကတိမပေး
ချင်း အငိုရပ်မည့်ပုံမပေါ်ဘဲ ...

"မတော်တဆ အသက်အန္တရာယ်ထိခိုက်ရင် ပြီးပါလေ
ရော၊ ရှင်ကတော့ လုပ်ချင်ရာလုပ်နေရတာ ပျော်မှာပေါ့၊ ဒီမှာ
တစ်နေ့တစ်နေ့ ရင်တထိတ်ထိတ်နဲ့၊ တော်ပြီ မပြောတော့ဘူး၊ ရှင်
ကြိုက်ရာလုပ်၊ မက်လည်း နေချင်သလိုနေမယ်"

လို့ပြောကာ အနားမှထွက်သွားသည်။ သို့ပေမယ့် သူမက

www.burmeseclassic.com



ကြာကြာဥပေက္ခာမပြုနိုင်။ ခဏနေ ပြန်ထွက်လာပြီး ...

"ဆေးတွေဘာတွေ ထည့်ရမှာလား"

မေးလျှင် သူက ပြုံးစိစိဖြင့် ...

"အင်း ... မျက်နှာကို ထည့်ရမယ်၊ ခါးကို ဆေးလိမ်းရမယ်"

"ကဲ ... ပေး ... ဆေးထည့်ပေးမယ်၊ မြန်မြန်ပျောက်တော့ လည်း ရှင် နောက်တစ်ခါ ဒဏ်ရာသစ်တစ်ခု ထပ်ရှာလို့ရတာပေါ့"

စူစူအောင့်အောင့်နှင့် ပြောပါသည်။ ကြုံလျှင်ကြုံသလို ထမင်းစားပိုင်း၌လည်း ...

"မို့တောင်မကျဘူး ... အဲဒီဒဏ်ရာတွေကို မြင်ရတာ"

ဟူ၍တစ်မျိုး၊ အသံတိတ်နည်းနှင့် ဆန္ဒပြခြင်းကတစ် ကြောင့် သူမှာ နောက်ဆုံးတော့ အဲဒီဝါသနာကိုပင် စွန့်လွှတ်ရ သူမသဘောကျ တခြားအလုပ်လုပ်ရန် ဆုံးဖြတ်ရပါသည်။ တောင် သူမလေးက မယုံမကြည်နှင့် ...

"တကယ် ... ကတိနော် ယံ၊ ဘယ်တော့မှ ပြန်မလုပ် ဘူးနော်"

လို့ ကတိတောင်းမဆုံး။ ဒဏ်ရာရထားသောသူ့အား အခါမှ အပြုံးလေးစွက်၍ စိတ်ရှည်လက်ရှည်ပြုစုတာက သူ့တော ငြီးငွေ့ရသည်အထိပင်။

"ယံက ဒဏ်ရာရမှ နားရတာလေ ... ဘာမှအပင်ပန်းမခံ ယံစားချင်တာပြော ... မက်ချက်ကျွေးမယ်"





"အမယ်လေးလေး ... မလုပ်ပါနဲ့မဗိုက်ရယ်၊ ကိုယ့်ဟာ ယ် အေးအေးနေပါ ... ရပါတယ်"

"မရပါဘူး၊ ယံချည်းပဲ တောက်လျှောက်လုပ်ပေးလာတာ သ၊ တစ်ခါပြန်ပြီး မက်က အစ်ကို့ကို ပြုစုပေးချင်သေးတာပေါ့၊ တာမှ ဒီမောင်နှမလေးနှစ်ယောက်ကို ... တစ်ယောက်တစ်လှည့် ပေါ့"

ဟုပြောလျှင် မေတ္တာရဲ့ရောင်ပြန်ဟပ်ခြင်းသဘောဖြင့် သူ့ ကြည်နူးချမ်းမြေ့ရပါသည်။ သူက ခပ်ရူရူဖြစ်လာသော မက် ဝမ်းဗိုက်လေးကို တစ်ချက်ကြည့်ပြီးမှ ...

"မလုပ်ပါနဲ့ ရပါတယ်၊ မက်က ကောင်မလေးကို အနား ပြီး အခွေလေးဘာလေးကြည့်၊ ဒီနေ့တော့ ကျွန်တော်ပဲ ချက် မယ်၊ ဒဏ်ရာက သက်သာနေပြီ၊ တော်ကြာ ယောက်ဖလောင်း ပြန်လာရင် သူ့မိန်းမကို ... "

"ဩော် ... ယံ ... မက်ကိုလေ ပုတ္တက်ပြောတယ် ... မက် မှာ ယောက်ျားလေးတဲ့၊ မျက်နှာတွေ ရင့်နေတယ်တဲ့ ... ဟုတ် ား ယံ"

သူ့စကားကိုဖြတ်ပြောသောမက်ကြောင့် ကြောင်အမ်း မက်ဟာ အရင်ကဆို မုန်းနှင့်ပတ်သက်လျှင် သဲသဲလှုပ်တတ် အခုမှ ... ။

"ယံ ... မေးနေတယ်လေ၊ ဘာတွေစဉ်းစားနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မက်က ခပ်ဆောင့်ဆောင့်ပြောကာ မျက်မှောင်ကိုကြုတ် နှုတ်ခမ်းကိုထော်၍ သူ့ကိုစိုက်ကြည့်နေသည်။ သူက မက်ရဲ့ အဲ ရုပ်ကို သဘောတကျ တဟားဟားထရယ်ရင်း ...

"ဟော့ ... ကလေးအမေ ... အဲဒီရုပ်ကြီး လုပ်မထားနဲ့ အထဲက ကလေးက အဲဒီရုပ်ထွက်လာရင် သွားရော၊ တော်တော်ဆိုး တဲ့ရုပ်"

"ယံ ... နော်"

သူမက ထရိုက်ရန် ရွယ်သည်။ သူက ဒဏ်ရာနှင့် ခပ်ဖြည်း ဖြည်းရှောင်၏။ တိုက်ခန်းကျဉ်းထဲ ရယ်သံတွေလွှမ်းလို့၊ ပုတု လည်း သူတို့နှစ်ယောက်အဖြစ်ကို သဘောကျလို့။ တကယ်သွေးသား အရင်း တော်စပ်ချင်ပါသည်။ မက်သည် ဖြူစင်လွန်းသောမိန်း လေးမို့ သူ့ညီမလေးတစ်ယောက်လို တစ်သက်တာအတွက် ပိုင်ဆိုင် ချင်ပါသည်။

ရုပ်ရှင်လောကနှင့် အဆက်ဖြတ်ထားပြီး ကြုံရာအလုပ် လုပ်သည်။ ရသလောက်နှင့် ငွေရှာသည်။ ထို့ပြင် အချိန်တိုင်း အ ဝင်ငွေရအောင် အလုပ်သစ်တွေရှာ၏။ ဒီအတိုင်းနေ၍ မဖြစ်။ မက် မီးဖွားမည့်ကိစ္စ ရှိသေးသည်။ မက်ကတော့ ခပ်ပေပေရယ်။ မွေး ဖို့ဖွားဖို့ကိစ္စ ဆွေးနွေးတော့ ...

"အမယ်လေး ယံရယ် ... အဲဒီကိစ္စအတွက် ခေါင်းခဲမနေနဲ့ မက်မှာ အစီအစဉ်နှစ်ခုရှိတယ်၊ ယံ့ကို တိုင်ပင်မလို့၊ ယံ တစ်ခု





ဘာမတွေ့ရင် နောက်တစ်ခုပေါ့"

လို့ပြောတာမို့ သူကတော့ အားတက်သရော ...

"ပြောလေမက်ရဲ့ ... မက် ဘာဖြစ်ချင်လဲ၊ ဖြစ်ချင်တာမှန်သ မျှ ကျွန်တော်လုပ်ပေးမှာပေါ့"

"ပထမအစီအစဉ်က မက်ရဲ့နားကပ်လေး ရောင်းပစ်မယ်"

"နားကပ်ရောင်းမယ်"

သူ အံ့သြတကြီးအမေးကို မက်က သူသဘောတူနေသည် ထင်သလားမသိ။ ခေါင်းကို ဆတ်ခနဲညိတ်ပြကာ ...

"အင်းလေ ... ဒါဆို မွေးဖွားဖို့ရော အရင်းအနှီးပါ ထွက် ဦးမှာ ... ဘယ်လိုလဲ ယံ"

"သဘောမတူပါဘူး"

သူ့အငြင်းက မက် ဟွန့်ခနဲအသံထွက်ကာ မျက်နှာစူတူတူ။

"ဒီမှာအမိ ... အားရင် ဝက်နှုတ်ခမ်းလိုပဲ ထော်ထော်မနေနဲ့ နားကပ်ပဲ ဘယ်လိုဖြစ်ပြီး မျက်စောင်းထိုးနေရတာလဲ၊ အဲဒီအစီ အစဉ်မကောင်းဘူး ... ဒုတိယကို ပြော"

"ဒုတိယက အိမ်မှာပဲမွေးမယ်"

"မက် ပေါက်ကရတွေမပြောနဲ့ကွာ၊ အိမ်မှာ ဘယ်သူက မွေးပေးမှာလဲ ... ကျွန်တော် မမွေးတတ်ဘူးနော်"

ခြေတခါခါ လက်တခါခါနဲ့ငြင်းသော သူ့အရိုးခံပုံက မက် ကို အတိုင်းမသိရွှင်ပျစေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူက ယံ့ကို မွေးခိုင်းမှာလဲ"

"ခင်ဗျားပဲ အိမ်မှာမွေးမှာဆို … ကျွန်တော်မမွေးလို့ ဗုဏ္ဍ
က မွေးမှာလား"

"မဟုတ်ပါဘူး … လက်သည်ခေါ်မွေးမှာ … ဒါကိုပြော
တာ"

"အမယ်လေး … ကြံကြီးစည်ရာ မယ်မင်းကြီးမရယ်၊ မဟုတ်
တာ … ဒါ ကလေးကစားနေတာမဟုတ်ဘူးနော်၊ ဘာတွေလာပြော
နေမှန်း မသိ၊ တစ်ခုမှ သဘောမတူဘူး … မလုပ်နဲ့ ကျွန်တော် ဒီ
ကြားထဲ ရအောင် ပိုက်ဆံရှာပါ့မယ်၊ အမိပွားယ်မရှိတာတွေ …"

သူက အပြုံးအပြဖြစ်နေတာကို မက်က ငြိမ်ငြိမ်လေးထိုင်
ကြည့်နေသည်။ သူက အဲဒီအကြည့်ကို တစ်ဖန်ထူးဆန်းရ၏။ အ
ကြည့်ထဲတွင် တစ်မျိုးမျိုးပါဝင်နေသယောင်ယောင်။ ခက်တာက အဲ
ကစ်မျိုးဟာ ဘာမှန်းမသိ။ အဲဒါ ခက်ပါသည်။ သူမကတော့ ခပ်
အေးအေးရယ်။

"ယံ့တာဝန်မှ မဟုတ်တာဘဲယံရယ် … အဲဒီလောက်အထိ
ပျာယာခတ်စရာလိုလို့လား၊ တကယ်တာဝန်ရှိတဲ့သူတောင် ဘာမှ
မဖြစ်တာ၊ ယံ့လည်း သူ့လိုနေပါလား"

မက်စကားက တစ်ခုခုကိုရည်ညွှန်းနေသည်။ တာဝန်ရှိသူ
ဆိုတာ ဒါ … ဒါဟာ …

"မက်"





သူ့နှုတ်မှခေါ်သံ အလန့်တကြား ခုန်ထွက်သွားသည်။ မက်
က ပြုံး၏။ မျက်ဝန်း၌ မျက်ရည်စတွေ သိဝေ့လာသည်။

"သူ ပြန်ရောက်နေပြီဆိုတာရော၊ မက်ကို ရှောင်နေတယ်
ဆိုတာရော မက်သိပါတယ်ယံ"

"မဟုတ်ဘူးမက်၊ သူပြန်ရောက်တာ မကြာသေးဘူး၊ မက်
ဆီ လာမယ်လို့ပြောသေးတာ၊ ဒီကောင် အလုပ်တွေရှုပ်နေတာနဲ့
ကျွန်တော်ကလည်း မက်အရမ်းအံ့သြသွားအောင်လုပ်မလို့ ကြံစည်
ထားတာနဲ့ မပြောတာ"

"မလိမ်ပါနဲ့ယံ၊ ယံ့ကို အပြစ်မတင်ပါဘူး၊ ယံဖုံးကွယ်ခဲ့တာ
တော့ကို အကျိုးမဲ့စေလို့မှမဟုတ်တာ၊ မက် မမျှော်လင့်တော့ဘူး"

ပြောရင်းက မျက်ရည်တစ်ပေါက်ကျသည်။ ဒါပေမဲ့ နှုတ်
ခမ်းတွေက ပြုံးဆဲ …

"မက် မငိုဘူးယံ၊ ဒါ ငိုနေတာမဟုတ်ဘူး၊ မက်ဘဝမှာ မက်
ရင်သွေးလေး ရှိတယ်၊ ပြီးတော့ မက်အစ်ကို နေ့ယံတစ်ယောက်လုံး
ရှိတယ်၊ အဲဒီ့အတွက် ဘာမှထပ်မလိုအောင် လုံလောက်သွားပြီ၊
လာချင်တဲ့လူကို မခေါ်တော့ဘူး၊ ကံအကြောင်းမလှလို့ ဆုံခဲ့ရ
တယ်ပေါ့ … ဒါပါပဲ၊ မက်သိနေတာတွေ ယံ့ကိုမပြောလို့ စိတ်မဆိုးပါ
နဲ့ယံ၊ မက်စိတ်ဆင်းရဲမှာစိုးပြီး သိုသိပ်ပေးထားတဲ့ ယံ့စေတနာ
စေတ္တာကို လေးစားလွန်းလို့ပါ၊ ယံက မက်ရဲ့အစ်ကိုဆိုလည်းဟုတ်
တယ်၊ အဖေတစ်ယောက်လို လုံခြုံမှုပေးတတ်တဲ့သူဆိုလည်း မှား



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး။ မက်တို့မောင်နှမနှစ်ယောက် ဒီကလေးကို ကောင်းကောင်း ပြုစုနိုင်ပါတယ် ... ဟုတ်တယ်မလားဟင်၊ သူ့အကူအညီ မလိုတော့ ပါဘူး"

"မက် ... ရယ်"

သူက မက်ခေါင်းလေးကိုဆွဲယူရင်း ရင်ခွင်၌ ပိုက်ထားမိသည်။ အချစ်ရေး၌က်ခေခဲ့သော ဒီညီမလေးသည် သူ့မေတ္တာငွေ့ လှုံ ... စေတနာရိပ်ကိုခိုရင်း အေးချမ်းရပါမည်။ ဒါ သူ့ရဲ့ရင်တွင်းရှိ သစ္စာစကားပင်ဖြစ်ပါ၏။

*** *** ***

---

ကိုယ်ဝန်ဆိုသောအရာသည် ငြိမ်ဝပ်နေခြင်းမဟုတ်။ တစ်နေ့တခြား တစ်စထက်တစ်စ ကြီးထွားရင့်သန်လာတာမျိုး။ ထို့ကြောင့် အချိန်ကြာလာတာနှင့်အမျှ ဖွံ့ဖြိုးကြီးထွားလာတာများ မက်က မိုးပျံပူဖောင်းကြီးနှင့်ပင် ခပ်ဆင်ဆင်။ ဒါကိုကြည့်၍ ဝိတ်ပွားသူက ယံ။ မိုးလင်းမိုးချုပ် အလုပ်သွားနေတာတောင် ရတဲ့အချိန်မှာ ရသလို သူမကို ကြီးကြပ်ကွပ်ကဲချင်သည်။

"မက် ... ဆေးရောမှန်မှန်သောက်ရဲ့လား"

"သောက်ပါတယ် ယံရယ်"





"ပုတု"

"ရှင် ... ကိုယ်"

"နင့်မမကို ငါကျွေးခိုင်းတဲ့အတိုင်းရော ချက်ကျွေးရဲ့လား"

"ဟုတ်ကဲ့ ... ကျွေးပါတယ် ကိုယ်ရဲ့၊ ဒါပေမဲ့ မမက ပဲပင်ပေါက်ဆိုမစားဘူး၊ ငြိုးတော့ အာလူးဆို မကြိုက်ဘူးတဲ့၊ နောက်ပြီး ...သားလေးတွေ ညှိလို့မစားဘူး"

"ဟာ ... အဲဒီလိုမလုပ်နဲ့လေ"

မက်က သူပစိပစ်ပ်များတော့မည်ဆိုတာသိ၍ အသာငြိမ် ...ရသည်။ ယံက ဆရာဝန်ထက် ပိုဆိုးသူ။ တစ်နေ့တာ သူမ စားရ ...ည့်ဟင်းလျာ၊ မုန့်ပဲသရေစာ၊ အချိုရည်တွေထဲ၌ ကယ်လိုရီက ...ယ်လောက်၊ ဘယ်ဟာက အရိုးအဆစ်သန်မာ၍ ဘယ်ငါးက ...ထ်ကောင်းသည်ဆိုတာကိုမှတ်ပြီးရင် ပုတုအား တစ်သဝေမတိမ်း ...ိုက်နာ၍ချက်စေသည်။ နဂိုကမှ သူမက ချေးခပ်များများ။ ယံက ...စ်ဧယားကြီးနှင့်လုပ်တော့ အဲဒီမှာ အခက်တွေ့ကုန်တော့သည်။

"ယံကလည်း ... ကြိုက်မှမကြိုက်တာ"

"မကြိုက်လို့မှ မရတာ၊ ဒါ မက်ကြိုက်ဖို့ မဟုတ်ဘူး ... ...လေးအတွက်"

"ဒီလောက် အားဆေးတွေသောက်၊ နွားနို့တွေသောက်နေ ...ဝဲ ... ဒီကလေးက ရပြီ"

မက်က ခပ်စူစူလေးပြောတော့ သူက ချစ်စနိုးဖြစ်သွားရ



www.burmeseclassic.com

www.burmeseclassic.com



သည်၊ သို့ပေမယ့် ကျိန်တွယ်ပြီး သူပြောဝံ့ပါသည်။ အဲဒီချစ်စိန်း ဆိုတာ ဖြူစင်သန့်ရှင်းပါသည် ဆိုတာကိုလေ။

"ဘာ ရပြီလဲ၊ ဘယ်သူက ရပြီပြောလဲ၊ မက်နော် .. ကလေး မဟုတ်တော့ဘူး ... ကိုယ်က ကလေးအမေဖြစ်နေပြီ၊ နေရာတကာ ကိုယ့်စိတ်တိုင်း နေလို့မှမရတော့တာ"

သူကပေါက်တော့ မက်က ငြိမ်နေပြန်သည်။ ထိုအခါမျိုး၌ သူက ကြာကြာမပေါက်ရက်တော့။ ထို့ကြောင့် ...

"မကြိုက်လို့ အများကြီးမစားရင်တောင် ဆေးအဖြစ်သ ဘောထားပြီး နည်းနည်းစီတော့စားပါ မက်ရယ် ... နော်၊ ဒါမှ မ ကလေးက ဉာဏ်လည်းကောင်း၊ အရိုးအဆစ်သန်မာပြီး ဖွံ့ဖွံ့ထွား ထွားကြီးဖြစ်မှာ"

လို့ သူက ချော့တစ်ခါ ခြောက်တစ်လှည့်ပြောရသည် တစ်နေ့တစ်နေ့ သူအာရုံထဲ ကြီးစိုးလွှမ်းခြုံထားတာက မက်နှင့် လေး။ ပြီးတော့ ငွေပင်ဖြစ်သည်။ သူ စတန့်မင်းလုပ်သောအလုပ် မက်သဘောမကျသည့်အတွက် ရပ်ထားရသည်။ ထိုအခါတွင် သူ ကြိုရာကျပန်း အလုပ်မျိုးစုံ ဝင်လုပ်ရ၏။ မက်ကိုယ်ဝန်ရင့်လာချိ ၌ မွေးဖွားစရိတ်က အလွန်အမင်း လိုအပ်လာပြီမဟုတ်ပါလား။

အခုလည်း သူက တိုက်နံရံကြီးတွေ ဆေးသုတ်သည့်အ လုပ်အား လက်ခံထားသည်။ ခြောက်လွှာခန့်ရှိ ကန်ထရိုက်တိုက် ကြီးတွေကို ဘေးနံရံတွေသုတ်ရန်အတွက် လှေခါးနှင့်တက်သုတ်





တာမျိုးရှိသည်။ ဆေးပုံးကိုခါး၌ချိတ်ပြီး ဒလိမ့်တုံးတွေဖြင့် နံရံတစ် လျှောက် ကြိုးဆွဲသုတ်ရတာမျိုးလည်း ရှိသည်။ ဘယ်နည်းဖြစ်ဖြစ် သူ သဘောကျ၏။ စွန့်စားရတာ ကြိုက်တာကိုး။

နောက်အလုပ်တစ်ခုက တကယ့်ပစ္စည်းကြော်ငြာဘုတ်ကြီး တွေကို လမ်းဆုံလမ်းခွ၌ တပ်ဆင်ရသောအလုပ်။ ဒါလည်း သူက ရွေးချယ်ခြင်းမရှိ။ ကြုံရာအလုပ်ကို ကျရာကဏ္ဍမှ လုပ်သည်။ သူနှင့် အတူလုပ်ကြသော အဖွဲ့သားတွေက နေယံမှန်းသိ၍ ...

"ကိုနေယံ ဘာဖြစ်လို့ ရုပ်ရှင်မရိုက်တော့တာလဲ"

ဟူ၍ မေးတတ်သည်။ ထိုအခါ သူက ရယ်ကျဲကျဲဖြင့် ...

"မကိုက်လို့"

ဟု ဖြေတတ်ပါသည်။ တချို့ကမူ သူ့ကို ရုပ်ရှင်ဗိုင်းတော် သားလို့ပင် မထင်။ မထင်ဆို သူက တခြားလူဇာတ်နေရာ၌ပဲ ဝင်သရုပ် ဆောင်ပေးဖူးတာကိုး။ ထားပါလေ။ သူက လူတွေဘယ်လိုထင်ထင် ဂရုမစိုက်။ တစ်နေ့ရသောလုပ်အားခကို မက်ရဲ့ဗီရိုလေးထဲ ထည့်ပေး သည်။ ပြီးတော့ မက်အား ပုတုနှင့်အတူတွဲ၍ လေကောင်းလေသန့် ရသည့် အင်းလျားကန်ပေါင်ပေါ် လမ်းလျှောက်စေမည်။

တစ်ခါတစ်ရံ နေ့တွက်သိပ်စည်သည့်အခါမျိုး၌ မက်အ တွက် ဗိုက်ဖုံးအကျီတွေ၊ ကလေးအသုံးအဆောင်တွေ ရနိုင်သမျှ ဝယ်၍ အိမ်ပြန်တတ်သည်။ သူက အဲဒီလိုဝယ်သွားလျှင် မအိက တခြားလူတွေလို ပျော်ရွှင်ခြင်းမရှိ။ သူ့အား မျက်နှာနွမ်းနွမ်းက



www.burmeseclassic.com

www.burmeseclassic.com



လေးနှင့် ကြည့်ကာ ...

"ယံရယ် ... မက်အတွက်ချည်း ဝယ်မနေနဲ့၊ ကိုယ့်အဝတ်အစားလည်း ကိုယ်ပြန်ကြည့်ဦး ... အရောင်တွေ လွင့်နေပြီ၊ မက်ထ အိမ်ထဲနေတဲ့သူ၊ လဲစရာရှိရင် တော်ပြီ၊ ကလေးပစ္စည်းတွေလည်း သိပ်မဝယ်နဲ့၊ ကလေးက ဘာမှန်းသိသေးတာမဟုတ်ဘူး၊ ပြီးတော့ ကလေးသေးသေးလေးတွေအတွက် အဲဒီလောက်အထိ ပစ္စည်းတွေ အများကြီးမလိုပါဘူး ယံရယ်"

လူကြီးလေးလို မျက်ခုံးခပ်ရှုံ့ရှုံ့လေးလုပ်ကာ ပြောတတ်မြ သူက ထိုအခါမျိုး၌ သူ့အပေါ်ထားသော မက်ရဲ့စေတနာကိုမြင်ရ၍ အတိုင်းမသိဝမ်းသာရသည်။ ကျေနပ်ပျော်ရွှင်ရသည်။ အဲဒီစိတ် ကလေးနှင့်ပဲ ဘဝအမောတွေ ပြေပျောက်ရသည်။ ထို့ကြောင့် သူက ...

"ကဲ ... ဗိုက်ထဲက သားသားရေ ... မင်းအမေကြီးက ကြား တဲ့အတိုင်းပဲနော်၊ ကပ်စေးနှဲကြီးကွ၊ ဦးဦးဖေဖေက ဝယ်ပေးချင်ပေ မယ့် မင်းအမေကြီးက အဲဒီလိုရှုပ်တာ ... ကန့်လန့်ကန့်လန့်နဲ့"

ဟု ပြောတတ်သောကြောင့် သူမမှာ ငိုအားထက်ရယ်အား သန်။ အမှန်ဆို သူက အနေသာကြီး။ ထိုသူ့အနေသာကြီးမှ သူ့ သံယောဇဉ်၊ သူ့အလိုက်သိမှုတွေက သူမအတွက် တကယ့်အိုအေစစ် အချိန်တွေကြာတာနှင့်အမျှ သူမဘဝထဲ၌ အရှုံးအမှုးချစ်ခဲ့ဖူးသည် ဆိုသော အချစ်က လုံးပါးပါးပျောက်ကွယ်လာ၏။





သို့ပေမယ့် အမုန်းခြွေဆိုသောလူကိုတော့ သူမ မေ့မရ သေး။ ရင်သွေးလေးကို မြင်တိုင်း သတိရနေမှာ ဖြစ်သည်။ ထိုသို့ နေထိုင်ရင်း အမုန်းခြွေနှင့် ပတ်သက်မှုတစ်ခုက သူမသီးခြားကမ္ဘာ လေးထံ တိုးဝှေ့ဝင်ရောက်လာခဲ့၏။

အဲဒီနေ့က ထုံးစံအတိုင်း မက်ဟာ ကန်ပေါင်သို့ ယံ့အမိန့် အတိုင်း လမ်းလျှောက်ထွက်သည်။ ဒီနေ့တော့ ယံမပါ။ အပြန် နောက်ကျမည်ဟု မှာသွား၍ သူမက ပုတုကိုအဖော်ပြုရင်း လျှောက် ခြင်းပါ။ အင်းလျားရဲ့လေညင်းက သူမကိုယ်တွင်းက ကလီစာများ ထိုသာမက ရင်သွေးလေးကိုပါ လန်းဆန်းစေမည်လို့ မျှော်လင့်ရပါ သည်။ သူမက ချစ်ခြင်းရဲ့ပြယုဂ် ချစ်သူစုံတွဲတွေ ငေးမောရာ နေရာ ထိုင်း၌ရှိနေသော ဒီအင်းလျားအား ကြည်နူးစိတ်ဖြင့် ငေးနေသည့် အစ်ခဏမှာပင်..

"မမလေး ... "

နောက်နားကခေါ်သံသဲ့သဲ့ကြောင့် သူမက လှည့်ကြည့်မိ သည်။

"မမလေးရွှေအိပ်မက်မဟုတ်လားဟင်"

သူမ တွေ့ရသူက ဒယ်ဒီ့ဟိုတယ်ဝန်ထမ်း အထွေး။ တစ် ချိန်က သူမအတွက် အလိုက်တသိပြုစုတတ်သော လက်စွဲ ကောင်မ လေး။ ရွှေအိပ်မက်ဟိုတယ်သို့ သူမ ဘယ်အချိန်သွားသွား မပြောင်း လဲပိုင်ဆိုင်သော အရာနှစ်ခုရှိသည်။ အဲဒါက သူမရဲ့သီးသန့်အခန်း



www.burmeseclassic.com

www.burmeseclassic.com



(၇၀၂) နှင့် အထွေးတို့ပါပင်။

"အထွေး"

အထွေးက ဝမ်းသာအားရဖြစ်သွားပုံရပြီး ...

"အမယ်လေး ... ဝမ်းသာလိုက်တာမမလေးရယ်၊ မမလေး ကိုယ်ဝန် ဘယ်နှစ်လရသွားပြီလဲဟင်"

"ရှစ်လထဲမှာ အထွေး၊ အထွေးရော ဘယ်လာတာလဲ"

"အညောင်းပြေလမ်းလျှောက်ထွက်ရင်း ဘူးသီးကြော် လည်း စားရင်းပေါ့ မမလေးရဲ့၊ ဒါနဲ့ ... "

အထွေးက သူမဘေးနားကို မျက်စေ့ဝေ့ဝဲကစားရင်း ဗုဏ် ကို တစ်ချက်စိုက်ကြည့်ပြီးမှ ...

"ကိုမုန်းရော မပါလာဘူးလား မမလေး"

မက်ရင်ထဲ ဒိန်းခနဲဆောင့်ခုန်သွားသည်။ ဒီအတိတ်ဇာတ် လမ်းတွေကို ပြည်ဖုံးကားချထားသည်ဆိုပါမှ ဘယ်ကဘယ်လိုဖြစ်ပြီး မက် မတွေးချင်။ သူ့အကြောင်းလည်း မကြားချင်တော့။

"ဟင့်အင်း ... မပါဘူးအထွေး၊ ကဲ ... တို့ကိုခွင့်ပြုဦး၊ အိမ် အပြန် မှောင်နေမှာစိုးလို့"

"ဘယ်မှာနေတာလဲ မမလေး"

အထွေးက နောက်မှာကျန်ခဲ့တာတောင် လှမ်းအော်၍မေး သည်။ သူမက မရေမရာ မသေချာသောအဖြေ ...

"ဒီနားတင်ပဲ"





လို့ပြောပြီး ထွက်ခဲ့သည်။ သူနှင့်ပတ်သက်သောအကြောင်း တွေ မက်မကြားလို။ စာဆိုတော့ရှိပါသည်။ အချစ်ကြီးလျှင် အမျက် ကြီးသည်ဆိုတာ။ မက်က သူ့အပေါ် အမျက်ကြီးပြီ ထင်ရဲ့။

*** *** ***

www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း (၁၃)

# "ဆရာ ... ခေါ်သည်"

လို့ ကျင်ဝှက်လာပြောစဉ်တုန်းက သူနည်းနည်းတော့ ရင်ထိတ်သွားရသည်။ မက်တစ်ယောက် ဘယ်တော့များ ပေါက်ချလာမလဲ။ သူ့အပေါ် ရင့်သီးရိုင်းပြသောစကားတွေနှင့် ပြောဆိုမလဲဆိုတာ နေ့စဉ်နှင့်အမျှ ရင်တထိတ်ထိတ်။ သို့ပေမယ့် သတင်းလာပေးသော ကျင်ဝှက်မျက်နှာရိပ်က ဘာမှမထူးခြား၍ သူ့အတွက် တုန်လှုပ်စရာမဖြစ်နိုင်ဟု သူတွေးသည်။ ထို့ကြောင့် ရှုတင်ဖြုတ်နေသောအခိုက် သူနားနေခန်းထဲ၌ဖြစ်၍ ...

"ခေါ်ခဲ့လေ ကျင်ဝှက်"

"ဟုတ်ကဲ့ ... ဆရာ"

ကျင်ဝှက်ထွက်သွားပြီး သိပ်မကြာ။ အလွန်တရာ မွန်ရည်သန့်ပြန့်သော ဥပမိရုပ်ရှိသည့် အသက်(၅၀)ကျော်လူကြီးတစ်ဦးနှင့် ရုပ်ရည်သန့်ပြန့်သည့် (၂၀)ဝန်းကျင်မိန်းကလေးတစ်ဦးတို့ ဝင်ရောက်လာကြ၏။ ဒါ ပရိဂျူဆာအသစ်တွေလားဟု သူက ခန့်မှန်းကြည့်





တာ အပြင်ပန်းကတော့ ယဉ်ကျေးပျူငှာစွာဖြင့် ...

"ဟုတ်ကဲ့ ... ထိုင်ပါခင်ဗျ ... ဘာကိစ္စရှိလို့လဲ"

"အန်ကယ်က ရွှေအိပ်မက် စီးပွားရေးအင်အားစုကြီးရဲ့ ဥပဒေအကျိုးဆောင် ဦးသော်ဇင်ပါ"

သူ့သွေးကြောတွေ ဖျဉ်းခနဲဖြစ်သွားသည်။ ရင်ခုန်သံက ထိတ်ခနဲရပ်သွားပြီး ပြန်နိုးလာသောအခါ ဝုန်းဒိုင်းကြဲလို့။ ရွှေအိပ်မက်စီးပွားရေးအင်အားစုကြီးရဲ့ ဥပဒေအကျိုးတော်ဆောင်က ဘာဖြစ်လို့ သူ့ထံ ဆိုက်ရောက်လာရပါလိမ့်။ သိချင်စိတ်က ကိုယ်တွင်း၌ အရှိန်ပြင်းစွာ ရုန်းကြွလာ၏။

"သူကတော့ ရွှေအိပ်မက်ဟိုတယ်ရဲ့ Reception က အတွေးပါ၊ တိတိကျကျပြောရရင် မက်ကလေးရဲ့ အချစ်တော်ဝန်ထမ်းပေါ့"

"ဟုတ်ကဲ့ ... တွေ့ရတာဝမ်းသာပါတယ် အန်ကယ်၊ ကျွန်တော် ဘာများကူညီပေးရမလဲဆိုတာ သိချင်ပါတယ်"

"မောင်ရင် အကူအညီပေးရမှာက သိပ်ခက်ခက်ခဲခဲကြီး မဟုတ်ပါဘူး၊ မက်ကို ဘယ်မှာထားထားသလဲဆိုတဲ့ နေရပ်လိပ်စာကိုသာ အန်ကယ်က သိချင်တာပါ"

"ဗျာ"

သူက တအံ့တသြ။ မက်နှင့်သူ ပတ်သက်နေမှန်းသိနေပေမယ့် အခုလက်ရှိဖြစ်နေသော အခြေအနေကိုတော့ အကျိုးတော်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ကြီးရော အထွေးပါ သိဟန်မတူ။ သူတို့ကိုကြည့်ရတာ အစုံ ခြေထိရောက်လျှင်ပဲ မက်ရဲ့အကြောင်းတွေကို အကုန် ခရေစေ့တွင် ကျသိရမည်ဟု မျှော်လင့်ထားပုံပေါက်ပါသည်။ ဘာကြောင့် မ ကိုတွေ့ချင်ရပါလိမ့်။ သူတို့တစ်တွေဟာ မက်ကို အကြိမ်ကြိမ်အလ စွန့်ပစ်ခဲ့ပြီးပြီ မဟုတ်ပါလား။ ဒီအကြောင်း၏နောက်ကွယ်၌ ထ စုံတစ်ရာသော အခြေခံအချက်တစ်ခုခုတော့ ရှိပေလိမ့်မည်။

မုန်းက လူပါးလေ။ အထူးသဖြင့် အခွင့်အရေးကို အ တလည် ချောင်းမြောင်းနေသော လူတစ်ယောက်။ ထို့ကြောင့် သ က ...

"မက်ကိုတွေ့ချင်တာ ဘာအကြောင်းများရှိပါသလဲ အ ကယ်"

သူ့မေးခွန်းကို လူကြီးက ချက်ချင်းမဖြေ။ သက်ပြင်းတ ချက်ရှိုက်ပြီး ...

"မောင်ရင့်ဆီမှာ မက်ရှိနေတယ်မဟုတ်လား"

အင်း ... အထင်တော့မှားနေပြီ။ ကောင်းသောလွဲမှား ဖြစ်ပါစေလို့ ဆုတောင်းရမည်။ အတွေ့အကြုံအရ ဆိုရရင်တော့ တွက်ကိန်းမလွဲ။ ထို့ကြောင့် သူက ဝန်မခံ ခေါင်းလည်းမခါ။ မ ဆန့်ဘဲ ရှိနေချိန်မှာပဲ ...

"အထွေးနဲ့မမလေး ဟိုတစ်ပတ်က ကန်ပေါင်ပေါ်မှာ ခဲ့ပြီးပါပြီ ကိုမုန်း။ အန်ကယ်သော်တို့ကလည်း ကိုမုန်းတို့ကို တွေ့





ဘယ်ဆိုတာ ခွဲပစ်ဖို့မဟုတ်ပါဘူး။ မမလေးပိုင်ဆိုင်သမျှ အမွေစာ ချက်စာတမ်းတွေ လွှဲပေးချင်လို့ပါတဲ့"

OK ... သူ့ရင်ထဲ ဝမ်းမြောက်စွာဟစ်ကြွေးသံက မြည် ဟည်းစွာ။ သို့ပေမယ့် မျက်နှာပေါ်ထင်ဟပ်မသွားရအောင် သူ ထိန်း ချုပ်ထားပါသည်။ အကျိုးဆောင်ကြီးက အထွေးရဲ့နောက်သို့ ပြတ် သွားသောစကားကို ဆက်၏။

"ဟုတ်ပါတယ် မောင်ရင် ... မက်ရဲ့မိဘတွေဟာ သွေးပူ မာန်း မဟုတ်လားကွယ်၊ ဒီတော့ ဒေါသအလျောက် မှားတာတွေ ကြတာပေါ့၊ အချိန်ကြာလာတော့ ဒေါသလည်းပြေပြီ၊ သမီးက တည်း ဒီတစ်ယောက်တည်းလေ၊ အဲဒါကြောင့် အခုလိုစိစစ်လိုက် တာပါ၊ သမီးကိုရှာဖို့ အန်ကယ် တော်တော်အချိန်ယူခဲ့ရတယ်၊ ဟိုက ထင်ရာစိုင်းတတ်တဲ့ဉာဉ်ကလေးရှိတော့ စာရေးပေးခဲ့တဲ့ စာ ထဲမှာလည်း ချစ်သူနောက်လိုက်သွားပါပြီဆိုတဲ့ သဲလွန်စကလွဲပြီး အခြားဘာမှမပါတော့ အစရှာရခက်နေတာပေါ့၊ ဒါနဲ့ အန်ကယ် လည်း တစ်ဦးတည်းရှာမယ့်အစား အများအားကိုယူမယ်ဆိုပြီး ဟို ဘယ်ကိုဖွင့်ချပြီး ဝန်ထမ်းတွေကို အကူအညီတောင်းမှ အထွေးက တင်းတို့ရဲ့ ဖြစ်ကြောင်းကုန်စင်ကို သိနေခဲ့တာကိုး ... "

"ကျွန်တော်တို့ရဲ့ ဖြစ်ကြောင်းကုန်စင်ဆိုတာ ဘာကိုရည် ညွှန်းပါသလဲ အန်ကယ်"

သူ့ရဲ့ နားမလည်သောအမေးကို အထွေးက မျက်လုံးတစ်



www.burmeseclassic.com

www.burmeseclassic.com



ချက်ပင့်ကြည့်သည်။ တကယ်မသိတာလား။ သူသည် စူးစမ်း
ကြည့်မျိုး။ ပြီးမှ အထွေးက ...

"အထွေးတို့ဟိုတယ်ကို တစ်ညှ ကိုမုန်း အရမ်းကြီးမူး
တုန်း ရောက်လာတယ်လေ၊ မမလေးခေါ်ခဲ့တာပဲကို၊ အဲဒီညကို
မုန်းမှတ်မိမှာပါ"

"ကျွန်တော့်မှတ်ဉာဏ် အဲဒီလောက်အထိ မချို့ယွင်းသေး
ပါဘူးအထွေး"

"ဟုတ်ကဲ့ မမလေးက သူနားနေကျ ၇၀၂ ကို သံပု
ရည်ချဉ်ချဉ်တစ်ခွက်လာပို့ဖို့ အထွေးကိုမှာခဲ့ပါတယ်၊ အထွေး
မမလေးရဲ့လက်စွဲတော်ဖြစ်နေတော့ အဲဒီနားနေကျအခန်းကို
သော့တစ်ချောင်းရထားတဲ့ အခွင့်အရေးရှိပါတယ်၊ အဲဒီညက
ထွေး သံပုရာရည်လာပို့တဲ့အချိန်မှာ ကိုမုန်းနဲ့ မမလေးတို့က ...

အထွေးစကား အဲဒီမှာရပ်သွားသည်။ အခြေအနေက
ခဏချင်း ရုပ်ရှင်တစ်ကားလို မြင်ကွင်းတွေ အစီအရီပေါ်လာ
တုန်လှုပ်သည်။ ခြောက်ခြားစွာ။ နောက် ဝမ်းသာဝမ်းနည်းခြင်း
မှုရသတွေက အမျိုးစုံစွာ နှလုံးသားထဲက ထွက်ပေါ်လာသည်။
လုပ်ရလျှင်ကောင်းမည်နည်း။ အဲဒီမေးခွန်းက သူ့ကိုခြောက်ခြား
၏။

"ကဲ ... ဒီလောက်ဆိုရင် မက်ကလေးကို အန်ကယ်တို့
တဲ့အကြောင်းရင်းကို မောင်ရင်သိပါပြီနော်၊ ကိုယ်လေးလက်





ကြီးနဲ့ဖြစ်နေတဲ့ မက်ကို အန်ကယ်တွေ့ချင်တယ်၊ မောင်ရင်တို့ချစ်
ခြင်းကို မခွဲပါဘူးလို့လည်း အန်ကယ်က ကတိပေးပါတယ်"

အင်း ... ဒီနေရာမှာ သူ့ရဲ့ဆိုးညစ်သောဉာဉ်ကလေး ပေါ်
ထွက်လာပြီ။ သူဟာ ဘယ်နေရာမဆို ကိုယ့်တစ်ဘို့တည်း ကိုယ်
ကြည့်တတ်သူ။ ကိုယ့်အတွက် အကျိုးမရှိလျှင် ဘာမှမလုပ်ချင်သည့်
အတ္တသမား။ ထားတော့။ သူ့စိတ်က အဲဒီလိုဆိုပေမယ့် မက်နေရာ
ကို ဖွင့်ပြောဖို့ဆိုတာ မက်နှင့် အရင်သဘောတူညီမှု ရရပါမည်။
စိတ်က သူ့ကို လိုလားသလား။ ကြိုဆိုမှာလား။ ချက်ချင်းကြီးတော့
ကြိုဆိုမှာမဟုတ်။ မက်နှင့်သူက ကင်းကွာတာကြာခဲ့ပြီကိုး။ ထို့
ကြောင့် မက်နေထိုင်သောလိပ်စာကို သူပြောပြဖို့ဆိုတာ ...

"မောင်ရင်"

ဦးသော်ဇင်က သတိပေးသလိုခေါ်သည်။ သူက ...

"အန်ကယ့်ကို ဆက်သွယ်နိုင်မယ့်လိပ်စာလေး တစ်ချက်
ယောက်ပေးခဲ့ပါလား။ ကျွန်တော် မက်ရဲ့သဘောကို မေးကြည့်ချင်
သေးလို့ပါ၊ ကျွန်တော်တို့နှစ်ယောက်ရဲ့ဘဝမှာ စည်းစိမ်ဥစ္စာထက်
အချစ်က ပိုအရေးပါတယ်လို့ ခံယူထားကြလို့ပါ အန်ကယ်"

ဦးသော်ဇင်နှင့်အထွေးက တစ်ဦးနှင့်တစ်ဦး တိုင်ပင်သလို
ကြည့်သည်။ ပြီးမှ သက်ပြင်းကိုယ်စီရှိုက်ရင်း ...

"အချိန်တော့ သိပ်မယူပါနဲ့မောင်ရင်၊ သူ့မိဘတွေဆီ ဦးက
အကြောင်းပြန်ရဦးမှာမို့လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါအန်ကယ်၊ မက်စိတ်သဘောကို သိရရချင်းပဲ ကျွန်တော်ဆက်သွယ်လိုက်ပါ့မယ်"

သူကတိပေးပြီးသောအခါ ဦးသော်ဇင်တို့နှစ်ယောက်က ပြန်သွားကြလေပြီ။ သူ့အတွက် ကံကြမ္မာက နောက်ထပ်တစ်ကြိမ် မျက်နှာသာပေးပြန်ပါပြီ။

"ကောင်းပြီ ကိုယ်တို့ ပြန်တွေ့ကြပါစို့မက်"

လို့ တီးတိုးရွတ်ဆိုပြီးနောက် သူက အချိန်မဆိုင်းဘဲ မက်ထံ သွားဖို့ ပြင်ဆင်ရတော့တာဖြစ်သည်။ သူ့မှာ သူ့လျှိုတွေ အမြောက် အမြားထားရှိသည်ဖြစ်ရာ မက်နှင့်ယံသတင်းကို အမြဲမပြတ် သူ စုံစမ်းရရှိသည်။ ထိုသတင်းများထဲတွင် ယံသည် ကြုံရာကျပန်းအလုပ် တစ်ခုပြီးတစ်ခု လုပ်ကိုင်ရင်း အသက်မွေးဝမ်းကျောင်းမှုပြု ကြောင်းနှင့်တကွ မိုးလင်းမိုးချုပ် အိမ်၌ ယံမရှိတတ်ကြောင်းတွေ ပါ သိထားရသောသူသည် ယံမရှိသောအချိန်ကိုပင် ရွေးချယ်ပြီး သူ ကသွားရန် ကြံစည်ခဲ့တာဖြစ်သည်။

တိုက်ရှေ့ကွက်လပ်၌ ကားထိုးရပ်၍ အထပ်တွေကို မော့ ကြည့်မိသောအခါ တစ်ချိန်က ကြည်နူးမှုဟာ လတ်ဆတ်ပျိုမျစ်စွာ သူ့ရင်ထဲ ခိုတွယ်၍လာသည်။ သူထားခဲ့သောအခန်းလေး၏ဝရန်တာ ၌ ယခုအခါ လှန်းထားသောအကျီက အရောင်ဖျော့ဖိုက်ဖုံးအ တွေပင်ဖြစ်သည်။ သူက လှေကားတွေအတိုင်း သွက်သွက်တက် သည်။ သေချာတာကတော့ ပြေးတက်သည့်အရှိန်နှုန်းကြောင့်လား





တ်တုန်လှုပ်သည့်ကြောင့်လား မသိ။ သူ့ ရင်တွေခုန်နေတာတော့ သေချာပါသည်။

အခန်းရှေ့ရောက်သောအခါ သူက အတွင်းမှကြည့်ရသော န်ဘီလူးလေးကို လက်ဝါးနှင့်ပိတ်ကွယ်ထားပြီး လူခေါ်ဘဲ(လ်)နှိပ် ာဖြစ်၏။ ခြေသံနှင့်အတူ ...

"အယ် ... ဘာမှလည်း မမြင်ရဘူး၊ မမရေ ချောင်းကြည့် ပေါက်ကို ပိတ်ထားတယ် .. ဒီမှာ"

ဟူသော သူနှင့်မရင်းနှီးသည့် သူစိမ်းမိန်းကလေးတစ် ယောက်ရဲ့အသံ။ ပြီးမှ ...

"ဒါများ အထူးအဆန်းလုပ်နေတယ် ... ယံနေမှာပေါ့ဟဲ့၊ ဲတ အစကတည်းက နောက်ရွတ်ရွတ်ရယ် ... ဖွင့်ပေးလိုက်"

ပုတုက မမအမိန့်ကြောင့် သစ်သားတံခါးကိုဆွဲအဖွင့် သံ န်းအပြင်၌ရပ်နေသောသူက အနီရောင်ရဲရဲ နှင်းဆီပန်းစည်းကြီး ိုင်ထားသော ရုပ်ရှင်မင်းသား အမုန်းခြွေ။ ပုတုသည် နှုတ်ဖျားမှ

"ဟယ်"

ခနဲနေအောင် အာမေဍိတ်ထွက်သွားသည်။ ချောလိုက် ာများ နှမွတ်လို့။ အသားလေးကလည်း ဝင်းဖန့်စိမ်းစိုနေတာပဲ။ သည် မှင်တက်ရလွန်း၍ ဘာစကားမှမဆိုနိုင်။ အဲဒီရုပ်ရှင်မင်း ကြီးကပဲ သံပန်းအတွင်းဘက်ရှိ တံခါးချက်ကို ဆွဲဖွင့်ရင်း ...

"မက်ရှိလားချာတိတ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"ရွှေအိပ်မက်ကိုပြောတာ ... ရှိသလား"

မက်က ညေ့ခန်းဆိုဖာပေါ်ထိုင်ပြီး ကလေးအတွက် သိုး မွေးခြေအိတ်လေးတွေ ထိုးနေသောအချိန်ဖြစ်သည်။ ရင်ကိုထ ခြမ်းခွဲပြီး အတွင်းသို့စီးဝင်စေသောအသံ။ မမျှော်ဘဲ ရောက်သူ မနှင်ဘဲ ထွက်သွားသူ။ မက်က ဒေါသအလျောက် ဆတ်ခနဲထရပ် သောအချိန်၌ သူသည် ညေ့ခန်းအတွင်းသို့ရောက်လာပြီ။ သူ့ လှမ်းကြည့်သော သူ့အကြည့်က တောင်းပန်ခြင်း၊ တိုးလျှိုးခြင်းနှ နူးညံ့သိမ်မွေ့ခြင်းများစွာ။ သူမ, လှမ်းကြည့်သောအကြည့်က ပြင်းနှင့် ခက်ထန်မာကျောခြင်းများစွာ။ အကြည့်ချင်းဆုံတာ ခ လေးပေမယ့် ရင်တွင်းခံစားချက်ကိုယ်စီ ဖတ်မိကြပြီး ...

"ဘာကိစ္စရှိပါသလဲ ကိုအမုန်းခြွေ"

မက်က အရင်သတိဝင်သူ။ မုန်းတီးခြင်းများစွာနှင့် ပြော သောအသံက ခါးသီး၍နေသည်။ သူက ရွှေအိုရောင်ခပ်ကော ကောက်ဆံနွယ်တွေ ရှည်လျားနေသော၊ အရင်ထက်ပိုစူးရှသော မျက်ဝန်းနှင့် ပြတ်သားမည့်ဓားသွားတစ်လက်လို နှုတ်ခမ်းတွေ ေးမောရင်းက ဘာစကားပြန်ပြောရမှန်းမသိ။ အရင့်အမာရှိ ဘော ကိုယ်ဝန်ကြီးကို လွယ်ထားရသော မက်၏ခန္ဓာကိုယ်သည် သူ့ တာဝန်မဲ့ခြင်း၊ ရှောင်ရှားခြင်းများစွာ လှောင်ပြောနေသည့်ဟ သူက လှုပ်ရှားယိမ်းထိုးနေသောစိတ်ကို အတတ်နိုင်ဆုံး တည်ငြ





အောင်ထိန်းထားရင်း ...

"မက်အတွက်ပါ"

မက်က မဲ့ပြုံးတစ်ချက်ပြုံးသည်။

"ကျွန်မအတွက် ... ဟင်း ... ဟင်း ... ဘာတွေစံတန့်တွင် တာပြန်ပြီလဲ ကိုအမုန်းခြွေ၊ ပန်းစည်းတစ်စည်းပေး၊ ချောကလက် တစ်တောင့်လောက်ပေးရုံနဲ့ ရှင်ပေးတဲ့ဒဏ်ရာတွေ ကျေပျက်မသွား နိုင်ဘူးရှင့်"

"မက်ကို ကိုယ်က တောင်းပန်တာပါ"

"ကျွန်မနဲ့ရှင့်ကြားမှာ တောင်းပန်ရလောက်တဲ့ အပြစ်ကျူး လွန်မှုမျိုး မရှိဘူးထင်ပါရဲ့နော်"

မက်က ခပ်ထွေထွေရှိသည်။ အခြေအနေက သူမျှော်လင့် ထားသည်ထက် ဆိုးဝါးနေပြီ။ သူသိခဲ့ဖူးသောမက်က အချစ်ကို အရူးအမူးကိုးကွယ်သူ။ သူ့အပြုံးထက်မှာ သူ့မနှလုံးသားကို ယဇ် ပူဇော်လိုသူဖြစ်သည်။ အခု မက်ကတော့ ကျားရဲမလေးတစ်ကောင် အလား ... အလွန်တရာ ရဲရင့်ခက်ထန်နေ၏။ ဒါပေမဲ့ သူက ဘယ် အရာကိုမှ လွယ်လွယ်နဲ့ လက်လျှော့တတ်သူမဟုတ်။ သူ့ဦးနှောက်ထဲ ၌ ရွှေအိပ်မက်စီးပွားရေးအင်အားစုကြီးရဲ့ အမွေလွှဲစာကလည်း ခွဲထင်နေသေးတော့ သူဟာ ဘယ်တော့မှ လက်လျှော့အရှုံးပေးမှာ မဟုတ်ပေ။

"ကိုနဲ့မက်အကြားက ကွဲလွဲမှုတွေကို ရှင်းပြချင်တယ်မက်၊



www.burmeseclassic.com

www.burmeseclassic.com



မက်ဆီရောက်မလာနိုင်တဲ့ ကို့အခက်အခဲတွေကို ခဏလောက် အရင် သည်းခံပြီး နားထောင်ပေးပါ၊ နားထောင်လို့ဆုံးသွားပြီဆိုမှ မက် ဆုံးဖြတ်ပါ၊ မက်ဆုံးဖြတ်ချက်အတိုင်း ကိုယ်လိုက်နာပါ့မယ်"

"မလိုတော့ပါဘူး"

"ကို့အတွက် လိုတယ်၊ ကို့ရင်သွေးအတွက် လိုတယ်၊ ကို တည်ဆောက်ချင်တဲ့ မိသားစုဘဝတစ်ခုအတွက်လည်း လိုအပ်တယ် မက်"

"ဟား ... ဟား ... မိသားစု ... ဘယ်မိသားစုလဲ၊ အခုမှ သွေးရူးသွေးတန်းစကားတွေ ပြောမနေပါနဲ့တော့ရှင်၊ ကျွန်မရဲ့ရင် သွေးကို ကျွန်မ ပြုစုပျိုးထောင်နိုင်တယ် ... ရှင်မလိုဘူး"

"မဟုတ်သေးဘူးမက်၊ ကလေးမှာ တစ်ချိန်ကျရင် အဖေ ဆိုတာ လိုအပ်လာဦးမှာပဲ"

မက်က ခေါင်းကို ဆတ်ခနဲခါ၍ မျက်နှာကိုမဲ့သည်။

"ဘာအဖေမှ မလိုဘူး။ အခုထိလည်း သူ့မှာ အဖေမရှိဘူး နောင်လည်း ရှိလာမှာမဟုတ်ဘူး။ လိုအပ်ခဲ့ရင်လည်း နေယံ့ဆီကပဲ ကျွန်မ တောင်းယူရမှာ၊ သူ့ဆီမှာ ဖခင်လိုမေတ္တာ၊ ဦးလေးဘကြီးတစ် ယောက်ရဲ့မေတ္တာမျိုး အပြည့်ရှိတယ်၊ စိတ်ဓာတ်က ယောကျ်ားဆန် တယ်၊ ကျွန်မကလေးအတွက် အမေရှိတယ်၊ သူ့ဦးလေး ရှိတယ် — ရပြီ၊ လုံလောက်ပြီ၊ နဂိုကတည်းက မရှိခဲ့တဲ့အဖေကို ကျွန်မ ဘယ် တော့မှ ဆွဲထုတ်ပြမှာမဟုတ်ဘူး ... ရှင်ပြန်ပါတော့ အမုန်းခြေ





ထွက်သွားပါ တော့"

ပြောရင်းက သူပေးထားသောပန်းစည်းဖြင့် မက်က အရှိန် ပြင်းစွာ ကောက်ပေါက်သည်။ သူ နာကျင်ပြုံလဲစွာ ထိုအခန်းလေး ထဲက ထွက်ခဲ့ရသည်။ သူပေးခဲ့သောအရာတွေက အခုနပန်းစည်း လိုပင် သူ့ကိုပြန်ထိတော့ အလွန်တရာနာကျင်ရပါသည်။ သို့ပေမယ့် သူမရှုံးသေး။ ပွဲက အဆုံးမှမသတ်သေးတာ။

လေ့ကားထစ်တွေ နင်းဖြတ်ဆင်းရင်း သူက အနိုင်လိုချင် သော အပြုံးတစ်ပွင့် ဆင်မြန်းထားဆဲ။

*** *** ***

---

"မက်မမှားဘူးယ်"

အသံနှင့်အတူ မက်မျက်နှာပေါ်မှာလည်း တင်းမာရိပ်တွေ က အပြည့်။ သူက စိတ်ခိုင်သောမက်အားငေးရင်း ခေါင်းကိုဖြည်း ဖြည်းချင်း ခါယမ်းမိ၏။

"လူဆိုတာ မမှားခဲ့ဖူးသူ ရှိသလားမက်၊ အမှားကျူးလွန်ပြီး ရင် အဲဒီအမှားကိုသိဖို့ကသာ အရေးကြီးတာပါ၊ မှားပြီးတိုင်းခွင့် မလွှတ်ဘူးဆိုရင် ခဲဖျက်တွေ၊ Correction pen တွေတောင် ပေါ် လာစရာအကြောင်း မရှိတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီခဲဖျက်နဲ့ Correction pen ကတစ်မျိုး၊ မှားတဲ့လူကို တာကတစ်မျိုး။ ဒါပေမဲ့ ယံရယ် ... အမှားဆိုတာသိသိကြီးနဲ့ ကျူးလွန်ခဲ့တာကို အမှားလို့ခေါ်သလား"

မက်က မဲ့မဲ့လေးပြုံးသည်။ ကိုယ်ဝန်အရင့်အမာရှိသော မက်မျက်နှာက နာကြည်းရိပ်တလက်လက်တောက်ပနေသည်။

"မဟုတ်ဘူး ယံ ... အဲဒါ အမှားမဟုတ်ဘူး ... အဲဒါ စော်ကားတာ၊ စော်ကားတဲ့လူကို မက်က ခွင့်လွှတ်စရာလား။ သူ့ကို ဘယ်လောက်အထိ မျှော်လင့်ခဲ့ရလဲ၊ မက် ဘယ်လောက်အထိ ပုံပြီးချစ်ခဲ့ရသလဲ၊ သူနဲ့ပတ်သက်ရင် ရှိသမျှအရာတွေကို စွန့်လွှတ်ခဲ့ရတာ မက်ပါ၊ သူ့ကိုအဆုံးစွန်အထိ မက်ခွင့်လွှတ်ခဲ့တယ်၊ ဒါပေမဲ့ ရင်သွေးလေး မက်ဆီဝင်လာတဲ့အချိန်မှာ သူ မလိုအပ်တော့ဘူးဆိုတာ သိလာတယ်"

မက်ပါးပြင်ပေါ် မျက်ရည်တွေက တွေတွေကြီးစီးကျသည်။ မက်ရင်သည် ဝမ်းနည်းစိတ်ကြောင့် တလှိုက်လှိုက်တုန်ယင်လို့ --

"သူ တာဝန်မယူချင်လို့ ထွက်သွားခဲ့တာပဲယံ၊ မလိုချင်တဲ့လူကို မက်က ဘာလို့ပေးရမှာလဲ၊ သူ မရှိလည်း မက် ရပ်တည်နိုင်ပါလေ၊ အခု သူမရှိတဲ့ကာလကိုတောင် မက်တို့ ဖြတ်သန်းခဲ့ကြသေးတာပဲ ယံ"

"မဟုတ်သေးဘူးမက်"

"ဘာတွေတရားချဦးမလို့လဲ ယံ"





မက်က ခပ်တွေ့တွေ့လေးမေးသည်။

"တရားချမှာမဟုတ်ပါဘူး ... ပြောပြမလို့ပါ၊ ဒါပေမဲ့ မက်အတွက်ပြောမှာမဟုတ်ဘူးနော် ... ကလေးအတွက်ပြောပြမှာ"

ကလေးကိုအကြောင်းပြတော့ မက်ငြိမ်သက်သွားရသည်။ တော်ဟာ ပင်ကိုက ခေါင်းမာသူတစ်ယောက်ဖြစ်ပေမယ့် ကလေးရှိလာသောအခါ ကလေးအတွက်ဟုဆိုရုံနှင့် လွယ်လင့်တကူနာခံတတ်ပြီ။ ဒါဟာ မိခင်တိုင်းရဲ့မေတ္တာစေတ်ပင် ဖြစ်ပါလိမ့်မည်။ သူက လက်ကလေးတစ်ဖက်ကို ဖွဖွဆုပ်တွေးပြီး ...

"ကလေးမှာ ဖခင်လိုလိမ့်မယ် မက်"

"ဖခင်မရှိဘဲ ရပ်တည်နေကြတဲ့လူတွေ အများကြီးပါယံ"

"ရပ်တည်လို့ရတယ်၊ ဒါပေမဲ့ သူတို့ကိုယ်သူတို့ ဘယ်လိုခံပြီးပြည့်စုံတယ်မထင်ကြဘူး။ အဲဒီလိုစိတ်မျိုး ကလေးကိုထည့်ပေးမလို့လား"

မက်က သက်ပြင်းရှိုက်သည်။ ပြီးတော့ တစ်စုံတစ်ခုကို စဉ်းစားနေသလို တွေဝေနေ၏။ ဒါဟာ ကောင်းသောငြိမ်သက်ခြင်းမဟုတ်။ သူ့အဆိုကို တော်လှန်လိုသည့် ငြင်းပယ်ချက်မျိုးပင်ဖြစ်သည်။

"မလိုပါဘူး ... မက်ကလေးမှာ အဲဒီ့စိတ်မျိုး ရှိကိုမရှိရဘူး။ မက်က ဖခင်လိုမျိုး မိခင်လိုမျိုး ဦးဆောင်ဦးရွက်ပြုနိုင်တယ်၊ ပြီးတော့ မက်ရဲ့အစ်ကို ယံကရော ကလေးကို ယံပြောတဲ့စိတ်မျိုးဝင်



www.burmeseclassic.com

www.burmeseclassic.com



မလာနိုင်အောင် မကာကွယ်ပေးနိုင်ဘူးလား”

သူမက ယံကို ခပ်ဆောင့်ဆောင့်ပင် ရန်တွေ့ပစ်လိုက်သည်။ မက်ကတော့ အခုနေအရွယ်ဟာ အချစ်ကိုဦးစားပေးရမည့်အရွယ်မဟုတ်တော့လို့ ယူဆထားသည်။ အချစ်ကိုဦးစားပေး၍သူမက မှားခဲ့လေပြီ။ အမှား နှယ်နှယ်ရရမဟုတ်။

ဘဝနှင့်ချီသော အမှား။ ထို့ကြောင့် သူမက အချစ်ကိုကြောက်သွားပြီ။ အချစ်ထက်ပိုအေးချမ်းသောမေတ္တာတရားက သူမစိတ်ကို ဆွဲဆောင်ဖုံးလွှမ်းသွားပြီကိုး။ ယံကတော့ မက်မေးခွန်းကြောင့် အကျပ်ရိုက်သွားဟန်တူသည်။

သက်ပြင်းတစ်ချက်ရှိုက်ပြီးမှ ...

“ကာကွယ်ပေးနိုင်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်ဆို အဖေမရှိတဲ့ဘဝနဲ့ ကြီးပြင်းခဲ့ရတာ၊ အဖေကို လိုအပ်တယ်, တောင့်တခဲ့တယ် ... ဒါပေမဲ့ မရခဲ့ဘူး၊ မက်စိတ်ဝင်စားမယ်ဆိုရင် အဖေမရှိခဲ့တဲ့, အဖေ့ကို အခုအရွယ်ထိ တောင့်တခဲ့တဲ့ ကျွန်တော်နဲ့မုန်းအကြောင်း ပြောပြမယ်”

မက်မျက်ဝန်းတွေ ဝိုင်းခနဲဖြစ်သွားရသည်။ မက်သည် ကိုနှင့် ချစ်သူတွေဖြစ်ခဲ့ပါသည်ဆိုပေမယ့် ကို့ဘဝအကြောင်း အပြည့်အစုံမသိခဲ့။ မေးလည်း မမေးဖူးခဲ့ပေ။ မက်တို့ချစ်သူနှစ်ဦး ... အင်း ... တစ်နည်းအားဖြင့် မက် တိတ်တခိုးချစ်ရသော ချစ်သူကိုထံမှ အချစ်ကို ပြန်လည်ရရှိသည့်အတွက် ရှင်မြူးစိတ်သာ ရှိခဲ့ရ၏။





ထိုသို့ချစ်မဝခင်မှာ ကိုကခွဲသွားပြီး သူမက ယံနှင့် ကာလရှည်ကြာ အတူနေခဲ့ရပေမယ့် ယံဘဝအကြောင်း တစ်စွန်းတစ်စပါဒမှ မမေးခဲ့ဖူး။ ကို့ကိုမုန်းတီးသည့် စိတ်အလုံးစုံက သူမကိုဝါးမျိုထားခဲ့သည်ကိုး။

ထို့ကြောင့်ပင် မက်က ခေါင်းခပ်သွက်သွက်ညိတ်ပြပြီး နှုတ်ဖျားမှလည်း ...

“မက်စိတ်ဝင်စားပါတယ် ယံ”

သူ့နှုတ်ခမ်းတွေ ကွေးညွတ်ကျသွားသည်။ သို့ပေမယ့် အပြုံးက တောက်ပမှုမရှိ။ သူ့မျက်ဝန်းတွေက သူ့စိတ်နှင့်တကွ မက်ကိုခေါ် ဟိုးအတိတ်ဘဝဆီသို့ ခေါ်ဆောင်သွားခဲ့ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

အပိုင်း (၁၄)

သူတို့ နှစ်ယောက်ကို သူငယ်ချင်းဖြစ်စေ
နိုင်လိုသော အကြောင်းရင်းတစ်ခုက အဲဒီဖခင်မေတ္တာတော်မွတ်ခြင်းပင်
ကျောင်းစတက်သောအရွယ်က သူနှင့်မုန်းမှာ သိလည်းမသိ။ သူငယ်
ချင်းလည်း မဖြစ်သေး။

သို့ပေမယ့် တစ်နေ့တော့ ကျောင်းဝင်းထဲမှနေ၍ သံဆန်ခါ
စည်းရိုးကိုဆုပ်ကိုင်ပြီး အဝေးတစ်နေရာမြင်ကွင်းအား မျှော်ငေး
နေသောသူ့အား မုန်းကတွေ့သွားခြင်းဖြစ်သည်။

"မင်း ဘာတွေငေးနေတာလဲ"

မေးခွန်းကြောင့် ဆတ်ခနဲ သူဖြစ်သွား၏။ လှည့်ကြည့်တော့
ဆံပင်အုပ်အုပ်ကလေးတွေနှင့်မုန်း။ အဲဒီကတည်းက မုန်းမျက်ဝန်း
တွေက ကြည်စင်တောက်ပနေတာ။ မျက်တောင်တွေက ကော့ပျံနေ
တာ။ နှုတ်ခမ်းပါးနားနီမြန်းပြီး နှာတံချွန်နေတာ။ ပြီးတော့ သားရေ
ထက်ပိုကဲ၍ အသားဖြူတာ။ အင်း ... မုန်းက လှူချောလေးတစ်ဦး
ဖြစ်၏။





သူက မုန်းမေးသည်ကို မဖြေ။ မုန်းမျက်နှာပေါ်ဝဲကျနေ
သောအာရုံကို ခဏချင်းပင်ဖျက်ပစ်၍ ...

"ဟိုကသားအဖကို ငေးနေတာမဟုတ်လား"

သူ့ဟာသူမေး၊ သူ့ဟာသူဖြေသော မုန်းကြောင့် သူက
သည်ပင်းလိမ်ကြည့်ရင်း ...

"အင်း"

"မင်းမှာ အဖေမရှိဘူးလား"

ခေါင်းကို ခပ်လေးလေးယမ်းပြရင်း ...

"ဆုံးသွားပြီ"

ယံကဖြေရင်း အခုနကမြင်ကွင်းကို တစ်ဖန်ပြန်ငေးနေ၏။
လူကြီးကိုယ်တိုင် သူ့ရဲ့သားကို ထမင်းခွံ့ကျွေးနေသော မြင်ကွင်း။
အများတကာအတွက်တော့ သာမန်ပေမယ့် သူတို့အတွက်တော့
ထူးခြားပါသည်။

တောင့်တစိတ်ကပင် ဖြင်းထန်သောလှိုအင်ကို ကြီးမားစွာ
ဖြစ်ပေါ်စေ၏။

"ငါ့မှာလည်း အဖေမရှိဘူး"

မုန်းကပြောတော့ ယံက လက်မခံနိုင်။

"ရှိပါတယ်"

ဟု အတင်းဝင်ငြင်းသည်။ မုန်းက သူ့စကားကို လာပယ်
ချက်သောယံကို တစ်ချက်စောင်းကြည့်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"မရှိပါဘူး ... ရှိတဲ့လူက ငါ့အဖေမဟုတ်ဘူး"

"ဒါဆို ... အဲဒါက"

"အဖေအရင်းမဟုတ်ဘူး"

"ဩော်"

သူ နည်းနည်းသဘောပေါက်သွားသည်။

"ဒါဆို ပထွေးပေါ့"

"အေး"

မုန်းက ခေါင်းညိတ်ဖြေသည်။ သူကတော့ သူ့မှတ်ဉာဏ် ဝိစိကလေးနှင့်တိုင်းထွာရင်း ...

"အဲဒီပထွေးက မင်းကိုရိုက်လား"

ကြားဖူးနားဝရှိတာကို မေးရသည်။ အမေကပြောသည် လေ။ နောက်လင်ယူရင် အဲဒီပထွေးက နင့်ကိုနှိပ်စက်မှာလို့ ဆို ထားတာကို။ မုန်းက သူ့ကို ထူးဆန်းသလိုကြည့်ပြီး ...

"မရိုက်ပါဘူး။ ငါ့ကို သိပ်အလိုလိုက်တယ်၊ ငါစားချင်တာ ဝယ်ကျွေးတယ်၊ ငါ့ကို ကားတွေ သေနတ်တွေလည်း ဝယ်ပေးတယ်"

"ဒါဆို ကောင်းတာပေါ့ကွ"

"မကောင်းပါဘူး။ ငါ့ကို ကုန်းမပိုးဘူး၊ လက်ဖွေ့ထိုးတမ်း မကစားဘူး။ ငါနဲ့ ဘောလုံးမကန်ဘူး"

မုန်းရင်ထဲကို သူ နည်းနည်းမြင်သွားရသည်။ သို့ပေမယ့် သူ့လိုတစ်ခြမ်းပဲ့သူအတွက်ကတော့ မုန်းဟာကံကောင်းသူ။ မုန်းကို





နေ့က်တိုင်း ကျောင်းပို့ပေးမယ့်သူ ရှိသည်။ မုန်းအတွက် ကစားစရာ ဝယ်ပေးမယ့်သူ ရှိသည်။

သူ့အတွက် နတ္ထိ။ အမေဟာ တစ်နေ့တစ်နေ့ စားဖို့နဲ့နေဖို့ အတွက် အပြူးအပြဲရှာဖွေစားသောက်ရသည့်အတွက် သူ့ကိုအချိန် ပေးနိုင်။ သူ့မှာ တစ်ယောက်တည်း အထီးကျန်ခဲ့ရတာ များ၏။

မုန်းနှင့်အပေါင်းအသင်းဖြစ်တော့ အဲဒီလို မဟုတ်တော့။ မုန်းက သူ့အိမ်ကို ဖိတ်ခေါ်သည်။ မုန်းရဲ့ များပြောင်လှသော ကစား စရာတွေနှင့် ကစားရသည်။ မုန်းနှင့်အတူ ထမင်းစားသည်။

ထို့ကြောင့် ခံစားချက်တူသူချင်း ပေါင်းဖက်ကြတာ တရင်း နှီး။ စရိုက်ချင်း၊ မျှော်လင့်ချက်ချင်းလည်း တူသည်။ သူတို့နှစ် ယောက်က ဘယ်နေရာရောက်ရောက် တရင်းတနှီးတွဲသွားသော အဖတွေ့ကြရရင်လည်း လည်ပင်းလိမ်ကြည့်သည်။ ငေးမော သည်။ ပြီးတော့ အားကျကြသည်။ ငါတို့၌ ဒီလိုအဖေမျိုး ရှိခဲ့လျှင် သော အတွေးမျိုးတွေ၍ စိတ်ကူးတွေကို စွန့်လွှတ်ခဲ့၏။ ဒီလိုနှင့် လယ်တန်းကျောင်းသားဘဝသို့ ရောက်သောအခါ နှစ်ယောက် လုံး အခေါ်ကြံ့စရာကိစ္စပေါ်လာသည်။

အဲဒါက တို့ဖေဖေဟူသောခေါင်းစီးဖြင့် စာစီစာကုံးရေး ဖြစ်သည်။ နှစ်ယောက်စလုံး၌ အကြောင်းအရာမရှိ။ ခေါင်းချင်း ကြရသည်။ မုန်းကတော့ အကြံပေးပါ၏။

"ဘာညာသာရကာ အာရှီးပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုသည်။ ခက်တာက သူ အာမခံရိုးတတ်ခြင်းပင်။ သူ့စိတ်ကိုက ဘွင်းဘွင်းသမား။ စိတ်ထဲမပါရင် ဘာမှမပြော၊ မလုပ်တတ်။ ထို့ကြောင့် များစွာ အခက်တွေ့ရသည်။ သူက ဘောပင်ကိုင်ပြီး ဘာမှမရေးရသေးသော စာရွက်ဖြူကြီးကို အကြာငေးနေတာကို တွေ့ရသော မုန်းက ...

"ကဲ ... မင်းမရေးတတ်ဘူးမဟုတ်လား"

"ဘယ်က စရေးရမှန်းမသိဘူး မုန်း ... ငါ့အဖေက မည်းသလား၊ ဖြူသလား မသိ၊ ငါ့ကိုယ်ဝန်ကြီးနဲ့ကတည်းက ဆုံးသွားတာတဲ့"

"မင်းအမေကရော မင်းအဖေအကြောင်း မပြောပြဘူးလား"

"တစ်အိမ်တည်းသာ အတူနေတာ ... အမေနဲ့ငါ မျက်နှာချင်းဆိုင်ရတဲ့အချိန်က ရှားထက်ရှားတယ်၊ အဖေက စားရေးနေရေးအတွက်ပဲ လုံးပန်းနေရတာ"

သူ့စကားဆုံး၍ မုန်း တဟက်ဟက်ထရယ်တော့ သူ့မျက်နှာ ကြောင်အမ်းအမ်းဖြစ်သွားသည်။ သူ့စကားထဲ ဘာရယ်စရာပါ လိမ့်ဆိုပြီးလည်း တွေးရ၏။

"အဲဒါကြောင့် ငါက မင်းထက်စာရင် ကံကောင်းသူအဖြစ် ရပ်တည်ရလို့ရတာပေါ့ ... ဟုတ်လားယံ"

"အေးလေ ... မင်းက ငါ့ထက်စာရင် အဖေဆိုတာလည်း





မြင်ဖူးတယ်၊ မင်းအဖေနဲ့အမေ ဘာကြောင့်လမ်းခွဲလဲဆိုတာလည်း သိတယ်၊ ပြီးတော့ မင်းကို အဖေလိုမေတ္တာပေးနိုင်တဲ့ လူတစ်ယောက်လည်း ရှိထားသေးတာ ... ငါ့ထက် ကံကောင်းတာပေါ့"

"အဖေလို မေတ္တာပေးနိုင်တယ် ... ဒါပေမဲ့ မပြည့်ဝဘူး၊ ခစစ်မှန်ဘူးကွ"

"ဘာဖြစ်လို့လဲမုန်း"

"ငါလိုချင်တာ အပြည့်အဝလေ၊ ဘယ်အရာမဆို အပြည့်အဝပါမှ စစ်မှန်တဲ့ပစ္စည်းလို့ခေါ်ခွင့်ရှိတာကိုး၊ ငါရတဲ့မေတ္တာက မပြည့်ပဘူးဆိုတော့ အတုပေါ့၊ ပြီးတော့ အမည်ခံမေတ္တာပေါ့"

လို့ မုန်းကပြောပြီး ဟက်ခနဲ တစ်ချက်ရယ်ပြန်သည်။ အရွယ်ငယ်ငယ်နှင့် အဲဒီလိုစကားလုံးကြီးကြီးတွေဖြင့် သူ့ကိုယ်သူ တန်ဆာဆင်ထားသူဖြစ်၏။ ထို့နောက် မုန်းက သူ့ပခုံးကိုဖက်၍ ခပ်သာသာပုတ်ရင်း ...

"ဘာမှစိတ်ဓာတ်ကျမနေနဲ့ ... မင်းနဲ့ငါနှစ်ယောက်ပေါင်းပြီး ရေးမှာပေါ့ကွ၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်အပြည့် ထားစမ်းပါ ငါလုပ်ရင် ဘာမဆိုဖြစ်တယ်ဆိုတာမျိုးပေါ့"

"ကိုယ်မျှော်လင့်သလို ဖြစ်မလာခဲ့ရင် ငါပဲစိတ်ဆင်းရဲရမှာ"

သူက ငြီးငြီးငြူငြူနှင့်ပြောပါက မုန်းသည် သူ့လက်မောင်းကို ဖုန်းခနဲတစ်ချက်ပိတ်ထိုးရင်း ...

"ငတုံး ... မဖြစ်ဖြစ်အောင် ဘာနည်းလမ်းနဲ့မဆိုလုပ်ပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



တရားတာ ပါမယ်၊ မတရားတာ ပါမယ် ... ဒါပေမဲ့ ဂရုမစိုက်နဲ့ အရေးကြီးတာ ကိုယ့်ရည်ရွယ်အတိုင်း ဖြစ်သွားဖို့ပဲ”

လို့ သူ့ဇီဇကိုယ်စားပြုသောစကားကို ဆိုခဲ့ဖူးသည်။ ဒီလိုနဲ့ပဲ သူဟာ ငယ်ကတည်းက မုန်းဦးဆောင်မှုနောက်၌ အသာတကြည် စီးမျောရင်း မုန်းအတွက်ဆို ဘာမဆိုပေးဆပ်ရန် အသင့်ရှိလာသည်။

မုန်းအပေါ် အထင်ကြီးတာမို့ မုန်းပြောသမျှ ခေါင်းညိတ်ရန် ဝန်မလေး။ အရင်ဆုံး သူ့ဘဝက မုန်းထံမှီခိုရန်ဖြစ်လာသည့် အကြောင်းရင်းမှာ လောကဓံရဲ့ ရိုက်ပုတ်ခြင်းဒဏ်ကို အလူးအလိမ့်ခံရသောအမေ ဆုံးပါးသွားခြင်းဖြစ်သည်။

“ဘာမှအားမငယ်နဲ့ယံ၊ လူဆိုတာ သေတစ်နေ့ မွေးတစ်နေ့ပဲ၊ မင်း ငါ့အိမ်မှာ လိုက်နေ”

ခေါ်ကာ သူ့ကိုလုံခြုံမှုပေးခဲ့သည်။ ဒီလိုနှင့် ဆယ်တန်းစာမေးပွဲတွေဖြေပြီးသောအချိန်၌ မုန်းမိဘနှစ်ပါးက အက်စီးဒင့်တစ်ခုဖြင့် ရုတ်ခြည်းကွယ်လွန်ခဲ့သည်။ ထို့သတင်းကိုကြားသောမုန်းသည် ဝမ်းနည်းကြေကွဲခြင်းကင်းစွာ သူလုပ်ဆောင်ရမည်ကိုသာ တည်တည်ငြိမ်ငြိမ်ဖြင့် စီစဉ်၏။

သူကတော့ မုန်းရဲ့အေးစက်စက်နိုင်ပုံကို အားမလိုအားမရ ဖြစ်ရကာ ...

“မင်းမငိုချင်ဘူးလား မုန်း”

သူ့အမေးကြောင့် မုန်းကခေါင်းခါပြီး တောက်ပသော မျက်





ဝန်းတွေနှင့် သူ့ကိုကြည့်သည်။ ပြီးမှ ...

“ဘဝမှာ လွမ်းဖို့ဆွေးဖို့ထက် အရေးကြီးတဲ့အကြောင်းအရာတွေ အများကြီးရှိတယ်ယံ၊ ငါတို့ မြို့တက်မယ်၊ ဒီခြံနဲ့အိမ်ရောင်းပြီး အရင်းအနှီးလုပ်မယ်”

“ဘာလုပ်မှာလဲ မုန်း ... ရန်ကုန်မြို့ကြီးက လူလိမ်တွေ အများကြီးပဲတဲ့”

“မင်းပြောတဲ့လူလိမ်တွေကလည်း ပခုံးနှစ်ဖက်ကြား ခေါင်းပေါက်တာပါကွာ၊ အမေမွေးကတည်းက ဒီဦးနှောက်တစ်ခုစီပဲ ပါလာတာ၊ သူတို့လိမ်တာခံရရင် မင်းညံ့လို့ပဲ၊ ငါက သူတို့ထက်တော်တယ်”

မုန်းကပြောပြီး ခြံနှင့်အိမ်ကို အားချင်းရောင်းရန် စီစဉ်သည်။ သူ့အိမ်လေးနှင့် မြေနေရာကျဉ်းကျဉ်းလေးကိုပါ တစ်ခါတည်းရောင်းပြီး ရသမျှငွေ မုန်းလက်ထဲထည့်ထားလိုက်၏။ မုန်းကမြို့ရှာ၌ တစ်ဖက်ကမ်းခပ်အောင် တော်သည်။

ဒီရောက်တော့ မုန်းဟာ မော်ဒယ်သင်တန်းတက်သည်။ သူကိုယ်သူ မင်းသားတစ်ပါးသို့ သ,ကာနေသည်။ ထိုအတောအတွင်း နှစ်ယောက်သား အဆောင်မှာပဲ နေကြရသည်။ သူက ပါလာသောငွေတွေ တတိတိနှင့်ကုန်သွားမှာ စိုး၏။

ထို့ကြောင့် လက်ကျန်ငွေကလေးနှင့် အရင်းအနှီးလုပ်ကာ လက်ဖက်ရည်ဆိုင်တစ်ဆိုင်လောက် ဖွင့်ချင်သည်။ သူ့စိတ်ကူး မုန်း



www.burmeseclassic.com

www.burmeseclassic.com



ကိုတင်ပြတော့ မုန်းက ခပ်ထွေထွေကြည့်ကာ ...

"မင်းအလုပ်က ဘယ်တော့သူဌေးဖြစ်မှာလဲ"

မထင်သောမေးခွန်းမို့ သူ ကြောင်အသွားသည်။ ပြီးမှ —

"ကြိုးစားရင် ဖြစ်နိုင်တာပဲ"

သူ့အဖြေက မရေမရာ။

"အဲလိုမဟုတ်ဘူး ... အတိအကျ၊ ဥပမာ တစ်နှစ်အတွင်း

တာမျိုးပေါ့"

"ဖြစ်မလားကွ ... မင်းကလည်း"

သူက ခပ်ဆောင့်ဆောင့်ပြောတော့ မုန်းက ထရယ်သည

အဲဒီအချိန်ကတည်းက မုန်းဟာ ရယ်ခြင်းငိုခြင်းကို စနစ်တ

လေ့ကျင့်ထားပုံရသည်။ မုန်းရယ်တာ အတော်ကြည့်ကောင်း

သည်။

"အေး ... မသေချာရင်မပြောနဲ့၊ အခုံ သေချာပေါက်ပိုက်

ရမယ့်အလုပ် တစ်ခုတည်း သူဌေးဖြစ်မယ့်အလုပ် ငါလုပ်မလို့"

"ဘာအလုပ်လဲ"

သူကမေးတော့ မုန်းတော့ စီးကရက်ကိုတစ်ချက်ဖွာ၍

နိုးတွေကို လှပစွာရှိုက်ထုတ်ပြီးမှ ...

"မင်းသားလုပ်မလို့"

လို့ဖြေသည်။ အဲဒီကစလို့ ဒီလောကထဲသို့ ခြေစုံပစ်ဝင်

မုန်းအတွက် သူက အစစအရာရာ ထောက်ပံ့ပေးခဲ့တာဖြစ်





အသက်ယူယူ အသွေးအသားယူယူ မုန်းက သူ့ရဲ့ကျေးဇူးရှင်။

မမကောင်းကထောက်ပံ့ပေး၍ မုန်းတစ်ယောက် မင်းသား ဖြစ်လာသောအခါ သူ့ကို မထားခဲ့၊ တစ်ပါတည်းလက်တွဲခေါ်ခဲ့သည်။ သူနှင့်မုန်းဟာ ဘဝတစ်လျှောက်လုံး ကောင်းတူဆိုးဖက်။ တကယ့် ရဲဘော်ရဲဘက်တွေ။

အခုကျမှ ... ယံက တွေးရင်း သက်ပြင်းကိုလေးလေးပင် ဝင်ရှိုက်သည်။ ဖြစ်တတ်ပါသည်။ မိန်းမဖျက်၍ ပြည်တောင်ပျက်ကြ သေးတာပဲ။ မိန်းမသားတစ်ဦးကြောင့် စစ်ခင်းရသည့် ရာမနှင့် ဒဿဂီရိ။

နောက် ... ဟယ်လင်မင်းသမီးကြောင့် နှစ်ပြည်ထောင် ဆက်ဆံရေး ပျက်ပြားခဲ့ရသလို သူနဲ့ အမုန်းခြွေကလည်း ... ။

*** *** ***

———————————— ။

မက်ရဲ့စိတ်အစဉ်သည် အခုတလော တွေတွေငေးငေးရှိ လှ၏။ ယံပြောခဲ့သော အဖမဲ့သားများပုံပြင်သည် သူမရဲ့နှလုံးအိမ် ထဲ စူးနစ်စွာ။ ဒီကြားထဲ အမုန်းခြွေထံမှ ပန်းစည်းလက်ဆောင်ရွေ ဘ နေ့စဉ်နေ့တိုင်းရောက်လာတတ်သည်။

ပန်းစည်းတိုင်း၌လည်း ကတ်ပြားလေးတစ်ပြား ချိတ်ဆွဲ



www.burmeseclassic.com

www.burmeseclassic.com



ထားပြီး ...

*'ချစ်ရပါသောဇနီးနှင့် ရင်သွေးလေးအတွက်'*

ဆိုတာမျိုး။

*'ကိုယ့်ကို သားလေးမွေးပေးပါ မက်ရယ်'*

တချို့ကတ်ပြားမှာကျတော့ ...

*'သားအတွက် လက်ဆောင်ထည့်ပေးထားတယ်၊ ပန်းစည်းကတော့ မက်အတွက်ပေါ့'*

ဟုရေးကာ ပါဆယ်ထုပ်တွေပါ ရောက်လာတတ်သည်။ မက်က ဖွင့်မကြည့်ဟု စိတ်တင်းထားပေမယ့် ကြာကြာတော့မခံနိုင်။ သားကလေးအတွက် သူ ဘာများဝယ်ပေးပါမလဲဟူသော သိချင်စိတ်က ရင်ကိုဆွဲမွှေ့သည်။

ဖွင့်ကြည့်ပါက သူမ အသက်ရှုရပ်သွားစေမည့် မွေးကင်းအရွယ်ဝတ် ဦးထုပ်လက်အိတ်ခြေအိတ်တွေ။ နောက်ပြီး ဖိနပ်ဖိကွေးလေးတွေ။ နို့ဘူးကလေးတွေနှင့် အင်္ကျီသေးသေးကွေးကွေးများ

ပစ္စည်းက သေးငယ်လွန်းပေမယ့် သူမ,အိပ်မက်ကိုတော့ အကြီးကြီးဖြစ်စေတာ ဘယ်သူမှ မသိ။ ယံကတော့ ဒါမျိုးတွေမြင်တိုင်း ရှင်ပျပျဖြစ်ကာ ...

"ဒီကောင့်စိတ်ကို ကျွန်တော်သိတယ်၊ သူ့ကလေးကို အဖေမဲ့ကလေး ဖြစ်စေချင်မှာမဟုတ်ဘူး။ အဓိကကျတာ မက်ပဲ၊ ကလေးရဲ့အနာဂတ်က မက်ပေါ်မှာမူတည်နေတယ်"





သူပြောတတ်သည်။ ထိုစကားမျိုးကြားရသောအခါ မက်သည် အရင်ကလို ရဲဝံ့စွာနှုတ်လှန်မထိုးတော့။ တွေတွေငေးငေးနေသာတတ်ပြီ။ ထို့ထက်ပို၍ မက်စိတ်ကိုဆွဲဆောင်နိုင်သောအရာကား ကလေးအနေအထား မှန်မမှန်စစ်ဆေးသည့် အာထရာဆောင်းရိုက်ခြင်းဖြစ်သည်။

ထွက်လာသည့်အဖြေက သားယောကျ်ားလေး။ သူမ မိုက်နဲ့ ဖြစ်သွားသည်။ အသိကတော့ ရှင်မြူးလို့။

"မှန်းသိရင် တော်တော်ပျော်မှာ၊ သားယောကျ်ားလေးဆိုတော့ အားကိုးရတာပေါ့"

လို့ပြောလျှင် မက်သည် တမင်တကာမေ့ထားသော သူတစ်ယောက်ကို သတိရသွားပြီး သူ့မျိုးဆက်ဟာ သူ့လိုပဲ ဖခင်ကို တောင့်တပေဦးမလားလို့တွေးကာ မမြင်ရသေးသော သားရဲ့ အနာဂတ်အတွက် စိတ်ထဲမကောင်းပါပေ။

မက်ကတော့ တစ်ယောက်တည်းကြားသာရုံ လေသံသဲ့သဲ့လေးဖြင့် ...

"အဲဒီသားသားလေး အပြင်ထွက်လာရအောင် ပိုက်ဆံတွေအများကြီးရှာထားရမယ် မက်"

"ရှင်"

"မက်က ဘယ်လိုမွေးချင်လဲဟင်"

သူကမေးတော့ မက်တောင် အူကြောင်ကြောင်ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဘာကိုမေးတာလဲယံ"

"ဪ ... မက်ရဲ့စုဘူးကို ဘယ်လိုဖောက်ချင်လဲလို့ - ရိုးရိုးပဲလား၊ ဒါမှမဟုတ် ခွဲ"

"အမယ်လေးလေး ဘာတွေလာပြောနေသလဲ ယံ"

မက်က သူ့စကားမဆုံးမီ ကြောက်လန့်တကြား ထအော် သည်။

"ဘာမှမခွဲဘူး ... ဒီတိုင်းပဲမွေးမှာ"

"မသိပါဘူး ... ဒီခေတ်က ခွဲတဲ့ခေတ်ဆိုတော့ ပိုက်ဆံရှ ဘာတွေ လိုလိုမယ်မယ်ဆောင်ထားရအောင်"

"ဒုက္ခမရှာချင်စမ်းပါနဲ့ ယံရယ်၊ ငွေကိုအပိုကုန်ဖို့ မစဉ်းစား ပါနဲ့၊ ငွေရှာရတာ ဘယ်လောက်ပင်ပန်းလဲ ... ယံ အသိဆုံးပဲနေမှာ အခုတောင် မက်က တော်တော်အားနာနေပြီ"

"ဘာကိုအားနာတာလဲမက်ရဲ့"

ယံက နံရံတွင်ကပ်ထားသော ကလေးပိုစတာတွေကိုကြည့် ရင်း သူမဘက် ကျောခိုင်းထားလျက် မေးသည်။

"မက်ကို တာဝန်ယူရတယ်၊ ပြီးတော့ ကလေးမွေးဖွားဖို့ ဆိုတော့ ယံ့အတွက် ဝန်ထုပ်ဝန်ပိုးကြီးများ ဖြစ်နေမလားဆိုတာ"

သူမအပြောကို ယံက သဘောကျ ခပ်ပြုံးပြုံးဖြစ်သွား သည်။ ပြီးမှ သူမရှေ့တည့်တည့်ခုံ၌ ဝင်ထိုင်ရင်း ...





"စေတနာဆိုတာ ဘယ်လောက်ကြီးမားတဲ့ ဝန်ထုပ်ဝန်ပိုးပဲ ဖြစ်ဖြစ် မလေးလံပါဘူးမက်ရယ်၊ ပြီးတော့ ကျွန်တော်ကြားဖူးတဲ့ စကားတစ်ခွန်းရှိတယ်"

"ဘာများလဲ ယံ"

"ဪ ... ကလေးဆိုတာ သူ့ငွေထုပ်နဲ့သူ လာတာတဲ့"

ဟု ယံကပြောပြီး သူမဗိုက်ကို စေ့စေ့စိုက်ကြည့်ကာ ...

"ကဲ ဗိုက်ထဲကသားသားလေးရေ ... ဦးဦးဖေဖေဆီကို ငွေ တွေ အထုပ်အထည်လိုက်ရောက်အောင် ပို့ပေးပါဦးနော်"

လို့ ဆုတောင်းသည့်အခါ မက်က ရှက်ကိုးရှက်ကန်းဖြင့်

"ယံကလည်းနော်"

ယံ့ပခုံးကို လှမ်းထုရသည်။ တကယ်လည်း ယံ့စေတနာစွမ်း ကြောင့် ထင်သည်။ ဆုတောင်းပြီး သိပ်မကြာသောရက်ပိုင်းမှာပင် ယံက သူမမျက်စိရှေ့သို့ တစ်ထောင်တန်တွေ အထုပ်လိုက် လာချ ပေးတာဖြစ်၏။

များပြားလှသောငွေပမာဏကြောင့် မက်က တအံ့တသြ တွေဖြစ်ရကာ..

"ယံ ဒါတွေက ..."

"ပိုက်ဆံတွေလေ ... စုစုပေါင်း ငါးသိန်း။ ဗိုက်နာလို့ရပြီ မွေးချင်ရင် မွေးပေတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်အများကြီး ဘယ်ကရလာတာလဲယံ"

သူ့မလေးမျက်နှာက အံ့ဩတကြီးမှ စိုးရိမ်မကင်းအသွင်ကို ဖျတ်ခနဲပြောင်းသွားသည်။ ဒါကိုပဲ သဘောကျစွာရယ်သူက ယံ။

"မားပြတိုက်လာတာ"

နောက်ရွှတ်ရွှတ်ပြောသောအခါ မက်က မျက်စောင်းရွယ်သည်။

"အတည်ပြော ... ဒီမှာ ရင်ထိတ်လိုက်တာ"

"ဘာမှ ရင်ထိတ်မနေနဲ့၊ ကျွန်တော် စတန့်တစ်ခုလုပ်ဖို့ လက်ခံလိုက်တာ"

"ယံ"

မက်ခေါ်သံက မိုးချုန်းသံအလား။ သူ သိပါသည် ... ဒါတွေ ရင်ဆိုင်ရန် ကြိုပြင်ဆင်ထားပြီးမှ အဲဒီအလုပ်ကို လက်ခံခဲ့ခြင်းဖြစ်၏။ သူ့အတွက်တော့ မက်နဲ့ကလေးငယ်သာ ပဓာန။ ကျန်အရာတသာမညပါ။

သူ့အသက်၊ သူ့ရှင်သန်မှု အပါအဝင်ပေါ့။ မက်ကတော့ သူ့အား အလှုံ့တညီးညီးထွက်နေသော မီးမျက်လုံးတွေနှင့် စူးစူးဝါးဝါး ကြည့်သည်။ ပြီးတော့ ငွေထုပ်ကို သူ့ဘက်ပြန်တွန်းပို့ကာ ...

"အဲအလုပ်ကိုမလုပ်တော့ဘူးလို့ မက်ကို ကတိပေးထားတာ မေ့သွားပြီလားယံ၊ ဒီငွေတွေ ပြန်ပေးလိုက်ပါ"

"မက်ကလည်းကွာ ... ကျွန်တော် လက်ခံလာပြီးပြီ"





"ရှင့်အသက်နဲ့ရင်းထားတဲ့ ဒီငွေတွေကို မက်က ဘယ်လိုစိတ်မျိုးနဲ့ သုံးရမှာလဲယံ ... ပြောပါဦး၊ ယံရဲ့သိတတ်မှုတွေ စေတနာတွေ မေတ္တာတွေက မက်ကို ညှဉ်းသတ်နေသလိုပဲ၊ မက်ကို တစ်ကြိမ်တစ်ခါလောက် ဥပေက္ခာပြုလိုက်စမ်းပါ၊ အဲလောက်အထိ မလိုအပ်ပါဘူးယံ"

ပြောရင်း မက်ပါးပြင်သို့ မျက်ရည်တွေက ပိုးပိုးပေါက်ပေါက် ကျဆင်းလာသည်။ သူက စိတ်မကောင်းခြင်းကြီးစွာ၊ နောက်သုယစွာ ပါးပြင်မျက်ရည်တွေသုတ်ပေးရင်း ...

"ကျွန်တော် ဘာမှမဖြစ်နိုင်ပါဘူး မက်ရယ်၊ ပြီးတော့ ဒီအလုပ်ကို နောက်ဆုံးလုပ်တာပါလို့ ကတိပေးပါတယ်၊ တစ်ချိန်လုံး [illegible]ဆင်းရဲထဲရောက်နေတဲ့ မက်ကို ဒီတစ်ခါတော့ အကောင်းဆုံး [illegible]ဆည်းပေးပါရစေ၊ နောက်ပြီး လောကကြီးထဲကို အခုမှဝင်လာ[illegible] ကလေး ... "

"ရှင် ဒီကလေးပဲအကြောင်းပြပြီး မက်စိတ်တွေကို ပြောင်း[illegible]နေတာများပြီ ယံ"

မက်က ငိုသံပါကြီးနှင့် ထအော်သည်။

"အကြောင်းပြတာမဟုတ်ပါဘူး မက်ရယ်၊ ကလေးအပေါ်[illegible]တဲ့စိတ်ထားကိုပြောတာပါ၊ ကျွန်တော်တို့တွေက လူလောထဲ[illegible]ကတာကြာပြီ၊ မလုပ်ဖူးတဲ့အလုပ်၊ မသွားဖူးတဲ့နေရာ၊ မစားဖူး[illegible]အရာဆိုတာ တော်တော်ရှားသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



သူ့အသံက ဆွေးဆွေးမြည့်မြည့်။ မက်ကတော့ ဝမ်းနည်း စိတ်၊ သူ့အပေါ်လေးစားစိတ်တွေ ရောထွေးကာ မျက်ရည်တွေအဖြစ် အပြင်လောကကို သွန်အန်ကျမိသည်။

"ကလေးက အခုမှဝင်လာမှာ၊ သူ လောကကြီးထဲကို ပထမ ဆုံးခြေချတဲ့အချိန်မှာ ချို့တဲ့မှု၊ သိမ်ငယ်မှုမျိုး မဖြစ်စေချင်ဘူး။ ခံစားစေချင်ဘူး မက်ရယ်"

"ကလေးက ဘာသိမှာလဲ ... ရှင် အကြောင်းမပြန့် အလုပ်လုပ်ပြီး ရှင်တစ်ခုခုဖြစ်သွားရင် မက်နဲ့ဒီကလေး ဘယ်သူ့ အားကိုးရမှာလဲ"

"သူ့အဖေရင်းတစ်ယောက်လုံး ရှိသားပဲ မက်ရယ်"

မက် ငြိမ်ကျသွားသည်။ သူက တိတ်ဆိတ်ခြင်းကို အခွင့် ကောင်းယူ၍ မက်ကိုနားသွင်းရန်ကြိုးစားသည်။

"သားယောကျ်ားလေးမှာ အဖေဆိုတာ ပိုလိုအပ်တယ်၊ သူ့ အဖေဟာ သူ့ရဲ့သူ့ရဲ့ကောင်းပဲ၊ ခေါင်းမမာချင်စမ်းပါနဲ့ မက်ရယ် သားကို ကျွန်တော်နဲ့မုန်းလို အဖေငတ်တဲ့ဝေဒနာမျိုး ခံစားစေချင် လို့လား"

"ယံ"

မက်အသံက ဆို့နင့်စွာ။ ပြီးတော့ မိုက်ကြီးနှင့်ပင် သူ့ တွယ်မိရင်း ...

"သူ့အဖေရှိလည်း ယံလိုအပ်ပါတယ်၊ မက်ရဲ့အစ်ကိုနေရာ





ခင်နေရာ၊ သားရဲ့ဘကြီးနေရာ ယံရှိနေရမှာ၊ ယံရပ်တည်ပေးရမှာ"

ဟု တတွတ်တွတ်ဆိုရင်း မက်က တားမနိုင်ဆီးမရ ငိုချလေ ပြီ။ သူကနှစ်သိမ့်အားပေးခြင်းများစွာဖြင့် မက်ရဲ့ပခုံးကို ခပ်ဖွဖွ ပုတ်ရင်း ...

"မက်တို့နားမှာ ကျွန်တော် အမြဲတမ်းရှိနေမှာပါ"

လို့ ဆိုရသည်။ သူတို့နှစ်ယောက်အား ခပ်မော့မော့ကြည့် နေသော တစ်ထောင်တန်ပိုက်ဆံအုပ်တွေကတော့ မျက်ရည်တွေ ရှိလူးလို့ ... ။

www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း (၁၅)

ထင် ထားသည့်အတိုင်းပင်။ မုန်းက နှစ်နှစ်မြိုက်မြိုက်ပြုံး၍ ဝီစကီတစ်ငုံမျှအာစွတ်၏။

"ကိုနေယံက အလုပ်လက်ခံသွားပါတယ် မင်းသား၊ ကျွန်တော် ပိုက်ဆံလည်း တစ်ခါတည်းပဲ အကျေပေးလိုက်ပါပြီ၊ တခြားကုမ္ပဏီကရိုက်မယ်ဆိုတဲ့ စကားကလွဲလို့ မင်းသားပါမယ်ဆိုတာတောင် ကျွန်တော်ပြောမထားပါဘူး၊ ရိုက်ကွင်းမှာဆုံရင်တော့ သူသိသွားလိမ့်မယ်နဲ့တူတယ် မင်းသား"

ဟု ပြောသွားသောစကားတွေက သူ့အတွက် မင်္ဂလာရှိစွာ။ သူက ကြားထဲမှ ကိစ္စအဝဝဆောင်ရွက်သောသူကိုပင် ချက်ချင်းတစ်သိန်းထုတ်ပေးခဲ့၏။

"စိတ်တော့မကောင်းပါဘူးယံ၊ ဒါပေမဲ့ ... "

ဝီစကီအရသာက လည်ချောင်းထဲ ပြင်းပြရှတစွာ။ ဒါကိုပဲ သူက ခေါင်းမော့၍ အရသာခံနေပြီးမှ ...

"ငါ့ရပ်တည်မှု၊ ငါ့ရှင်သန်မှုအတွက် မင်းနဲ့ငါကြားက သံ





ာခေဥ်ကို စတေးပစ်ရမယ်၊ ဝင့်ကြွေးရှိရင် နောင်ဘဝ ငါပြန်ဆပ်ယ် ယံ၊ ဒီအခြေအနေမှာ မင်းက လောကကြီးထဲက အပြီးအပိုင်က်ခွာသွားမှ ဖြစ်မှာ၊ ဒါမှ ငါ့မိသားစုရယ်၊ ရွှေအိပ်မက်စီးပွားရေးင်အားစုရယ်က ငါ့လက်ထဲကို ရောက်လာမှာပေါ့ ... ဆောရီးပါယံ"

သူက ပြောကာ ရှေ့ရှိ ဓာတ်ပုံလေးကို ရီဝေသောမျက်လုံးဖြင့် စူးစိုက်ကြည့်မိသည်။ သူနှင့်ယံ ... တစ်ယောက်ပခုံး တစ်ာက်ဖက်ကာ ရယ်မောနေပုံ။ သူက ယံ့ပုံကို အလယ်မှနေ၍ဖြဲပစ်၏။

ရင်ဘတ်ထဲကရော အသိစိတ်ထဲကပါ တစ်ခါတည်း ဆွဲတ်ပြီးသားဖြစ်သည်။

သူကြိုတင်စိတ်ကူးထားသော ရှုတင်ရက်က တစ်မိမ့်စိမ့်ချိန်တွေကို တိုက်စားရင်း ဆိုက်ရောက်လာပြီဖြစ်၏။ ယံ ခုန်ချည်နေရာသည် ဆောက်လက်စကာန်ထရိုက်တိုက်၏ ခေါင်မိုးစွန်းခြစ်ပြီး အမြင့်က ရှစ်လွှာအမြင့်။

အောက်မှ အပေါ်ကိုမော့ကြည့်လျှင် နေရောင်တစ်စွန်းစ်စထွက်နေသော တိုက်ခေါင်မိုးကိုမြင်ရသည်။ ဓာတ်ညွှန်းအရာ ခေါင်မိုးပြင်ကြီး၌ လူဆိုးတွေနှင့် တိုက်ခိုက်ခန်း။ ပြီးမှ အားန်ကာ ပြုတ်ကျသည့်အခန်း ...။

အောက်မှာတော့ လူတစ်ကိုယ်စာ အလေးခံနိုင်မည့်ပိုက်ကြီးခံထားသည်။ လေးဖက်လေးတန် ပိုက်ကွန်ကြိုးများကို ခိုင်ခံ့



www.burmeseclassic.com

www.burmeseclassic.com



သောသံမဏိတိုင်များ၌ မှုလီစုပ်၍ သွယ်တန်းထားသည်။

မြေပြင်နှင့်ပိုက်ကွန်ကြားအကွာအဝေးက ဆယ်ပေနီးပါး အောက်က မည်းပြောင်နေသော ကတ္တရာလမ်း။ သူ့အစီအစဉ် ပိုက်ကွန်ကြိုးတန်းကို ခပ်ပါးပါးလေး ဓားဖြင့်မွန်းထားသည်။ ရှ တစ်ကိုယ်စာအလေးချိန် အထူးသဖြင့် အရှိန်နှင့်ကျသောအလေး ချိန်ကြောင့် ကြိုးတွေပြတ်ထွက်ကုန်လျှင် ...

'ဖုန်း'

ခနဲအသံကြီး နားထဲကြားလိုက်ရသလို။ သူ့မျက်ဝန်း ကို ယောင်ယမ်းပြီးပိတ်ပစ်မိသည်။ သွေးရဲရဲနှင့် ယံ။ သူဖျတ် မျက်စိပြန်ဖွင့်တော့ ပိုက်ကွန်ရော၊ ကြိုးတန်းပါ တည်ငြိမ်စွာ သူ့အ လှောင်ပြောင်နေသလို။ သူ့တစ်ကိုယ်လုံး ချွေးဒီးဒီးကျလျက် ...

"ဆရာ"

မငြိမ်သောနှလုံးက ဆတ်ခနဲထခုန်သည်။ ခြောက်ခြား လှည့်ကြည့်တော့ ကျင်ဝှက် ...

"ဒါရိုက်တာက အသင့်ပြင်တဲ့၊ ခဏနေရင် ရိုက်မယ် ဆရာ"

"အေး ... "

ဟုဆိုကာ သူ့မျက်နှာကို အေးနေသောတာဝါဖြင့်ဖိပွတ် တဲ့အထိ ကျင်ဝှက်မသွားသေး။

"ဘာပြောစရာရှိလို့လဲ ကျင်ဝှက်"





"ကိုယ်က စကားနည်းနည်းလောက်ပြောချင်လို့တဲ့"

ပြောပြီး ကျင်ဝှက်က နေရာရွှေ့သည်။ မြင်ကွင်းက ရှင်း သွား၏။ ခပ်လှမ်းလှမ်း၌ရပ်နေသူက ယံ။ သူ့ထံ ဖြည်းဖြည်းချင်း လျှောက်လာသည်။ သူက ဒီအတိုင်းရပ်စောင့်မနေလို။ ထို့ကြောင့် တစ်လှမ်းချင်းလှမ်းသည်။

သူနှင့်ယံက ဗဟိုတည့်တည့်၌ ဆုံမိကြပြီ။ မွန်းတည့်နေ က သူတို့ဦးခေါင်းထက်၌ ပြင်းစွာသောအရှိန်နှင့်။ သို့ပေမယ့် သူ့ ရင်ထဲကအပူကိုတော့ မှီမယ်မထင်။ ယံက သူ့ကို စတင်ပြုံး၍နှုတ် ဆက်သည်။

မင်းအပြုံးတွေ ဘာကြောင့် ပျော့နေရတာလဲယံ။ သူက ယံ့အပြုံးကိုသာမြင်ပြီး သူ့မပြုံးနိုင်သောအဖြစ်ကိုတော့ မမြင်ခဲ့ပါ။

"မင်းဘဝတစ်လျှောက်လုံး မင်းဖြစ်စေချင်တာတွေ မင်း တောင်းဆိုတာတွေကို ငါအကုန်လုပ်ပေးခဲ့တာ မင်းသိလား မှန်း"

သူ ခေါင်းညိတ်ပြသည်။ ယံက ယှဲ့ယှဲ့လေးပြုံး၏။

"ဒါဆို ငါဖြစ်စေချင်တဲ့ဆန္ဒတစ်ခု မင်းလိုက်လျောပေးမ လား"

"ပြောကြည့်လေ"

"မက်က မင်းကို သိပ်ချစ်တာကွ၊ ဒါပေမဲ့ သူ့မာနရယ်၊ မခံချင်တဲ့စိတ်ရယ်ရောပြီး မင်းကို စိမ်းပြနေတာ၊ ငါအကဲခတ်သ လောက် မင်းကို ကြာကြာမစိမ်းကားနိုင်ပါဘူး၊ မင်း စိတ်ရှည်ရှည်



www.burmeseclassic.com

www.burmeseclassic.com



ထားပြီး ချော့လိုက်ပါမုန်း"

သူ့ရင်ဝ အောင့်ခနဲဖြစ်သွားသည်။ ခံစားရတာပြင်းလွန်း၍ ယံကို သူစကားမပြန်နိုင်။ ယံကတော့ ပြုံးရင်းဆက်ပြော၏။

"မင်း သားလေးရတော့မယ်"

"သားလေး"

သားဆိုသောအသိစိတ်က သူ့ဝိညာဉ်ကိုလှုပ်နှိုးသည်။ သူ ယောင်ယမ်းရေရွတ်ခြင်းကို ယံက ခေါင်းညိတ်အတည်ပြုပေးရင်း ...

"ကလေးကို ငါ့လို အဖေမဲ့တဲ့သားမျိုး မဖြစ်စေချင်ဘူးကွာ"

ယံ့မျက်လုံးထဲ မျက်ရည်ကြည်တွေ ဝဲတက်လာသည်။ ယံက မေးကြောကြီးတွေတင်းနေအောင် အံကြိတ်ရင်း မျက်တောင်တွေဖြင့် မျက်ရည်ကိုနှင်ထုတ်၏။

"မင်းလိုလည်း အဖေရှိရက်နဲ့ တခြားလူကပေးတဲ့ မေတ္တာအတုတွေ သားလေးခံစားသွားရမှာ ငါမလိုလားဘူး"

သူ့အတွေးတွေက ငယ်ဘဝဆီပြန်ရောက်သွား၏။ သူများသားအဖတွေ၏ ချစ်ခင်မှုတွေကို အာကျစွာငေးမောခဲ့ရသည့် သူ့ကိုယ်သူ ပြန်မြင်ယောင်လာသည်။ သူ့ပခုံးပေါ် ယံ့လက်တစ်ဖက်ကျလာ၏။ ခပ်ညှစ်ညှစ်ဆုပ်ကိုင်ထားပြီးမှ ...

"မင်းတို့မိသားစု သာယာပါစေကွာ၊ မက်ကိုလည်း ရိုးမြေကျ ချစ်နိုင်ပါစေ၊ ငါ တစ်ခုတော့ ဝန်ခံခဲ့မယ် ... မက်ကိုစတွေ့တဲ့အချိန်





မှာ ငါရင်ခုန်ခဲ့တယ်၊ ဒါပေမဲ့ မင်းကချစ်တယ်ဆိုတာကိုသိရတော့ ငါ့နှလုံးသားကို ငါသော့ခတ်ခဲ့တယ်၊ မက်အပေါ် တစ်လျှောက်လုံး ငါ့ညီမလေးတစ်ယောက်လိုပဲ ဖြူဖြူစင်စင် သဘောထားခဲ့တယ် — အဲဒါ ဘာဖြစ်လို့လဲသိလား"

ယံနှင့်သူ အကြည့်ချင်းဆုံသွားသည်။ ယံမျက်ဝန်းတွေထဲမှာ နူးညံ့သိမ်မွေ့ခြင်းတွေ အနိုင်းအဆမဲ့မြင်နေရသည်။ ယံအေးငြိမ်သောမျက်ဝန်းတွေကြားမှ ပြုံးပြရင်း ...

"မင်းကို ငါ့နှလုံးသားထက် ပိုချစ်လို့ပဲ မုန်း"

ပြောပြီးတာနှင့် ယံကသူ့ကိုကျောခိုင်းသွားသည်။ ထိုအချိန်မှစ၍ သူ့အာရုံထဲ ယံ့မျက်ဝန်းတွေ။ ယံ့နှုတ်ခမ်းထက်က အပြုံးတွေ။ နောက် ယံ့ကျောပြင်တွေက စွဲမြဲစွာ။ နောက် ငယ်ငယ်တုန်းက သူ့ကို မာလကာသီးတွေ ခူးချပေးသော ယံ။

တစ်အိပ်ရာတည်းအိပ်သော သူက အိပ်ပျော်သွားလျှင်နိုးရာယံကို လှမ်းခွတတ်သည်။ ထိုအခါ၌ ...

"ဟေ့ကောင်..အသက်ရှူကျပ်တယ် ... ခွလုံးကို ဖက်"

ပြောပေမယ့် မရ။ သူက ယံကိုခွမြဲ။ နောက် ကျင့်သားရသောယံကလည်း တရှူးရှူးအိပ်ပျော်သွားတတ်သည်။ ဒီလောကထဲရောက်လာသော မျက်နှာသစ်ဖို့ အဝတ်အစားကောင်းကောင်းတွေဝယ်ဖို့နှမြောခဲ့သောယံ့ကို သူက မျက်နှာသစ်ဆပ်ပြာတွေနှင့် အောင်းသစ်ပေးဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို ယံက ဝူးဝူးဝါးဝါးအော်ပြီးရှောင်ပြေးနှင့် နှစ်ယောက်သား ရေချိုးခန်းထဲတွင် ထွေးလုံးရစ်ပတ်ချော်လဲဖူးသည်။ အဝတ်အစား အပေါင်းတွေကိုပဲ သံယောဇဉ်တွယ်တတ်သော ယံကြောင့် သူက ရှိသမျှအဝတ်အစားအပေါင်းတွေအကုန်ကို လမ်းဘေး၌ ဝေဖူး၏။

"မင်းကတော့ လုပ်ချလိုက်ပြန်ပြီ ... အသစ်တွေ တောင်တောင့်ကြီးတွေ မဝတ်တတ်ဘူးကွ"

"လျှာမရှည်နဲ့ ဟေ့ကောင် ... တောင့်နေရင် လျှော်ခိုင်းပြီး ဝတ်၊ လူနဲ့တူအောင် ဆင်တာ ... ပြာပုံမတိုးချင်နဲ့"

သူ ဘယ်လောက်နစ်နာအောင်ပြောပြော အပြုံးမပျက် တတ်သောယံက နောက်ဆုံး သူ့နှလုံးသားထက် ပိုချစ်သတဲ့။

သူ မှားပြီလား။

ရိုက်ကွင်းက စတော့မည်။ အစီအစဉ်အရ သူ့အခန်း၏ နောက်မှရိုက်၍ စတန့်ခန်း အရင်ရိုက်မည်။ သူက ထီးရိပ်အောက်၌ သက်သောင့်သက်သာထိုင်ပေမယ့် ရင်ထဲက ဗလောင်ဆူနေပြီ။

မှားပြီလား။

ဟင့်အင်း။ သူ့အသိစိတ်ရှေ့၌ ရွှေအိပ်မက်စီးပွားရေးအင်အားစုက တားဆီးထား၏။ လှမ်းကြည့်တော့ ယံတို့ရှိဟာဇယ်ပြီးပြီ။

"စပြီ ... ရိုက်မယ် ... အသံတွေငြိမ်ပါ၊ ၄ ... ၃ ... ၂ ... ၁ ... အက်ရှင်"





ဟုအော်သည်။ ယံနှင့်လူဆိုးတွေ တိုက်ကြ[illegible] ရင်က တဆတ်ဆတ်ခုန်လာ၏။ သူ ထိုင်မနေနိုင်၊ ဆတ်ခနဲထရပ် ယံက အောက်ကိုခုန်ချရန် အားယူ၍တစ်ပတ်လှည့်သည်။

"မင်းကို ငါ့နှလုံးသားထက်ပိုချစ်လို့ပဲ မုန်း"

သူ့ရင်ဘတ်က ချစ်ခြင်းသံယောဇဉ်တွေက အသီးသီးနိုးထလို့လာလေပြီ။

"မလုပ်နဲ့"

ယံသည် နောက်ဆုံးအကြည့်တစ်ချက် မုန်းထံ လှမ်းအကြည့်။ မုန်းထရပ်တာ သူမြင်သည်။ နောက် သူ့ထံ ခြေနှစ်လှမ်းမျှ ရှေ့တိုး၍ လက်ဆန့်တန်းကာ ဘာပြောသည်မသိတော့။ အနောက်မှခုန်ချရန်အတွက် ရေတွက်သောအမှတ်သို့ ရောက်လာပြီး သူ လက်ဆန့်တန်း၍ ခုန်ချပစ်လိုက်၏။

တစ်ကိုယ်လုံး လေဟာနယ်ထဲမျောလွင့်စွာ။ နားထဲလေတိုးသံတွေက တဟူးဟူးနှင့်။ ပိုက်ကွန်ကြီးနှင့် တစ်စထက်တစ်စ နီးကပ်လာသည်။ သူ မျက်စိစုံမှိတ်ပစ်လိုက်၏။ ခန္ဓာကိုယ်က ပိုက်ကွန်ကိုထိပြီးမှ သိမ့်ခနဲ ... ။

သူ့တစ်ကိုယ်လုံး နောက်ထပ်လေဟာနယ်ထဲ ထပ်ကျ၏။ သူ့ကြောက်လန့်တကြား မျက်လုံးဖွင့်အကြည့် ...

'ဖုန်း'

ဟူသောအသံကြီးနှင့် တစ်ကိုယ်လုံး ကိုင်ရိုက်ခံရသလို



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးသတိက သူ မှုးဝေဆဲရှိကြောင်းသိ၏။ ဝိညာဉ်ထဲမှာ မက်၏ နောက် သားလေးနဲ့မုန်း။

"ယံ ... "

မုန်းကအော်၍ ခေါင်းမိုးပေါ်မှတစ်ဆင့် လေ့ကားထစ်ဆီ တစ်ရှူးထိုး။ သူ လှေကားတွေကို ဘယ်နှစ်ထပ်ကျော်ဆင်းမိမှန်း မသိ။ သွေးအလူးလူးနှင့် ယံ။ ငါမှားပြီ။ မှားသွားပြီ ယံ။

"ယံ ... ယံ"

သူ မြေညီထပ်ရောက်ပြီ။ ယံ့ရှိရာနေရာပြေးသွားရင်း ဘေး ကလူတွေအား ...

"လူနာတင်ကားခေါ် ... လူနာတင်ကားခေါ်လေ"

လို့ သွေးရူးသွေးတန်းဖြင့် အမိန့်ပေးသည်။ ယံအနား ရောက်တာနှင့် သူက ယံ့ပခုံးကိုဆွဲမ၍ ရင်ခွင်ထဲသွင်းထားသည်။

"ယံ ... ဟေ့ကောင် ... အားတင်ဦး။ ငါ့ကို ဒီလိုပုံစံကြီးနဲ့ ထားမသွားနဲ့၊ ထားမသွားနဲ့၊ အားတင်းကွာ၊ မင်း ငါ့နားမှာရှိရဦး မှာ"

ယံ၏ တွေတွေစီးကျနေသောမျက်နှာပေါ်မှာ အပြုံးသဲ့သဲ့ လေးထင်သည်။

"မုန်း ... "

"အေး ... ငါရှိတယ်၊ မင်း စကားမပြောနဲ့ယံ၊ ငါ ဆေးရုံကား ခေါ်ထားတယ်၊ ဆေးရုံသွားမယ်၊ မင်း ဘာမှမဖြစ်စေရဘူးယံ —





အဲဒါကို မှတ်ထားစမ်းပါ"

"မက်ကို ဆေးရုံတင်ထားတယ်၊ သုခကမ္ဘာ၊ နံပါတ် (၁၄)"

ပြောပြီး အသံကငြိမ်ကျသွားသည်။ နှလုံးခုန်နေဆဲ။ သို့ ပေမယ့် တိုးတိုးလေးရယ်။ ထိုခဏမှာပင် လူနာတင်ကားရဲ့အသံကို ကြားရသည်။

"မင်း ဘာမဖြစ်ရဘူး ယံ"

သူက အဲ့စကားကိုပဲ ထပ်တလဲလဲရေရွတ်နေခဲ့တာဖြစ်၏။ ယံ့ကို ဆေးရုံခေါ်ဆောင်သွားသည်။ အရေးပေါ်ကုသမှု ပေးသည်။ သူက ယံ့အနားက တစ်ဖဝါးမှမခွာခဲ့။ ယံ့အခြေအနေကိုစောင့်ကြည့် ရင်း ဘဝ၌ တစ်ကြိမ်မှားခဲ့သောအမှားအတွက် ဖြေမဆည်နိုင် အောင်ရှိရ၏။

ယံ သတိလစ်ပြီး သုံးရက်မြောက်သောနေ့တွင် ယံက သတိပြန်လည်လာခဲ့သည်။ မျက်ဝန်းတွေအပွင့်၌ သူ့အား ပထမဆုံး တွေ့ရတာပင်။

"မက်ဆီသွားပြီးပြီလား"

"မသွားရသေးဘူးယံ၊ မင်းအနားမှာပဲ ငါရှိနေခဲ့တာ၊ ငါ့ကို ခွင့်လွှတ်ပါ ယံ"

ယံက သူ့ကို နှုတ်မှအဖြေမပေး။ သူ့လက်ကို တင်းခနဲဆုပ် ကိုင်သည်။ ပြီးမှ လေသံသဲ့သဲ့ဖြင့် ...

"မက်မွေးနေလောက်ပြီ ... သွားလိုက်၊ ငါက ကောင်းနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုရင်း သူ့အား ပတ်တီးများကြားထဲမှ ပြုံးပြသည်။ ဒီတစ်ကြိမ်အပြုံးက သူကြည့်ရတာ အလင်းလက်ဆုံး၊ အတောက်ပဆုံး၊ အားအပြည့်ဆုံး အပြုံးပင်။

ငါတို့ တစ်သားတည်း ကျသွားပြီယံ။ ငါမျှော်လင့်တဲ့ မိသားစုဘဝထဲမှာ မင်းလည်းရှိမှဖြစ်မယ်။

## နောက် (၆) နှစ်ခန့် ကြာသော် ...

ခြံကြီးထဲရှိတိုက်က မြင့်မြင့်စွင့်စွင့်။ ခြံတိုင်တွေက ကျောက်ဖြူသားနှင့်တည်ဆောက်ထားပြီး ထိုတိုင်နှစ်ဖက်၌ ...

*သင်ကပေးသောအခါ အပြည့်အဝပေးပါ*

*သင်ပြန်ရသောအခါ အစစ်အမှန်ပြန်ရပါလိမ့်မည်။*

ဟူသော စာကြောင်းအား တစ်တိုင်၌ တစ်ကြောင်းစီ ရေးထိုးထားသော သံယောဇဉ်ဂေဟာကို တွေ့ရပါလိမ့်မည်။ ခြံဝင်းအတွင်း မြက်ခင်းပြင်၌ပင် လူရွယ်တစ်ဦးနှင့် ခြောက်နှစ်သားကလေးငယ်က ကောင်းကင်ရှိကြယ်တွေကိုမော့ကြည့်ရင်း ...

"ဦးဦးဖေဖေ"

သူ့လက်ချောင်းတွေကိုဆွဲလှုပ်သော သားယံကြောင့် သူကငုံ့ကြည့်ရင်း သားဆံပင်ပျော့ပျော့တွေကို သပ်တင်ပေးကာ ...

"ဘာလဲ သား"

"သားကို စကိတ်စီးတာသင်ပေးမယ်ဆို"

"အေးပါ ... သင်ပေးပါ့မယ်သားရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ လက်ဖွေ့ထိုးတာ"

"အေးပါ"

"စက်ဘီးကို ရှေ့ဘီးရောနောက်ဘီးပါ ထောင်စီးနည်းရော"

"အေးပါ သားရဲ့"

သူက တစ်ခုပြီးတစ်ခုတောင်းဆိုနေသော သားယံကို သူက ဆွဲ့ခနဲကောက်ချီပြီး ပါးဖောင်းဖောင်းလေးကို အားပါးတရ မွှေးရှိုက်ကာ ...

"သားက အဲဒါတွေမသင်ပါနဲ့၊ ဒယ်ဒီလို မင်းသားလုပ်၊ အဲဒါက မပင်ပန်းဘူးသားရဲ့"

"မကြိုက်ပါဘူး"

သားက ပျော့အိအိဆံပင်တွေကို ဝဲခနဲခါအောင်ငြင်းရင်း ...

"သားက မင်းသမီးတွေကို မဖက်ချင်ဘူး၊ ဦးဦးဖေဖေလိုပဲ သားက စွန့်စားချင်တာ"

"အဟား ... ဟား ... ဟား ... သားက လူလည်ကြီးပဲကွ"

ထိုအချိန်၌ ခြံဝဆီမှ တတီတီကားဟွန်းသံ။ သူက သားကို အသာချပေးရင်း ...

"သားဒယ်ဒီနဲ့မာမီ ပြန်လာပြီ"

ဟူသော စကားမဆုံးခင်မှာပဲ PRADO နီနှစ်ရောင်က ပေါ်တီကိုအောက် လျှောခနဲအရင်ဆင်းလာသူက မုန်း။ လက်ထဲ၌ ရွှေစင်ရုပ်ကိုင်ကာ အပြုံးပန်းတွေက ဝေဆာလျက် ...။





"ဒယ်ဒီ"

"သားယံ ... ဒီမှာကြည့်စမ်း ... ဒယ်ဒီဆုရလာတာ မပျော်ဘူးလား"

"ကွန်ဂရက်ကျူလေးရှင်းပါ ဒယ်ဒီ"

"အမယ် ... ဒီစကား ဘယ်တုန်းက တတ်လဲ၊ ကြည့်စမ်းကို ... ကို့သားက လူလည်ဖြစ်နေတာ"

အနားကိုရောက်လာသောမက်က ဆိုသည်။ သားက သူ့အဖေဆီမှ အမေဆီကူးသွားရင်း ...

"ဦးဦးဖေဖေ သင်ပေးထားတာ"

လို့ဆိုသည်။ မုန်းက သူ့လက်ထဲရှိရွှေစင်ရုပ်ကို ယံထံပေးရင်း ...

"မင်းနဲ့လည်းဆိုင်ပါမယ် ယံ၊ ငါ့ဘဝရဲ့ဖြစ်တည်မှုတစ်ဝက်ဘဝကို မင်းလည်းပိုင်ဆိုင်ပါတယ်"

ဟုဆိုကာ သူ့ကို ခပ်တင်းတင်းပွေ့ဖက်သည်။ မက်မျက်ဝန်း၌ မျက်ရည်ကြည်တွေ ဝေ့ဝဲလို့။ သူကလည်း ယံအား လက်တစ်ဖက်ဖြင့် ပြန်ဖက်ထားရင်း လောကနိယာမတစ်ခုကို သတိရမိသည်။ ကမ္ဘာဆိုတာ ရောင်ပြန်ဟပ်တတ်သည်လေ။

The End

သက်ပိုင်ရဲ

www.burmeseclassic.com

မိတ်ဆက်ဝေဖန်အကြံပြုစာများ
ပေးပို့လိုပါက

===================

သက်ပိုင်ရဲ့စာပေ
အမှတ် (၁၅၉)၊ မင်းရဲကျော်စွာ (၂) လမ်း၊
(၅) ရပ်ကွက်၊ ကျောက်ရေတွင်း၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်မြို့။

သက်ပိုင်ရဲ့စာပေမှ
ဆက်လက်ထွက်ရှိလာမည့်စာအုပ်များ

# [illegible]

အချစ်ဆန်းဆန်းလေးတစ်ခု

www.burmeseclassic.com